www.burmeseclassic.com

(နှင့်)

# အင်ဒိုနီးရှားတော်လှန်ရေး

ထီလာစိုးမြင့်ထယ် ပြုစုသည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၁၉၇၆၊ ဩဂုတ်လ
ပထမအကြိမ်၊ အုပ်ရေ ၂၀၀၀
တန်ဖိုး၊ ၁၅-ကျပ်

စာပြင်—အောင်လှသား

—

မျက်နှာဖုံးပန်းချီ
စံတိုး

—

ဘလောက်
လွင်

—

မျက်နှာဖုံးရိုက်
သိန်းသန်းဦး

—

ပုံနှိပ်သူ
ဦးဘိုးကြွယ် (၀၂၀၂၃) စန္ဒာပပဝင်းပုံနှိပ်တိုက်
၂၂၊ ၁၅၇-လမ်း၊ တာမွေ ရန်ကုန်မြို့။ ဖုံး-၅၀၈၅၈။

—

ထုတ်ဝေသူ
ဒေါ်ခင်စန်းရီ (၀၁၃၈၄) သိင်္ဂီစာပေတိုက်
၁၅၃၊ ၁-ကမာကြည်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

—

မြည်လုံးကျွတ်ဖြန့်ချိရေး
ရွှေစင်ဆယ်တင်း
စာပေဖြန့်ချိရေး
တိုက် ၃၇၀၊ ၂၀-အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

ထိလာစိုးမြင့်ထယ်

# [illegible]
နှင့်
[illegible]

နိုင်ငံရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၀၈၀၅-၀၈၅၅ က)

www.burmeseclassic.com

**ထီလာစိုးမြင့်ထယ်**

**ရေးသားထုတ်ဝေခဲ့ပြီးသောစာအုပ်များ**

ယောမြို့သူ
ကမ္ဘောဒီးယားစစ်ပွဲ သို့မဟုတ် ခမာအရေးအခင်း
သူဇာနွယ်လား နတ်မယ်လား
ရှုံးပေါ်မှ မြင်ကွင်းများ
ဆူဟာတိုနှင့် အင်ဒိုနီးရှားတော်လှန်ရေး

**ဆက်လက်၍**

ဖူးပွင့်ပါတော့ ပန်ချင်ပြီ
လူမျိုးတရာ မာယာတသောင်း
နန်းစုစုစံ
မိုးဖြူမစဲ မိုးမဲမရွာ
တို့မြေ တို့နိုင်ငံ

ရည်ရွယ်သည်မှာ

ကိုလိုနီနယ်ချဲ့စနစ်
ဆန့်ကျင်ရေးနှင့်
နိုင်ငံတကာငြိမ်းချမ်းသာယာရေး....သို့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဦးညွှတ်ပူဇော်ခြင်း

ဤစာရေးရ၊ ငါ့လုံ့လဖြင့်
မွေးဖမိခင်၊ ကျေးဇူးရှင်အား
ဦးတင်ရိုကျိုး၊ လက်စုံမိုး၍
ရှိခိုးပူဇော်လိုက်ပါသတည်း။

ထီလာစိုးမြင့်ထယ်

BURMESE CLASSIC .com

# မာတိကာ


စာရေးသူ၏အမှာစာ
ဓါတ်ပုံများ

အပိုင်း (၁) မထင်မရှားမှ ကျော်ကြားမှုသို့

၁။ အောက်တိုဘာလ (၁) ရက်နေ့ ၃၃
၂။ ဟာလင်လေတာမ်ခန်း၏ မြူမှုန်ကြားဝယ် ၅၂
၃။ သမုဒ္ဒရာထက်မှ ရေတပွက် ၆၇
၄။ အချိန်ဆွဲသော ဝယန်ပြဇာတ် ၈၃
၅။ မတ်လအလယ် ၉၆
၆။ အခြေခံဥပဒေဆိုင်ရာနည်းလမ်း ၁၁၃
၇။ သတ္တိစစ်ပွဲ ၁၂[illegible]
၈။ စင်ပြိုင်ဝါဒ၏ နိဂုံးသို့ ၁[illegible]၆
၉။ ယာယီသမ္မတမွေးဖွားခြင်း ၁၅၀


www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၂) လူနှင့် စစ်သား


၁၀။ မြေ၏သား ၁၆၃
၁၁။ ကလေးဘဝနှင့် ကျောင်းနေစဉ် ၁၇၈
၁၂။ တပ်ကြပ်ကြီးမှ တပ်ခွဲမှူးသို့ ၁၉၄
၁၃။ မာဒေးကားတပ်သား ၂၀၆
၁၄။ နိုင်ငံရေးနယ်ပယ်သို့ ၂၁၈
၁၅။ ငြိမ့်ညောင်းသာယာတေးသံသာမင်္ဂလာပွဲ ၂၂၈
၁၆။ ပြောက်ကျားတိုက်ပွဲဝင်သူ ၂၄၀
၁၇။ စစ်ပြီးတာဝန်များ ၂၅၂
၁၈။ မမျှော်လင့်ပဲအောင်မြင်လာသော
စစ်သားတဦး ၂၆၅


## အပိုင်း (၃) နိုင်ငံခေါင်းဆောင်


၁၉။ တော်လှန်ရေး၏ရလဒ် ၂၇၉
၂၀။ တင်းပြည့်သမ္မတ ၂၉၁
၂၁။ ခေါင်းဆောင်မှု၏ပြဿနာများ ၂၉၉
၂၂။ စီးပွားရေးအိပ်မက်ဆိုး ၃၀၉
၂၃။ တက်ကြွမှုနှင့် လွတ်လပ်ရေး ၃၁၇
၂၄။ လေးလံသောဝန်ထုပ်ကြီး ၃၂၃


## နောက်ဆက်တွဲ


ဆူဟာတို၏ အတ္ထုပ္ပတ္တိအကျဉ်း ၃၃၃
အင်ဒိုနီးရှားသမိုင်းစာရင်း ၃၄၃
အင်ဒိုနီးရှားပထဝီ ၃၆၀
မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ ၃၆၈


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာစာ

(၁)

BURMESE CLASSIC .com

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံ တနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ကျွန်းစုအများဆုံး ပါဝင်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။

ကျွန်တော်တို့ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် တဆက်တစပ် နီးစပ်စွာတည်ရှိသည်ဟု ဆိုလျှင်လည်း မမှားနိုင်သော နိုင်ငံတနိုင်ငံဖြစ်ပါသည်။

ထို့ပြင် အရှေ့တောင်အာရှ နိုင်ငံအချင်းချင်းဖြစ်၍လည်း ကျနော်တို့နိုင်ငံနှင့် ရေမြေ တောတောင် သဘာဝများ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်ပုံ၊ မျက်နှာပုံပန်း



သဏ္ဌာန် အရပ်အမောင်းမှစ၍ အင်ဒိုနီးရှားနှင့် မြန်မာလူမျိုးတို့သည် အများအားဖြင့် ဆင်တူကြသည်။

အာရှနိုင်ငံအချင်းချင်း သမိုင်းစဉ်အရလည်း အင်ဒိုနီးရှားနှင့် မြန်မာတို့သည် ရန်သူများမဟုတ်။ ချစ်ကြည်ရင်းနှီးကြသည့် ညီအကိုနိုင်ငံများ ဖြစ်ကြသည်။

သို့ဖြစ်၍—

အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံသည် ဆွေမျိုးရင်းချာပမာ တဦးနှင့်တဦး တနိုင်ငံနှင့်တနိုင်ငံ ချစ်ခင်လေးစားကြရသည်။

(၂)

ကိုယ်နှင့် အလှမ်းမဝေးကွာလှသော နေရာရှိ ဆွေမျိုးသားချင်းဖြစ်သူတို့၏ အခြေအနေ အရေးအခင်းများကို စိတ်ပါဝင်စားစွာ လေ့လာသုံးသပ်ကြည့်သင့် အပ်သည်။

သမိုင်းအစဉ်အလာရှိ အဖြစ်အပျက်များ၊ သမိုင်းဖြစ်ရပ်များကို ပြည်သူတို့ လေ့လာသုံးသပ်အပ်သည်။ ဆင်ခြင်တွေးခေါ်စဉ်းစားအပ်သည်။ သမိုင်းသင်ခန်းစာများကိုယူ၍ ပိုမိုတိုးတက်ကောင်းမွန်သော လူ့ဘောင်သစ်ကို တည်ဆောက်ကြရန် ပြည်သားတိုင်းအတွက် **'မဟာတာဝန်'** ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ဤစာအုပ်တွင် ဆင်းရဲသောကျေးလက်တောရွာနေ တောင်သူလယ်သမားတယောက်မှ မွေးဖွားပြီး တောထဲတွင်ကြီးပြင်းလာသော ဗိုလ်ချုပ်ကြီးတယောက်ဖြစ်ပြီး နောက်ဆုံး နိုင်ငံတော်၏ အကြီးဆုံး အမြင့်မားဆုံး သမ္မတကြီးရာထူးကိုပါ ဆက်ခံရရှိသွားသော ထူးချွန်သည့် စိတ်ဝင်စားဖွယ် လူတယောက်အကြောင်းကို အသေးစိတ်ခြယ်မှုန်း သရုပ်ဖော်ထားပါသည်။

ထိုလူကား အင်ဒိုနီးရှား သမ္မတနိုင်ငံ၏ လက်ရှိသမ္မတ 'ဆူဟာတို' ဖြစ်သည်။

ဆူဟာတို၏ ဘဝအတ္တုပ္ပတ္တိကို စေ့စေ့ငုငု လေ့လာရင်း အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲ တနည်းအားဖြင့် အင်ဒိုနီးရှားတော်လှန်ရေးကိုပါ စိတ်ဝင်စားဖွယ် ရေးသားတင်ပြထားပါသည်။

ဤသို့ရေးသားတင်ပြရာတွင် စာရေးသူ၌ အခိုင်အမာရပ်တည်ထားသော အခြေခံ 'မူ' တရပ်ရှိပါသည်။ ယင်းမှာမြန်မာနိုင်ငံ၏ လွတ်လပ်သော နိုင်ငံခြားရေးဝါဒနှင့် အင်ဒိုနီးရှားမြန်မာချစ်ကြည်ရေးကို ထိပါးခြင်းမရှိရလေအောင် ဂရုတစိုက်ကြိုးစားအားထုတ်ရေးသားပြုစုထားပါသည်။

စာဖတ်သူတို့အဖို့ ဤ 'ဆူဟာတိုနှင့် အင်ဒိုနီးရှား တော်လှန်ရေး' အမည်ရှိ နိုင်ငံရေးစာအုပ်ကို အစမှသည်အဆုံးသို့တိုင် ဖတ်ရှုလေ့လာပြီးပါက ကမ္ဘာ့နိုင်ငံရေးဗဟုသုတ တစွန်းတစမျှရရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။



ဤသို့ နိုင်ငံရေးဗဟုသုတ တစွန်းတစမျှ ရရှိလိုက်သည်ဟု ဆိုပါလျှင် စာရေးသူအနေဖြင့် ဤစာအုပ်ကို ပြုစုရေးသားရကျိုးနပ်လေပြီဟု ယူဆကာ ပီတိဖြစ်မိမည် ဖြစ်ပါသည်။

(၄)

ဤစာအုပ်ကိုပြုစုရာတွင် ကျယ်ပြန့်သော ကမ္ဘာ့နိုင်ငံရေးဝင်လယ်ပြင်ထဲမှ အင်ဒိုနီးရှားဟူသော နေရာငယ်တကွက်ကိုသာလျှင် မီးမောင်းထိုး၍ လေ့လာသုံးသပ်တင်ပြထားရသော်လည်း စာရေးသူအဖို့ စိတ်ရောကိုယ်ပါ အချိန်ကုန်လူပန်းခံ၍ ကြိုးစားအားထုတ်ရေးသားပြုစု ရပါသည်။

စာရေးသူ တဦးတယောက်တည်း၏ အားထုတ်မှုဖြင့် ဤစာအုပ်ကို ရေးသားပြုစုထားသည်ဟုဆိုပါလျှင် အလုံးစုံမှန်ကန်သောစကား မဖြစ်နိုင်ပါ။ တနည်းဆိုလျှင် မုသားမလွတ်သောစကား ဖြစ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်မှု ဦးအောင်ချမ်းသာ (စာရေးဆရာ C.T. Aung)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးထွန်းလှိုင်တို့၏ အကူအညီများ ငြမ်းပြုစာအုပ်စာတမ်းများ မရခဲ့ပါလျှင်လည်း ဤစာအုပ်ထွက်လာနိုင်မည်မဟုတ်ပါ။

၎င်းပြင် ပြည်ထဲရေးဝန်ကြီးဌာန စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ ဦးဘုန်းကြည်၊ ဦးဝင်းမြင့်၊ ဦးစံထွန်း၊ ဦးလှင်၊ ဦး[illegible]မြင့်

www.burmeseclassic.com

www.burmeseclassic.com




နှင့် ‘ရွှေစည်တော်စာပေ’မှ စာရေးဆရာ တပ်မတော် မင်းရဲထွန်းတို့၏ ကျေးဇူးကိုလည်း ဤစာအုပ် ထွက်ရှိရေးအတွက် မေ့ချန်ထား၍ မဖြစ်ပါ။

( ၃ )

ဤစာအုပ်တွင် စာရေးသူက ဥာဏ်စွမ်းရှိသမျှ အချိန်ယူ၍ တနစ်နိုးပါးခန့် စိတ်တိုင်းကျ စေ့စေ့စပ်စပ်ကြိုးစား အားထုတ်ပြုစုထားပါသော်လည်း အချက်အလက် တင်ပြပုံမှအစ ရှေ့နောက်တိမ်းပါး အမှားမျှားပါ တွေ့ခဲ့ပါမူ စာနာထောက်ထားချင့်သနား၍ ထောက်ပြမချွတ်၊ ခွင့်လွှတ်တော်မူကြပါရန် လေးမြတ်စွာ ပန်ကြားအပ်ပါသည်။

ထီလာစိုးမြင့်ထယ်



www.burmeseclassic.com


www.burmeseclassic.com



ကိုလိုနီနယ်ချဲ့ ဗြိတိသျှ ဒတ်ချ်များ ၁၈၉၄ ခုနှစ်တွင် စုမတြားကျွန်းသို့ရောက်ရှိကြပြီး ကိုတာရာဇာဘုရင်မင်းမြတ်၏ နန်းအဆောင်ကို သိမ်းပိုက်ထားကြပုံ။




၁၉၀၁ ခုနှစ်တွင် မာလတိုးနယ်၌ အကြီးအကျယ် စစ်ပွဲကြီးဖြစ်အပြီး အောင်ပွဲရရှိလိုက်သော ဒတ်ချ်စစ်တပ်များ။



ဒတ်ချ်တို့သည် ၎င်းတို့ပိုင် အင်ပါယာနယ်ကို ပြန်၍လိုချင်လာကြသဖြင့် အင်ဒိုနီးရှားတိုင်းရင်းသားတို့အား လက်နက်နှင့် တိုက်ခိုက်မှုများ ပြုကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၂ ခုနှစ်တွင် ဂျပန်တို့က အင်ဒိုနီးရှားကို တိုက်ခိုက်၍ သိမ်းပိုက်ခဲ့သည်။ ဂျာဗားကျွန်းတွင် ဂျပန်တို့က တံတားတခုကို တည်ဆောက်နေကြပုံ။



တပ်မှူးဆူဟာတိုအား ဂျိုးဂျကာတာတဝိုက် တောထဲတွင် ပြောက်ကျားထိုးစစ် တိုက်ပွဲဝင်နေစဉ် ရဲဘော်ရဲဘက် တပ်သားများနှင့်အတူတွေ့ရပုံ။



ဂျာဗားကျွန်းအလယ်ပိုင်းတွင် ရွာသူ ရွာသားများ အကြား၌ တွေ့ရသော ပြောက်ကျားစစ်ဆင်ရေး တပ်မှူး ဆူဟာတို။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံခံရသော စစ်တပ်ခေါင်းဆောင်များ၏ ဈာပန အခမ်းအနားတွင် တွေ့မြင်ရသော ဗိုလ်ချုပ်ကြီးဆူဟာတို(နေကာမျက်မှန်တပ်ထားသူ)နှင့် ဗိုလ်ချုပ်ကြီး နာဆူးရှင်းတို့ပုံ။






ကွန်မြူနစ်များကို နှိမ်နင်းချေမှုန်းနေသည့် ရက်များအတွင်းက ဆူဟာတိုအား တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး ခေါင်းဆောင် တပ်မှူးအနေဖြင့်တွေ့ရပုံ။

www.burmeseclassic.com

www.burmeseclassic.com




၁၉၆၅ ခု၊ ဇန်နဝါရီလတွင် မလေးရှားကို ဆန့်ကျင် ကန့်ကွက်သည့် နောက်ဆုံး အဆင့်အဖြစ် အင်ဒိုနီးရှားသည် ကုလသမဂ္ဂမှ နှုတ်ထွက်လိုက်လေသည်။ မလေးရှား ဆန့်ကျင်ရေးနှင့် အရင်းရှင်နယ်ချဲ့ဆန့်ကျင်ရေး၊ ဆန္ဒပြပွဲများ အနှံ့အပြား ပေါ်ပေါက်ခဲ့သည်။



ဂျကာတာမြို့တော်တွင် ဗြိတိသျှဆန့်ကျင်ရေး၊ မလေးရှား ဆန့်ကျင်ရေး၊ဆန္ဒပြပွဲများ၊ လူထုလှုပ်ရှားမှုများ၊ ပြင်းထန်စွာ ပေါ်ပေါက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၇ ခုနှစ်၊ မတ်လတွင် တွေ့ရသော ဒီပိုနီဂိုရို တပ်မှူး၊ ဗိုလ်မှူးကြီး ဆူဟာတို။



သမ္မတဆူဟာတို၊ ဇနီးနှင့်သားသမီးများ၊ ဝဲမှ ယာသို့—
ဘန်ဘန်သရီဟတ်မိုဂျို၊ စီဂျစ်ဟာဂျိုဂျူဒန်တို၊ ဟတ်တိုမိုမန်ဒလာပူထရ၊
စီထိဟတ်ထမီအင်ဒန်အဒီနင်နီ၊ စီထိဟတ်ဒီဂျတီ၊ စီထိဟတ်ဒီဂျန်တီဟာ့တူတီ၊

www.burmeseclassic.com

www.burmeseclassic.com



လယ်တောထဲမှ မွေးဖွားလာသော သမ္မတ ဆူဟာတိုသ
စပါးပိုမိုစိုက်ပျိုးရေးအတွက်ကိုယ်တိုင်ဦးဆောင်စည်းရုံးနေစ



၁၉၆၆ ခုနှစ်၊ နွေရာသီတွင် သတင်းစာ ဆရာများ အား
တဆူကာနိုက ကြေညာချက်ကိုဖတ်ကြားရှင်းပြနေစဉ်၊ ဗိုလ်
ကြီး ဆူဟာတိုက အနီးတွင်ရပ်၍ နားထောင်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်တယောက်အား ဂျကာတာတွင် ၁၉၆၅ ခုနှစ်ကဖမ်းဆီးနေစဉ်၊ ကွန်မြူနစ် ဆန့်ကျင် နှိပ်ကွပ်ရေးလုပ်ခဲ့ရာ၊ကွန်မြူနစ် ၃၅၀,၀၀၀ သေဆုံးခဲ့ပြီး၊ အင်ဒိုနီးရှားနိုင်ငံတွင် ကွန်မြူနစ်ပါတီအား အပြီးအပြတ်ချေမှုန်းဖယ်ရှားလိုက်လေသည်။

အပိုင်း (၁)

# မထင်မရှားမှ ကျော်ကြားမှုသို့

www.burmeseclassic.com

www.burmeseclassic.com



# ၁

## အောက်တိုဘာလ (၁)ရက်နေ့

ဆူဟာတို[၁] ဆိုသော အမည်ကို ကမ္ဘာနှင့် အင်ဒိုနီးရှား လူထုအများစုက ၁၉၆၅-ခု အောက်တိုဘာလ (၁)ရက်နေ့အထိ မသိကြ၊ မကြားကြပေ။ ထိုနေ့တွင်မှ မထင်မရှား အညတြ စစ်သားတဦး၏ဘဝသည် နာရီပိုင်းအတွင်းမှာပင် မထင်မရှားမှ ကျော်ကြားမှုသို့ ရောက်သွားလေသည်။

---

၁ Soeharto



www.burmeseclassic.com

www.burmeseclassic.com



ဂျာဗား၁ ကျွန်း အလယ်ပိုင်းတွင် ဆင်းရဲသော လယ်သမား တဦး ဖြစ်သည့် ဆူဟာတိုသည် ပရိယေသန အသက်မွေး ဝမ်း ကျောင်းရန်အတွက် စစ်တပ်ထဲသို့ ဝင်ခဲ့သည်။

နိုင်ငံ၏ အမြင့်ဆုံး ရာထူးသို့ ရောက်မည်ဟု မွေးကတည်းက တွက်ထားခဲ့သူလည်း မဟုတ်ပေ။

ကံကြမ္မာကိုကပင် သူ့အား တကိုယ်တည်း ဆွဲထုတ်၍ ပင်ပင် ပန်းပန်း အလုပ်ကြမ်းကို နည်းပါးစေပြီး တိုင်းပြည် အတွက် အသုံးကျသော အရည်အချင်းတွေ ပေးထားလေရော့သလား။

မယုံကြည်သူများက သူ့ ဖြစ်ရပ်များသည် အလိုလို ဖြစ်ချင် သလို ဖြစ်လာခြင်းဟု ဆိုကြသည်။ အခြား နိုင်ငံရေး အကဲခတ် သူများက စိစစ် ဝေဖန် သုံးသပ်ရာတွင် အင်ဒိုနီးရှား လူ့ဘောင် အဖွဲ့အစည်းနှင့် သမိုင်းကို ပြောင်းလဲစေသော အခြေအနေများ သည် အခြေခံကျကျ စဉ်းစားစရာ ဖြစ်သည်ဟု ဆိုကြ၏။

ဤဝေဖန် ပြောဆို ချက်များ မှားပါသည်။ သို့ရာတွင် ဆူဟာတိုသည် ဓါးသံ တညံညံဖြင့် အာဏာကို ဆုပ်ကိုင်ထား သည်၊ သို့မဟုတ် စနစ်တကျစီမံကိန်း ချလုပ်တတ်သည်ဟု မည်သူ တစုံတယောက်ကမျှ ပြောနိုင်မည် မဟုတ်။

× × ×

---

၁ Java



ကုန်လွန်ခဲ့ပြီးသော နှစ်များက အင်ဒိုနီးရှားနိုင်ငံသည် သမ္မတ ဟောင်း ဆူကာနို၁ ၏ ဦးဆောင်မှုဖြင့် ချီတက် လိုက်ပါ ခဲ့သည်။

ကလေး ဘဝကတည်းကပင် ဆူကာနိုသည် သူ့ နိုင်ငံကို ကယ် တင်ရန်၊ ကိုလိုနီဝါဒကို ဆန့်ကျင် တိုက်ခိုက်ရန်နှင့် ပိုမို တိုးတက် ကောင်းမွန်သော အယူအဆ အတွေးအခေါ် ဝါဒများ ဖန်တီး ရန် စိတ်အား ထက်သန်ခဲ့သည်။

အင်ဒိုနီးရှား အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲတွင် သူ၏ အောင်မြင်မှုသည် ထူးထူးခြားခြား ရှိ၏။ အာဏာရှင်တမျှ ဖြစ် လာသော သူ၏ တိုးတက်မှုသည် မမျှော်လင့်သော ရလဒ် မဟုတ်။

ဆူကာနိုသည် ကျွမ်းကျင်စွာ စကားပြော ကောင်းသူ တယောက် ဖြစ်သည်။ ပြည်တွင်းပြည်ပရေးရာ ပြဿနာများကို နိုင်နင်းစွာ ကိုင်တွယ် ဖြေရှင်း ဆောင်ရွက်နိုင်သူ ဖြစ်သည်။ သူ သည် ဆွဲဆောင်သော ဥပမိ ရုပ်ရေ ပိုင်ရှင်တယောက်လည်း ဖြစ်သည်။

၁၉၅၉-ခုနှစ်တွင် 'လမ်းညွှန်ဒီမိုကရေစီ' နှင့် 'လမ်းညွှန်စီးပွား ရေး' စနစ်များကို ချမှတ်ခဲ့ပြီး အကောင်အထည် ဖေါ်ခဲ့သည်။

သူ၏ နိုင်ငံရေး ဦးဆောင်မှု နည်းလမ်းမှာ နာဆာကွန်၂ အယူအဆအပေါ် လုံးလုံး လျားလျား အခြေ ခံထားသည်။

---

၁ Sukarno

၂ Nasakom

www.burmeseclassic.com

www.burmeseclassic.com



နာဆာကွန်သည် အမျိုးသားရေး ဝါဒတရပ်ဖြစ်ပြီး ဘာသာရေး အင်အားစုများနှင့် ကွန်မြူနစ်များ ပေါင်းစပ်ဖွဲ့စည်းထားသည်။ ၁၉၂၆-ခုနှစ်မှ စတင် တည်ထောင်ခဲ့သည်။ ဤ နာဆာကွန် ဝါဒသည် ကိုလိုနီ ဆန့်ကျင်ရေး တိုက်ပွဲရှည်ကြီးတွင် အောင်မြင်သော ဝါဒဖြစ်သည်။ ၎င်းအပြင် အာဏာမက်မောသော ခေါင်းဆောင်အတွက် အာဏာ ခွဲဝေချိန်ဆမှုတွင် အသုံးကျသော ဝါဒလည်း ဖြစ်သည်။

နာဆာကွန်အား လက်ရှိ နိုင်ငံရေး အင်အားစုများ၁ နှင့် တပ်မတော်တို့မှ အလေး အမြတ် ထားသည် ဆိုလင့်ကစား ၁၉၆၀-ခုနှစ်တွင် နာဆာကွန်သည် အစိတ်စိတ်အမွှာမွှာ ကွဲလျက်ရှိသည်။

ကွန်မြူနစ်နှင့် လက်ဝဲ မျိုးချစ်များက တဖက်၊ လက်နက်ကိုင် တပ်များ၊ ဘာသာရေး အင်အားစုများနှင့် လက်ျာမျိုးချစ်များက တဖက် ဖြစ်နေတော့သည်။

---

၁ ဆူကာနို၏ အကန့်အသတ် မရှိ အာဏာပိုင်စိုး အုပ်ချုပ်မှုကို အတိုက်အခံ ပြုကြသော မူစလင် Masjumi ပါတီ၊ ဒီမိုကရက်တစ် ဆိုရှယ်လစ် PSI ပါတီနှင့် ဒီမိုကရက်တစ် အင်အားစု ပါတီတို့အား ၁၉၆၀ ခုနှစ်တွင် သမ္မတ အာဏာဖြင့် ဖျက်သိမ်းလိုက်သည်။ ဤကြေညာချက်အား အမျိုးသား စည်းလုံး ညီညွတ်ရေးကို ထိခိုက်မည်ဖြစ်၍ အခြား ပါတီများနှင့် တပ်မတော်တို့က ပြည်သူတို့ ရှေ့မှောက်တွင် ဆန့်ကျင်မှု မပြုခဲ့ကြပေ။



ဤသို့ စစ်တပ်နှင့် ကွန်မြူနစ်တို့ အတိုက်အခံ ဖြစ်နေကြစဉ် ဆူကာနိုသည် အတွေးအခေါ် မြင့်မားသည်ထက် မြင့်မားသော 'ပြည်သူ့ ဆိုရှယ်လစ်စနစ်' ကို စုဆောင်း လေ့လာ ပြုစုလျက် ရှိသည်။ မာ့က်စ်အတွေးအခေါ်၏ ခြောက်လှန့်မှုများလည်း ခံရသည်။

နိုင်ငံခြားရေးဝါဒ နယ်ပယ်တွင်လည်း အစဉ်အလာ အရ တရုတ်ဆန့်ကျင်သော ပြည်သူတို့နှင့် ကွန်မြူနစ်ဆန့်ကျင်ရေး အင်အားစုများက အတိုက်အခံပြုနေသည့် ဂျကာတာ ပီကင်းဆက်ဆံရေး လုံးပန်းနေခိုက် ဖြစ်သည်။

အခြေအနေ အတော်ဆိုးလာသည်။

နိုင်ငံတဝှမ်းလုံး နယ်ပယ်ဒေသ အတော်များများတွင် ကွန်မြူနစ် လွှမ်းမိုးမှုများ တိုးပွားလာသည်။ နယ်ပယ်ဒေသများတွင် အဆက်မပြတ် တိုက်ပွဲများ ဖြစ်နေသည်။

ကွန်မြူနစ် ခေါင်းဆောင်တဦးလည်းဖြစ် အမျိုးသားတပ်ဖွဲ့၏ ဒုတိယ အတွင်းရေးမှူးလည်းဖြစ်သူ အန်ဝါစနူဆီ၁ သည် 'အမိနိုင်ငံ ပေါက်ပွားတော့မယ် ဆက်လက် တိုက်ပွဲဝင်ကြ' ဟု ကြွေးကြော်နေချိန်ဖြစ်သည်။

ထိုအချိန်တွင် အင်ဒိုနီးရှား တပ်မတော်မှ ဒု-ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် အင်ဒိုနီးရှားနိုင်ငံတွင် လောလောဆယ် ဖြစ်ပွားနေသော အဖြစ်အပျက် အခြေအနေများအတွက် စိတ် မချမ်းမသာ ဖြစ်နေသည်။

---

၁ Anwar Sanusi

www.burmeseclassic.com

www.burmeseclassic.com



သမ္မတ ဆူကာနို၏ ကွန်မြူနစ်လိုလားသော ဝါဒ လှုပ်ရှားမှုနှင့် ပီကင်းနှင့် မဟာမိတ် ပြုလုပ်မှုတို့ကို ဒု-ဗိုလ်ချုပ်ကြီး ဆူဟာတိုက ဘဝင်မကျ ဖြစ်နေသည်။ စစ်တပ်မှ နုတ်ထွက်ရန်ပင် စိတ်ကူးမိသေးသည်။

တက်ကြွသော အမျိုးသားရေး အင်အားစုများကို ဆူဟာတိုက လိုလားသည်။ သူသည် နာဆာကွန်ကို လက်ခံထားသော်လည်း စစ်တပ်နှင့် ပြည်သူ တသီးတခြား ခွဲထားသည်ကို လက်မခံလိုပေ။ ကွန်မြူနစ်များ လှုပ်ရှားထကြွမှုကိုလည်း နည်းနည်းကလေးမှ မလိုလားပေ။

"တပ်မတော်နဲ့ပြည်သူ တသားထဲဖြစ်နေရမယ်"

"ကွန်မြူနစ်တွေ မျိုးဖြုတ်ပစ်ရမယ်"

ဆူဟာတို၏ ကြုံးဝါးသံသည် ကျယ်လောင် စူးရှသွားသည်။

အောက်တိုဘာလ ၁ ရက်နေ့။

၁၉၆၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့သည် တိုးတက်သော တော်လှန်ရေး အင်အားစုများနှင့် အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ၁ တို့အတွက် ကြမ္မာဆိုးဝင်သော နေ့ရက်ဖြစ်သည်။

တိုးတက်သော တော်လှန်ရေး အင်အားစုများနှင့် အင်ဒိုနီးရှားကွန်မြူနစ်ပါတီတို့သည် စက်တင်ဘာ ၃၀ ရက်လှုပ်ရှားမှု၂ တွင် ပူးပေါင်းခဲ့သည်။

စစ်သားများ မြို့တော်ကို သိမ်းပိုက်လိုက်ပြီး တော်လှန်ရေးကောင်စီတရပ် ပေါ်ပေါက် လာလေသည်။

---

၁ Partai Komunis Indonesia (PKI)

၂ 30th September Movement



၁၉၆၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့။

ညအချိန်တွင် လမ်းများပေါ်၌ လူအများသည် အနားဖြေ လမ်းလျှောက်နေကြသည်။

ဂျကာတာ၁ မြို့တော်ရှိ စီနဂျန် အားကစားခန်းမ၂ တွင် နိုင်ငံ့အကြီးအကဲခေါင်းဆောင်နှင့် ရာသက်ပန်သမ္မတ၊ တော်လှန်ရေး ခေါင်းဆောင်ကြီး၊ လက်နက်ကိုင်တပ်များ၏ ဦးစီးချုပ် ပြည်သူ့လွှတ်တော်၏ အကြီးအကဲဖြစ်သူ ဆူကာနိုသည် အင်ဒိုနီးရှား ပညာရှင်များအား မိန့်ခွန်း မြွက်ကြားလျက်ရှိသည်။

ငြိမ်သက်တိတ်ဆိတ်သော အကာလညအခါတွင် သမ္မတကြီး၏ ဒေါသဖြစ်သော စကားသံများက ပေါက်ကွဲစွာ ထွက်ပေါ်လာသည်။ မိန့်ခွန်းကိုရေဒီယိုမှ ကြားနေကြရသည်။ စဘန်၃ မှ မာရွတ်၄ အထိ ထောင်ပေါင်း များစွာသော ကျွန်းများရှိ အင်ဒိုနီးရှားပြည်သူများက နေ့ရာသီမှာ လျှပ်စီးလက် မိုးခြိမ်းသံသဖွယ် သမ္မတကြီး၏မိန့်ခွန်းကို ကြားလိုက်ကြရသည်။

စက်တင်ဘာလ ၃၀ ရက်ညနှင့် အောက်တိုဘာလ ၁ ရက်နေ့အတွင်း ဆူဟာတိုသည် အားကစားခန်းမ အစည်းအဝေးတွင်၎င်း၊ ရေဒီယို အနီးအပါးတွင်၎င်း၊ ရုပ်မြင် သံကြားတွင်၎င်း၊ မတက်ရောက်ခဲ့၊ မရှိခဲ့ပေ။

---

၁ Djakarta

၂ Senajan Sports Hall

၃ Sabang

၄ Merauke

www.burmeseclassic.com

www.burmeseclassic.com



ညက သတင်းကို လူတွေ ပြောကြ ဝေဖန်ကြနှင့် ပျံ့နှံ့ ကုန်သည်။

"ဗိုလ်ချုပ်ကြီး ဆူဟာတိုဟာ ညက ဒုက္ကန်[၁] မှာ ထားတဲ့ အတိုင်း တညလုံး ဘုရားဝတ်ပြုနေတယ်" ဟု သတင်းတရပ်က ဆိုသည်။

ဤသတင်းအရ ဒုက္ကန်က ဆူဟာတိုအား ယနေ့ည မနက် အရုဏ်ပိုင်းအကူး နာရီပြန်နှစ်ချက်မထိုးမီ အိမ်မပြန်ရန် ပြောထားသည်ဆို၏။ မနက်ပိုင်း အကူးအချိန်သည် ကြမ္မာဆိုး ကျရောက်ချိန်ဖြစ်သည်။ မနက် ၄ နာရီတွင် လူသတ် သမား များသည် စက်တင်ဘာ ၃၀ ရက် လှုပ်ရှားမှုကိုဖန်တီးရင်းအင်ဒိုနီးရှားစစ်တပ်မှ ခေါင်း ဆောင် များကို ဖမ်းဆီးကြ သတ်ဖြတ်ကြသည်။

အခြားသတင်းတပုဒ် အဆိုအရမူ ယင်းညတညလုံး ဘုရားဝတ်ပြုခြင်းဖြင့် အချိန်ဖြုန်းရန် ဗေဒင်ဆရာတဦးက အကြံပေးသည် ဆို၏။ သို့ဖြင့် သားငယ်ကို ခေါ်ဆောင်၍ ဆူဟာတိုက ရှောင်နေသည်ဆို၏။

ဂျာမန် သတင်းထောက် ရိုဒါ[၂] အား ဆူဟာတို က အောက်ပါအတိုင်း ပြောကြား ရှင်းပြသည်။

၁ Dukun ဒုက္ကန် ဆိုသူမှာ လူမမာအား ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဆေးကုသူ၊ ဝိညာဉ်ဆိုင်ရာ အကြံပေးမှုများ၊ ရှေ့ဖြစ်ဟောမှုများ ပြုလုပ်သူ၊ မှော်ပညာတတ်သူ၊ ဗေဒင်ဆရာကို ခေါ်သည်။

၂ O.G.Roedar (၁၉၆၉ ခုနှစ်တွင် ဆူဟာတို အတ္ထုပ္ပတ္တိစာအုပ်ရေးသားထုတ်ဝေခဲ့သူ)



"အဲဒီစက်တင်ဘာ ၃၀ ရက်ညက ကျနော်ဟာ စစ်ဆေးရုံမှာ ဖျားလို့ တက်နေတဲ့ ကျနော့် သားအငယ်ဆုံးဆီကို သွားနေပါတယ်၊ တခြားသတင်းတွေက မမှန် မကန်တဲ့ အစ်စပန်ဂျင်ပို[၁] သတင်းတွေပါ၊ ကျနော် ဆေးရုံက ညသန်းကောင် အချိန်လောက်မှာပြန်လာပြီး အိမ်ကို တန်းတန်းမတ်မတ်ပြန် အိပ်ယာထဲဝင်အိပ်ခဲ့တာပါ"

ဂျာဗားကျွန်းသားစစ်စစ် တယောက်ဖြစ်သော ဆူဟာတိုသည် အခြားသူ၏ ကျွန်းသားများနည်းတူ ဘုရားရှိ ဝါဒနှင့် စိတ်ဝိညာဉ်ဝါဒ စွဲသူဖြစ်သည်။ ဂျာဗားကျွန်းသား များမှာ ဘုရားရှိဝါဒအကြောင်း၊သစ္စာတရားနှင့် ဘုရားသခင်ကို သမထနည်းဖြင့် တွေ့နိုင်ပုံ၊ စိတ်ဝိညာဉ်၏ ထူးထွေဆန်းပြားပုံ စသည်တို့ကို အနောက်တိုင်းသားများနှင့် အသေးစိတ် မဆွေးနွေးလိုကြပေ။

ဤဝါဒများသည် မျက်မှောက်ခေတ် လူ့ဘောင်အဖွဲ့အစည်းမှ ဒုက္ကန်များနှင့် ဂူရူ[၂] ခေါ် ပညာရှိ သုခမိန် ဗေဒကဝိန်များအား လွှမ်းမိုးလျက်ရှိသည်။

ဆူဟာတိုသည် မူစလင်ဘာသာဝင်တယောက် ဖြစ်သည်။ သို့ရာတွင် သူသည် ရိုးရာစွဲလန်းလာခဲ့သော ဟိန္ဒူဝါဒ၊ ဗုဒ္ဓဝါဒနှင့် အခြားရှေးကျသော ယုံကြည်ကိုးကွယ်မှုများကိုလည်း ထိတွေ့ဖြစ်သန်းလာခဲ့သူ ဖြစ်သည်။

၁ isapan djempol (ကောလာဟလလုပ်ကြံသတင်းကိုခေါ်သည်)

၂ guru

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးဆူဟာတိုသည် နိုင်ငံရေး၊ စီးပွားရေးနှင့်စစ်ရေးကိစ္စများတွင် စိတ်ဝိညာဉ်ဆိုင်ရာ အကြံပေးမှုများကို ယုံကြည်စွာ လက်ခံလေ့ရှိသည်။ သို့ရာတွင် အပြီးသတ်ဆုံးဖြတ်ချက်ကိုမူ မိမိကိုယ်ပိုင် အယူအဆကိုသာ ချမှတ်လေ့ ရှိသည်။

အမှတ်(၉၈) ဟာဂျီအဂုတ်စလင်းလမ်း၁တွင် ခေတ်မီ သပ်ယပ်သော တိုက်အိမ်တလုံး၌ ဆူဟာတို နေထိုင်သည်။ အောက်တိုဘာလ ၁ရက်နေ့ အစပိုင်း နာရီပိုင်း အချိန်များတွင် အရာရာသည် တိတ်ဆိတ် ငြိမ်သက်လျက်ရှိ၏၊ ဘတ်စ်ကားသံ၊ ဂျစ်ကားမောင်းသံတွေ မဆူညံသေး။ လူသတ်သမားတစုကလည်း စစ်တပ်ထိပ်တန်းအရာရှိကြီး ၆ဦးကိုဖမ်းသလို စစ်စီမံကွပ်ကဲမှုတပ်ကော့စရက်၂၏ တပ်မှူးဆူဟာတိုကို ဖမ်းဆီးခြင်းလည်းမရှိ။

နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးဆူဟာတိုက ဤသို့ဝေဖန်ပြောပြသည်။

"ကျုပ်ကို သူတို့က ဖမ်းဖို့ ဆီးဖို့ စာရင်းထဲ မသွင်းကြပါဘူး....ဘာလို့လဲဆိုတော့ ကျုပ်ကို အရာရှိငယ်သားတယောက်လိုသဘောထားပြီး နောက်မှ ကိုင်တွယ်မယ်ပေါ့"

ဤသို့ ကွန်မြူနစ်တို့၏ တွက်ကိန်းလွဲမှားခြင်းသည် မဟာအမှားကြီး ဖြစ်သည်။ ပုန်ကန်သူတစုတို့၏ ဆုံးရှုံးမှုလမ်းစ ပွင့်သွားခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် ဆူဟာတိုသည် ကြမ္မာဆိုးမှ သိသိကလေး လွတ်ခဲ့ရသည်။

၁ Hadji Agus Salim Street

၂ Kostrad



ဆူဟာတိုနှင့် အိမ်နီးချင်း မိတ်ဆွေ ဖြစ်သော မစ္စတာမတ်ရှုရီ၁(ယခု ပညာရေး ဌာန ဝန်ကြီး)သည် ထိုစဉ်က ဖြည်တွင်းဆက်သွယ်ရေးအဖွဲ့ အတွင်းရေးမှူးတာဝန် ထမ်းဆောင်နေစဉ် မိုးမလင်းမီ စစ်တပ်မှဗိုလ်ကြီးတဦး၏ သတင်းပေးခြင်း ခံရသည်။

အဆိုပါစစ်အရာရှိသည် အိမ်အပြန်ဝယ် ရုပ်မြင်သံကြားဌာနဝန်ထမ်းတဦးထံမှ သတင်းရခဲ့သည်။

ဗိုလ်ချုပ်ကြီး နာဆူးရှင်း၂ နှင့် ဗိုလ်ချုပ်ကြီးနာဂျိုနို၃ တို့အိမ်အနီးအပါး၌ တစုံတရာထူးထူးခြားခြား ဖြစ်နေပြီကို သတိပြုမိခဲ့သည်။

မတ်ရှုရီသည် ဗိုလ်ချုပ်ကြီး ဆူဟာတိုကို နှိုး၍ သတင်းပို့လိုက်သည်။

ဤအဖြစ်အပျက်များသည် အောက်တိုဘာ ၁ ရက်နေ့နံနက် ၅ နာရီခွဲအချိန်တွင် ဖြစ်လေသည်။

ဆူဟာတိုသည် အမင်္ဂလာ သတင်းကို ကြားသိရလျှင် ရခြင်း စိတ်မချမ်းမသာ ဖြစ်မိသည်။ ဆူဟာတို၏ စကားနှင့် ပြောရလျှင်....

"ကျနော်ဟာ စစ်ဝတ်စုံဝတ်ထားရင် ဂျစ်ကားကို ကိုယ်တိုင်မောင်းထွက်ခဲ့ပါတယ်၊ ကျနော့် ကားဒရိုင်ဘာလဲ ဘယ်ရောက်

၁ Mr.Mashuri

၂ General Nasution

၃ General Harjono

www.burmeseclassic.com

www.burmeseclassic.com



နေတယ်မသိဘူး၊ ကော့စရက်ဌာနချုပ်ကို အရောက်မောင်းသွားတယ်.... ယူနီဖောင်းဝတ်ထားတဲ့ ရဲဘော်တွေက ကျနော့်ကို အလေးမပြုကြတော့ဘူး....”

နံနက် ၆ နာရီခွဲအချိန်တွင် ဆူဟာတိုသည် နန်းတော်အနီး ဂျကာတာမြို့လယ်ခေါင် အမှတ် ၃ မားဒေးကားတီမာလမ်း၁ ရှိ ဌာနချုပ်သို့ ဝင်ရောက်ခဲ့သည်။

သူ့အထက်မှ ကော့စရက်စစ်ဆင်ရေး အရာရှိများက စစ်တပ်ထိပ်သီးများ ဖမ်းဆီးခံရခြင်း အခြေအနေကို ရှင်းပြကြသည်။

နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရေဒီယို အင်ဒိုနီးရှားမှ တော်လှန်ရေးကောင်စီ၏ ပထမဆုံး ကြေညာချက်ကို ထုတ်ပြန်လိုက်သည်။ ဗိုလ်ချုပ်များကောင်စီမှ နိုင်ငံတော်အာဏာကို သိမ်းပိုက်လိုက်ကြောင်း ကြေညာသည်။

အဆိုပါကြေညာချက်အရ တော်လှန်ရေးကောင်စီ၏ခေါင်းဆောင်မှာ ဒု-ဗိုလ်မှူးကြီး အွန်တန်၂ ဖြစ်ပြီး၊ ၎င်းမှာ သမ္မတဆူကာနို၏ ကိုယ်ရံတော်တပ်မှ တပ်မှူးဖြစ်ကြောင်း၊ လူထုက သူ့ကို မသိကြကြောင်း၊ သို့ရာတွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုက ကောင်းစွာ မှတ်မိသူတဦးဖြစ်ကြောင်း သိရသည်။

အွန်တန်သည် တချိန်က ဂျာဗားကျွန်း အလယ်ပိုင်း ဆိုလို၃ တွင် ဆူဟာတို၏ လက်အောက် အရာရှိ တဦး ဖြစ်ခဲ့ ဘူးသည်။

---

၁ Merdeka Timur Street
၂ Untung
၃ Solo



ထို့နောက် နယူးဂီနီ အနောက်ပိုင်း ဒေသတွင် လေထီးခုန်ဆင်းခဲ့သည်။ ထိုဒေသသည် အနောက်ပိုင်း အီရီယံ၁ နယ်မြေဖြစ်သည်။ ထိုစဉ်က ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ဒပ်ချ်နယူးဂီနီပိုင် အီရီယံကျွန်း လွတ်မြောက်ရေး စစ်ဆင်မှု၏ တပ်မှူးဖြစ်သည်။

“အွန်တန်ဟာ လက်ဝဲ အယူသီးတယူသန်သမား တယောက် ပါကလား....၊ တော်လှန်ရေး ကောင်စီနဲ့ စက်တင်ဘာ ၃၀ လှုပ်ရှားမှုဟာ လက်ဝဲ အလှန်အကျွံ အာဏာသိမ်းပွဲတရပ် ဖြစ်တယ်” ဟု ဆူဟာတိုက ကောက်ချက်ချလိုက်သည်။

အောက်တိုဘာ ၁ ရက်နေ့ နံနက်ခင်း အချိန်ဝယ် မရေရာသော အခြေအနေများ၊ သတင်းများသည် ပျံ့လွင့်လျက်ရှိသည်။

- မြို့တော်နှင့် နယ်ပယ်ဒေသများရှိ စက်တင်ဘာ ၃၀ လှုပ်ရှားမှု အင်အားများ၊
- အဖမ်းခံ စစ်အရာရှိကြီးများ၏ ကံကြမ္မာ၊
- သမ္မတ ဆူကာနို၏ အခန်းကဏ္ဍနှင့် ဤဖြစ်ရပ်တွင် သူကိုယ်တိုင် ပါဝင်လှုပ်ရှားနိုင်ပုံ၊

စိတ်လှုပ်ရှားမှုများ၊ ကောလာဟလများနှင့် တွေးတောထင်ချက်များအကြားတွင် ဗိုလ်ချုပ်ကြီးဆူဟာတိုသည် အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်ရှိနေသည်။

“တိုင်းပြည်အတွက် အန္တရာယ် ကျတော့မယ်လို့ မြင်ရရင် ကျနော်ဟာ ကြုံတွေ့လာတဲ့အခြေအနေကိုရင်ဆိုင်ပြီး အကောင်းဆုံးနည်းနဲ့ ဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ပြီးသားပါ....ကျနော်

---

၁ West Irian

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လုပ်တဲ့လူပါ.... ကျနော့်လူတွေက ကျနော် ရှေ့တန်းတပ်မှူး တာဝန်ယူနေစဉ်ကထဲက ကျနော့်ကို ခေါင်းဆောင်အဖြစ် တာဝန်ယူဖို့ သဘောတူခဲ့ကြတယ်.... ကျနော်ဟာ ဗိုလ်ချုပ်ကြီးယာနီ၁ မရှိတော့ကထဲက ခေတ္တစစ်ဦးစီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်....ကျနော့်ရဲ့ ပထမဆုံးအစီအစဉ်က ကျနော် ဆက်သွယ်ရနိုင်သမျှ ဂျကာတာရှိ ကြည်း၊ ရေ၊ လေတပ်နဲ့ ပုလိပ်တပ်ဖွဲ့တွေဟာ သစ္စာခံကြသလား သစ္စာဖောက်ကြသလား ဆိုတာ သတင်းရယူမယ်... ပြီးတော့ ဒုတိယအစီအစဉ်အဖြစ် တပ်သားတွေကို ကျနော့်သစ္စာခံကြဖို့ အမိန့်ထုတ်မယ်၊ ပြန်တိုက်ခိုင်းမယ်၊ ဒါပေမဲ့ အရေးအတွက် စီစဉ်ကန့်သတ်မယ်....စစ်သား အချင်းချင်း သွေးကွဲအောင် အဖျက်ပယောဂလုပ်လို့ သွေးထွက်သံယိုဖြစ်မှာကို ရှောင်ရှားသွားမယ်....သူပုန်တွေကို တတ်နိုင်သမျှ ကျနော့်ဖက် ပါဝင်ပူးပေါင်းလာအောင် သွေးဆောင်ကြိုးပန်းသွားမှာ ဖြစ်တယ်”

ဗိုလ်ချုပ်ကြီးဆူဟာတို လက်ငင်းရင်ဆိုင်နေရသော ပြဿနာများထဲတွင် တပ်ရင်း (၂)ရင်း ကိစ္စသည် အရေးကြီးနေသည်။ “တော်လှန်ရေးခေါင်းဆောင်ကြီးကို ကာကွယ်ကြ”ဟု အမိန့်ပေးထားခြင်း ခံနေရသော အဆိုပါ တပ်ရင်း(၂)ရင်းသည် ကော့စရက်ဌာနချုပ်ရှေ့ရှိ မာဒေးကားကွင်းတွင်ရှိပြီး ဆူဟာတိုအား သစ္စာခံရေး သံသယ ဖြစ်နေကြသည်။

---

၁ General Yani



အောက်တိုဘာ ၅ ရက်နေ့တွင် လက်နက်ကိုင်တပ်များနေ့ ပြပွဲအတွက် ကြိုတင်စီစဉ်ထားသော အဆိုပါ တပ်ရင်း(၂)ရင်း အနက် အမှတ်၄၅၄တပ်ရင်းကို ဂျာဗားအလယ်ပိုင်းမှရင်း၊ အမှတ်၅၃၀တပ်ရင်းကို ဂျာဗားအရှေ့ပိုင်းမှရင်း၊ ပြောင်းရွှေ့ထားခဲ့ခြင်း ဖြစ်သည်။

ဆူဟာတိုက ယင်းတပ်ရင်း(၂)ရင်းကို ယမန်နေ့ကပင် ကြိုတင်စစ်ဆေးခဲ့ရာ မိမိကို သစ္စာခံမည့်အရိပ်အရောင် မတွေ့ခဲ့ရပေ။

ကော့စရက် တပ်သားများနှင့် အဆိုပါ တပ်ရင်းများမှ တပ်သားများ မပြေမလည် ဖြစ်လာကြသည်။

ဗိုလ်ချုပ်ကြီးဆူဟာတိုသည် ကော့စရက် ဌာနချုပ်ရှေ့တွင် တပ်ရင်း(၂)ရင်းမှ အရာရှိ အရာခံများကို စုရုံးစေပြီး မိန့်ခွန်းမြွက်ကြားလိုက်သည်။

“ခင်ဗျားတို့ကို ဗိုလ်မှူးအွန်တန်က တိုင်းပြည်ဆန္ဒနဲ့ဆန့်ကျင်ပြီး ကိုင်တွယ်ထားတာ သတိပြုမိကြရဲ့လား....၊ သမ္မတကြီးရဲ့ အသက်ဟာအန္တရာယ်ထဲ ရောက်နေပြီဆိုတာ မဟုတ်မမှန်တဲ့ သတင်း ဖြစ်တယ်”

မကြာမီ စည်းရုံးညှိနှိုင်းမှုရရှိပြီး အခြေအနေ တိုးတက်လာသည်။

ညနေ ၃ နာရီအချိန်တွင် ဆူဟာတိုက တမျိုးတဖုံ အကဲစမ်းလိုက်သည်။ သူသည် တပ်ရင်း(၂)ရင်း၏ ဒုတိယ တပ်မှူးများကို ခေါ်၍ မေးသည်။

“ခင်ဗျားတို့ လမ်းမှားရောက်နေပြီ၊ အခု အချိန် မှီသေး သုံး

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပေးမယ်၊ ဒီအချိန်အတွင်း ခင်ဗျားတို့လူတွေကို စုဆောင်းပြီး လက်နက်ချခိုင်းပါ၊ ဒီလိုမှ မဟုတ်ရင် ခင်ဗျားတို့ကို ကျူပ်ချေမှုန်းပစ်ရလိမ့်မယ်"

တပ်ရင်းများမှ တပ်သား အားလုံးလိုလိုပင် နောက်ဆုံး၌ လက်နက်ချလိုက်ကြသည်။ သို့ရာတွင် တပ်ရင်း ၄၅၄ မှ တပ်ခွဲတခွဲသည် လက်နက်မချပဲ ဟာလင်လေဆိပ်[1] သို့ ထွက်ခွာသွားကြသည်။ ယင်းဒေသသည် မြို့တော်နှင့် မလှမ်းမကမ်းတွင် တည်ရှိပြီး တော်လှန်ရေးကောင်စီ၏ ဌာနချုပ် ဖွင့်လှစ်ထားရာ ဒေသဖြစ်သည်။

တရက်အတွင်း ရန်သူနှင့်မိတ်ဆွေ ကွဲတဲ့ပြားပြား ခွဲခြားနိုင်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ဂျကာတာတပိုက် ရောက်သမျှနေရာများသို့ သွားရောက်၍ ရေတပ်၊ လေတပ်နှင့် ပုလိပ်အရာရှိများ၊ တပ်မှူးများအား ရှင်းလင်းပြသည်။

သူသည် လေတပ် ခေါင်းဆောင်ပိုင်း အပေါ် မယုံသင်္ကာ သံသယဖြစ်မိသည်။

တချိန်ထည်းမှာပင် ဂျကာတာအပြင်ဖက်နှင့် ဂျာဗား အပြင်ဖက် အရပ်များရှိ တပ်မှူးများအား မိမိတို့ တပ်များ အဆင်သင့် နိုးနိုးကြားကြား ရှိနေစေရန် အမိန့်ပေးထားလိုက်သည်။

---

[1] Halim Airbase



ဆူဟာတိုသည် စုမတြားမြောက်ပိုင်း[1] မေဒန်[2] ရှိ ဒုတိယဗိုလ်ချုပ်ကြီး ကီမယ်အစ်ရစ်[3] ထံ ကြိုးမဲ့ စကားပြောစက်ဖြင့် ဆက်သွယ်ခဲ့သည်။ အစ်ရစ်သည် ထိုအချိန်က သူ၏တပ်အင်အားဖြင့် မလေးရှား[4] ကိုဝင်ရောက် တိုက်ခိုက်ရန် အမိန့်စောင့်ဆိုင်းနေချိန်ဖြစ်သည်။

အစ်ရစ်ကို ဆက်သွယ်ခြင်းမှာ ဂျကာတာသို့တပ်တတပ် ချက်ခြင်းပို့ရန် ဖြစ်သည်။ ဂျဗား အလယ်ပိုင်း သူပုန်စခန်းကို တိုက်ခိုက်နေသည့် တပ်များနှင့် ဆက်သွယ်မည်ဟူသော အောက်တိုဘာလလယ် စီမံချက်အတိုင်း တပ်သားများဘည် မြို့တော်သို့ ချီတက် ရောက်ရှိလာခဲ့သည်။

အောက်တိုဘာလ ၁ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် တပ်မတော် လေထီးကွန်မင်ဒို တပ်စုသည် ကော့စရက်မှ ညွှန်ကြားချက်အတိုင်း မြို့တော် တောင်ပိုင်း အဆောင်များမှ ရောက်ရှိလာကြသည်။

အဆိုပါတပ်များထဲမှ တပ်ရင်းတရင်းကို ကော့စရက် ဌာချုပ်တပ် အင်အား ဖြည့်ထား လိုက် ပြီး လက်ရွေးစဉ် တပ်ကို ဗိုလ်

---

[1] North Sumatra
[2] Medan
[3] Brigadier General Kemal Idris
[4] Malaysia



www.burmeseclassic.com

www.burmeseclassic.com



မှူးကြီးဆာဝိုအက်ဟီး၁ ၏ ကွပ်ကဲမှုဖြင့် ဟလင်လေတပ် စခန်း အနီး ဂျီလီလီတန်၂ သို့ ရွှေ့လိုက်သည်။

တချိန်တည်း လိုလိုမှာပင် ဘန်ဒေါင်း၃ ၌ အခြေ စိုက်ထားသော အမှတ် ၁ မြင်းတပ်သည်လည်း စီလီဝမ်ဂီ၄ နယ်မှ ဂျကာတာသို့ရောက်လာလေသည်။

ကွန်မြူနစ်တို့ပုန်ကန်မှုကို နှိမ်နင်းခြင်းသည် ဤအကြိမ် သည်သာ ပထမအကြိမ်ဖြစ်ခြင်းမဟုတ်။ ၁၉၄၈ ခုနှစ်က စီလီဝမ်ဂီ နယ်တွင် ကွန်မြူနစ်တို့ ပုန်ကန်မှုကို နှိမ်နင်း ဖြိုဖျက်ခဲ့ဘူးသည်ကို စစ်တပ်အရာရှိများက သတိရမိကြသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ကိုယ်တိုင် ဦးဆောင်တာဝန်ယူ၍ ညနေ ၆ နာရီခွဲအချိန်တွင် မာဒေးကားပန်းခြံဘေးရှိ အချက်အခြာကျသော အသံလွှင့်ရုံနှင့် ဗဟိုကြေးနန်းရုံတို့ကို အောင်မြင်စွာ သိမ်းပိုက်နိုင်လိုက်လေသည်။ သေနတ်တချက်ပင် မပစ်လိုက်ရချေ။

“မနက်စောစောကတည်းက ဒီနေရာတွေကိုကျုနော် သိမ်းနိုင်ပါတယ်၊ ဒါပေမဲ့ သွေးထွက်သံယိုမှုကို မလိုလားဘူး၊အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်ဖြစ်စေချင်တယ်၊ ဒါကြောင့်လဲ

၁ Colonel Sarwo Edhie
၂ Tjililitan
၃ Bandung
၄ Siliwangi



ည ၇ နာရီမှာ မြို့တော်ရဲ့အခြေအနေဟာ တိုက်ပွဲ မြင်းမြင်း ထန်ထန် တွေ မဖြစ်လိုက်ရပဲ၊ ကျုနော့် အုပ်ထိန်းမှုအောက် ရောက်ခဲ့ရတယ်”

ညနေ ၄ နာရီ အချိန်တွင် ဗိုလ်ချုပ် ကြီး နာဆူးရှင်းအား တွေ့ရချိန်ဝယ် ကောစရက်ဌာနချုပ်သည် ကွန်မြူနစ်ဆန့်ကျင်ရေး အတွက် အင်အားတောင့်တင်းလာသော ‘သွေးကြောကြီး’ တခု ဖြစ်သည်။

မနက်ကတည်းက ဗိုလ်ချုပ်ကြီးနာဆူးရှင်းလွတ်မြောက်သွားသည့် သတင်းကို ဆူဟာတိုကြားခဲ့ပြီးဖြစ်သည်။

နာဆူးရှင်းသည် ဒဏ်ရာများကိုပတ်တီးစီးထားသည်။ မနေ့ညက သဲထိတ်ရင်ဖိုချောက်ချားဖွယ်ဖြစ်ရပ်များကြောင့် တုန်လှုပ်ရင်း သူ၏ ၅ နှစ်အရွယ်သမီးကလေးနှင့်အတူ ထွက်ပြေး လွတ်မြောက် လာခဲ့သူ ဖြစ်သည်။သမီးကလေးတွင် ဒဏ်ရာပြင်းထန်စွာ ရသွားသည်။(နောက်တွင် ထိုဒဏ်ရာဖြင့် သေဆုံးသွားသည်)

နာဆူးရှင်းက သူ့အားဝိုင်းထားသည့် ကောစရက်တပ်သားများအား “ကျုနော် ဗိုလ်ချုပ် ဆူဟာတိုကို ယုံကြည်ပါတယ်။ သူ့ကို ထောက်ခံပါတယ်”ဟု ပြောခဲ့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## ၂

## ဟလင်လေတပ်စခန်း၏မြူမှုန်ကြားဝယ်

ဗိုလ်ချုပ်ကြီး ဆူဟာတို အဖို့ ကော့စရက် ဌာနချုပ်တွင် အခြေအနေကို စနစ်တကျကွပ်ကဲထိန်းချုပ်ထားစဉ် ဂျကာတာမြို့တော်နှင့် မလှမ်းမကမ်းရှိ ဟလင်ပ ါဒနကူစုမ လေတပ် အခြေစိုက် စခန်း၁ မှ မီးတောက်ကို ငြိမ်းသတ်ရန်ကျန်နေသေးသည်။

အဆိုပ ါလေတပ် စခန်းမှာ ဂျကာတာ၏တောင်ဖက် ၁၀မိုင်

၁ Halim Perdanakusuma Airforce Base



ခန့် ကွာဝေးပြီး စက်တင်ဘာ ၃၀ လှုပ်ရှားမှု၏ အခြေစိုက်စခန်းကြီးလည်း ဖြစ်သည်။

ထိုအချိန်အခ ါက စကားလုံးများနှင့်ဆိုရလျှင်ဟလင်လေတပ်စခန်းသည် နိုင်ငံရေး မြူမှုန်များ ရုစ်ပတ်လွှမ်းခြုံထားခြင်းခံနေရချိန် ဖြစ်သည်။

ဟလင်သို့သွားရာလမ်းသည် လေယာဉ်လမ်းရော ကားလမ်းပ ါ ဖြစ်ပြီး ထိုအရပ်တွင်စစ်တန်းလျားများ၊ စစ်နှင့် ပတ်သက်သော အဆောက်အဦများ၊ ကြိုးစင်များ ရှိသည်။ ရွာကလေးများ၊လယ်ကွင်းများနှင့် သီးသန့်ကင်းကွာသော နေရာ ဒေသဖြစ်သည်။တုန်လှုပ်ချောက်ချားဖွယ်ကောင်းလှသည့်စက်တင်ဘာ၃၀ လှုပ်ရှားမှုကြီးသည် ဟလင်တွင်မှတ်မှတ်ထင်ထင်ဖြစ်ပွားခဲ့သည်။ ဤဒေသမှာပင် ၁၉၆၅ ခုနှစ် ဇူလိုင်လကတည်းက စ၍ အပျော်တမ်း တပ်ဖွဲ့ဝင်များ၏ စစ်လေ့ကျင့်ရာ စခန်းအဖြစ် အသုံးပြုခဲ့ကြသည်။ ယင်းအဖွဲ့ဝင်များအား ဆူကာနို၏ မလေးရှားချေမှုန်းရေး စီမံကိန်း၏ တိုးတက်သော တော်လှန်ရေး အင်အားစုအဖြစ် လေ့ကျင့်ပေးနေခြင်းဖြစ်သည်။

လေတပ်အရာရှိများက စက်တင်ဘာ ၃၀ လှုပ်ရှားမှုကြီးတွင် ပ ါဝင်တိုက်ပွဲဝင်ကြမည့် ထောင်ပေ ါင်းများစွာသော ကွန်မြူနစ်လူငယ်များ၁ နှင့် အမျိုးသမီးများ၂ ကို စစ်သင်တန်း ပေးနေသည်။

၁ Pemuda Rakjat ဟု ခေါ်သည်။
၂ Gerwani ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ် လှုပ်ရှားမှုအတွက် ပြင်ဆင်မှုများ ပြုလုပ်နေခြင်းကို လျှို့ဝှက်အဆင့် ထားရှိကြ၍ စစ်တပ်ကသော်၎င်း၊ အခြားသက်ဆိုင်ရာ ထောက်လှမ်းရေးများကသော်၎င်း၊ မသိကြချေ။

သမ္မတ ဆူကာနိုမှာမူ ကွန်မြူနစ်လှုပ်ရှားမှု ပြင်ဆင်ရေး ကိစ္စအတွက် မကြာခဏ သတိပေးခံနေရသည်။ သူ ဩဇာကျဆုံးနေချိန်တွင် တစုံတယောက်သည် သူ့ သဘော တူညီချက် မရယူပဲ လုပ်ဝံ့သည်ကို သူ မတွေးမိချေ။ သူ့အား နောက်ဆုံး အကြိမ်အန္တရာယ် နီးကပ်နေပြီဟု သတိပေးစကား ပြောသူမှာ ဒု-ဗိုလ်ချုပ်ကြီး ဆူဂန်ဒီ၁ ဖြစ်သည်။ နောက်ဆုံး သတိပေးချက်သည် စက်တင်ဘာ ၃၀-ရက်နေ့တွင် ဟာလင်မှ.... လူသတ်သမားတစုတို့ မထွက်ခွာမီ နာရီပိုင်း အလိုမှာပင် ဆူကာနိုထံ ရောက်လာသည်။

ပုန်ကန်သူများ၏ ပထမဆုံး အစီအစဉ်မှာ စစ်တပ် ခေါင်းဆောင်များအား ဖယ်ရှားရန် ဖြစ်သည်။ စက်တင်ဘာ ၃၀-နှင့် အောက်တိုဘာ ၁-ရက်အကြား ည အချိန်ကာလအတွင်း တန်ပြန် ခုခံသော ဗိုလ်ချုပ်များကို အတင်း ဖမ်းဆီး ခေါ်ဆောင်ရန်၊ စစ်တပ်မှ ခုခံသူများနှင့် ပူးပေါင်းရန်နှင့် လူထုကို အုံကြလာစေရန် ဖြစ်သည်။

× × ×

အောက်တိုဘာလ ၁-ရက်နေ့.... ည သန်းခေါင်ယံအချိန် ဖြစ်သည်။

---

၁ Brigadier General Sugandhi



၁ နာရီခွဲတိတိ ရှိပြီ ဖြစ်သည်။

ဟာလင် လေတပ်စခန်းသည် လှုပ်လှုပ် ရွရွ ရှိနေ၏။ သမ္မတ ကိုယ်ရံတော် တပ်သားများနှင့် စစ်ပညာ လေ့ကျင့်ထားပြီးသော ကွန်မြူနစ် လူငယ် တပ်သားများ ရောနှော လိုက်ပါ လာသည့် ထရပ်ကားကြီးများသည် ဟာလင်မှ စတင် ထွက်ခွာလာကြသည်။

စစ်တပ် အကြီးအကဲများ၏ နေအိမ်များသို့ မနက် ၄ နာရီတွင် ရောက်ရှိပြီး ဝိုင်းဝန်းထားသည်။ အချို့.... ဗိုလ်ချုပ်များအား အိတ်တဆိတ် အလန့်တကြား ဖမ်းမိလိုက်ပြီး အချို့ကိုမူ ပစ်ခတ်ပြီးမှ လက်ရ ဖမ်းဆီးမိသည်။

အဖမ်းခံကြရသော ဗိုလ်ချုပ်များမှာ....

(၁) အာမက်ယာနီ၂
(၂) ပါမင်၃
(၃) ဟာဂျိုနို၄
(၄) ဆူပရာတို၅
(၅) ပင်ဂျေတန်၆

---

၂ Achmad Yani
၃ S.Parman
၄ M.T.Harjono
၅ R.Suprapto
၆ D.I.Pandjaitan

www.burmeseclassic.com

www.burmeseclassic.com



(၆) ဆူတိုဂျို စီဝူမီဟာဂျို၁ နှင့်
(၇) ဗိုလ်ချုပ် နာဆူးရှင်း၏ အပါးတော်မြဲ ဗိုလ်ကြီးပယ်ရီ တင်ဒင်း၂ တို့ ဖြစ်သည်။

နာဆူးရှင်းသည် ထိုအချိန်က လုံခြုံရေးနှင့် ကာကွယ်ရေး ဝန်ကြီးလည်းဖြစ် လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်လည်းဖြစ်သည်။ သူ့ကိုဖမ်းဆီးရန် စာရင်း၌ နံပတ်တစ် ထိပ်ဆုံးက ထားခဲ့သည်။ သူသည် ဤအာဏာသိမ်းပွဲတွင် အကြီးမားဆုံးသော အနှောင့်အရှက်ကြီးတခု အဖြစ် ကွန်မြူနစ်တို့က ယူဆခဲ့သည်။

နာဆူးရှင်းသည် ဒဏ်ရာဖြင့် သီသီကလေး လွတ်မြောက်သွားခဲ့သည်။အောက်တိုဘာလ ၁ ရက်နေ့ တနေ့လုံး ဘာမှမလုပ်နိုင်သူဖြစ်သွားသည်။

နံနက် အရုဏ်တက်ချိန်တွင် ထရပ်ကားများ ဟာလင် လေတပ်စခန်းသို့ ပြန်ရောက်လာကြရာ အဖမ်းခံ ဗိုလ်ချုပ်များအနက် ဗိုလ်ချုပ်သုံးဦး အသက်ရှင်နေသေးသည်ကို တွေ့ရသည်။

ကွန်မြူနစ် လူစုလူဝေးသည် တိုက်ပွဲအစ၏ အောင်မြင်မှုကို ဖေါ်ကျူးထားသော ပါတီ တေးသီချင်းများ သီဆို၍ ကြွေးကြော်သံများ အော်ဟစ်ကြရင်း ဆူညံလှုပ်ရှား ကခုန်နေကြသည်။

---

၁ Sutojo Siswomi hardjo
၂ Captain Pierre Tendean



ဖမ်းမိထားသော ဗိုလ်ချုပ်များအား အရှင်လတ်လတ် ဓါးဖြင့် လှီးဖြတ်ခြင်း၊မျက်လုံးများထိုးဖေါက်ခြင်းများဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ပစ်လိုက်ကြသည်။ သွေးချောင်းစီး၍ မြင်မကောင်းအောင် ဖြစ်သွားသည်။

ဟာလင်လူသတ်ပွဲညာ အပြီး ရက်သတ္တနှစ်ပတ်အကြာတွင်အင်ဒိုနီးရှား တော်လှန်ရေး၏ ကြီးမြတ်သော ခေါင်းဆောင်ကြီး ဆူကာနိုက ဟာလင်အရေးအခင်း ရှင်းလင်းချက် ထုတ်ပြန်လိုက်သည်။သမ္မတကြီး ဆူကာနိုသည် ထိုအချိန်တွင် နိုင်ငံရေး မျက်နှာ တယောက် လုံးလုံး ဖြစ်နေလေပြီ။

ဒုတိယ ဗိုလ်ချုပ်ကြီး စူဂျစ်တို၁ ၏ အဆိုပြုချက်အရ အရှင်သက်ရ ဖမ်းမိသော ဗိုလ်ချုပ်များကို ဟာလင်စခန်းတွင် ပြည်သူ့တရားခွင်တင်၍ လုပ်ရိုးလုပ်စဉ်အတိုင်း အပြစ်ရှိသဖြင့် သေဒဏ်ချမှတ် စီရင်လိုက်ပြီး ဖြစ်ကြောင်း ဆူဟာတိုက ပြောပြ၍ သိရသည်။

စက်တင်ဘာ ၃၀ လှုပ်ရှားမှု၏ ဗဟိုဌာနချုပ်ဖြစ်သောဟာလင် လေတပ်စခန်းတွင် နှစ်ခြမ်းကွဲပြားနေသော်လည်း နိုင်ငံတော်အာဏာသိမ်းပိုက်မှု ရယူသော တော်လှန်ရေးဇွဲမာန်ဖြင့် ပြန်လည်စုစည်း ထိန်းချုပ်ထားသည်။

---

၁ Major General Sutjipto

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့ထဲမှ ထင်ရှားသည့် ခေါင်းဆောင်များမှာ လေတပ်ဗိုလ်ချုပ် အိုမာဒါနီ[၁] ဗိုလ်မှူးကြီးလတစ်[၂] လေတပ် ဒု-ဗိုလ်မှူးကြီးဟာရူအမိုဂျို[၃] နှင့်ဒု-ဗိုလ်မှူးကြီး အွန်တန်တို့ ဖြစ်သည်။

တဖက်၌လည်း ကွန်မြူနစ်ပါတီ၏ ထိပ်တန်း ဦးစီးဦးကိုင်များဖြစ်ကြသော ဥက္ကဋ္ဌ အိုင်ဒစ်[၄] ၊ဗဟိုကော်မီတီဝင် အချို့နှင့် ပါတီအထူး ဗျူရို အကြီးအကဲ စဂျမ်[၅] တို့ ရှိသည်။

၁ Air Vice-Marshal Omar Dhani

၂ Colonel Latief

၃ Air lieutenant Colonel Heru Atmodjo

၄ D.N.Aidit

၅ Sjam

စဂျမ်သည် ကွန်မြူနစ်ပါတီတွင် ထင်ရှားသော ခေါင်းဆောင်တယောက် ဖြစ်သည်။ တော်လှန်သော လက်နက်ကိုင် တပ်များအား စနစ်တကျ စစ်ဆေး ကြီးကြပ် ကွပ်ကဲရန် လျှို့ဝှက်ဖွဲ့စည်းထားသော အထူး ဗျူရို၏ အကြီးအကဲလည်းဖြစ်သည်။ ယင်းဗျူရိုမှာ အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ၏ အထူး လျှို့ဝှက်ဗျူရို ဖြစ်သည်။ ၁၉၆၅–ခုနှစ် ဩဂုတ်လ စောစောပိုင်းတွင် စဂျမ်သည် ပီကင်းမှ အပြန် အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ အိုင်ဒစ်၏ ဆင့်ခေါ်ချက်အရ သွားရောက် တွေ့ဆုံပြီး ကွန်မြူနစ် တပ်များကို လှည့်လည် စစ်ဆေးရန် တာဝန်ပေးခြင်း ခံရသည်။ စဂျမ်သည် တော်လှန်ရေးတပ်များနှင့် ကွန်မြူနစ်ပါတီ အကြား လမ်းမှားကာ ၁၉၆၇–ခု မတ်လ ၉–ရက်နေ့တွင် အဖမ်းခံရပြီး ၁၉၆၈–ခုနှစ် ဖေဖေါ်ဝါရီလ ကုန်တွင် ဘန်ဒေါင်းရှိ စစ်ခုံရုံးသို့ တင်၍ စစ်ဆေး ခံရသည်။ နောက်ဆုံးတွင် သေဒဏ် အပေးခံရသည်။



ဟလင်စခန်းမှ ဌာနချုပ်နှင့် ကွန်မြူနစ် ပါတီ ဌာနချုပ်တို့သည် နေရာ ဒေသခြင်း ကွဲပြားစွာ တည်ရှိ နေကြသော်လည်း အမြဲတမ်း ဆက်သွယ်မှု ရှိနေခဲ့သည်။

ဟလင်စခန်းတွင် ဌာနချုပ် ဖွင့်လှစ်သူမှာ သမ္မတ ဆူကာနို ဖြစ်နေသည်။ သူကိုယ်တိုင် နောက်ပိုင်းတွင် ရှင်းလင်း ပြောပြချက်အရ သူသည် ဟလင်စခန်းကို လေယာဉ် ဆင်းသက်မှု အခြေအနေ အရ ပိတ်ပစ်ရန်အတွက် ရောက်လာခြင်း ဖြစ်သည်ဟု သိရသည်။

သမ္မတ ဆူကာနိုသည် ဟလင် လေတပ်စခန်းသို့ ရောက်ရှိခဲ့ခြင်းမှာ ထင်ရှားနေသည်။ အာဏာသိမ်း ခေါင်းဆောင်များနှင့် လူးပလဲ ဒွေးရောယှက်တင် နေခဲ့သည်မှာ ထင်ရှားသည်။ ယင်းသို့ နေထိုင်ခြင်းမှာ သမ္မတ ဆူကာနိုသည် သူ့ သဘော သူ့ ဆန္ဒ ဆက်သက်ဖြင့် လွတ်လပ်စွာ ရွေးချယ် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ သူသည် တပ်မတော်နှင့် လမ်းခွဲခဲ့သည်သာမက သူ့ အပေါ် သစ္စာအရှိဆုံး ဗိုလ်ချုပ်ကြီး ဆူဟာတိုနှင့်လည်း ခွဲခွာခဲ့ခြင်း ဖြစ်သည်။

အောက်တိုဘာလ ၁-ရက်နေ့ နံနက် ၁၀-နာရီ အချိန်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် သမ္မတ ဆူကာနိုနှင့် ပတ်သက်သော သတင်းမှန်ကို ရရှိသည်။ စောစောက မနက်စောစောပိုင်းတွင် ဆူကာနိုအား နန်းတော်ထဲ၌ လိုက်လံ ရှာဖွေခဲ့သည်။

ဆူကာနို၏ သက်တော်စောင့် တပ်မှ ရဲအရာရှိတဦးဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ဆူမီရတ်၁ က ကော့စရက်ဥာနချုပ်ရှိ ဗိုလ်ချုပ်ကြီး ဆူဟာတိုထံ သတင်းပို့ရာတွင် သမ္မတကြီးသည် ကော့စရက်မှ နှစ်နာရီကြာ ကားမောင်းသွား၍ ရောက်နိုင်သော နေရာတခု၌ ဘေးအန္တရာယ် ကင်းရှင်းစွာ ရောက်ရှိနေကြောင်း ဖေါ်ပြလိုက်သည်။

နောက်တော့မှ ဆူဟာတိုသည် စဉ်းစားမိ၏။

"ဆူကာနိုဟာ ဟာလင် ရောက်နေမှာပဲလို့ ငါထင်တယ်၊ ဆူမီရတ်ကို ငါ မေတ္တာရပ်ခံခဲ့တယ်၊ သမ္မတကြီးထံ သတင်းပို့ပေးစမ်းပါ၊ ဂျကာတာမြို့တော်ရဲ့ အခြေအနေ အရပ်ရပ်ဟာ ငါ့... လက်ထဲ ရောက်နေပါပြီလို့၊ ပြီးတော့ ငါ ဘာဆက်လုပ်ရမလဲ ဆိုတာ သမ္မတကြီးက ညွှန်ကြား ပေးပါလို့၊ ဆူမီရတ်ကို ငါ မေတ္တာ ရပ်ခံခဲ့တယ်၊ ဒါပေမဲ့ ဘာမှ ပြန်ကြားချက်မရခဲ့ပါဘူး

× × ×

အောက်တိုဘာလ ၁-ရက်နေ့ မနက်.... ၉-နာရီ အချိန်တွင် သမ္မတ ဆူကာနိုသည် ဟာလင် လေတပ် စခန်းသို့ ရောက်လာခဲ့သည်။

မနေ့ညက စီနဂျန်အားကစားခန်းမတွင် ဆူကာနိုသည် အင်ဒိုနီးရှား ပညာရှင်များနှင့် ည ၁၁-နာရီအထိ စည်းဝေးခဲ့သည် မိန့်ခွန်းမြွက်ဟခဲ့သည်။ ဆူကာနိုသည် စည်းဝေးအပြီး ည၁၁-နာရီ

---

၁ Soemirat



တွင် နန်းတော်သို့ ပြန်သွားပြီး ချက်ခြင်းပင် နန်းတော်မှ အင်ဒိုနီးရှား ဟော်တယ်သို့ ထွက်ခွာပြန်သည်။

တခါတရံ နာဝနာ ညကာလပ်များ၌ အချိန်ဖြုန်းနေတတ်သော ဂျပန်သူ ချစ်ဇနီး မဒမ်ဒေဝီ၁ အား ဝင်ခေါ်ရန် ဖြစ်သည်။ ဒေဝီကို ခေါ်အပြီး နှစ်ယောက်သား စလိပီ၂ ဂတော့စုဘရိုတို၃ လမ်းရှိ ဒေဝီ၏ ဇိမ်ခံ အိမ်တော်သို့ သွားကြသည်။

သမ္မတကြီးသည် ထိုညတာကို ထိုအိမ်တော်၌ပင် ကုန်လွန်စေသည်။

အောက်တိုဘာ ၁-ရက် မနက် ၆-နာရီတွင် မြို့တော်ရှိ လှုပ်ရှားမှုများ၊ ဗိုလ်ချုပ် နာဆူးရှင်း အိမ် သေနတ်ပစ် ခံရပုံများ၊ သည့် သတင်းကို ကြားလိုက်ရသည်။

ဆူကာနိုက နန်းတော်ကို ပြန်လို့ရမလားဟု လှမ်းမေးရာ ဒေဝီ၏ အိမ်တော် အစောင့်တဦးက ပြန်၍ ဖြစ်နိုင်ပါသည်ဟု ဖြေကြားသဖြင့် ဆူကာနိုသည် အစောင့် အရှောက် အနည်းကျဉ်းမျှနှင့် နန်းတော်သို့ ပြန်လာခဲ့သည်။

နန်းတော်သို့ အပြန်လမ်းတွင် အင်ဒိုနီးရှား ဟော်တယ် အနီး အရောက်၌ လုံခြုံရေးအရာရှိ ဗိုလ်မှူးကြီး စေလန်၄ ထံမှ

---

၁ Madame Dewi
၂ Slipi
၃ Gatot Subroto Street
၄ Colonel Saelan

www.burmeseclassic.com

www.burmeseclassic.com



ရေဒီယို တယ်လီဖုံး သတင်းတရပ် ရရှိသည်။ စေလန်က နန်းတော်သည် လုံခြုံမှု စိတ်မချရကြောင်း၊ သို့ဖြစ်၍ နန်းတော်သို့ မကြွပဲ ဂရိုဂို[၁] ရှိ ဆူကာနို၏ ဇနီးတဦး ဖြစ်သူ မဒမ်ဟာဂျတီ[၂] အိမ်တော်သို့ ကြွသွားပါရန် တောင်းပန်ပါကြောင်း သတင်းပို့သည်။

မဒမ်ဟာဂျတီ အိမ်သို့ ရောက်သောအခါ သမ္မတကြီးသည် သတင်းများ ထပ်မံ ကြားသိရပြန်သည်။ ဗိုလ်ချုပ်များ အဖမ်းခံကြရပုံ၊ ဗိုလ်ချုပ် နာဆူးရှင်း၏ သမီးကလေး ဒဏ်ရာ အပြင်းအထန် ရသွားပုံ၊ နာဆူးရှင်း လွတ်မြောက်သွားပုံတို့ ကြားသိရသည်။

သတင်းများကြားအပြီး သမ္မတကြီးက လွန်စွာ အံ့သြမိသည်ဟု ပြောကြားကာ စေလန်အား 'ကျုပ်နဲ့ အတူ ဘာလုပ်ချင်သလဲ' ဟု မေးလိုက်သည်။ နန်းတော်သည်ရင်း၊ ဇနီးများ၏ စံအိမ်များသည်ရင်း၊ လုံခြုံရာ၊ စိတ်ချရာ နေရာများ မဟုတ်ကြောင်း တွေးမိပြီး ဆူကာနိုသည် ဟလင်သို့ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။

(သမ္မတ ဆူကာနိုသည် မဒမ်ဟာဂျတီ၏ အိမ်တွင် ရှိနေစဉ် လုံခြုံရေးအရာရှိ ဗိုလ်မှူးကြီး စေလန်က ဗိုလ်မှူး စုပါတို[၃] အား

၁ Grogol
၂ Madame Harjati
၃ Major Suparto



ရေတပ်နှင့် လေတပ် တပ်မှူးများနှင့် ဆက်သွယ်ရန်၊ ရဲတပ်ဖွဲ့နှင့် ဆက်သွယ်ရန်နှင့် ဗိုလ်ချုပ်ကြီး ဆူဟာတို ကွပ်ကဲနေသော ကော့စတြက်သို့ မဆက်သွယ်ရန် အမိန့်ပေးလိုက်သည်။ ဗိုလ်မှူး စုပါတိုသည် သမ္မတဆူကာနိုအား သစ္စာရှိသူတယောက်ဖြစ်သည်။ စုပါတိုသည် ဝန်ကြီးလည်းဖြစ်၊ လေတပ် တပ်မှူးလည်းဖြစ်သူ အိုမာဒါနီ တဦးတည်းနှင့်သာ ဆက်သွယ်ခဲ့ပြီး မဒမ်ဟာဂျတီ၏ အိမ်တော်သို့ ပြန်လာခဲ့သည်။ သမ္မတထံသို့ သူ့သတင်းပို့အပြီး ဆူကာနိုသည် ဟလင်သို့ ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။ အိုမာဒါနီသည် အာကာသိမ်းတပ်များ၏ ခေါင်းဆောင်တဦး ဖြစ်သည်)

ဆူကာနိုသည် ဟလင်သို့ ရောက်သွားသောအခါ လေတပ်ဗိုလ်ချုပ် အိုမာဒါနီနှင့် လေတပ်ဗိုလ်မှူးချုပ် ဝပ်တီမီနာ[၁] တို့က ရွှင်လန်းထွေးသော အပြုံးများဖြင့် ကြိုဆိုကြသည်။

အာဏာသိမ်း လှုပ်ရှားမှု ခေါင်းဆောင် နှစ်ဦးဖြစ်ကြသော အိုမာဒါနီနှင့် ဒု-ဗိုလ်ချုပ် စုပါဂျို[၂] တို့က အဖြစ်အပျက် အသေးစိတ်ကို သမ္မတကြီးအား ရှင်းလင်းတင်ပြကြသည်။

အာဏာသိမ်း တပ်တတပ်၏ ခေါင်းဆောင်တဦး အနေဖြင့် စုပါဂျိုသည် မနက် ၆ နာရီ အချိန် ကတည်းကပင်၊ နန်းတော်သို့ သမ္မတ ဆူကာနိုအား တွေ့ဆုံရန် ကြိုးစားခဲ့သည်။ နောက် ဟလင်သို့ ပြန်ခဲ့သည်။ ယခု အမြန်ဆုံး ၉ နာရီထိုးချိန်မှာ သတင်းပို့ဖြစ်တော့သည်။

၁ Leo Wattimena
၂ Brigadier General Supardjo

www.burmeseclassic.com

www.burmeseclassic.com



ဝူပါဂျီက ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ် နာဆူးရှင်း လွတ်မြောက်သွားပုံ ရှင်းပြအပြီးတွင် သမ္မတဆူကာနို က 'သေသေချာချာ စုံစမ်းမေးမြန်းပြီးမှ လုပ်ရောပေါ့'ဟု မှတ်ချက်ချသည်။

ဗိုလ်ချုပ်များကို ဖမ်းဆီးခြင်းနှင့် ပတ်သက်၍ ဆူကာနိုက ဝေဖန်သုံးသပ် ပြောဆိုသည်မှာ 'တော်လှန်ရေးတရပ် ဆင်နွဲတဲ့ နေရာမယ် ဒါမျိုးလုပ်တာ သိပ်သဘာဝကျတယ် မှန်တယ်'တူ၍ ဖြစ်သည်။ 'နာဆူးရှင်းလွတ်သွားတာ အခြေအနေမကောင်းဘူး' ဟု ဆူကာနိုက ဆက်ပြောသည်။

အရေးအခင်း ဖန်တီးသူများအတွက် သမ္မတကြီး ဟလင်သို့ ရောက်ရှိလာမှုသည် စိတ်အားတက်ကြွဖွယ်ဖြစ်သည်။ သို့ရာတွင် ဆူကာနိုက ဝေ့လယ်ကြောင်ပတ်လုပ်တာ ဝန်မခံချင်သည့်ပုံ ပြသည်။

အရေးအခင်းဖန်တီးသူများ၏ အင်အား ပြိုကွဲမည့် လက္ခဏာ တွေ့ရသောအခါ ဆူကာနိုသည် ဒုတိယ ဆက်သားတယောက် အား ကော့စရက် စစ်ဌာနချုပ်သို့ စေလွှတ်လိုက်သည်။ ယင်း ဆက်သားသည် ကော့စရက်သို့ မနက် ၇း၃၀ နာရီတွင် ရောက် သွားသည်။

ကော့စရက်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ဟလင်စခန်းရှိ ရန်သူများအား အပြီးအပိုင် ခြေမှုန်းတိုက်ခိုက်ပစ်ရန် အသေး စိတ် စီမံနေချိန်ဖြစ်သည်။

နိုင်ငံရေးသမားများ၊ ဝန်ကြီးများနှင့်အခြားအရပ်သားများ ရောက်ရှိနေသော ကော့စရက် စစ်ဌာနချုပ်တွင် ဗိုလ်ချုပ်ကြီး



ဆူဟာတိုသည် ညှိနှိုင်းဆွေးနွေးပွဲအပြီး စစ်ရေး ပြင်ဆင်မှုများ လုပ်နေတော့သည်။ ဆူဟာတိုက သမ္မတကြီးထံ ဆက် သား တယောက်အပို့ထည့်၍လွှတ်လိုက်သည်။

ဆူကာနိုသည် ပုန်ကန်သူများနှင့် တနေ့လုံး လိုလိုလားလား ရောထွေးနေထိုင်နေပြီး စက်တင်ဘာ ၃၀ ရက်လှုပ်ရှားမှုအဖွဲ့ကို အနည်းငယ်မျှ မဆူမပူလုပ်နေခြင်းအား ဗိုလ်ချုပ်ကြီးဆူဟာတို က မစဉ်းစားတတ်အောင်ဖြစ်မိသည်။ အထက်လူကြီးကို ရိုသေ လေးစားသမှုအဖြစ် ဆူဟာတိုက သမ္မတ ဆူကာနိုအားမိမိသည် ဟလင်စခန်းကို ယခုချက်ခြင်း တိုက်ခိုက်တော့မည် ဖြစ်သဖြင့် သမ္မတကြီးအနေဖြင့် ဟလင်မှ အမြန်ဆုံး ထွက်ခွာ သွားပါရန် တိုက်တွန်းလိုက်သည်။

ကော့စရက် စစ်ဌာနချုပ် ကိုလည်း စစ်အခြေအနေ အရ ဒီနဂျုန်အားကစားကွင်းသို့ ပြောင်းရွှေ့ လိုက်သည်။

သမ္မတဆူကာနိုသည် ဆုံးဖြတ်ရခက်ခဲသော ဘေးကြပ်နံကြပ် အခြေအနေနှင့် ရင်ဆိုင်တိုးမိလျက်သားဖြစ်နေ၏။သူ၏ယိမ်းယိုင် သော အနေအထားနှင့် ပုန်ကန်သူများ ဖက်သို့ တိမ်းညွတ်မှုတို့ သည် မျက်မှောက်ကာလ သုံးသပ်ချက်အရ မှားယွင်း သည်ကို သတိပြုမိ၏။တဖက်ဖက်သို့ အပြတ်လိုက်ပါရန် ဝန်လေး တုန့်လှုပ် လျက် ရှိသည်။သို့ရာတွင်တော်လှန်ရေးခေါင်းဆောင်တယောက် ဟူသည် မည်သည့်အခါမှ တုန့်လှုပ်မှုမရှိရပေ။

ရန်သူနှင့်မိတ်ဆွေ ခွဲခြားသိရပြီ။

ဆူကာနိုသည် ဂျော့ဂျကာတာသို့ လေယာဉ်တစီးဖြင့်ထွက် ခွာ သွားရန် အကြံပေးသော ပုန်ကန်သူတို့၏ အကြံဥာဏ်ကို စွန့်



www.burmeseclassic.com

www.burmeseclassic.com



ပယ်လိုက်ပြီး ဒုတိယဝန်ကြီးချုပ် လီမီးနား၁ အကြံပေးသည့်အတိုင်း ဘိုဂါ၂ရှိ သမ္မတ နွေရာသီစံနန်းတော်သို့ ထွက်ခွာသွားလေတော့သည်။ ဂျကာတာမြို့တော်၏တောင်ဖက် မိုင်၄၀ ဝေးကွာသော ဘိုဂါသို့ထွက်သွားသည်။

ဟာလင်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတို၏စစ်တပ်များနှင့်ပုန်ကန်သူတို့၏ တပ်များ ရင်ဆိုင်တိုက်ပွဲကြီး စတင်လေပြီ။

"ဟာလင်၏မြို့မှန်များကို ရှင်းပစ်မည်"ဟု ဆူဟာတိုက ကြုံးဝါးလိုက်သည်။

× × ×

၁ Leimena
၂ Bogor



၄

## သမုဒ္ဒရာထက်မှ ရေတပ္ပက်

ဟာလင်သို့ထွက်ခွာချီတက်လာသော ဗိုလ်မှူးကြီး ဆာဝိုအက်ဒီ၁ ၏ စစ်တပ်သည် အောက်တိုဘာ ၂ ရက်နေ့ နံနက် ၃ နာရီအချိန်တွင် လေတပ် စခန်း၏ ဆင်ခြေဖုံး အရပ်သို့ ရောက်လာလေသည်။

ကွန်မင်ဒိုတပ်စုများ၊ ကပ်ဂျန်၂ တပ်ရင်းအမှတ်၃၂၈၊သံချပ်

၁ Colonel Sarwo Edhie
၂ Kudjang

www.burmeseclassic.com

www.burmeseclassic.com



ကာကာား တပ်ခွဲတခွဲနှင့် တင့်ကား တပ်ခွဲတခွဲတို့သည် တိုက်ပွဲစတင်ဆင်နွှဲရန် အသင့်အနေအထားတွင် ရှိနေကြသည်။

ဟာလင်စစ်စခန်း၏ တပ်မှူး ဒီဝမ်တို၁ သည်၎င်း၊ တဖက်မှ ဗိုလ်မှူးကြီးဆာဝိုအက်ဟီသည်၎င်း၊ နှစ်ဦးနှစ်ဖက် လက်နက်ကိုင်တပ်သားများ သွေးထွက်သံယိုဖြစ်မှုကို မလိုလားကြချေ။သွေးမြေကျမည့်အရေးမှရှောင်ဖယ်လိုကြသည်။

ဒီဝမ်တိုက ဆာဝိုအက်ဟီအား ဤအရေးသည် အင်ဒိုနီးရှားတမျိုးသားလုံး၏အရေးအခင်းဖြစ်ကြောင်း။ဘိုဂါတွင်အမြင့်ဆုံးညှိနှိုင်း ဆွေးနွေးပြုသင့်ကြောင်း။ လွန်ခဲ့သည့် နာရီပိုင်း အတွင်းကပင် သမ္မတ ဆူကာနိုသည် ဤစခန်းမှနေ၍ ဘိုဂါရှိ နွေရာသီနန်းတော်သို့ထွက်ခွာသွားခဲ့ကြောင်းပြောပြသည်။

တပ်မှူးနှစ်ယောက် ဘိုဂါသို့ ထွက်ခွာသွားစဉ် နှစ်ဖက်တပ်များသည် မိမိတို့နေရာအသီးသီးတွင် ရင်ဆိုင် မျက်နှာချင်းဆိုင်တိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့်ရှိနေကြသည်။

ထိုအတောအတွင်း နေ့လည် တနာရီခန့်တွင် ဗိုလ်ချုပ်ကြီးဆူဟာတိုသည် စစ်ရေး တာဝန်များ စီစဉ် ဆောင်ရွက် အပြီးဘိုဂါတွင် သမ္မတနှင့် တွေ့ဆုံရန် ကော့စရက်မှ ထွက်ခွာ လာသည်။

နန်းတော်အရောက်တွင် ဒီဝမ်တိုနှင့် ဆာဝိုအက်ဟီတို့ နှစ်ဦးအား တွေ့လိုက်ရသဖြင့် ဆူဟာတိုသည် များစွာ အံ့သြသွားသည်။သို့ရာတွင် တွေ့ဆုံဆွေးနွေးရန်အချိန်မရလိုက်ချေ။ သမ္မတ

၁ Dewanto



နှင့် တွေ့ဆုံရန်သည် ပထမ ဦးစားပေး တာဝန် ရှိနေ သဖြင့် ဗိုလ်ချုပ်ကြီးဆူဟာတိုနှင့် တပ်မှူးများသည် သမ္မတထံလျှောက်သွားကြသည်။

တပ်မှူးများသည် နန်းတော်ထဲတွင် ၅-နာရီကြာမျှ စောင့်ဆိုင်းနေကြရသည်။ အစည်းအဝေးတွင် အတွင်းကြိတ်များကသိသာသော်လည်း တိုက်ရိုက်ပေါ်ထွက်နေခြင်း မရှိပေ။

သမ္မတဆူကာနိုက ထုံးစံအတိုင်း ဦးဆောင်မှုကိုယူရင်း မိမိ၏ဆုံးဖြတ်ချက်ကို ကြေညာကာ ဆွေးနွေးပွဲကို စတင်ဖွင့်လှစ်လိုက်သည်။

"စစ်တပ်ကို ခေါင်းဆောင်မှုဟာ အခုအချိန်မယ် ကျုပ်နေ့လက်ထဲမှာ ရှိတယ်" ဟု သမ္မတ က ဆိုသည်။

ဒု-ဗိုလ်ချုပ် ပရာနိုတို ရက်စိုစမူဒရို၁ အား အရေးပေါ်အချိန်အခါအတွင်း နေ့စဉ် တိုက်ပွဲများအတွက် တာဝန်ယူရန်ခန့်အပ်တာဝန်ပေးလိုက်သည်။ ၎င်းသည် ကာကွယ်ရေးဝန်ကြီး၏ တတိယလက်ထောက်နှင့် တပ်မှူးချုပ်တဦးဖြစ်သည်။

တချိန်တည်းမှာပင် ကော့စရက်တပ်မှူး ဗိုလ်ချုပ်ကြီး ဆူဟာတိုအား "ကျွန်ုပ်ချမှတ်ထားသော ဝါဒကို စွဲမြဲစွာ ဆုပ်ကိုင်ပြီး သံခြုံရေးနှင့် အမိန့်ပေး တာဝန်ကို ဆောင်ရွက်ပါ" ဟု တာဝန်ပေးသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက သမ္မတ၏ ဆန္ဒကို ဖြည့်စွက်လက်ခံလိုက်သည်။ တည် ငြိမ် ပြတ် သား သော စစ် သား ကောင်း

၁ Major General Pranoto Reksosamudro

www.burmeseclassic.com

www.burmeseclassic.com



တယောက်၏ လေသံမျိုးဖြင့် လက်ခံကြောင်း ပြန်ပြောလိုက်သည်။

နံနက်ပိုင်းထုတ် ဂျကာတာ သတင်းစာများသည် တပ်မတော် ဦးစီးခေါင်းဆောင် ကြေညာချက် ကွဲလွဲမှုကို ဖေါ်ပြထားကြသည်။ သမ္မတ၏ ကြေညာချက်နှင့် တပ်မတော်ပြန်ကြားရေးဌာန၏ ကြေညာချက်တို့ ကွဲလွဲနေကြသည်။ သမ္မတ ဆူကာနိုက တပ်မတော်ကို သမ္မတကသာ လက်ကိုင်ပြု၍ ဦးစီးခေါင်းဆောင်ပြုနေကြောင်း ကြေညာသလို ဗိုလ်ချုပ်ကြီး ဆူဟာတိုကလည်း တပ်မတော်ကို ယခုအချိန်အခါတွင် ဗိုလ်ချုပ်ကြီး ဆူဟာတို လက်အောက်တွင် ရောက်ရှိပြီး ဆူဟာတိုကသာ ဦးစီးခေါင်းဆောင်ပြုထားကြောင်း ကြေညာလိုက်သည်။

ကြေညာချက် နှစ်စောင်စလုံးပင် အောက်တိုဘာ ၁-ရက်နေ့စွဲစီဖြင့် တနေ့တည်း တပြိုင်တည်း လက်မှတ်ထိုး ထုတ်ပြန်လိုက်ကြခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် သမ္မာရိုးကျ အပြုံးကိုဆောင်လျက် သမ္မတ၏ အမိန့်ကို လက်ခံလိုက်သည်။ သူသည် စကားလမ်းကြောင်းကို အာဖမ်းခံ ဗိုလ်ချုပ်များ ဖက်သို့ လှည့်ပစ်သည်။ အဖမ်းခံ ဗိုလ်ချုပ်များ၏ ကံကြမ္မာအကြောင်း သမ္မတထံ တင်ပြဆွေးနွေး မေးမြန်းလိုက်သည်။

ဆူကာနို၏ အဖြေက မသေချာ မရေရာ လျော့ရဲရဲ နိုင်လွန်းလှသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက အောက်တိုဘာ ၁-ရက်နေ့တွင် စက်တင်ဘာ ၃၀-အဖြစ် အပျက်များကို ကော့စရက် စစ်ဌာန



ချုပ်မှ မိမိမြင်တွေ့ကြားသိရ သမျှနှင့် တော်လှန်ရေး ကောင်စီခေါ် ပုန်ကန်သူများအား ချေမှုန်းတိုက်ခိုက် ပစ်ပုံများကို သဲသဲမဲမဲကြီး သတင်းပို့၍ သမ္မတထံ တင်ပြနေလေသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး ဆူဟာတိုက သမ္မတ၏ တပ်မတော် ဦးဆောင်မှုဆိုင်ရာ ကြေညာချက်ကို ရည်ညွှန်းပြောဆိုပြန်သည်။

ဆူဟာတို၏ လေသံက သိသိသာသာ ပြောင်းလဲသွားသည်။

"တပ်မတော်ကို တချိန်တည်းမှာ ဦးဆောင်သူနှစ်ယောက်က ခေါင်းဆောင်နေတယ်ဆိုတာ ' ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ မရှိနိုင်ဘူး"

ဗိုလ်ချုပ်ကြီး ဆူဟာတို၏ သဘော မတူညီမှုကို သမ္မတက အသိအမှတ် ပြုပြီးသောအခါ သမ္မတက လေသံတမျိုး ပြောင်းသွားသည်။ ဆူကာနိုသည် သူ့ကို သစ္စာတော်ခံသည့် ဗိုလ်ချုပ်ကြီး ဆူဟာတိုက တန်ပြန် တော်လှန်လိမ့်မည် မဟုတ်ကြောင်း သိလျက်နှင့် မိမိဆုံးဖြတ်ချက်ကို ပြင်ဆင်လိုစိတ် မရှိပေ။

အာဏာသိမ်းလိုက်ပြီဟုသိလျှင်သိခြင်း သမ္မတသည် တုန်လှုပ်ချောက်ချားသွားသည်။ ၂၄ နာရီခန့်ကြာမှ သူ့ စိတ်ကို သူ တဖြည်းဖြည်းခြင်း ပြန်လည် ထိန်းချုပ်နိုင်တော့သည်။

အဆိုးဝါးဆုံးသော အခြေအနေသည် ကုန်လွန်ခဲ့ပြီဟု ယူဆမည် ဖြစ်သည်။ သမ္မတအား တိုက်ရိုက် ထိခိုက်စေမည့် လှုပ်ရှားမှုလည်း မရှိတော့။ လွန်စွာ လိမ္မာ ပါးနပ်သော နိုင်ငံရေးလှည့်ကွက်ဆရာကြီး ဆူကာနိုသည် သူ့ နာဆာကွန် ဝါဒဖြင့် အသုံးခဲ့သောအထုံးကို ပြန်၍မဖြေတတ်တော့သည့် အနေအထားတွင် ရောက်လာလေသည်။ တပ်မတော် ဦးဆောင်မှု ပိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကွဲအက်ခဲ့ရသည်။ ဂက်စတုတ်[၁] အရေးအခင်းသည်အနည်းနှင့် အများ ပြည်တွင်း စစ်တပ်အရာရှိများ ပြိုင်ဆိုင်မှု ဖြစ်သလို တစိတ်တဒေသအားဖြင့်လည်း လျှို့ဝှက် အမေရိကန် စီအိုင်အေ လက်ချက်ဟု ယူဆရသည်။ ဆူကာနိုအတွက် အစစအရာရာအခြေအနေသည် 'သမုဒ္ဒရာထက်မှ ရေတပွက်'ပမာ ဖြစ်နေတော့သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် စစ်တပ် ခေါင်းဆောင်ပိုင်းဖွဲ့စည်းပုံအခြေအနေသစ်ကို ကန့်ကွက်ကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် သူသည် ပုန်ကန်သူ တဦးကား မဟုတ်ခဲ့ပေ။ သူသည် အင်ဒိုနီးရှား အရေးအခင်းတွင် ပါဝင်ဖြေရှင်းပေးသူတယောက်ဖြစ်သည်။

ကောစရက်တပ်မှူး ဗိုလ်ချုပ်ကြီး ဆူဟာတိုအား စစ်တပ်အရာရှိများနှင့် တပ်သား အများစုကြီးက-ထောက်ခံ အားပေးကြသည်။

ဆူဟာတိုသည် နိုင်ငံ့ခေါင်းဆောင်အဆင့်သို့ ပိုင်ပိုင်နိုင်နိုင်ရောက်ရှိလာသည်။ သူ ဆင်နွှဲခဲ့သော တော်လှန်ရေး နေ့ရက်များတွင် သူ့ အောင်မြင်မှုများသည် စာဖွဲ့မနိုင်အောင် များပြားလှသည်။

---

၁ Gestok
ဂက်စတုတ်မှာ ' အောက်တိုဘာ ၁ ရက် လှုပ်ရှားမှု အတိုကောက် စကားလုံးအဖြစ် ဆူကာနို ထွင်ထားသော စကားလုံး ဖြစ်သည်။ နောက်ပိုင်းတွင် ဆူဟာတိုနှင့် သူ့လူများက ဤစကားလုံးကို ဆက်လက် သုံးစွဲခဲ့သည်။



စစ်တပ် ဦးစီး ခေါင်းဆောင်မှု ကွဲပြားနေခြင်းနှင့် ပတ်သက်၍ သမ္မတ ဆုံးဖြတ်ချက်ကို ဆူဟာတိုက စနစ်တကျ ပယ်ဖျက်ပြင်ဆင်လိုက်သည်။ ဒု-ဗိုလ်ချုပ်ပရာနိုတို့အား သမ္မတဆူကာနိုကရာထူး တိုးပေးထားခြင်းသည်လည်း ပျက်ပြယ်သွားတော့သည်။

ကောစရက် စစ်ဌာနချုပ်သို့ ဆူဟာတို ပြန်ရောက်သွားချိန်တွင် ဟာလင် လေတပ်စခန်း တိုက်ပွဲ သိမ်းပိုက်မှု အောင်မြင်စွာပြီးဆုံးခဲ့ပြီ ဖြစ်သည်။

ပုန်ကန်သူများထဲမှ ခေါင်းဆောင်များ အရပ်ဖက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် စစ်ဖက်ဆိုင်ရာ ပုဂ္ဂိုလ်များသည် အရေးနိမ့်၍ ထွက်ပြေးသွားကြသည်။ သူတို့အထဲတွင် ဒု-ဗိုလ်မှူးကြီး အွန်တန်နှင့် ဥက္ကဌအိုင်ဒစ်တို့ ပါဝင်ကြသည်။ အိုင်ဒစ်သည် လေတပ်မှ ဒါကိုတာ[၁] လေယာဉ်တစင်းဖြင့် ဂျော့ဂျကာတာသို့ ထွက်ပြေးသွားသည်။

လေတပ်ဗိုလ်ချုပ် အိုမာဒါနီနှင့် သူ့ မိသားစုအား သမ္မတဆူကာနိုက သူ၏ ဘိုဂါနန်းတော်တွင် ခိုလှုံခွင့် ပေးလိုက်သည်။ ဟာလင်တွင် သွေးမြေကျမှု မရှိခဲ့။

× × ×

သမ္မတနှင့် ဗိုလ်ချုပ်ကြီးတို့၏ ဆွေးနွေးပွဲကို ဘိုဂါတွင် အောက်တိုဘာလ ၂ ရက်နေ့၌ စတင်ပြုလုပ်သော်လည်း ကိစ္စပြီးပြတ်မှု မရှိခဲ့။ ဆူကာနို၏ ချစ်ရေးကိစ္စများနှင့် စစ်တပ်အရာရှိ

---

၁ Dakota

www.burmeseclassic.com

www.burmeseclassic.com



အချို၏ ရန်ဖက်ပြိုင်မှုများကြောင့်ဟု ဆိုရလင့်ကစား ပြဿနာ၏ ရင်းမြစ် အနှစ်သာရ အကြောင်းခံသည် 'နိုင်ငံရေး'ဖြစ်သည်။

ကော့စရက် စစ်ဌာနချုပ်သို့ ရောက်ရှိနေကြသော အရပ်သားများနှင့် စစ်သားများသည် အောက်တိုဘာလ ၁ ရက် ညနေပိုင်းတွင် အခြေအနေ အလုံးစုံကို ရိပ်စား သဘောပေါက် နားလည်ပြီးသား ဖြစ်သွားကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပြည်သူ့ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား နောက်တနေ့တွင် ကိုတိ၁ စစ်ရေးဌာနချုပ်သို့ ဖိတ်ကြားခေါ်လိုက်သည်။ ယင်းနေရာသည် အမှတ် ၁၃ မီဒန် မာဒေးကား ဘာရပ် ဂျကာတာမြို့တွင် ရှိသည်။

ကိုတိရှိ နိုင်ငံရေးဌာနမှူး ဒု-ဗိုလ်ချုပ် စုဂျစ်တိုက အောက်တိုဘာလ ၂ ရက်နေ့ စည်းဝေးပွဲတွင်သဘာပတိပြုလုပ်ကာ ပရိသတ်ကို မိန့်ခွန်းစကား ပြောကြားသည်။ သူက ယခု ကြွရောက်လာသူများထဲမှ ကွန်မြူနစ်များဖက်သို့ လိုက်မလား၊ စစ်တပ်ဖက် လိုက်မလား ဟု တိုက်ရိုက်မေးမြန်းသည်။ အားလုံးက စစ်တပ်နှင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုကို ထောက်ခံပါကြောင်း ဖြေကြားကြသည်။

အောက်တိုဘာလ ၂ ရက်နေ့ ယင်းဆွေးနွေးပွဲသို့ အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ (ပီကေအိုင်) သည်ရင်း၊ လက်ဝဲ နေရှင်နယ်လစ် ပါတီ ကိုယ်စားလှယ်များသည်ရင်း၊ ပါတီနေရှင်နယ် အင်

၁ Koti



ဒိုနီးရှား (ပီအင်အိုင်)၁ ကိုယ်စားလှယ်များသည်ရင်း၊ တက်ရောက်ခွင့် မပြုခဲ့ပေ။

အဆိုပါ စည်းဝေးဆွေးနွေးပွဲသို့တက်ရောက်သူများမှာ ပီအင်အိုင်ပါတီမှ ကွန်မြူနစ် ဆန့်ကျင်ရေး အုပ်စုခေါင်းဆောင်များ တက်ရောက်ကြသည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် ဆပ်ချန်၂ ဥက္ကဋ္ဌအဖြစ် ပါဝင်သော 'စက်တင်ဘာ ၃၀ လှုပ်ရှားမှု တန်ပြန် တော်လှန်ရေးအား ခြေမှုန်းရေး ပူးပေါင်းအဖွဲ့' ကို ဖွဲ့စည်းလိုက်သည်။

ဤအဖွဲ့သည် ဂက်စတာပူ၃ နှင့် အင်ဒိုနီးရှားကွန်မြူနစ်ပါတီအား ချေမှုန်းသုတ်သင်ရေးအတွက် ဖြစ်ပြီး ကွန်မြူနစ် မဟုတ်သော ပါတီများနှင့် ပြည်သူလူထုအဖွဲ့အစည်းများက ပူးပေါင်းပါဝင်လာကြသည်။

တိုတောင်းသော ကာလ အတွင်းမှာပင် ရှေ့တန်းတပ်ဦး ပေါ်ပေါက်လာပြီး ကမိ၄ခေါ် အင်ဒိုနီးရှားတက္ကသိုလ်ကျောင်းသားများ လှုပ်ရှားမှုအဖွဲ့လည်း တည်ထောင်ကာ ကျယ်ပြန့်သည်ထက်ကျယ်ပြန့်လာတော့သည်။ အောက်တိုဘာ ၂၅ရက်နေ့တွင် တည်ထောင်လိုက်သော ကမိအဖွဲ့ ဖွဲ့ပြီးမှပင်၊ လူငယ်များ၊

၁ PNI (Partai Nasional Indonesia)
၂ H.M. Subchan
၃ GESTAPU (September 30 Movement)
၄ KAMI (Indonesian University Student's Action Front)

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများ၊ပညာတတ်များ၊အလုပ်သမားများ၊ တောင်သူ လယ်သမားများ၊ မိန်းမများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ယုတ်စွအဆုံး ဘတ်စ်ကားမောင်းသောယာဉ်မောင်းများပင် ပါဝင် လှုပ်ရှားလာကြသည်။

ကျွသစ်လွင်သော အင်အားစုများသည် အာဏာသိမ်းပိုက်အပြီးတွင်ဖြစ်လာသော နိုင်ငံရေးဟာကွက်ကို ဖြည့်စွက် ပေးနိုင်ခဲ့သည်။ဆူကာနို၏ နာဆာကွန်ဝါဒကိုတဝက်တပျက်လက်ခံထားသော နိုင်ငံရေးသမားဟောင်းကြီးများမှာ ဘာဆက်လုပ်ရမှန်း မသိကြချေ။ မိမိတို့၏ နိုင်ငံရေး ပါတီများ ထက်မြက်စေမှုကို ရှေ့ဆက်မလုပ်နိုင်အောင်ဖြစ်သွားကြသည်။

ရှေ့တန်း တပ်ဦးအင်အားစုများ ပေါ်ထွက်လာမှုသည်အမှန်စင်စစ် လိုအပ်ချက်တရပ်ကို ဖြည့်စွက်လိုက်ခြင်းပင် ဖြစ်သည်။ ၎င်းတို့၏လှုပ်ရှားမှုများသည် ဗိုလ်ချုပ်ကြီး ဆူဟာတို အတွက်ပြည်သူ့ လုံခြုံရေးနှင့် အုပ်ချုပ်မှုလုပ်ငန်းဆိုင်ရာ စစ်ဆင်ရေးတွင်အားတရပ်အဖြစ်အထောက်အကူဖြစ်လာသည်။

နောက် ၂ နှစ်ခန့်ကြာသော အခါ ဆူဟာတိုနှင့် ရှေ့တန်းအင်အားစုများ ပူးပေါင်းမိခြင်းသည် ပို၍ အရေးပါလာပြီ။ ထိုအချိန်က ဆူဟာတိုကလည်း မရည်ရွယ်ခဲ့၊ ရှေ့တန်းအင်အားစုများကလည်း မရည်ရွယ်ခဲ့သော သမ္မတဆူကာနိုဖြုတ်ချရေးတွင် ထိရောက်ခဲ့သည်။

နောက်တချက်ရှိသေးသည်။အဖမ်းခံ၊အနှိပ်စက်ခံ၍အသတ်ခံခဲ့ရသော ဗိုလ်ချုပ်များ၏အလောင်းကို တွေ့ရသော အချိန်ဖြစ်သည်။နာရီပိုင်းအတွင်းမှာပင် ထိပ်တန်း ခေါင်းဆောင်ကြီး



များ အသတ်ခံရသည့်အဖြစ်မျိုးသည် အင်ဒိုနီးရှား တပ်မတော်တွင် ဘယ်တုန်းကမှ မရှိခဲ့။ အသတ်ခံရသော ဗိုလ်ချုပ် များ၏အလောင်းများကို သတင်းစာများ၊ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှ ဖော်ပြလိုက်သည်။ ပြည်သူတို့၏ခံစားချက်များနှင့် ဗိုလ်ချုပ်ကြီး ဆူဟာတို၏ခံစားရပုံများကိုပါ ဖော်ပြလိုက်သည်။

ဗိုလ်ချုပ်တွေအသတ်ခံရပြီဆိုသော သတင်းသည် ဆူဟာတိုထံသို့ အောက်တိုဘာ ၃ ရက်နေ့တွင်ရောက်ရှိလာသည်။ လူဘန်ဘူဂျာ[၁] အရပ်တွင် အောက်တိုဘာ ၄ ရက်နေ့ နံနက် ၁ နာရီခွဲ (ညသန်းခေါင်ကျော် နာရီပြန်တချက်ခွဲ)အချိန်တွင် အလောင်းများကို စတင်တူးဖော်ကြသည်။ နောက်ပိုင်းတွင် ဆူဟာတိုကိုယ်တိုင် ယင်းအစီအစဉ်၌ တက်ရောက်လာခဲ့သည်။

ဆူဟာတိုသည် တုန်လှုပ်စွာဖြင့် ထိုနေရာမှပင် ရေဒီယိုအသံလွှင့်စကား မြွက်ကြားလိုက်သည်။

"ကျွန်ုပ်ကိုယ်တိုင် မျက်စိနဲ့ မျက်မြင်သက်သေ ထွက်ဆိုနေခြင်းဖြစ်တယ်၊ စက်တင်ဘာ၃၀ လှုပ်ရှားမှုဂိုဏ်းသားတွေ၊ တနည်းဆိုရရင် အခွင့်အရေးသမားဆိုးတွေရဲ့ ရက်စက်ကြမ်းကြုတ်မှုကို ကျွန်ုပ်ကိုယ်တိုင် တွေ့နေရပြီ၊ဒီနေရာဟာ ဟလင်လေတပ်အခြေစိုက်စခန်းနဲ့ နီးနီးကလေးဖြစ်တယ်၊ ဒီနေရာမှာပဲ ကွန်မြူနစ်သူငယ်တွေ အမျိုးသမီးတွေ လေ့ကျင့်ကြတာ ဖြစ်တယ်၊ လေတပ်ကလူတွေနဲ့ ပုန်ကန်တော်လှန်တဲ့ စက်တင်ဘာ၃၀လှုပ်

---

၁ Lubang Buaja

www.burmeseclassic.com

www.burmeseclassic.com



ရှားမှု ဂိုဏ်းသားတွေ အဆက်အသွယ်မရှိဘူးဆိုတာ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး''၁

အသတ်ခံရသော ဗိုလ်ချုပ်များ၏ ရုပ်အလောင်းများကို စစ်ဆေးရုံသို့ သယ်သွားသည်။ ၎င်းမှတဆင့် စစ်ဌာနချုပ်သို့ သယ်သွားသည်။ ဗိုလ်ချုပ်ကြီးဆူဟာတိုသည် ထိုညက တညလုံး သူ၏ ကျဆုံးသွားသောမိတ်ဆွေများ၊ လက်တွဲဖော်လက်တွဲဖက် ရဲဘော်များနှင့်အတူ အချိန်ကုန်လွန်သွားစေခဲ့သည်။

အောက်တိုဘာလ ၅ရက်နေ့တွင် သီးသန့်မြေ တနေရာ၌ အသုဘချလိုက်သည်။ ကလီဘာတာ၂ အရပ်ရှိ သူရဲကောင်း အာဇာနည်များ၏ သုသာန်သို့ သံချပ်ကာကားများဖြင့် သယ်ဆောင်သွားခဲ့သည်။ ဂျကာတာ မြို့တော်သူမြို့တော်သားများသည် တော်လှန်ရေးသူရဲကောင်းများအား နောက်ဆုံး ဂါရဝပြုသည့်အနေဖြင့် လမ်းမများပေါ်တွင် တန်းစီကြည့်ရှုကြသည်။

ထိုပရိသတ်ထဲတွင် လူတယောက် ပျောက်ဆုံးလျက်ရှိသည်။ ထိုသူကား သမ္မတဆူကာနို ဖြစ်သည်။

× × ×

---

၁ ဤ ဆူဟာတို၏ မိန့်ခွန်းသည် သမ္မတနှင့် ဗိုလ်ချုပ်ကြီး (ဆူဟာတို) တို့ သဘောထား ကွဲလွဲကြပြီဖြစ်ကြောင်း ပြည်သူအား ပထမဆုံး သိစေခြင်း ဖြစ်သည်။

၂ Kalibata



နိုင်ငံခေါင်းဆောင်မှုနှင့် အုပ်ချုပ်ကွပ်ကဲမှုသည် သမ္မတဆူကာနိုလက်မှ လျော့ကျသွားခဲ့လေပြီ။ ဆူကာနိုက အဖြစ်အပျက်များဖြစ်ပျက်ပြီးနောက် ဖြင်းဖြင်းထန်ထန် ဘာမှမဖြစ်သလိုသူဆကာ အာဏာများ ပြန်လည်ရရှိရေး ကြိုးပန်းလာသည်။

သူသည်တောက်ပြောင်သော နိုင်ငံတော၏ဖခင်ရာထူးကို ပြန်လည်ရယူရန် အားထုတ်နေသည်။ ပျော်ရွှင်ခြင်းနှင့် စည်းလုံးခြင်းကို ပြန်၍ အရယူရန် လှုပ်ရှားလာသည်။ ပြည်သူတွေအဖို့ ညာရှိ၍ ထူးချွန်သော ခေါင်းဆောင်၏နောက်သို့ လိုက်ရန် အသင့်ဖြစ်နေလေသည်။

ဘိုကာနန်းတော်တွင် ဆူကာနိုက ကဲဘိနက်အစည်းအဝေး နှစ်ကြိမ်ခေါ်လိုက်ရာ ထင်ရှားသော ကွန်မြူနစ်ခေါင်းဆောင် သပ်မင်း၁နှင့် ဂျိုတို၂ တို့ တက်ရောက်ကြသည်။

ပထမ အစည်းအဝေးကို အောက်တိုဘာ ၆ရက်နေ့တွင် ပျော်ပျော်ရွှင်ရွှင် ကျင်းပခဲ့သည်။

အစည်းအဝေး သဘာပတိအဖြစ် ဆူကာနိုကဆောင်ရွက်ပြီး ပထမ ဒု-ဝန်ကြီးချုပ် ဆူဘန်ဒရီယို၃ နှင့် ဒု-ဝန်ကြီးချုပ် လီမီးနား၄တို့ တက်ရောက်ကြသည်။

---

၁ Lukman

၂ Njoto

၃ Subandrio

၄ Leimena

www.burmeseclassic.com

www.burmeseclassic.com



"စက်တင်ဘာ ၃၀ လှုပ်ရှားမှုဟာ အင်ဒိုနီးရှား တော်လှန်ရေးရဲ့ အစိတ်အပိုင်းတခုဖြစ်တယ်"

ဆူကာနိုက ကြေညာလိုက်သည်။ သူ့စကားလုံးများထဲတွင် ပုန်ကန်သူတို့အား ထိပါးပုတ်ခတ်သော စကား တခွန်းမှ မပ ရှိပေ။

ဆူကာနို၏ အပြုအမူများသည် ဗိုလ်ချုပ်ကြီး ဆူဟာတို၏ ခံစားချက်များအား နာကျင်ထိခိုက်သွားစေသည်။

ဝန်ကြီးတယောက် မဟုတ်ပါဘဲလျက်နှင့် ဆူဟာတိုအား ကဲဘိနက်သို့ တက်၍ ပြီးခဲ့သော ရက်ပိုင်းအတွင်းက ဖြစ်ပျက်သ အဖြစ်အပျက် အလုံးစုံကို အကျဉ်းချုံး၍ အစီရင်ခံရန် သမ္မ က အမိန့်ပေးသည်။ယင်းအစည်းအဝေးတွင် ဂျိုတိုက မအော မြင်သော အာဏာသိမ်းပွဲ၌ ကွန်မြူနစ်တို့ တာဝန်ရှိမှုကို ငြင်း ပြီး ယင်းအာဏာသိမ်းပွဲသည် ဗိုလ်ချုပ်များ ကောင်စီတွင်သ တာဝန်ရှိကြောင်း အပြစ်ဖို့ ပြောကြားသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုနှင့် ပြည်သူ့တပ်မတော်အား မ လားသော ကွန်မြူနစ် ကိုယ်စားလှယ်များသည် နိုဝင်ဘာ ၆ ရ နေ့တွင် ဘိုဂေါ၌ ကျင်းပသော ဒုတိယအကြိမ် ကဲဘိနက် အစည အဝေးသို့ တက်ရောက်ခွင့် ရကြပြန်သည်။

ဆူကာနိုက အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးလည်းဖြ



ကွန်မြူနစ်ခေါင်းဆောင်တဦးလည်းဖြစ် သူ ဂျိုတို[၁]အား အပြစ်တင်စကား ပြောကြားသည်။

"ဂျိုတို ခင်ဗျားဟာ အလွန်မိုက်မဲတယ်၊ ဒီ ဆိုးဝါးတဲ့ အရေးအခင်းကို ခင်ဗျားဖန်တီးခဲ့တယ်၊ ဒါဟာ ကွန်မြူနစ်တွေကို နှိမ်နင်းဖို့မြေဆောင်ပေးလိုက်တာ ဒီလုပ်ရပ်ဟာ သူငယ်နပ်စား အကြံနဲ့ အတူ တူပဲ"

ဂျိုတိုအား အပြစ်တင် ပြောဆိုခြင်းသည် အင်ဒိုနီးရှား ကွန်မြူနစ်များ အားလုံးကို ပုတ်ခတ်ပြောလိုက်ခြင်းမဟုတ်။သမ္မတကြီး ကိုယ်တိုင်က ယခုတိုင် ကွန်မြူနစ်များကို လက်ခံထားပြီး ကဲဘိနက် အစည်းအဝေးမှာပင် ကွန်မြူနစ်များအား အင်ဒိုနီးရှား တော်လှန်ရေး၏ အရေးပါသော ကျောက်တိုင်ကြီးများ အဖြစ် လက်ခံထားသည်။

"လက်ဝဲ တော်လှန်ရေးဆိုတာ ဘယ်မှာလဲ၊ လကျာကို ယိမ်းယိုင် ပါမသွားဖို့ အရေးကြီးတယ်၊ လကျာယိမ်းသွားရင် စက်တင်ဘာ ၃၀ လှုပ်ရှားမှုထက် ပိုပြင်းထန်မှုတွေ ဖြစ်သွားလိမ့်မယ်"

---

၁ ဂျိုတိုသည် အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ၏ ဒုတိယ လက်ထောက် အထွေထွေ အတွင်းရေးမှူး ဖြစ်သည်။ ရာထူးအရ ဒိုင်ဒစ်နှင့် လစ်မင် ပြီးလျှင် သူဖြစ်သည်။ ပီကေအိုင် ပေါ်လစ်ဗျူရိုနှင့် ဗဟိုကော်မီတီဝင် ဖြစ်သည်။ ဂျိုတို၏ အကြံဉာဏ်များကို သမ္မတ ဆူကာနိုက မကြာခဏယူ၍ အသုံးချလေ့ရှိသည်။ သမ္မတ၏ အမျိုးသားနေ့ မိန့်ခွန်းသည် ဂျိုတို၏ အာဘော်ဖြစ်သည်။

6

www.burmeseclassic.com

www.burmeseclassic.com



ဆူကာနိုသည် သူ၏ နာဆာကွန်ဝါဒကို လက်စွဲလက်ကိုင်ပြု ရင်း ကွန်မြူနစ်ပါတီအား နိုင်ငံတော်အဆင့်မှ ဖျက်သိမ်းရန် မလို လားပေ။

တဖက်မှလည်း ဆူကာနိုသည် အောက်တိုဘာ ၄ ရက်နေ့ တွင် ဒု-ဗိုလ်ချုပ်စူဂျစ်တိုကွပ်ကဲသောနယ်ပယ်ရှိပါတီအား ဖျက် သိမ်းပစ်ရန် ကြိုးစားခဲ့သေးသည်။ စူဂျစ်တိုသည် ဗိုလ်ချုပ်ကြီး ဆူဟာတိုအားပြင်းထန်စွာ ထောက်ခံသူဖြစ်သည်။ စူဂျစ်တိုနှင့် သမ္မတ ဆူကာနိုအကြားတွင် ပြင်းပြင်းထန်ထန် အကြိတ်အနယ် ဆွေးနွေးပွဲ ဖြစ်ပွားခဲ့ရသေးသည်။

ဆူကာနိုက ဗိုလ်ချုပ်များ အသတ်ခံရခြင်းကိစ္စကို သေးသိမ် သွားအောင် ပြုလုပ်နေချိန်ဝယ် စူဂျစ်တိုက ကွန်မြူနစ်များ အ ပေါ် ထိရောက်ပြင်းထန်စွာ အရေးယူရန် တောင်းဆိုနေသည်။

ဆူကာနိုက စိတ်ဆိုးမာန်ဆိုး ဟစ်အော်လိုက်သည်။

"ခင်ဗျား ဘာမှမသိဘူး ဒါဟာ အဆင့်မြင့်တဲ့ နိုင်ငံရေးလုပ် ရပ်ဖြစ်တယ်"

စူဂျစ်တိုက ပြန်ပြောလိုက်ပြန်သည်။

"သမ္မတကြီး ခင်ဗျား... သမ္မတကြီးဟာ ခေါင်းဆောင်မှု ဆိတ်သုဉ်းခဲ့ပါပြီ"

× × ×



၄

## အချိန်ဆွဲသော ဝယန် ပြဇာတ်

အင်ဒိုနီးရှား ရိုးရာ အနုပညာ တရပ်ဖြစ်သည့် ဝယန်[၁] ဇာတ်တွင် အခန်း ၃-ခန်း ရှိသည်။ နိဒါန်းပိုင်းသည် နေဝင် ချိန်မှ သန်းခေါင်ယံအထိ ကြာသည်။ ဒုတိယပိုင်း တကယ့်ဇာတ် လိုက် ဇာတ်အိမ်သည် သန်းခေါင်ယံမှ ၃-နာရီအထိ ကြာသည်။ တတိယပိုင်းတွင် မကောင်းမှုကို ကောင်းမှုက အနိုင်ရခန်းကို နောက်နေ့ထွက်ချိန်ထိ ကြာသည်။

အောက်တိုဘာ ပထမ ရက်သတ္တပတ် အတွင်း ဖြစ်ပျက်လှုပ် ရှားခဲ့မှုများသည် ဝယန် ဇာတ်ပွဲနှင့် တူသည်။ လှုပ်ရှားမှုများ

[၁] Wayang

www.burmeseclassic.com

www.burmeseclassic.com



တန်ပြန်လှုပ်ရှားမှုများ၊ များပြားသော ဇာတ်ဆောင်များ၊ အုပ်ချုပ်သူများ၊ မြင့်မြတ်သော မင်းသားများ၊ ရိုးဖြောင့်သော အကြံပေးများ၊ ကောက်ကျစ်သော အကြံပေးများ၊ ရဲရင့်သော စစ်သားများ၊ လူကြမ်းများ၊ ဘီလူးများ၊ မင်းသမီးများ၊ အခွင့်အရေး သမားများနှင့် လူရှင်တော်များ ပါဝင်ကြသည်။

ဝယန် ပြဇာတ်ကို အင်ဒိုနီရှား နိုင်ငံသားတိုင်း အထူးသဖြင့် ဂျာဗားသူ ဂျာဗားသားတိုင်း ပို၍ သိကြသည်။ ဇာတ်ကောင်များကို ကြားဘူး နားဝင် ဖြစ်ကြသည်။ အရိပ်ပြကွက်၊ တကယ်လူ ပြကွက်နှင့် ရုပ်သေးပြကွက်များသည် ဖျော်ဖြေမှု သက်သက်သာမကပဲ လာသုစိတ်ဓာတ်ကို လှုံ့ဆော်သော ပြကွက်များဖြစ်သည်။ ဆ ကောင်းများနှင့် လူကြမ်းများကို သက်ရှိများနှင့် ယှဉ်ကြည့်ရသည်။ စက်တင်ဘာ ၃၀ အဖြစ်အပျက်နှင့် ယှဉ်ကြည့်ရသည်။

ဆိုပါစို့၊ ဆူကာနို၏ ပထမလက်ထောက် ဆူဘန်ဒရိုအား မိမိဘုရင်နှင့် ပြည်သူကို သစ္စာဖေါက်သော ဝန်ကြီးနှင့်ရင်း ဆူကာနိုအား ရုပ်သေးရုပ် အားလုံးကို ကြိုးဆွဲသော ရုပ်သေးဆရာကြီးနှင့်ရင်း၊ သူရဲကောင်းကြီး အာဂျုနာ[၁] နှင့်ရင်း၊ ဆူဟာတိုသည် သူရဲကောင်းကြီး အာဂျုနာ၏မြေး ပရစ်ဆစ်[၂] နှင့်ရင်း ယှဉ်ကြည့်ကြပါစို့။ ပုံပြင်ထဲက ဇာတ်လမ်းအရ သူရဲကောင်းကြီး အာဂျုနာသည် တောသို့ထွက်သွားပြီး သူ၏မြေး ပရစ်ဆစ် ထီးနန်းဆက်ခံ စိုးစံသွားလေတော့သတည်း။

---

၁ Ardjuna

၂ Parikesit



ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် မြို့တော်တဝိုက် ကွန်မြူနစ်တို့ တော်လှန်ပုန်ကန်မှုကို အပြတ်အသတ် ချေမှုန်းရန် အာရုံစိုက်ပြီး လှုပ်ရှားမှုများ စတင်လုပ်တော့သည်။ ဂျာဗားကျွန်းအလယ်ပိုင်းတွင် ကွန်မြူနစ် တို့၏ ခြေကုပ်စခန်းကို လက်နက်တိုက်များဖြင့် သည်ထောင် ထား သည်ကို အကြီးအကျယ် ဖြိုခွင်းပစ်သည်။ အခြား ကျွန်းများရှိကွန်မြူနစ်များကိုလည်း ကြမ်းကြမ်းရမ်းရမ်း သုတ်သင်ပစ်သည်။ ဆူဟာတိုက ပြည်တွင်းကိစ္စကို စစ်တပ် အင်အားမသုံးလိုသော်လည်း ပြည်သူတို့၏ကာကွယ်ရေးနှင့် နယ်မြေဒေသရှင်းလင်းရေးအတွက်သုံးလိုက်သည်။

ကွန်မြူနစ် များကို လက်တုံ့ပြန် ချေမှုန်းသည့် အနေဖြင့် ဆူဟာတိုသည် လက်ရွေးစဉ် လက်မရွံ့စစ်သားများကို ကွန်မြူနစ် လှုပ်ရှားရာဒေသများသို့စေလွှတ်တိုက်ခိုင်းသဖြင့်အင်ဒိုနီးရှား နိုင်ငံလုံး သွေးချောင်းစီးသွားသည်။[၁]

---

၁ သွေးချောင်းစီးသော ကွန်မြူနစ်ချေမှုန်းရေးလူသတ်ပွဲကြီးတွင် အသတ်ခံရသူများ၏စာရင်းအတိအကျမရရှိချေ။ ၁၉၆၆ ခု အောက်တိုဘာ ၁၁ ရက်ထုတ် အန်တာရာ သတင်းစဉ်တွင် ဝန်ကြီးအာဒမ်မာလစ်က တရားဝင် ထုတ်ပြန် ကြေညာထား သည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

'နောက်ဆုံး ရရှိသော သတင်းများ အရ အသတ်ခံရသူ ပေါင်း ၅၀၀,၀၀၀ ရှိပြီ ဖြစ် သော် လည်း အနီးစပ်ဆုံး ၁၆၀,၀၀၀ ဟု ယူဆသည်။ တရားရေးဆိုင်ရာ စုံစမ်းမှုအရ ၁၂၀,၀၀၀ ရှိသော်လည်း ကျေးရွာ နယ်ပယ် များမှ စုစု ပေါင်း ၂၀၀,၀၀၀ သေသည်ဟု ခန့်မှန်း ရသည်။ ကိန်း ဂဏန်းများ အတိအကျ မသိရပေ'

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတိုအတွက် ကွန်မြူနစ်ချေမှုန်းရေးသည် လွယ်ကူ ချော မောခြင်းမရှိ။ သူ ပထမရင်ဆိုင်ရသည်မှာ ကွန်မြူနစ် များနှင့် ကွန်မြူနစ်လိုလားသူများ၏ အင်အား အခြေအနေ စာရင်းမှန်က မသိရခြင်းဖြစ်သည်။ နောက်ပြဿနာတခုမှာ သူ၏ လက်နက် ကိုင် တပ်များအတွင်းသို့ ကွန်မြူနစ်တို့ စိမ့်ဝင်ထိုးဖေါက်လာ ဖြစ်သည်။ ကြည်း၊ ရေ၊ လေ နှင့် ပုလိပ်တပ်ဖွဲ့တို့ကြား ပြိုင်ဆိုင် များ ဖြစ်လာကြသည်။

ထိုမျှသာမကသေး၊ ဆူဟာတိုအတွက် ယိမ်းယိုင်လှုပ်ရှားနေ သော သမ္မတဆိုကာနိုသည် အာရုံစိုက်စရာ အကွက်တကွက်ဖြ လာပြန်သည်။ ကွန်မြူနစ်များကို အပြတ်အသတ် နှိမ်နင်းနေခ ဝယ် သမ္မတ ဆူကာနိုသည် ကာဆီး ကာဆီး လုပ်နေလေသည် ကွန်မြူနစ်တို့မှာ ဆူကာနို၏ နာဆာကွန်အတွေးအခေါ် ကိုပုံသွ နေသူများဖြစ်နေကြသည်။

ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲကို ဆူဟာတိုသည် ကို ပိုင် နည်းလမ်းဖြင့် တဆင့်ပြီး တဆင့် ကျော်လွှားသွားခဲ့သည် ရန်သူကို ရှေ့မှမျက်နှာချင်းဆိုင် မတိုက်ပဲ ဘေးမှဝင်တိုက်က ရန်သူအား စိတ်ပိုင်းအရရော ရုပ်ပိုင်းအရပါတိုက်ခိုက်လေသည် စစ်စည်းကမ်းဖေါက်ဖျက်သော ဂျာဗား ကျွန်းသားများအာ မိန့်ခွန်းပြောရာတွင် "ကလေးတို့ အကိုကြီးကာနို (ဆူကာနို ခေါင်းဆောင်မှုအောက်မှာပဲ၊ ပြည်သူတွေနဲ့အတူ တော်လှန်ရေ ဆင်နွှဲပါ၊ အပြစ်ရှိသူတွေကို ဘုရားသခင်က ခွင့်လွှတ်ပြီး ငါ တော်လှန် တိုက်ပွဲကို ကောင်းခြီးပေးမှာပါ" ဟု ပြော ကြ သည်။



ဗိုလ်ချုပ်ကြီးဆူဟာတိုသည် သူ့ကိုယ်သူ နိုင်ငံတော်၏အကြီး အကဲ အမြင့်ဆုံး အာဏာပိုင်တယောက်အနေဖြင့်အလုပ်တာဝန် များ ဆက်လုပ်သွားသည်။

ဗိုလ်ချုပ်ကြီးဆူဟာတိုသည် လက်နက်ကိုင်တပ်များ၏တပ်မှူး ချုပ်(ဆူကာနို)အားအရိုအသေပေးသည်။တော်လှန်ရေး ခေါင်း ဆောင်ကြီး ဆူကာနိုအား ဂုဏ်ပြုရန် မည်သည့်အခါမှ မမေ့။

အရပ်ဖက်ဆိုင်ရာပုဂ္ဂိုလ်များအား စိစစ်သန့်စင်ရေးနှင့်အမိန့် ပြင်ဆင်ထုတ်ပြန်ရေး အခြေခံ စည်းမျဉ်း မူဝါဒများကို သမ္မတ အမည်ဖြင့် နိုဝင်ဘာ ၁၅ ရက်နေ့က ထုတ်ပြန် ကြေညာလိုက် သည်။

ဆူဟာတို၏အပြုံးနှင့် ဆူကာနိုတို့၏မေးမှိန်မှုတို့သည် ရေရှည် တွင် သဟဇာတဖြစ်ကြပါဦးမည်လော။အစေးကပ်နိုင်ပါဦးမည် လော။ အောက်တိုဘာ ၁၆ ရက်နေ့တွင် သူတို့နှစ်ဦး အစေး မကပ်နိုင်ကြတော့ပြီ။ မိတ်ဆွေ အဖြစ် လက်တွဲမှု ပြတ်ခဲ့ပြီ။ ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ကြည်းတပ် စစ်ဦးစီးချုပ် ဝန်ကြီး အဖြစ် ခန့်ထားလိုက်သည်။ ပရာနိုတို့နေရာတွင် ဝင်လာခြင်းဖြစ် သည်။

မာဒေးကား နန်းတော် တဝိုက်မှာမူ အေးချမ်း ငြိမ်သက် လျက်ရှိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဆူကာနိုက ဆက်လက်ဟစ်အော်ကြုံးဝါးလျက်ရှိသည်။

အောက်တိုဘာ ၂၁ ရက်နေ့တွင် ဆူကာနိုက

"ဒါကြောင့် ကျုပ်အမိန့်ပေးလိုက်တယ်၊ နိုင်ငံကို ကြီးပွားတိုးတက်အောင်လုပ်ကြ၊ စည်းလုံးညီညွတ်ကြ၊ အဖျက် လုပ်ငန်းတွေ ရှောင်ရှားကြ၊ ခွင့်ပြုချက်မရရှိပဲ ဆန္ဒပြခြင်းကိုတားမြစ်ကြ၊ လူထုလုပ်အားနဲ့တည်ဆောက်ကြ" ဟု မိန့်ကြားသည်။

အောက်တိုဘာ ၂၃ရက်နေ့တွင် မိန့်ခွန်းပြောပြန်သည်။

"စက်တင်ဘာ ၃၀ မကောင်းမှုကြီးဟာ အများနဲ့ ဆိုင်တဲ့ ကိစ္စကြီးတရပ်ဖြစ်တယ်၊တော်လှန်ရေးရဲ့ ဖြစ်ရိုးဖြစ်စဉ်တရပ် ဖြစ်တယ်၊ ဒါဟာ တော်လှန်ရေးတရပ် ဖြစ်တယ်၊ ကျုပ်ကိုတော့ မဟုတ်ပါဘူး၊ဗိုလ်ချုပ်တွေရဲ့ ကိစ္စလဲမဟုတ်ဘူး၊ အသတ်ခံရတဲ့ လူငယ်ကွန်မြူနစ်တွေရဲ့အရေးကိစ္စလဲမဟုတ်ဘူး"

သမ္မတသည် နောက်ဆုံးတွင်စိတ်ဓါတ်အားဖြင့် စက်တင်ဘာ ၃၀ လှုပ်ရှားမှုတွင် သူ မပူးပေါင်း၊မပါဝင်ရပါ၊ပုန်ကန်သူများသည် တန်ပြန် တော်လှန်ရေး သမားများ ဖြစ်ပါသည် ဟူ၍ ကြေညာသည် ဆိုလင့်ကစား၊မအောင်မြင်သော အာဏာသိမ်းပွဲတွင် သူမပါဝင်ရကြောင်းကို ပါးနပ်စွာ ရှောင်ဖယ်ပြောကြားလေသည်။

ကဲဘိနက် သဘာပတိအမိန့်အဖြစ်စက်တင်ဘာ ၃၀လှုပ်ရှားမှုတွင် ပါဝင်ကျူးလွန်သော အရပ်သား များ အား စစ်ဆေးအရေးယူရန်နှင့် ယင်း တာဝန်ဆောင်ရွက်ရန် ကော်မီတီတရပ်ဖွဲ့စည်းရေးအမိန့်ကို ၁၉၆၅ ခု နိုဝင်ဘာလ ၂ရက်နေ့စွဲဖြင့်ပထမ



န်ကြီးချုပ် ဒေါက်တာဆူဘန်ဒရိုယ လက်မှတ်ထိုး၍ ထုတ်ပြန်သည်။

ထို ကော်မီတီကို ဦးဆောင်ရန် ပြည်နယ်ဝန်ကြီး သုံးဦး ကို ကာနိုကိုယ်တိုင်ခန့်အပ်ပြီး ၎င်းတို့အထဲတွင် လက်ဝဲ အမျိုးသား မှ အိုဂျီတက်၁ သည် ခေါင်းဆောင်ဖြစ်၏။

တချိန်တည်းမှာပင် ဆူကာနိုသည် ကဲဘိနက် ဝန်ကြီးများ စ် တိုးချဲ့ခန့်ထားရင်း သူ၏အခြေအနေကို ပို၍တောင့်တင်း ာအောင် ကြိုးပန်း လာသည်။ ဤ ကြိုးပန်းချက်သည် ၆ ခု၊ဖေဖော်ဝါရီလတွင် ဝန်ကြီး ၁၀၀ ပါဝင်သော အစိုးရ ကို ခန့်ထားခြင်းဖြင့် အထွတ် အထိပ်သို့ ရောက်ခဲ့သည်။

၎င်းပြင် ၁၉၆၅ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကိုတိ ရေးဌာနချုပ်ရှိ ရာထူးများ၊ လုပ်ငန်းများနှင့် ဖွဲ့စည်းပုံများ ပြောင်းလဲ ပြင်ဆင်လိုက်သည့် ကြေညာချက်ကို ဆူကာနိုက ညာ အမိန့်ထုတ်လိုက်သည်။ 'လိုအပ်လို့ပါ စစ်ဆင်ရေး ညွှန် ားမှု အာဏာပိုင်ရုံးရဲ့ လက်အောက်မှာ တော်လှန်ရေး တရပ် အပ်ပါတယ်' ဟု ဆူကာနိုက ဆိုသည်။

ဆူကာနိုသည် သူ့ကိုယ်သူ တော်လှန်ရေး ခေါင်းဆောင်ကြီး မှုရပ်တည်ကာ ကဲဘိနက်ထက်မြင့်မားသော နေရာတွင် အ သားရေးများ ဆောင်ရွက်ရန် အထက် အဖွဲ့အစည်းတရပ်ကို ည်းထားပြန်သည်။ ဗိုလ်ချုပ်ကြီး ဆူဟာတိုကိုလည်း ဤ အ

၁ Mr. Oei Tjoe Tat

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆုံး အစိုးရအဖွဲ့ဝင် သမ္မတ အားထားရသော စစ်ဦးစီးချု
အဖြစ် လက်ခံစေလိုသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက သမ္မတနှင့် ပူးပေါင်းရန် အစီအ
စဉ်ကို အကင်းပါးစွာဖြင့် ရှောင်ရှားလိုက်သည်။ ဤအစီအ
သည် သမ္မတက ဦးဆောင်မှုကို ယူထားခြင်းဖြစ်၍ သူက လ
မခံပေ။

သမ္မတရှေ့တွင် ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အ
ပါသော လူတစုနှင့်အတူ ဗိုလ်ချုပ်ကြီး ဆူဟာတိုက မိမိအ
သမ္မတက ပေးအပ်သော နေရာ၌လက်မခံနိုင်ကြောင်း အတိုချု
၍ ရှင်းပြလိုက်သည်။

ထိုရက်များအတွင်းက ဂျပန်သတင်းထောက်တဦးနှင့် တွေ့
ရာတွင်ဗိုလ်ချုပ်ကြီးဆူဟာတိုက 'စစ်ဦးစီးချုပ်တယောက်အနေ
ကျနော်ဟာသမ္မတရဲ့ပေါ်လစီအမိန့်တွေကိုဘယ်တော့မှမပြော
လဲပါဘူး၊ သမ္မတဟာ အင်ဒိုနီးရှား လက်နက်ကိုင်တပ်ပေါင်း
ရဲ့ အကြီးဆုံး တပ်မှူးချုပ်ဖြစ်ပါတယ်' ဟု ပြောပြသည်။

ဗိုလ်ချုပ်ကြီးဆူဟာတို၏ သစ္စာတော်ခံယူမှုသည် ပို၍ ထ
ရှားလာသည်။မလေးရှားနှင့် ကွန်မြူနစ်များအား ချေမှုန်းရေ
ပြဿနာ ရင်ဆိုင်နေရချိန် ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ
တွင် အထက်ပါ ဆူဟာတို၏ ရှင်းလင်းချက်အား သတင်းစာ
ဖော်ပြခဲ့သည်။

ထိုအချိန်က ဆူဟာတိုသည် သူ့ကိုယ်ပိုင် မူဝါဒကို အရိပ်အ
မြွက်မျှပင် ထုတ်ဖော်မပြောသေးဘဲ သူ လိုက်နာဆောင်ရွက်
မည့် နိုင်ငံတော်ဝါဒကိုသာ ရည်ညွှန်းပြောပြသည်။



ကွန်မြူနစ်ဝါဒနှင့် ပတ်သက်၍ သတင်းထောက် မေးခွန်းကို ဆူဟာတိုက ဤသို့ ဖြေကြားလိုက်သည်။

"ကွန်မြူနစ်ဝါဒဟာ အင်ဒိုနီးရှား နိုင်ငံတော်ရဲ့ အခြေခံ ပြဋ္ဌာန်းချက်၊ စည်းမျဉ်းတွေပေါ်မှာ အခြေခံသွားမယ် ဆိုရင် နိုင်ငံတော်ရဲ့ ဘဝလမ်းကြောင်းကို ဖျက်ဆီးမယ် မဟုတ်ပါဘူး"

× × ×

မမျှော်လင့်ပဲပြည်သူတို့က တော်လှန်အုံကြွလာခြင်းကိုသမ္မတ ဆူကာနိုက အံ့ဩလျက်ရှိသည်။ သူကိုယ်တိုင် နှစ်ပေါင်းများစွာ ကိုင်တွယ် ဦးဆောင်လာခဲ့သည့် သူ့ပြည်သူများသည် ချက်ခြင်းပင် သူ့နောက်သို့ မလိုက်လာကြတော့ချေ။ အဆိုးဝါးဆုံးမှာ သူကိုယ်တိုင် စည်းရုံးပြီး အခွင့်အရေးများပေးထားကာ ဝါဒမှိုင်းသွင်းထားခဲ့သောကျောင်းသားတွေကသည်ပင်လျှင်သူ့ကိုပြန်၍ တော်လှန်နေကြခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဆူဟာတိုသည် လူငယ်များ၏ ထောက်ခံအားပေးမှုရလျက် ရှိသည်။ သူ့ကို 'အဘ ဟာတို'ဟု အမြတ်တနိုး လေးလေးစားစား ခေါ်ကြသည်။ သူသည် သူ့အား လူထုအများစုကသော်၎င်း၊ လူငယ်ထုကရင်း၊ ကွန်မြူနစ်ချေမှုန်းရေးတွင် ထောက်ခံအားပေးနေသည်ကို လက်ခံသည်။ သတိလည်း ပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလဆန်း ရက်ပိုင်းက ဆူဟာတိုအား အာဏာသိမ်းရန် အကြံပေး တိုက်တွန်းခဲ့ကြသော်လည်း ဆူဟာတိုသည် သမ္မတအပေါ် သစ္စာရှိမှုကို အမြဲမပြတ် ဆင်ခြင်လေ့ရှိသည်။ သမ္မတ၏သားကောင်းသဖွယ် ဖြစ်နေပြီလောဟုလည်း တွေးတောမိသေးသည်။

နိုင်ငံရေး ပါတီများသည် ကြောက်ရွံ့ တုန်လှုပ်ကြဆဲဖြစ်သည်။ သူတို့သည် ပါတီလုပ်ရပ်များကို မလုပ်ကြတော့။ ဤ နိုင်ငံရေးကြားကာလသည် ပြည်သူ့တောင်းဆိုချက် သုံးရပ်ကို ဖြည့်စွက်ပေးလာသည်ကို တွေ့ကြရသည်။

ပြည်သူ့တောင်းဆိုချက်များမှာ....

* ကွန်မြူနစ်ပါတီကို ဖျက်သိမ်းရန်၊
* ကဲဘိနက်အတွင်း ကွန်မြူနစ်လိုလားသူများကို စိစစ်၍ ထုတ်ပယ်ရှင်းလင်းရန်နှင့်၊
* အခြေခံ ကုန်ပစ္စည်းဈေးနှုန်းများ နှိမ့်ချရန်....တို့ ဖြစ်သည်။

သမ္မတဆူကာနိုသည် သမုဒ္ဒရာထက်မှလှိုင်းများကို ငြိမ်သက်သွားစေရန် ပျော်လင့်ထားဆဲ ဖြစ်သည်။

၁၉၆၅ခု အောက်တိုဘာလ ၈ ရက်နေ့တွင် မြို့တော်တစိုက်လှုပ်ရှားမှုများ ဖြစ်ပေါ်လာတော့သည်။ မူစလင်လူငယ်များ ပါတီမှ ပါတီဝင်ရဲဘော် ထောင်ပေါင်းများစွာသည် စုရုံးလှုပ်ရှားကာ အင်ဒိုနီးရှားကွန်မြူနစ်ပါတီဌာနချုပ် အဆောက်အဦအား မီးရှို့ပစ်လိုက်ကြသည်။ တရုတ်ဆန့်ကျင်သော အင်အားစုများလည်းပေါ်ထွက်လာကာ ဆန္ဒပြ လှုပ်ရှားကြတော့သည်။



ထင်ရှားသော ကွန်မြူနစ်ခေါင်းဆောင်တို့၏ အိမ်များကို တိုက်စိတ်တိုက် ရှာဖွေကြသည်။ နယ်များတွင်လည်း တုန်လှုပ်ချောက်ချားဖွယ် အရေးအခင်းများ ပေါ်ပေါက်လာသည်။

ဤအရေးအခင်းများကို တခုတည်း သီးခြားခွဲကြည့်၍ သုံးသပ်လျှင် မရနိုင်၊ မြို့တွေမှာ ဆန္ဒပြပွဲများ တပြိုင်တည်း ပေါ်ပေါက်လာခြင်းမှာ တော်လှန်ရေးစိတ်ဓါတ်များကို တပြိုင်နက် ပြသလိုက်ခြင်း ဖြစ်သည်။

နိုဝင်ဘာ၉ရက်နေ့တွင် မြို့တော်ပန်းခြံကွက်လပ်တွင် လူထုသိသတ်စုရုံးကာ စက်တင်ဘာ ၃၀ လှုပ်ရှားမှုကို တန်ပြန်တော်လှန်ရေး ချေမှုန်းရေး ဆန္ဒပြပွဲကြီး ပြုလုပ်ကြသည်။ ဆန္ဒပြသမားများက လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန်နှင့် အင်ဒိုနီးရှား ကွန်မြူနစ်ပါတီကို ဖျက်သိမ်းရန် တောင်းဆိုကြသည်။

ဆန္ဒပြပွဲသို့ တက်ရောက်လာသော ဒုတိယဝန်ကြီးချုပ်၏ သက်သို့ ပြည်သူလူထုက သမ္မတအပေါ် သစ္စာခံလျက်ရှိပြီး သမ္မတအား နိုင်ငံအကြီးအကဲအဖြစ် ဆက်လက် အသိအမှတ်ပြုကြောင်း စာတစောင် ပေးလိုက်သည်။ ၎င်းအပြင် တဆက်တည်း ဖေါ်ပြထားသည်မှာ သမ္မတက မည်သည့်အမိန့် ပေးစေကာမူ ဆန္ဒပြသူများက ဆက်လက်ပြီး လုပ်ကိုင် ဆောင်ရွက်သွားမည်ဟု ဖေါ်ပြထားသည်။ ကိုလိုနီဝါဒ၊ အရင်းရှင်ဝါဒနှင့် မလေးရှား ချေမှုန်းရေးများကို ဆက်လက် လုပ်ကိုင်သွားမည်ဟု ဆန္ဒပြသူများက ကြေညာသည်။

သမ္မတက ၂၄-နာရီ အတွင်း သူ့ရဲကောင်းများနေ့ အခမ်းအနားတွင် ပြန်လည် ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ကြပါအုံး၊ကျုပ် ပြဿနာကို သေသေချာချာ စဉ်းစားပါအုံးမယ်၊ အလေးအနက် စဉ်းစားပါမယ်"

သမ္မတ စိတ်ဆိုးနေသည်။ သူ့ စကားကို ဆက်ပြန်သည်။

"ဒီပုံမျိုးနဲ့ ဆက်သွားနေကြလို့ မဖြစ်ဘူး၊ ခံစားချက်တွေနဲ့ လျှောက်အော်မနေကြပါနဲ့၊ ကျုပ်တို့ တော်လှန်ရေးဟာ တ… တရုတ်ဘေးဒုက္ခ မကြုံစေချင်ပါဘူး၊ အမြန်ဆုံး အရေးယူ ဆောင်ရွက် ပေးပါ့မယ်"

× × ×

၁၉၆၅-ခု စက်တင်ဘာ ၃၀-ရက်နေ့တွင် မအောင်မြင်သော ကွန်မြူနစ်တို့ အာဏာသိမ်းယူမှု မဖြစ်ပေါ်မီကပင် အင်ဒိုနီးရှား သမိုင်း၌ အလားတူ ပုန်ကန် ထကြွ လှုပ်ရှားမှုများ ဖြစ်ခဲ့ဘူးသည်။

ဆူကာနိုက သူ၏ မဟာဗျူဟာ နည်းဗျူဟာ ဘက်ပေါင်းစုံဖြင့် ပေါ်ပေါက်လာသော အရေးအခင်းများကို အနိုင်ယူခဲ့သည်ချည်း ဖြစ်၏။

ဆူကာနို၏ ကံကြမ္မာသည် ညှိုးငယ် မှေးမှိန်လာချေပြီ။ သူ၏ တောက်ပ သစ်လွင်သော အတွေးအခေါ် အယူအဆများသည် အတိတ်ကာလများမှာပင် ကျန်ရစ်ခဲ့လေပြီ။ ယင်းတို့သည် ထာဝစဉ် ရှင်သန် ကြီးထွားမှု မရှိခဲ့ပေ။ သူသည် ကလေးဆန်စွာ "ကျုပ် သိပါတယ်" ဟူသော စကားလုံးဖြင့်သာ ဟန်ဆောင်



…သည့် အခြေသို့ ရောက်လာလေသည်။ အင်ဒိုနီးရှား လူမှု အဖွဲ့… …သ်း၏ ပြောင်းလဲလာမှုကို သူက လက်မခံပေ။

ဤနည်းအားဖြင့် သူသည် သူ့ ကို ချစ်မြတ်နိုးသော ပြည်သူ… …ကိုပင် ဒေါသ ဖြစ်လာလေသည်။


ဆူဟာတိုသည် အခြား ပြည်သူများ နည်းတူပင် သမ္မတ …ကာနိုအပေါ် ခိုင်မြဲသော သစ္စာဖြင့် ယုံကြည် လေးစားပြီး… …း ဖြစ်သည်။ သို့ရာတွင် ဆူကာနိုသည် ကိုယ့်ကိုယ်ကို ဝေဖန်… …နှင့် ကိုယ့်အမှားကိုယ် ပြင်ဆင်ရေးတို့ကို လုံလောက်စွာ မပြု… …။ သူသည် သူ့ ရန်သူတွေသဖွယ် ဆိုးဝါးစွာ သဘောထား… …ခြင်းသည် မဟာ အမှားဖြစ်သည်။ သူ့ ကျဆင်းမှုသည် နက်… …သည်ထက် နက်ရှိုင်းလာသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုအား အင်ဒိုနီးရှား လူငယ်များ၊ ပြည်… …ားက နှစ်သက် အားကိုးလာကြသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



# ၅

## မတ်လ အလယ်

ကွန်မြူနစ် လှုပ်ရှားမှုကို တိုတောင်းသော အချိန် ကာလအတွင်း၌ မိမိ စစ်တပ် အင်အားနှင့် တနိုင်ငံလုံး စစ်ရေး တိုက်ခိုက်မှုများဖြင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုက ချေမှုန်းနိုင်ခဲ့သည်။

ဆူဟာတိုနှင့် သူ့လူများကို မထောက်ခံသော လူများလည်း အမျိုးမျိုး ကွဲပြားစွာ ရှိသည်။ ကွန်မြူနစ် ကေဒါများ ကြိုတင်



ထွက်ထားသလို အင်ဒိုနီးရှားကွန်မြူနစ်ပါတီကိုလိုလားသော လူထု၏ တော်လှန် ပုန်ကန်မှုသည် တပြိုင်တည်း ဖြစ်ပေါ်မလာခဲ့ပေ။

ကွန်မြူနစ် ပါတီဖက်မှ ကာကွယ်သည့် လူတယောက် မားမားမတ်မတ် ရပ်တည် ပေါ်ပေါက်လာသည်။ သူကား သမ္မတဆူကာနိုဖြစ်သတည်း။ ကွန်မြူနစ် ပါတီကို တနိုင်ငံလုံး အတိုင်းအတာအလိုက် တရားမဝင် ဖျက်သိမ်းရန် သူက သဘော မတူခဲ့ပေ။ မအောင်မြင်သော အာဏာသိမ်းမှု ပျက်ပြားသွားပြီး ချက်ခြင်းလိုင် ကွန်မြူနစ် ဆန့်ကျင်ရေး အင်အားစုများကို တန်ပြန် တိုက်ခိုက်ရန် ဆူကာနိုက 'ဆူကာနို အင်အားစု' တပ်ကိုသီးသန့်ဖွဲ့စည်းရန် အမိန့် ထုတ်ပြန်လိုက်သည်။

၁၉၆၆-ဇန်နဝါရီလ ၁၅-ရက်နေ့တွင် ဘိုဂါနန်းတော်၌ မိန့်ခွန်း မြွက်ကြားအပြီး ဆူကာနိုတပ်များကို အထွေထွေ ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည်။ နောက်တနေ့တွင် ဒုတိယဝန်ကြီးချုပ်ဆူဘန်ဒရီယိုက တနိုင်ငံလုံးရှိ မြို့များပေါ်မှ အလုပ်သမား၊ လယ်သမား၊ လူငယ်နှင့် မိန်းမများ ပါဝင်သော တပ်ခေါင်းစုတို့ကို "အန္တရာယ်ကို တန်ပြန် အန္တရာယ်ပြုခြင်းနဲ့ ရင်ဆိုင်ကြ"ဟု ပ်လှန့်လိုက်သည်။ အင်ဒိုနီးရှား ရေဒီယိုမှလည်း တနိုင်ငံလုံးသို့ သမ္မတအား သစ္စာခံယူမှု ခံယူထားကြရန် လှုံ့ဆော် ကြေညာပေးသည်။

ဒေါက်တာဆူဘန်ဒရီယိုက ကွန်မြူနစ်များ ၂၅၀,၀၀၀အသတ်ခံရမှုနှင့် ပတ်သက်၍ ဗိုလ်ချုပ် နာဆူးရှင်း၊ ဗိုလ်ချုပ်ကြီး ဆူဟာတိုနှင့် ဗိုလ်မှူးကြီး ဆာဝိုဟက်အီတိုအား အထူး စစ်ခုံရုံးတင်စစ်ဆေးရန် သမ္မတအား တိုက်တွန်းမှု ပြုသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ကွန်မြူနစ် ဆန့်ကျင်သော ပဉ္စသီလ[၁] တပ်များက ၎င်း... သည် ကွန်မြူနစ် ဆန့်ကျင် တော်လှန်ရေးကို ဘွန်ကာနို[၂] ... ခေါင်းဆောင်မှု အောက်တွင် ပြုလုပ်နေပါသည် ဟု ရှင်းလင်း... ပြန်ကြားသည်။ ပဉ္စသီလ တပ်သားများသည် လက်နက်ကိုင် တပ်ပေါင်းစုနှင့် ပခုံးခြင်း ယှဉ်၍ ဘွန်ကာနို၏ အဆိုအမိန့် ... ဝါဒ လမ်းစဉ်များကို ပြင်ဆင်ပြောင်းလဲမည့် အစီအစဉ်မှန်သမျှ ဆန့်ကျင်ဖယ်ရှားသွားရန် ဖြစ်သည်။

ဤနည်းအားဖြင့် အင်ဒိုနီးရှား နိုင်ငံတွင် စစ်မျက်နှာ နှစ်... ပေါ်ပေါက်လာပြီး နှစ်ဖက်စလုံးမှ ဆူကာနိုအား သစ္စာ... ကြောင်း ကြေညာသော်လည်း ၎င်းတို့၏ နောက် ဆုံး ပစ်မှတ် များမှာမူ သိသိသာသာကြီး ကွဲပြားလျက် ရှိနေပေသည်။

× × ×

၁ Pantjasila 'ပဉ္စသီလ ဝါဒ' ခေါ် 'မူငါးချက် သဘော... တရား' (Five Principles) မှာ (၁) ဘုရားသခင်၌ ယုံကြည်... ခြင်းနှင့် ဘာသာရေး လွတ်လပ်ခွင့်၌ ယုံကြည်ခြင်း။ (၂) ... လောက သို့မဟုတ် နိုင်ငံတကာ ကောင်းကျိုးကို ဈေးရှုခြင်း... (၃) အမျိုးသား ညီးလုံးညီညွတ်ရေး။ (၄) ဒီမိုကရေစီ... ရေးနှင့်။ (၅) လူမှုရေး တရားမျှတခြင်းတို့ ဖြစ်သည်။ '... သီလတပ်' ဆိုသည့် အဓိပ္ပာယ်မှာ 'ပဉ္စသီလဝါဒ'ကို ခံ... ကျင့်သုံးသော အစိုးရ စစ်တပ်ကို ဆိုလိုသည်။

၂ ဘွန် (Bung)ဟူသော အဓိပ္ပာယ်မှာ အင်ဒိုနီးရှား စကား... ပြီး မြန်မာလို အကိုကြီး သို့မဟုတ် ရဲဘော်ကြီး ဟု အဓိပ္ပာယ်... ရသည်။



ကွန်မြူနစ်တို့၏ မအောင်မြင်သော အာဏာသိမ်းမှု ဖြစ်လျှင် ဖြစ်ခြင်း အနောက် ဂျာဗားရှိ ကျောင်းသားများက ဆန္ဒပြ ဆူပူကြသည်။ အဓိကရုဏ်း ဖြစ်မှုများ ပေါ်ပေါက်လာသည်။ ကွန်မြူနစ်ဆန့်ကျင် ဆန္ဒပြမှုများ ကြီးထွားကျယ်ပြန့်လာသည်။

နေ့စဉ် လူသုံးကုန် ပစ္စည်းများ မြင့်တက်နေမှုကို ကျောင်း သားထုက အကြီးအကျယ် မခံမရပ်နိုင် ဖြစ်ကြပြီး ၁၉၆၆-ခု ဇန်နဝါရီလ ၈-ရက်နေ့တွင် သမ္မတ ဆူကာနို၏ နန်းတော်နှင့် မဝေးကွာလှသော ပြည်နယ် အတွင်းဝန်ရုံးသို့ ချီတက် ဆန္ဒပြ ကြသည်။

ယင်း ဆန္ဒပြပွဲကို ခေါင်းဆောင်သူမှာ ဒုတိယ ဝန်ကြီးချုပ် ချယ်ရာဆေး[၁] ဖြစ်သည်။ အင်ဒိုနီးရှား တက္ကသိုလ် ဆေးကောလိပ်တွင် ပထမဆုံး စနစ်တကျ အစည်းအဝေးကျင်းပ သည်။ ထိုကျောင်းဝင်းသည် သူပုန်တို့၏ ဌာနချုပ် ဖြစ်လာ သည်။ အရာရှိလူငယ်များက ကျောင်းသားများနှင့် ဆက်သွယ် ကြသည်။ ဗိုလ်မှူးကြီး ဆာဝိုအက်ဟီသည် အင်ဒိုနီးရှား တက္က သိုလ်တွင် သူ့ကိုယ်သူ ကျောင်းသား တယောက်အဖြစ် စာရင်း သွင်းလိုက်လေသည်။

ဇန်နဝါရီလ ၁၅-ရက်နေ့တွင် ဘိုဂါရှိ နွေရာသီ စံနန်းတော် ဆောင်တွင် ကဲဘိနက် အစည်းအဝေး ပြုလုပ်သည်။ ပတ်ဝန်း ကျင်တဝိုက်တွင် မြို့တော်တွင်း၌ ဆူပူလှုပ်ရှားမှုများ၊ လမ်းပိတ်

၁ Chairul Saleh

www.burmeseclassic.com

www.burmeseclassic.com



ဆို့မှုများ၊၊ ဟောပြောပွဲ ဆန္ဒပြပွဲများဖြင့် ယောက်ယက် ခတ်နေသည်။

ကဲဘီနက် အစည်းအဝေးသို့ တက်ရောက်၍ သမ္မတက အမျိုးသားပါတီမှ ကျောင်းသား ၁၂၀-ကို ဖိတ်ကြားသည်။ ဖိတ်ကြားခြင်း မခံရသော ကျောင်းသား ထောင်ပေါင်း များစွာသည် ဂျကာတာနှင့် ဘန်ဒေါင်းတို့မှ ဘိုဂါနန်းတော်သို့ ရောက်လာကြသည်။

ဆူကာနိုသည် ယခုတော့မူ သူယခင်က သူ၏ အင်အားတောင့်သော နောက်လိုက်များ ဖြစ်သည့် ကျောင်းသား လူငယ်များ ဆန္ဒပြမှုကြောင့် ဒေါသ ဖြစ်လာသည်။

ဘိုဂါနန်းတော်ရှေ့တွင် ဆူညံစွာ အော်ဟစ် ဆန္ဒပြနေသော ကျောင်းသားထုကြီးအား ဗိုလ်ချုပ်ကြီး ဆူဟာတို တိုတောင်းသည့် မိန့်ခွန်းဖြင့် ငြိမ်သက်သွားစေသည်။

ဗိုလ်ချုပ်ကြီးဆူဟာတိုကကျောင်းသားဖက်ကိုလည်းမလိုက် သမ္မတဖက်သို့လည်း မလိုက်သေး။ သမ္မတနှင့် ပွင့်ပွင့် လင်းလင်း မဆွေးနွေးရသေး။ တဖက်မှလည်း ဆူဟာတိုသည် ဇန်နဝါရီ ၁၇ ရက်နေ့တွင် ပါမောက္ခ ဒေါက်တာစူမန်ထရီ ဘရော့ဂိုရို၁ ပါမောက္ခချုပ်နှင့် အင်ဒိုနီးရှားတက္ကသိုလ် ကျောင်းသားများ ပူးပေါင်းပြီး ကျောင်းသားကမီ တပ်ဦး အင်အားစုများအား ဂရုဏာသက်သည့်မိန့်ခွန်းစကား မြွက်ကြားသည်။

၁ Prof. Dr. Sumantri Brodjonegoro



ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် တော်လှန်ရေး အခြေအနေနှင့် အာဏာချုပ်ကိုင်မှုကို လက်ကိုင်ပြုရင်း ပဉ္စသီလ တပ်များနှင့် ဆူကာနိုတပ်များ အကြား သဘောကွဲပြားမှုကို ဖြေရှင်းပေးသည်။ ဆူဟာတိုသည် သူ့ကိုယ်ပိုင် နည်းဗျူဟာကို ကျင့်သုံးရင်း ပြဿနာကို အောင်မြင်စွာ ဖြေရှင်းလိုက်သည်။

"လူတိုင်းချစ်တဲ့ ဘွန်ကာနိုရဲ့ နံမယ်ကို လူတစုကဖြစ်ဖြစ် လူတယောက်ကပဲဖြစ်ဖြစ် ချုပ်ကိုင် လွှမ်းမိုးလို့မရဘူး"

ဒု-ဗိုလ်ချုပ် အမာမက်မတ်၁ က ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသော ဆူကာနို ထောက်ခံ ဆန္ဒပြပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောသည်။

"သူ့နံမယ်ကို ဘယ်သူကမှ ခေါင်းပုံမဖြတ်နိုင်ဘူး" ဟု မက်မတ်က ဆက်ပြောသည်။

ပဉ္စသီလတပ်မှ လူတယောက်က ယင်းအခမ်းအနားတွင် လူအုပ်ထဲမှ နေ၍ အော်ဟစ်လိုက်သည်။

"ဆူကာနို၊စစ်တပ်နဲ့ ပြည်သူတို့ သုံးပွင့်ဆိုင်ကို သွေးမြေကျတဲ့အထိ ကာကွယ်သွားကြရမယ်၊ ပဉ္စသီလတပ်တွေက ဆူကာနိုတပ်ရဲ့ အကြီးအကဲတွေကို တိုက်ခိုက်သွားမှာဖြစ်တယ်၊ ငါတို့ဟာကိုယ်ကျိုးစွန့်လွှတ်ဖို့ အသင့်ရှိနေတယ်"

စစ်တပ် အာဏာပိုင်များက ပဉ္စသီလတပ်တွေနှင့် ဆူကာနိုတပ်များအကြား ပဋိပက္ခ ဖြစ်မှာစိုးကြသည်။

၁ Major General Amir Machmud

www.burmeseclassic.com

www.burmeseclassic.com



သမ္မတ ဆူကာနိုနှင့် ဒုတိယဝန်ကြီးချုပ် ဆူဘန်ဒရီယို တို့က ပွင့်ပွင့်လင်းလင်း မဆန့်ကျင်ကြပေ။

နောက်ဆုံးတွင် ဆူကာနို အင်အားစုများကို ဖျက်သိမ်းလိုက်လေသည်။

× × ×

ပြည်သူကို အခြေခံသော ဆူကာနိုဝါဒသစ်တရပ် ထူထောင်ရန် သမ္မတ ဆူကာနို၏ ကြံစည်ကြိုးပမ်းချက်များသည် မအောင်မြင်ပဲ ပျက်ပြား သွားခဲ့သည်။ သူသည် စစ်ရေးစစ်ရာ ကျွမ်းကျင်သူတဦး၏ လွှမ်းမိုးမှုကို ခံလိုက်ရလေပြီ။

ပြည်သူနှင့် ကင်းကွာသော ဆူကာနိုသည် အမြင့်ဆုံးကြိုးပမ်းမှုကိုလုံးပန်းလာပြန်သည်။

၁၉၆၆ ခု ဇန်နဝါရီမှ မတ်လအထိ ကာလသည် ကဲဘိနက်နှင့် အာဏာပိုင်အဖွဲ့ အမြင့်ဆုံးနေရာသို့ ပြန်လည်ရောက်ရှိရန် ကြိုးပန်းသည့်အချိန် ဖြစ်သည်။

၁၉၆၆ခု ဖေဖေါ်ဝါရီလ ၂၁-ရက်နေ့တွင် သမ္မတဆူကာနိုက အစိုးရကဲဘိနက်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်သည်။ ဆူကာနိုက ဗိုလ်ချုပ်ကြီးဆူဟာတိုအား ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်ထားသော်လည်း စစ်တပ် ထိပ်သီးအရာရှိကြီးများကို စစ်တပ်မှ ထုတ်ပယ်လိုက်သည်။ ကြည်းတပ်ဗိုလ်ချုပ်ကြီးနာဆူး



ရှင်းနှင့် ရေတပ်ဗိုလ်ချုပ်ကြီး မာတာဒိနတာ[၁]တို့ အပါအဝင် ကွန်မြူနစ်ဆန့်ကျင်သော စစ်တပ်ထိပ်သီးကြီးများကို ထုတ်ပယ်လိုက်သည်။

နာဆူးရှင်းကို ထုတ် ပယ် လိုက် ခြင်း သည် ဆူကာနို ၏ သော အမှား ဖြစ်သည်။ ဗိုလ်ချုပ်နာဆူးရှင်းသည် ဗိုလ်ချုပ်ကြီး ဆူဟာတိုနှင့် နီးနီးကပ်ကပ် ဆက်စပ်နေသူဖြစ်ပြီး လက်နက်ကိုင် တပ်များ၊ မူစလင်လူထုနှင့် တော်လှန်သော လူငယ်များက လေးစားအားထားခြင်းခံရသူ ဖြစ်သည်။

ဖေဖေါ်ဝါရီလ ၂၄-ရက်နေ့တွင် ဆူကာနိုသည် သူ့ဝန်ကြီး အဖွဲ့ဝင် အသစ်များနှင့် ကျမ်းကျိမ်ဆိုပွဲ ပြုလုပ် နေချိန်ဝယ် ဂျကာတာ တမြို့လုံး ဆူပူလှုပ်ရှားလျက်ရှိသည်။ နန်းတော်တခုလုံး အစောင့်အကြပ်များ ချထားသည်။ နန်းတော်စောင့်တပ်များ၏ ဆန္ဒပြကျောင်းသားများအား သေနတ်ဖြင့် ပစ်ခတ်သည့် အသံများကို ကျမ်းကျိမ်ဆိုပွဲ အခမ်းအနားမှ အတိုင်းသားကြားရသည်။ အရစ်ရေမန်ဟကင်[၂] အမည်ရှိ တက္ကသိုလ် ကျောင်းသားတဦး ကျဆုံးသွားသည်။

ဆူကာနိုက အော်ဟစ်ကြုံးဝါးလိုက်သည်။

"ငါ့ကို တွန်းမချကြနဲ့ ငါဟာ တွန်းချခံမဲ့ ခေါင်းဆောင် တယောက် မဟုတ်ဘူး"

---

၁ E.Martadinata

၂ Arief Rachman Hakim

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆူကာနိုက အင်္ဂလိပ်လို ထပ်မံ ကြေးကြေ
လိုက်ပြန်သည်။

"ငါလုပ်ရမှာ ငါသိတယ်"

ထိုသို့ဖြစ်ပြီးနောက် နှစ်ရက်အကြာ ဖေဖေါ်ဝါရီလ ၂
ရက်နေ့တွင် ဆူကာနိုသည် ကမီ(အင်ဒိုနီးရှားတက္ကသိုလ်ကျော
သားများတပ်ဦး)ကို တရားဝင် ဖျက်သိမ်းလိုက်သည်။ သူ
၏ကမီအဖွဲ့သည် မလေးရှား ချေမှုန်းရေးနှင့် အင်ဒိုနီးရှ
တော်လှန်ရေးကို အနှောင့်အရှက် ဖြစ်နေသည်ဟု ယူဆသည်

ကျောင်းသားအဖွဲ့ကို ဖျက်သိမ်းလိုက်စေကာမူ အင်ဒိုနီးရှ
တက္ကသိုလ်အား ယာယီပိတ်ထားခြင်း၊ သံချပ်ကာကားမျ
စစ်သည်များအလုံးအရင်းနှင့် ဂျကာတာ မြို့လယ်လမ်းမမျ
ပေါ်တွင် စစ်ရေးပြခြင်းများသည် လှုပ်လှုပ်ရှားရှား ဖြစ်နေ
ကြသည်။

ဆူကာနိုက သူ့အစောင့်စစ်တပ်များကို တော်လှန်ပုန်ကန်
သော လူငယ်များနှင့် ၎င်းတို့၌ာနချုပ်ကို စီးနင်းတိုက်ခိုက်ရ
စေ၍သည်။ ဤလှုပ်ရှားမှုများအား ဆူဟာတို၏ ကော့စရက
တပ်များက တန်ပြန်ချေမှုန်းပစ်လိုက်ကြသည်။

ဖျက်သိမ်းလိုက်သော တက္ကသိုလ်ကျောင်းသားများက တန်း
မြင့်ကျောင်းသားများအား တိုမီးရှို့မီး ဆက်လုပ်ပြန်သည်
ဝန်ကြီးဌာနများကို ပြင်းထန်စွာ ဆန္ဒပြကြသည်။ဂျကာတာ
တမြို့လုံး တော်လှန်ရေး လှုပ်ရှားမှုများ ဖုံးလွှမ်းသွားသည်။

သမ္မတနှင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုတို့၏ အဆက်မပြတ် တွေ့
ဆုံဆွေးနွေးပွဲများကို နာရီမလပ် ခဏခဏ ပြုလုပ်သည်။ ဗိုလ်



ချုပ်ကြီး ဆူဟာတိုအား စစ်ဝတ်စုံဝတ်၍ နန်းတော်တွင်း ဝင်
ထွက်ချည် လုပ်နေသည်ကို မြင်တွေ့ကြရသည်။

နိုင်ငံတော် အဆောက်အဦ အတွင်း၌ ကဲဘိနက် အစည်း
အဝေး ကျင်းပနေသည့် မတ်လ ၁၁-ရက်နေ့တွင် အခြေအနေ
သည် အမြင့်ဆုံးသို့ ရောက်လာသည်။ သမ္မတက သူ့ မိန့်ခွန်းထဲ
တွင် အရင်းရှင်များကိုရင်း၊ သူ့ ဝန်ကြီးများကိုရင်း၊ ပြောင်
ကျ ပုတ်ခတ်တိုက်ခိုက် ပြောဆိုလာတော့သည်။

"ခင်ဗျားတို့ဟာ ကျုပ်ရဲ့ ခေါင်းဆောင်မှုကို နာခံရမယ်၊
ကျုပ်ရဲ့ သင်ကြားချက်တွေကိုလဲ မှတ်သားရမယ်၊ ခင်ဗျားတို့
အထဲက ကျုပ်နောက်ကို မလိုက်နိုင်ဘူးဆိုရင် ကောင်းပြီပွင့်ပွင့်
လင်းလင်း ပြောစမ်းပါ၊ ကျုပ် ကျေးဇူးတင် ဝမ်းမြောက်စွာနဲ့ပဲ
သွားထိုး ခန့်လိုက်ရုံပဲ ရှိတယ်"

ထိုအတောအတွင်း ဆူကာနို၏ တပည့် ဗိုလ်မှူးကြီး ဘင်ဘန်
ဂျာနာကို၁ သည် ကွန်ဖရင့် ခန်းမအတွင်းသို့ ဝင်ရောက်လာ
ပြီး သမ္မတလက်သို့ သတင်းပို့လွှာ စာတစောင်ထည့်လိုက်သည်။

"အမျိုးအမည် ခွဲခြား မသိရသော စစ်သားများသည် နန်း
တော်တဝိုက် နီးကပ်စွာ ရောက်နေကြပြီ"

ဆူကာနိုသည် ရုတ်တရက် ချက်ခြင်းပင် အရေးတကြီး
ဆောင်ရွက်ရန် ရှိသဖြင့် ဒုတိယ ဝန်ကြီးချုပ်များ ဖြစ်ကြသော
ဒေါက်တာ ဆူဘန်ဒရီယိုနှင့်ဒေါက်တာ ချယ်ရာဆေးတို့ကို ခေါ်

---

၁ Colonel Bambang Widjanarko

www.burmeseclassic.com

www.burmeseclassic.com



ပြီး ခန်းမအပြင်ဖက်ထွက်ခဲ့သည်။ ဟယ်လီကော့ပတာဖြင့် ဘိုဂါ နန်းတော်သို့ အပြေးအလွှား သွားလေတော့သည်။

တရားဝင် သတင်း ထုတ်ပြန်ချက်အရ ဗိုလ်ချုပ်ကြီး ဆူဟာ တိုသည် ကျန်းမာရေး အခြေ အနေ အရ ကဲဘိနက် အစည်း အဝေးသို့ မတက်နိုင်ကြောင်း သိရသည်။ တောင်ဆယ်(လျှာခင် ပိတ်ဆို့နာ)ကြောင့်လား၊ ဖျားနာကြောင့်လား၊ သို့မဟုတ်လျှင် နိုင်ငံရေး ပရိယာယ်ကြောင့်လား ဟူသော မေးခွန်းများသည် အလိုလို ပေါ်ပေါက်လာတော့သည်။ ဆူဟာတိုသည် စစ်တပ်မှ အာဏာသိမ်းမှုကို တာဝန်ယူ ရင်ဆိုင်လိုက်သည်ဟု ယူဆကြရ သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက အရေးပေါ် ကွန်ဖရင့် တရပ်ကို ခေါ်လိုက်ပြီး အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော အမျိုးသား စည်းလုံး ညီညွတ်မှုအတွက် တော်လှန်ရေးလုပ်မည့် အခြေအနေ များ ဆွေးနွေးကြသည်။ ၎င်းတို့မှာ ဒု-ဗိုလ်ချုပ် ဘစုကီရပ်မက်၁၊ ဒု-ဗိုလ်ချုပ် ယူစုပ်၂၊ ဒု-ဗိုလ်ချုပ် မက်မတ်တို့ ဖြစ်ကြသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတို၏ အမိန့်အရ ကိုယ်စားလှယ်အဖွဲ့ တဖွဲ့သည် သမ္မတနှင့် တွေ့ဆုံရန် ဂျကာတာမှ ဘိုဂါနန်းတော် သို့ မတ်လ ၁၁-ရက်နေ့ မွန်းလွဲ ၂-နာရီအချိန်တွင် ထွက်ခွာ သွားလေသည်။

---

၁ Basuki Rachmat
၂ M.Yusuf



...ိုယ်စားလှယ် အဖွဲ့တွင် ဗိုလ်ချုပ်များ ဖြစ်ကြသော ...ီရပ်မက်၊ ယူစုပ်နှင့် မက်မတ်တို့ပါဝင်ပြီး ၎င်းတို့က နိုင်ငံ ...ာ် ငြိမ်ဝပ်ပိပြားရေးနှင့် အုပ်ချုပ်ရေးအတွက် တော်လှန် ...ာရပ် အောင်မြင်စွာ ဆင်နွှဲလိုက်ကြောင်းဖြင့် သမ္မတအား ...ာကြားလိုက်သည်။ ယင်းအဓိပ္ပာယ်မှာ သမ္မတ၏ အာဏာ ...ိတ်တဒေသသည် ဗိုလ်ချုပ်ကြီး ဆူဟာတို၏လက်သို့ ကျရောက် ...ပြီ ဟု ဆိုလိုခြင်း ဖြစ်သည်။

ဆွေးနွေးပွဲသည် ည ၇-နာရီခွဲအထိ ကြာသွားသည်။ ဒုတိယ ဝန်ကြီးချုပ်များဖြစ်သောဒေါက်တာဆူဘန်ဒရီယိုနှင့် ...ယ်ရာဆေးတို့၏ အကြံပေးတားမြစ်ချက်ကို လက်မခံပဲ သမ္မတ ...ကာနိုသည် နောက်ဆုံးတွင် ဗိုလ်ချုပ်ကြီး ဆူဟာတို၏ လက်သို့ ...ုပ်ခွင့် အာဏာများ လွှဲပြောင်းပေးသည့် စာကို လက်မှတ် ...ထိုးလိုက်သည်။

မတ်လ ၁၁-ရက်နေ့ အမိန့်စာ ဟု ကျော်ကြားလာသော ထို ...အရ ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် သမ္မတ ဆူကာနို၏ လုံခြုံ ...နှင့် နိုင်ငံတော် အုပ်ချုပ်ရေးအာဏာများကို တာဝန်ယူရ ...သာ လုပ်ငန်းကို လွှဲပြောင်း လက်ခံ ရယူလိုက်လေသည်။

နောက်တနေ့တွင် သမ္မတ ဆူကာနိုသည် သူ၏ သမ္မတအာဏာ ...ားသည်ပင် လက်လွှတ် ဆုံးရှုံးသွားပြီကို သိရလေတော့သည်။ ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် သမ္မတ ရာထူးကို သုံးစွဲ၍ချက် ...င်းအမည်နှင့် သမ္မတ၏ကြေညာချက် အမိန့် အမှတ် ၁/၃/ ...၁၉၆၆-ကိုလက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။ ယင်းအမိန့်တွင်

www.burmeseclassic.com

www.burmeseclassic.com



အင်ဒိုနီးရှား တနိုင်ငံလုံးရှိ ကွန်မြူနစ်ပါတီကို ဖျက်သိမ်းလိုက်ကြောင်း ဖေါ်ပြထားလေသည်။

မတ်လ ၁၁-ရက်နေ့သည် ပန်ဂျစီလာ တပ်များ၏ ကြီးမားသော အောင်ပွဲရသည့် နေ့ဖြစ်သည်။ မတ်လ ၁၂-ရက်နေ့တွင် ဗိုလ်မှူးကြီး ဆာဝိုအက်ဟီ ခေါင်းဆောင်သော စစ်ရေးပြ အခမ်းအနားကြီး တရပ်ကို ဂျကာတာမြို့ပေါ်တွင် ကျင်းပ လုပ်လေသည်။ စစ်သားများ၊ ကျောင်းသားများနှင့် ပြည်သူ များသည် ညီရင်းအကိုပမာ လက်တွဲ၍ အင်အား ပြကြသည်။

ခေတ်သစ် တံခါးပွင့်လာပြီ ဖြစ်၏။

ထိုနေ့ဖြစ်သော မတ်လ ၁၂-ရက်နေ့မှာပင် စရီစုလတ ဟမက်ကူ ဘူဝိုနို၁၊ ဒေါက်တာလီမီနာ၂ (လေတပ်ဝန်ကြီးနှ ပုလိပ်ဝန်ကြီး) တို့ ပါဝင်သော နောက်ထပ် ကိုယ်စားလှ အဖွဲ့ကို ဘိုဂါနန်းတော်သို့ လွှတ်ပြန်သည်။ သမ္မတ၏ လုံခြုံ အတွက် အာမခံပါကြောင်းတင်ပြကြသည်။ ထို့နောက် ဗိုလ် ချုပ်ကြီး ဆူဟာတို၏ ဖိတ်ကြားချက်အရ သမ္မတသည် မတ်လ ၁၅ ရက်နေ့တွင်ဂျကာတာမြို့တော်သို့ ပြန်လာခဲ့လေသည်။

ညနေပိုင်း ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်ကြီးဆူဟာတိုက သမ္မ တာဝန် လွှဲအပ်သည့် မတ်လ ၁၁ ရက်နေ့ အမိန့်ကြေညာ နှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို သမ္မတအား သတင်း

၁ Sri Sultan Hamengku Buwono
၂ Dr. Leimena



သည်။ဂျကာတာတဝိုက် တော်လှန်ရေးလှုပ်ရှားမှုများ မငြိမ်သေးကြောင်း တင်ပြသည်။

နောက်တနေ့တွင် ဆူဟာတိုနှင့် ဆူကာနိုတို့သည် ဝန်ကြီးအဖွဲ့ပြင်ဆင် ပြောင်းလဲ ဖွဲ့စည်းရေး ဆွေးနွေးကြသည်။

ဆူဟာတို၏ ရှင်းပြမှုကြောင့် ဆူကာနိုသည် ဒေါက်တာ ဆူဘန်ဒရီယိုနှင့် အခြားကဲဘိနက်အဖွဲ့ဝင် ဝန်ကြီးများကို ဆက်လက် မခန့်ထားရန် သဘောပေါက်လာသည်။ သို့ရာတွင် ဆူဟာတို မမျှော်လင့်ပဲ ဆူကာနိုသည် သူ၏ ခေါင်းဆောင်မှု ပြန်၍ ရယူရေး ကြိုးပမ်းလာသည်ကို တွေ့မြင်လာရလေသည်။

မတ်လ ၁၆ ရက် နေ့စွဲဖြင့် သမ္မတရုံး အမိန့်ကြေညာစာ အမှတ် ၁ ကို ဆူကာနိုက ထုတ်ပြန်လိုက်သည်။

"အင်ဒိုနီးရှား နိုင်ငံသူနိုင်ငံသားများ အားလုံး သတိပြုရန်နှင့် တာဝန်ရှိကြောင်း ဆင်ခြင်ရန်မှာ မြင့်မြတ်သော တော်လှန်ရေး ခေါင်းဆောင်ကြီး ဘွန်ကာနို၏ သင်ကြားချက် များကို လက်တွေ့ဆောင်ရွက်ကြရေး ဖြစ်သည်၊အင်ဒိုနီးရှား အမျိုးသားရေးနှင့် ပတ်သက်ပြီး လမ်းညွှန် ဒီမိုကရေစီ ချမှတ်ထားပြီးဖြစ်သည်၊ တော်လှန်ရေး၊ ဆိုရှယ်လစ်ရေးနှင့် ခေါင်းဆောင်မှု မှန်ကန်ရေးအတွက် ဘွန်ကာနို၏ စကားကို နားထောင်ကြလော့"

"ဝန်ကြီးများသည် သမ္မတကသာလျှင် ခန့်ထားရိုးဖြစ်သည်၊ တခြား မည်သူကမျှ ခန့်ထားခြင်းမပြုနိုင်"၁

၁ ဗိုလ်ချုပ်ကြီး ဆူဟာတိုက သူ၏ တော်လှန်ရေး အစိုးရအဖွဲ့ကို ဗိုလ်ချုပ်များဖြင့် ဖွဲ့စည်းခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

www.burmeseclassic.com

ဆူကာနို၏ သမ္မတရုံးကြေညာချက် ထုတ်ပြန်သံသည် မတ်လ ၁၁ ရက်နေ့ အမိန့်စာနှင့် ဖြောင့်ဖြောင့်ချည်း ဆန့်ကျင်လျက်ရှိ သည်။ဗိုလ်ချုပ်ကြီး ဆူဟာတိုနှင့်တကွ စစ်တပ် အကြီးအကဲများ က တုန့်လှုပ်အံ့ဩသွားကြသည်။

နိုင်ငံအကြီးအကဲ(ဆူကာနို)အား ပြည်သူက ပုန်ကန် ထကြ လာခြင်းကို တားဆီးရန်နှင့် သမ္မတ(ဆူကာနို)အား သခင်းဝ ပေးလိုသော ဆန္ဒတို့ကြောင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ဝန် ကြီး ၁၅ ဦးကို ဖမ်းဆီးရန် ဆုံးဖြတ်လိုက်လေသည်။ဤဆုံးဖြတ် ချက်ကို ဗိုလ်ချုပ်ကြီးဆူဟာတိုက သမ္မတဟူသော ရာထူးကို ခံယူ သုံးစွဲလျက် မတ်လ ၁၈ ရက်နေ့စွဲဖြင့်ထုတ်ပြန်လိုက်သည်။

ထိုဝန်ကြီး ၁၅ ဦးမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်ကြသည်။

(၁) ဒေါက်တာ ဆူဘန်ဒရီယို —ပထမ ဒု-ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး
(၂) ချယ်ရာဆေး —တတိယ ဒု-ဝန်ကြီးချုပ်
(၃) အာဆက်ဒီ ရက်ဆိုပရိုဂျို —လျှပ်စစ်ဝန်ကြီး
(၄) စူမာဂျို —ပညာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီး
(၅) အိုဂျိုတက် — ပြည်နယ်ဆိုင်ရာဝန်ကြီး
(၆) စူရာ့မန် — ပြည်သူ့ဆည်မြောင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး
(၇) ဂျူစွပ်မူဒါဒလန် — ဘဏ်ရေးရာဝန်ကြီး
(၈) အာမူနာတို — သတ္တုတွင်းဝန်ကြီး



(၉) စူတိုမို မာတို ပရာဒိုတို — အလုပ်သမားဝန်ကြီး
(၁၀) အတ္တာရာဝိနတ — တရားရေး ဝန်ကြီး
(၁၁) ဒု-ဗိုလ်ချုပ်အက်မဒီ — ပြန်ကြားရေးဝန်ကြီး
(၁၂) ဒု-ဗိုလ်မှူးကြီး အေမန်ရှဖီ — သမ္မတ၏ လုံခြုံရေး ဝန်ကြီး
(၁၃) အခါဒီ — သမဝါယမဝန်ကြီး
(၁၄) တူမခါခါ — အမျိုးသားညီညွတ်ရေး ဝန်ကြီး
(၁၅) ဒု-ဗိုလ်ချုပ်ဒေါက်တာစူမာနို စိုစံရို အက်မိုဂျို — ပြည်ထဲရေးဝန်ကြီး

တချိန်တည်းမှာပင် ဗိုလ်ချုပ်ကြီး ဆူဟာတိုက ကဲဘိနက်တွင် လစ်လပ်သွားသော ဝန်ကြီးများ နေရာတွင် လူစားများထိုး၍ ခန့်ထားလိုက်လေသည်။

× × ×

မတ်လအလယ်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ပြည်တွင်း ရေး ငြိမ်ငြိမ်သက်သက်ဖြစ်သွားအောင် စီမံကွပ်ကဲနိုင်လိုက်သည်။ သမ္မတနှင့် တိုက်ရိုက်ထိတွေ့ရမည့် လုပ်ငန်းများကို ဆူဟာတိုက ရှောင်နေသည်။

မတ်လ ၁၁ ရက်နေ့ အမိန့်ကြေညာစာသည် ဗိုလ်ချုပ်ကြီး ဆူဟာတို၏အင်အား သုံးစွဲခြင်းနှင့် ကိုယ်စား လွှဲအပ်ခြင်းတို့

www.burmeseclassic.com

www.burmeseclassic.com



မပါဝင်ပဲ ဗိုလ်ချုပ် သိုးဦးဖြစ်သော ဘစုကီရုပ်မက်၊ ယူစွပ်နှင့် မက်မတ်တို့၏ကျမ်းကျင်စွာ စီစဉ်လိုက်မှုဖြစ်သည်။

မတ်လ ၁၁ ရက်နေ့၊ ကုန်လွန်ခဲ့ပြီးနောက် ပထမဆုံးပြည်သူသို့ ကြေညာချက်တွင် ဗိုလ်ချုပ်ကြီး သည် သမ္မတ၏ မျက်နှာကို ထောက်ထားငဲ့ကွက်ကြောင်းဖော်ပြထားသည်။ အဆိုပါ မတ်လ ၁၂ ရက်နေ့ ကြေညာချက်ကို ပြည်သူများကခြီးကျူးထောပနာ ပြုကြသည်။

"သမ္မတဆိုသည်မှာ ကျွန်ုပ်တို့ချစ်မြတ်နိုးကြသော ဘွန်ကာနိုကို ဆိုလိုပါသည်" ဟုဖော်ပြထားသည်။

အင်ဒိုနီးရှား နိုင်ငံရေး သံသရာတွင် ကြေးကြော် သံများသည် ကာလများစွာ ထွက်ပေါ် လာခဲ့ သည်။ ရုတ် တ ရက် အပြောင်းအလဲ ဖြစ်သွားလိုက်ခြင်းသည် ပြည်သူတို့ကို အံ့အားသင့်သွားစေသည်။ ဤနည်းအားဖြင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် နိုင်ငံတော်အာဏာကို လက်ဝယ်ရယူနိုင်ခဲ့သည်။

× × ×



# ၆

## အခြေခံ ဥပဒေဆိုင်ရာ နည်းလမ်း

၁၉၆၆-ခု မတ်လ အလယ်ပိုင်း မုန်တိုင်းထန်သော ရက်များအတွင်းက ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် လမ်းနှစ်သွယ်၏ ခွဆုံသို့ ရောက်နေခဲ့သည်။ တက်ကြွသော လူငယ်ထု၏ ထောက်ခံအားပေးမှုကြောင့် တော်လှန်ရေးလမ်းသို့ စစ်ဝတ်စုံ ဝတ်လျက်နှင့် ဖြစ်စေ၊ အရပ်ဝတ်နှင့် ဖြစ်စေ လိုက်ရမည်လော။ သို့တည်းမဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ နည်းလမ်းအတိုင်း လိုက်ရမည်လော။

www.burmeseclassic.com

www.burmeseclassic.com

အချို့ သီးသန့် တော်လှန်ရေး လုပ်ငန်းများသည် မလုပ်လျှင် မဖြစ်အောင် လွန်စွာ အရေးပါလှသည်။ ဥပမာ ကွန်မြူနစ်ပါတီကို တနိုင်ငံလုံးတွင် ဖျက်သိမ်းခြင်းနှင့် ဝန်ကြီး ၁၅-ဦးကို ဖမ်းဆီးခြင်းတို့ ဖြစ်သည်။

သို့ရာတွင် ဆူဟာတိုသည် ကြေးစား တော်လှန်ရေးသမား တယောက် မဟုတ်။ သူသည် စစ်တပ်၏ စည်းကမ်းဘောင် အတွင်း ကြီးပြင်းလာသူ ဖြစ်ရကား သူ့အထက်က ဘုရင်ကို ကျော်၍ လုပ်မည့်လူ မဟုတ်။

ဗိုလ်ချုပ်ကြီး ဆူဟာတို၏ မတ်လ အလယ် လှုပ်ရှားမှု အရေး အခင်းများသည် အင်ဒိုနီးရှား ပြည်သူ တရပ်လုံးအဖို့ ထူးခြား အံ့သြဖွယ်ဖြစ်ရပ်များ ဖြစ်ကြသည်။ လွန်ခဲ့သည့် တနှစ်ခန့်က ဆိုလျှင် ဤသို့ ဖြစ်လာလိမ့်မည်ဟု မည်သူကမျှ မထင်မိခဲ့ကြချေ။ အိပ်မက်ထဲမှာပင် မမက်မိခဲ့ကြပေ။ ဆုံးဖြတ်ချက်များ၊ သမ္မတ ကိုယ်စား အမည်ဖြင့် ကြေညာချက်များကို ပို၍ အံ့သြကြရ သည်။

မတ်လ ၁၁-ရက်နေ့ထုတ် အမိန့်ကြေညာစာနှင့် ပတ်သက်၍ ထိုရက်များအတွင်းက ပြောဆို ဆွေးနွေးသံများ ထွက်ပေါ်လာ ခဲ့သည်။ သမ္မတ ဆူကာနိုက ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ညွှန် ကြားသည့် 'ညွှန်ကြားချက်လား'၊ သို့မဟုတ် 'လုပ်ပိုင်ခွင့် အာဏာကို အကန့်အသတ်ဖြင့် လွှဲအပ်ပေးခြင်းလား' ဟု တွေးတော စောကြောသမှု ပြုခဲ့ကြသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတို အနေနှင့် ကြည့်ပါက သမ္မတ၊ စစ် တပ်နှင့် ပြည်သူများ၏ ငြိမ်ဝပ်ပိပြားမှုသည် ရပ်ရွာ အေးချမ်း



ရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိပါးပျက်ပြားလာစေသော ကြောင့် ၎င်းတို့လည်း ပျက်စီးလာသည့် အခြေသို့ ရောက်လာ သဖြင့် အရေးပေါ်အခြေအနေ အမိန့် ကြော်ညာစာကို ထုတ် ပြန် ကြေညာရခြင်း ဖြစ်သည်။

မတ်လ ၁၁-ရက်နေ့ အမိန့်စာသည် ၁၉၄၅-ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အခန်း ၇ အပိုဒ် ၂၂ တွင် ပြဋ္ဌာန်းထား သည့်အတိုင်း နိုင်ငံတွင်း ပေါ်ပေါက်လာသော အရေးပေါ် အခြေအနေအရ သမ္မတ၏ ဆုံးဖြတ်ပိုင်ခွင့်ကို အကောင်အထည် ဖော်ထားခြင်း ဖြစ်သည်။ လုပ်ထုံးလုပ်နည်းများအရ သမ္မတ၏ ယင်းအရေးပေါ် ကြေညာချက်ကို အနီးဆုံး လွှတ်တော်အစည်း အဝေးသို့ တင်ပြ၍ လွှတ်တော်၏ သဘောတူညီချက် ရယူရမည် ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက မတ်လ ၁၁-ရက် အမိန့်စာအား မကြာခဏ သုံးစွဲရန် ဆန္ဒမရှိကြောင်း ပြောပြသည်။

"ချိန်ထက်တဲ့ အသွားဟာ သုံးဖန်များရင် တုံးတတ်တယ်"

၁၉၆၆-ခု ဇွန်လ ၁၇-ရက်နေ့က ရေဒီယိုနှင့် ရုပ်မြင်သံကြား တို့မှတဆင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုက ပြောကြားသွားသည်။

"အထူးသဖြင့် တကယ့်ကို လိုအပ်မှ ယူသုံးစွဲသင့်တယ်၊ ခင် ဗျားတို့လဲ ကျုပ် တွေးခေါ်သလို တွေးခေါ်ကြည့်စမ်းပါ"

နိုင်ငံရေးအာဏာကို သိမ်းပိုက်ချုပ်ကိုင်ရန် သွေးဆောင်ခြင်း ကို ရှောင်ရှားသည့်အနေဖြင့် ဆူဟာတိုသည် ၁၉၄၅-ခုနှစ် နိုင်ငံ တော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ထိန်းသိမ်းရင်း ဒီမိုကရေစီ ညွှန်းကားသော ဘဝကို လိုလားကြောင်း ဆန်းစစ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတို၏ ကြိုးပန်းမှုသည် သူ၏ အနီးကပ်ဆုံး အရပ်ဖက်နှင့် စစ်ဖက် အကြံပေး ပုဂ္ဂိုလ်များ၏ အားပေးမှုကို ခံယူရင်း ပြည်နယ် ပြည်သူ့ အတိုင်ပင်ခံလွှတ်တော်ကို ပြန်လည်ဖွဲ့စည်းရန် ရည်ရွယ်သည်။ ၁၉၄၅-ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီ ပြည်သူ့လွှတ်တော်၊ အကြံပေး အာဏာပိုင်ကောင်စီ ပြည်နယ် ပြည်သူ့ အတိုင်ပင်ခံ လွှတ်တော်နှင့် အခြား ဗဟို အစိုးရဌာနများကို လိုအပ်သလို ပြန်လည် ဖွဲ့စည်းရန် ရည်ရွယ်သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို လိုက်နာစောင့်ထိန်းသောအားဖြင့် ပြည်သူ့ ကွန်ဂရက်အား ပျက်ပြားအောင် လုပ်ဆောင်နေသည့် သမ္မတ ဆူကာနိုအား ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် အညီ ဖြစ်စေလိုသည်။

၁၉၄၅-ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အခန်း ၅ အပိုဒ် ၁၇-အရ သမ္မတသည် ဝန်ကြီးများအား ခန့်နိုင် ဖြုတ်နိုင်သော်လည်း ဗိုလ်ချုပ်ကြီး ဆူဟာတိုက သမ္မတ ဆူကာနိုသည် ဝန်ကြီးများအား ကက်ဘိနက်အသစ် ပြန်လည်ဖွဲ့စည်းရင်း ပြန်ခန့်စေချင်သည်။

တိုးတက်သော ကက်ဘိနက် အဖွဲ့ကို မတ်လ ၂၇-ရက်နေ့တွင် ပြင်ဆင် ဖွဲ့စည်းပြီး မတ်လ ၃၀-ရက်နေ့တွင် ကျမ်းကျိန်ခဲ့သည်။ ထိုပွဲသည် ဝန်ကြီးအဟောင်းများ၊ အသစ်များနှင့် ပူညံပူညံ ဆူညံစွာ ပြီးဆုံးသွားခဲ့သည်။ မည်သူမျှ ရွှင်ရွှင်ပြပြ မရှိကြ။

သမ္မတ ဆူကာနိုသည် နန်းတော်တွင်းဝယ် ဝန်ကြီး အသစ်များ၏ အမည်စာရင်းများကို ကြေညာရာတွင် တစုံတရာ အလျှင်



အမြန်ဆုံး အရေးကိစ္စ လိုအပ်လာလျှင် မိမိအား တင်ပြစေ၍ မိမိ အကြံဉာဏ်များ သုံးရန် ကြေညာ ပြောဆိုသွားသည်။

ဆူကာနိုသည် ဒုတိယ ဝန်ကြီးချုပ်ဒေါက်တာလီမီးနားအား ယင်း၏ ကြေညာချက်ကို အပြီးသတ် ဆက်လက် ဆောက်ရွက်ရန် ပြောကြားရင်း အခန်းအပြင်ဖက် လှည့်ထွက်သွားလေသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက ကက်ဘိနက်အပေါ် ဝေဖန်သုံးသပ်သည့် ကြေညာချက်တစောင် ထုတ်ပြန်လိုက်ရာ ယင်းကြေညာချက်တွင် လက်ရှိ ကက်ဘိနက် ဖွဲ့စည်း တည်ထောင်လိုက်ခြင်းသည် အဆင့်အနေဖြင့် များစွာ တိုးတက်လာခြင်း ဖြစ်ပါသည်ဟု ဖော်ပြထားသည်။

ပဉ္စသီလတပ်များအတွင်းဝယ် ဝေဖန်သုံးသပ်ရေးသည် ပိုမို ပွင့်ကျယ်လာတော့သည်။ သူတို့၏မျက်စိများထဲတွင်ကက်ဘိနက် အသစ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာစိတ်ဓာတ်လုံးဝ မရှိဟု မြင်ကြသည်။ ပြီးတော့လည်း သမ္မတ ဆူကာနိုက သူ့ ကိုယ်သူ အာဏာအပြည့်အဝ အရှိဆုံးဖြစ်ပြီး သူသည် ရာဘာ တံဆိပ်တုံးဘဝ မရောက်ဟု ယူဆထားမြဲဖြစ်သည်။

ပြည်သူက ဗိုလ်ချုပ်ကြီး ဆူဟာတိုအား တိုင်းပြည် ပျက်စီးအောင် လုပ်လာခဲ့သည့်လူများနှင့် လုံးဝ အပြီးအပြတ် လမ်းခွဲစေပြီး မိမိစိတ်ကြိုက် ဝန်ကြီးအဖွဲ့သစ်ကို ဖွဲ့စည်းစေရန် ဆန္ဒရှိနေကြလေသည်။

× × ×

၁၉၆၆ ခုနှစ် မတ်လအလယ်က သမ္မတ ဆူကာနိုသည် သူ့ တပ်များအား ဒေါသစကားများဖြင့် ကြိမ်းဝါးခဲ့သည်။ ယခုမူ

www.burmeseclassic.com

www.burmeseclassic.com



သူသည် အပြုံးကို ဆောင်၍ ဘာမှ မဖြစ်ခဲ့သလို ပြန်ဆောင်လာပြန်သည်။ သို့ရာတွင် သူ့အပြုံးသည် ပရိသတ်နှင့် ကင်းကွာသွားခဲ့ပြီဖြစ်သော ဇာတ်ကောင် တယောက်၏ အပြုံးသက်သက်သာ ဖြစ်နေလေသည်။

တရွေ့ရွေ့ ပြောင်းလဲလျက်ရှိသော လေအဟုန်သည် တိုက်ခတ်လျက်ရှိ၏။ ပြည်သူက အပြုံးဖြင့်ဖြစ်စေ၊ စစ်မိန့်ဖြင့် ဖြစ်စေ ဆောင်ရွက်လာခြင်းကို မလိုလား မနှစ်မြို့ ကြတော့ချေ။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဘီးကြီးသည် စတင်လည်ပတ် လှုပ်ရှားလျက် ရှိနေလေပြီ။

ဂျကာတာ မြို့တော်တဝိုက်တွင် 'သမ္မတ ဆူကာနိုက သူ့ရဲ့ မတ်လ ၁၁ ရက်နေ့ထုတ် အမိန့်ကို ပြန်ရုပ်သိမ်းတော့မယ်တဲ့' ဟူသော ကောလာဟလများက လွင့်ပျံ့လျက်ရှိသည်။

မြို့တော်အတွင်းရှိ နံရံများတွင် 'အဖဟာတို ပြည်သူတွေက အဖနောက်မှာ ရှိနေကြတယ်၊ မကြောက်ပါနှင့် ဆက်လုပ်ပါ' ဟူသော ပိုစတာ စာတမ်းများ ကပ်လာကြသည်။ ဆူကာနိုအား ကျောင်းသားအဖွဲ့မှ မြေပြင်တွင်ထိုင်၍ ဆန္ဒပြကြသည်။ ဆူကာနို၏ မိန့်ခွန်းများနှင့် လက်တွေ့လုပ်ရပ်များသည် ကွဲလွဲလာလေပြီ။ ပြည်သူလူထု၏ သဘောဆန္ဒနှင့် ဆန့်ကျင်နေလေပြီ။ ဆန္ဒပြပွဲများ အကြိမ်ကြိမ် ထပ်တလဲလဲ ပေါ်ပေါက်နေသည်။ ဆူကာနိုအား ၁၉၄၅ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်သော်၎င်း၊ အမှန်တရားနှင့်သော်၎င်း၊ သွေဖီ ဆန့်ကျင်နေလေပြီ။

ဗိုလ်ချုပ် နာဆူးရှင်းက ၁၉၄၅ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဖက်သို့ လိုက်ရေး လှုံ့ဆော် ဟောပြောရာတွင်



ထုတ်ဖော်ပြောသည်။ ပြည်သူ့ကွန်ဂရက် (လွှတ်တော်) သည် အစိုးရအဖွဲ့၏ ဆရာဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုသည်။

လေးစားအပ်သော နိုင်ငံရေးသမားဟောင်းကြီး တဦးဖြစ်သည့် ဒုတိယ သမ္မတဟောင်း ဒေါက်တာ မိုဟာမက်ဟတ်တာက ယိမြင်သံကြားနှင့် တွေ့ဆုံပြောဆိုရာတွင် ပြည်သူတွေ အထူးသဖြင့် လူငယ် ကျောင်းသားတွေသည် ၁၉၄၅ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် ဒီမိုကရေစီ အခွင့်အရေးများနှင့် တိုးတက်သော ပါလီမန်သစ်ကို တောင်းဆို ကြခြင်းဖြစ်သည်ဟု ပြောပြသည်။

သမ္မတဆူကာနိုကမူ သူတယောက်တည်းသာလျှင် နိုင်ငံတော် ကြီးမြတ်သော ခေါင်းဆောင်ကြီးဖြစ်သည်ဟု ယုံကြည် ထား ခံယူထားဆဲဖြစ်သည်။

တဖက်တွင်မူ ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ပြည်သူ့လွှတ်တော်မှ လေသံများလိုသာ ပြောဆို ပြုမူ ဆောင်ရွက်လာသည်။

ဆူကာနိုက ယခုတိုင် လွှတ်တော် အစည်းအဝေးအား မှုလ စီစဉ်ထားသည့် မတ်လ ၁၂ ရက်နေ့အား ပြင်ဆင်ရွှေ့ဆိုင်း ၍ရှင်း သူ့ဩဇာ အာဏာကို ပြသဆဲဖြစ်သည်။ အင်ဒိုနီးရှား ပြည်သူ့လွှတ်တော် အစည်းအဝေးအား ဂျကာတာ မြို့တော်ရှိ ဆင်းဝင် စီနဂျန် အားကစား ခန်းမဆောင်ကြီးတွင် ၁၉၆၆ ခု ဇွန်လ ၂၀ ရက်နေ့မှ ဇူလိုင်လ ၆ ရက်နေ့အထိ ကျင်းပခဲ့သည်။

တွေ့ဆုံအကြိမ်မြောက် ပြည်သူ့လွှတ်တော် အစည်းအဝေး ပြုလုပ်လိုက်သည်နှင့်တပြိုင်နက် အခြေအနေများသည် ပို၍

www.burmeseclassic.com

www.burmeseclassic.com



မြင်းထန်လာသည်။ကျောင်းသားနှင့် အခြား လူထု လူတန်းစား
အဖွဲ့များမှ ပုဂ္ဂိုလ်များသည် ဂျကာတာ မြို့တော်၏ လမ်းမများ
ပေါ်တွင် လှည့်လည်ဆန္ဒပြကြသည်။သမ္မတဆူကာနိုအပေါ် ဝေ
ဖန်သုံးသပ်ချက်သည်ပို၍ပြင်းထန်လာသည်။ဗိုလ်ချုပ်ကြီး ဆူဟာ
တိုက ဆူကာနိုအပေါ် ဝေဖန်ချက် စာတမ်းများကို တတ်စွမ်း
သရွေ့ တားမြစ်ဟန့်တားသည်။

"ဘွန်ကာနိုကို ထောက်ခံတာ ဆန့်ကျင်တာ မေးစရာမလိုပ
ဘူး" ဟု ဆူဟာတိုက ပြောသည်။

ဇွန်လ ၂၂ ရက်နေ့ လွှတ်တော် အစည်းအဝေးတွင် တွေ့
သော သမ္မတ ဆူကာနို၏ သွင်ပြင် အနေအထားသည် ယခင်က
နိုင်ငံရေးသမားသွင်ပြင် လက္ခဏာများနှင့် လုံးဝကွဲပြားခြားနား
နေသည်ကို တွေ့ကြရသည်။ ခါတိုင်းလို ဘီနဲကာတွန်ဂါ အိက
မိန်းခလေးများ၁လည်း မရှိတော့။ဘွန်ကာနို ဘွန်ကာနို ဟူသော

---

၁ **Bhinneka Tunggal Ika girls**ဘီနဲကာ တွန်ဂါ အိကဟူသော
အင်ဒိုနီးရှားစကား၏ အဓိပ္ပာယ်မှာ 'ကွဲပြားနေသော်လဲ တ
ထဲရယ်' ဟု အဓိပ္ပာယ်ရသည်။နိုင်ငံခြား ဧည့်သည် အန္တိအပြား
မိန်းခလေးများကို ရွေးချယ် စုရုံး၍ ရိုးရာဝတ်စုံ ဝတ်ဆင်
ပြီး ထားသော မိန်းမချောများ ဖြစ်သည်။ ဆူကာနိုသည်
၄င်း ချောမောလှပသော မိန်းမပျိုများတပ်ဖွဲ့၏ ဂုဏ်ပြုခြင်း
ကြည်နူးနှစ်မြို့က်စွာ ခံယူလေ့ရှိသည်။ ဘီနဲကာတွန်ဂါ အိက
ဟူသောစကားလုံးမှာ ရှေးဟောင်း ဂျာဗား ကျွန်းသားတို့
ဆောင်ပုဒ်စကားဖြစ်ပြီး ၁၅ ရာစု နှစ်တွင် ကဗျာဆရာ
မှုတန်တူလာ ( **Mpu Tantular** ) က ပထမဦးဆုံး၍စကား
လုံးကို စတင် သုံးစွဲခဲ့လေသည်။



သူ့၏ ကြွေးကြော် ကောင်းခြီးသြဘာသံများလည်း မရှိကြ
တော့။

ယခုတွင် သူ့ကို ဂုဏ်ပြုကြ ချီးကျူးကြခြင်းထက် သူ့အား
ဆန့်ကျင်သူများ၏ အနိုးကပ် အန္တရာယ်ကို တားဆီးသည့် အနေ
ဖြင့် အန်းမတ်ကားများ၊ စစ်ကားများ အထပ်ထပ် စောင့်ကြပ်
ချထားရသည်။

သမ္မတသည် သူ့အား ဗိုလ်ချုပ်ကြီး ဆူဟာတိုက အခွင့်
အရေး ပေးခဲ့ခြင်းကို လက်လွှတ်ဆုံးရှုံးခဲ့ပြန်သည်။ အမှန်အား
ဖြင့် ထိုအချိန်က ဆူကာနိုသည် သူ့အမှားကို သူ သခ်န်းစာရပြီး
နိုင်ငံရေးသိက္ခာ ပြန်တင်ခဲ့လျှင် ရနိုင်သေးပါလျက်နှင့် သူ၏
မြင့်မျက်ကန်း တဇွတ်ထိုး ကျင့်သုံးမှုသည် သူ့ကို ကျဆင်းစေ
ခြင်းဖြစ်သည်။

ဤသို့အားဖြင့် နောက်ဆုံးတွင် လွှတ်တော်အစည်းအဝေးမှ
ဆူကာနို၏ အာဏာများကို လျှော့ချပြီး ဆူဟာတိုအား တရား
ဝင်အဆင့် မြှင့်တင်ပေးလိုက်သည်။ လွှတ်တော် အစည်းအဝေး
ဆုံးဖြတ်ချက်များထဲမှ ထူးခြားချက်များမှာ အောက်ပါအတိုင်း
ဖြစ်သည်။

(က) မတ်လ ၁၁-ရက်နေ့ အမိန့်သည် မှန်ကန်၍ ပြည်သူ့ လွှတ်
တော်မှ အတည်ပြုသည် (၉/လွှတ်တော်/၁၉၆၆)

(ခ) နောက်ဆုံး ၁၉၆၆ ဩဂုတ်လ ၁၇-ရက်နေ့တွင် လွှတ်တော်
ဆုံးဖြတ်ချက် (၉/၁၉၆၆)နှင့် အညီ ကတိနှုတ်ပွဲထား
သည့် ဆူဟာတိုအား သမ္မတ ဆူကာနိုက လုပ်ငန်းတာဝန်

www.burmeseclassic.com

www.burmeseclassic.com



များ လွှဲပြောင်းပေးရန်၊ ကဲဘိနက် အသစ်သည် လူထု၏ လူနေမှု အဆင့် တိုးမြင့်လာစေရေးအတွက် ဦးစားပေး စီမံချက် ချမှတ်ဆောင်ရွက်ရမည် (၁၃/လွှတ်တော်/ ၁၉၆၆)

(ဂ) သမ္မတ ဆူကာနိုက မဆောင်ရွက်နိုင်သည့်အခါ ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် မတ်လ ၁၁-ရက်နေ့ အမိန့်ပိုင်ရှင်ဖြစ်သည်နှင့် အညီ သမ္မတ၏ တာဝန်များကို ထမ်းရွက်ရမည် (၁၅/လွှတ်တော်/၁၉၆၆)

(ဃ) 'ကြီးမြက်သော တော်လှန်ရေးမဟာခေါင်းဆောင်ကြီး' ဟူသော ဆူကာနို၏ ဂုဏ်ပုဒ်ကို လျှော့ချ၍ ရိုးရိုးသာမန် ဂုဏ်ပြုအထိမ်းအမှတ်သာ ထားရှိပြီး တရားဝင် အာဏာ မရှိစေရ (၁၇/လွှတ်တော်/၁၉၆၆)

(င) 'ကြီးမြတ်သောတော်လှန်ရေး မဟာခေါင်းဆောင်ကြီး' ဟူသော ဂုဏ်ပုဒ် ခန့်အပ်ခဲ့သည့် ပြည်သူ့လွှတ်တော် ဆုံးဖြတ်ချက် (၃/လွှတ်တော်/၁၉၆၃) နှင့် ယင်းဆုံးဖြတ်ချက်အရပင် ရာသက်ပန် သမ္မတ ဟူသော ဆုံးဖြတ်ချက်များကို ပယ်ဖျက်လိုက်သည် (၁၈/လွှတ်တော်/ ၁၉၆၆)

မိမိ၏ နိုင်ငံရေး အယူဝါဒ ပေါ်လစီများကို ပြည်သူ့လွှတ်တော်သို့ ရှင်းလင်းတင်ပြရန် ဆူကာနို၏ငြင်းဆိုချက်သည်ဇွန် ၂၂ ရက်နေ့တွင် စီနဂျန်ခန်းမဆောင်ကြီးရှေ့၌ နောက်ထပ်ကြီးမားသော လူထုဆန္ဒပြပွဲကြီး ဖြစ်ပေါ်လာအောင် လှုံ့ဆော် ပေးလိုက်သကဲ့သို့ ဖြစ်သွားပြန်သည်။



ကျောင်းသားကိုယ်စားလှယ် တဖွဲ့သည် ပြည်သူ့လွှတ်တော် ...အဖြစ် ပုပုန္နေးနွေး အရွေးခံရသော ဗိုလ်ချုပ်နာဆူးရှင်းထံ ...ထက်လာကြသည်။ ဤအချိန်တွင် ဆူကာနိုသည် သမ္မတရာထူး ...နုတ်ထွက်ရန် တိုတောင်းရှင်းလင်းသော စကားလုံးများဖြင့် ...မှာ ခံလိုက်ရ လေသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် အုပ်ချုပ်ရေး ခေါင်းဆောင် ...း တဦးအဖြစ် မားမားမတ်မတ် ပေါ်ပေါက်လာပြီး ဖွဲ့စည်းပုံ ...ခြေခံဥပဒေနှင့်အညီ မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်သွား ...ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ဆန္ဒပြ ကျောင်းသားများကို ဗိုလ်ချုပ်ကြီး ဆူဟာတိုက ...ောင်းဖျစကား ပြောလိုက်သည်။

"ဘွန်ကာနိုဟာ ၁၉၄၅-ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ...ဒေအရ အခုထက်ထိ ကျနော်တို့ရဲ့ သမ္မတကြီး ဖြစ်ပါတယ်၊ ...နော်တို့ လေးစားကြရပါမယ်"

ကဲဘိနက်အသစ် ပြန်လည်ဖွဲ့စည်းလိုက်ခြင်းသည် ဆူကာနို ...အာဏာ ကျဆင်းသွားခြင်းကို ပို၍ ပီပြင်စေသည်။ ၁၉၄၅-ခုနှစ် ...တော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ သမ္မတသည် ဝန်ကြီး ...ကို ခန့်နိုင် ဖြုတ်နိုင်သည်။ နိုင်ငံတော်၏ အမြင့်ဆုံး အာဏာ ...ဖြစ်သော ပြည်သူ့လွှတ်တော်သည် ဆုံးဖြတ်ချက်အပိုဒ်(၉/ ...တော်/ ၁၉၆၆)ဖြင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ကဲဘိနက် ...် အာဏာ ပေးထားလိုက်သည်။

ဆူဟာတိုသည် သူ ရရှိသော လုပ်ပိုင်ခွင့် အာဏာများကို ချက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း မသုံးစွဲခဲ့။ သမ္မတ ဆူကာနိုနှင့် တာဝန်ခွဲဝေ၍ ထမ်းရွက်စေချင်သည်။

ဤနည်းအားဖြင့် ပြန်လည်ပြင်ဆင်ရေး ဝါဒီများ၏ မျက်စိထဲတွင် အစိုးရ အဖွဲ့သစ်သည် ယခင်ကနှင့် ထူးမခြားနား မြင်လာသည်။ အစိုးရ အဖွဲ့သစ်တွင် နိုင်ငံရေးအုပ်စုများ ပါ များနှင့် စစ်တပ်မှ ပုဂ္ဂိုလ်များသာ ယခင်ကလို ပါဝင်ထားပြီး အုပ်ချုပ်ရေး ကျွမ်းကျင်သူများ၊ အတတ်ပညာရှင်များ၊ ဘော ဗေဒ ပညာရှင်များ မပါဝင်ကြချေ။

ပြည်သူ့ လွှတ်တော်၏ စတုတ္ထအကြိမ် အစည်းအဝေးသည် ထူးထူးခြားခြား ဆူဟာတိုအား ပို၍ အာဏာ လုပ်ပိုင်ခွင့် အ နှင်းသည့်ပွဲ ဖြစ်သည်။

× × ×



၇

## သတ္တိ စစ်ပွဲ

ပြည်သူ့ လွှတ်တော် စတုတ္ထ အစည်းအဝေးသည် ဗိုလ်ချုပ် း ဆူဟာတိုအား တရားဝင် အာဏာ အပ်နှင်းပေးလိုက်သော စ်သော်လည်း ဆူကာနိုနှင့် ဆူဟာတိုတို့အကြား ပေါ်ပေါက် သော ပဋိပက္ခ တရားကိုမူ ချေဖျက်ပေးနိုင်စွမ်း မရှိခဲ့ပေ။

ဆူကာနိုသည် အာဏာသိမ်းရန် ကြံစည်သည့် အရေးအခင်း ပြင်းထန်သော အုပ်စုဖက်မှ ချဉ်းကပ် ပူးပေါင်း မိထား သည်။ ဤ နိုင်ငံရေး သံသရာတွင် လက်ဝဲသမားများ၊ ပါတီ

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစုံမှ ပုဂ္ဂိုလ်များ၊ အထူးသဖြင့် ပီအင်အိုင် မျိုးချစ်ပါ တို့ပါဝင်ကြသည်။

အများစုက ကွန်မြူနစ်ပါတီကို ဖျက်သိမ်းရန် သဘောတူ သည်။ အချို့ဒေသများ၊ ဥပမာ ဘာလီကျွန်းတို့တွင် ပီအင်အို မျိုးချစ်ပါတီ အင်အားစုများက ကွန်မြူနစ် ဆန့်ကျင်ရေး လ ရှားမှုများကို တိုက်ရိုက် ပူးလုပ် ဆောင်ရွက်လာသည်။ သို့ရာ ဤအင်အားစုများသည် ဆူကာနိုကို လိုလားသော လူများ ဖြ သည်။ ပြန်လည် ပြင်ဆင်ရေး သမားတို့၏ တော်လှန်သော သတ္တိကို ဆန့်ကျင်လိုသူများ ဖြစ်သည်။ နိုင်ငံရေး လုပ်ရပ်အ ဖြင့် 'ဆူကာနို ကွန်မြူနစ် သေးသိမ်ရေး'ကို လိုလားကြသည်

၁၉၆၆-ခုနှစ် ဩဂုတ်လ ၁၇-ရက်နေ့၊ အမျိုးသားနေ့တ သမ္မတ ဆူကာနိုသည် အမျိုးသား မိန့်ခွန်းကို ပြောပြန်သည် သူ့လေသံက အရင်က အတိုင်းပင်။

ဆူကာနိုက သူ့ကိုယ်သူ အင်ဒိုနီးရှားခေါင်းဆောင်ကြီး၊အ အားရှိသော သမ္မတကြီး၊ ပြည်နယ် ပြည်သူ့လွှတ်တော်မှ ကောက် တင်မြှောက်ထားခြင်း ခံရသော သမ္မတ၊ လက်နက်ကို တပ်ပေါင်းစု၏ အမိန့်ပေး တပ်မှူးချုပ်၊ ဝန်ကြီးချုပ်ဟု ပြော သုံးစွဲနေဆဲ' ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက သမ္မတ ဆူကာနို၏ ဟောပြော ပို့ချချက်ကို သူ၏ ဂျာဗား ကျွန်းသား အပြုံးမျိုးဖြင့် ပြုံး လက်ခံသည်။ မတ်လ ၁၁-ရက်နေ့ အမိန့်မှာ 'လုံခြုံရေးအမိ ဖြစ်ကြောင်း၊ 'အာဏာ လွှဲပြောင်းပေးမှု' မဟုတ်ကြောင် ရှင်းပြသည်။



ဗိုလ်ချုပ်ကြီးဆူဟာတိုနှင့် ၁၉၆၆ ခုနှစ် ပြည်သူတို့က သမ္မတ သခ်နံးစာရပါစေ၊အမိန့်သစ်နှင့်ဆက်သွယ်ဆောင်ရွက်နိုင်ပါ သော စိတ်အား ထက်သန်စွာ မျှော်လင့်ကြ သော် လည်း ာနိုသည် အမျိုးသားနေ့ မိန့်ခွန်းတွင် သနားစရာကောင်း ် စကားလုံးများကို ဖေါ်ထုတ် ပြသသွားသည်။

"အို....ပြည်သူတို့ လာကြစမ်းပါ၊ သားမောင် စစ်သည်တို့ နတ်တွေ ပခုံးပေါ် တင်ထားကြတဲ့ ငါ့သား စစ်သည်တို့ တို့အားလုံးဟာ တိုးတက်တဲ့တိုက်ပွဲဝင် လူငယ်တွေဖြစ်တယ်၊ တို့အားလုံးဟာအင်ဒိုနီးရှားတော်လှန်ရေးတပ်သားကောင်း ဖြစ်တယ်၊မင်းတို့ဟာ သေတဲ့အထိ တိုက်ပွဲဝင်သွားကြမယ် ာ ငါယုံကြည်ပါတယ်၊ဒါ့ကြောင့်လဲပဲ အင်ဒိုနီးရှား တော် ရေးကြီးဟာ အောင်ပွဲတွေ ရတော့မှာ ဖြစ်တယ်၊ ငါဟာ တို့ရဲ့ကြီးမြတ်တဲ့ခေါင်းဆောင်ကြီးဖြစ်တယ်၊ ပြည်သူ့ လွှတ် ်က ဆုံးဖြတ်ထားခဲ့တယ်၊ ငါဟာ မင်းတို့ ခေါင်းဆောင် ဖြစ်တယ်တဲ့၊ ငါ့ရဲ့ ခေါင်းဆောင်မှုနောက်ကို လိုက်ကြပါ၊ သွန်သင်ညွှန်ကြားမှုတွေကိုနာယူကြပါ၊တော်လှန်ရေး ခရီး ဆက်လက်ချီတက်ကြပါ၊ငါ့ရဲ့ဦးဆောင်လမ်းညွှန်မှုကို လိုက် ဆောင်ရွက်ကြပါ၊ အို....အလ္လာဘုရားသခင်ကယ်တော်မူပါ၊ ခေါင်းဆောင်မှုအောက်မှာ အင်ဒိုနီးရှားတော်လှန်ရေးကြီး ်မြင့်ပါစေ"

သူနှစ်ယောက်ကိုမြင်နေကြရပြီ၊ တယောက်က စကားပြော ည်။ကျန်တယောက်က အလုပ် လုပ်နေသည်။ သူတို့ကား ာနိုနှင့်ဆူဟာတိုတို့နှစ်ဦးဖြစ်ကြသည်။ ဆူကာနိုက လူထုကို

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောနေစဉ် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် အစိုးရ အဖွဲ့ ဥက္ကဋ္ဌအဖြစ်ရင်း၊ ဝန်ကြီးချုပ်အဖြစ်နှင့်ရင်း၊ ပါလီမန်တွင် လာ မည့် ၂ နှစ်တာအတွက် သူ့ မူဝါဒများကို ရှင်းလင်း တင်ပြ သည်။ ဝန်ကြီးအဖွဲ့ အစီအစဉ်အနေဖြင့် အောက်ပါအမျိုးသာ ရေး ကိစ္စများ ဆောင်ရွက်သွားရန်ဖြစ်သည်။

(က) နိုင်ငံတော်၏နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှု အောင် ဖန်တီးကြိုးပန်းရန်။

(ခ) ရုပ်ဝတ္ထုပစ္စည်း လိုအပ်ချက်များ ပြည့်ဝရန်။

၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ ဖြစ်သော လ နက်ကိုင် တပ်များနေ့ (တပ်မတော်နေ့) တွင် သမ္မတ ဆူကာ သည် အစဉ်အလာ ပြပွဲများကို ပြသ စေသည်။ နံနက်ပိုင်း ရိုးရာ အစဉ်အလာ အလေးပြုခြင်းကို ခံယူပြီး သူ၏လက်နက် 'သား' များသို့၊ သူသည် သာလျှင် တပ်မှူးကြီး ဖြစ် ကြေ အခြား မည်သူတစုံတယောက်ကမျှ တပ်မှူးကြီး မဖြစ်ကြေ မိန့်ခွန်းပြောသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုနှင့် အခြားလက်နက်ကိုင် တပ်မှ တပ်မှူးများသည် ငြိမ်သက်တိတ်ဆိတ်စွာရပ်၍တွေးတောစဉ်း နေကြသည်။ ဖခင်တပ်မှူးကြီးတယောက် အနေဖြင့် သမ္မတ နေ့ခင်းပိုင်းတွင် ၁၉၆၅ အောက်တိုဘာ ၁ အရေး အခ ကျဆုံး သူတို့၏ဂူဗိမာန်သို့ သွားရောက်၍ ငိုကြွေးပြီး ဆုတော သမှုပြုသေးသည်။

ငှင်းပြင် ကွယ်လွန်သူ ဝန်ကြီးချုပ် စူတန်ဂျရာ၏ ဂူသို့ သွားရောက်သေးသည်။ စူတန်ဂျရာသည် လွတ်လပ်ရေးတိုက်



ဆုံးချွန်သော သူရဲကောင်းတယောက်ဖြစ်ပြီး ထောင်သို့ အပို့ခံရ သော သေခါနီးမှ ထောင်မှလွတ်ခဲ့ရသူဖြစ်သည်။

ညနေပိုင်းတွင် သမ္မတဆူကာနိုသည် နန်းတော်ပန်းခြံ၌ အပြုံး ဖြင့် ညှော်ခံပွဲတရပ်ကိုခင်းကျင်းပြုလုပ်သည်။ သူက ဗိုလ်ချုပ်များ အား စင်မြင့်ပေါ်တက်၍ သီချင်း ဆိုခိုင်းသည်။ လှပသော မိန်းမပျိုကလေးများကို သူ့ နောက်တွင် လိုက်စေ၍ ဝိုင်းကြီး ပတ်ပတ်လုပ်သည်။ သံတမန်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပျက်လုံးထုတ် ရယ်မောသည်။ အဘိုးကြီးဆူကာနို သန်စွမ်းနေသေးကြောင်း ပြသခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ယင်းညှော်ခံပွဲသို့ တက်ရောက် သော်လည်း ပျော်ရွှင်မှုများ၊ ပျက်လုံးများ၊ ရယ်မောမှုများကို ရှောင်ရှား၍ရှောင်ရှားခဲ့သည်။ သူသည် လူစုလူဝေးနှင့်ခပ်ခွာခွာ ပြရင်း ဒေါက်တာ လီမီးနားနှင့်စကားလက်ဆုံကျနေခဲ့သည်။

ဆူဟာတို၏ ပြုံးမျက်နှာ သည် ထက်မြက်သော အသွင်သို့ ဆောင်လာပြီဖြစ်၏။ လေးနက်သော ပြဿနာများကလည်းစောင့် နေကြပြီဖြစ်သည်။ လူထု ဆန္ဒပြပွဲ များမှာလည်း အရေအတွက် အင်အား ထောင်သောင်း များစွာဖြင့် ပေါ်ပေါက် လာ ပြန် သည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် ဂျကာတာ စစ်တပ်မှူးက ဆန္ဒပြမှုများကို ရုပ်သိမ်း ဖယ်ရှားလိုက်ပြီး ဆူကာနို၏ နန်းတော် တဝိုက်လမ်းများ၊ ပန်းခြံများကို ရှင်းလိုက်သည်။

နိုင်ငံရေးနှင့် စီးပွားရေး တော်လှန်မှု လုပ်ငန်း သည် နှေး ကွေးလှသည်။ အားမရ စိတ်ပျက်သည်ဟု ဆိုကာ လူငယ်တို့က



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်၍ နန်းတော်ကို မုန်တိုင်း စစ်ဆင်ကြသည်။ အ
အနေ ပို၍ပြင်းထန်လုပ်ရှားလာကာ အောက်တိုဘာ ၃ ရက်
တွင် ပစ်ခတ်နှိမ်နင်းမှုများလုပ်သဖြင့် လူငယ် ယောကျ်ားမိန်း
၆၂ဦး ဒဏ်ရာရကာ တယောက်မှာ သေဆုံးခဲ့ရသည်။ စစ်သာ
များအား သေနတ် ပစ်မိန့် ပေး မထားသော်လည်း ကျောင်
သားများက ဟစ်အော် ကြွေးကြော်ခြင်း၊ ခဲနှင့်ပေါက်ခြင်းမျ
ကြောင့် စစ်သားများက သေနတ်ဒင်နှင့်ဆောင့်ကြသည်။ လုံ
နှင့်ထိုးကြသည်။ ဤအဖြစ်အပျက်များသည် အမိန့်ပေး အင်အာ
စုနှင့် တော်လှန်ရေး အင်အားစုတို့၏ တိုက်ပွဲ အသွင် အဖြ
နောက်ပိုင်းတွင် သိမြင် သုံးသပ်မိကြသည်။

ဗိုလ်ချုပ်ကြီးဆူဟာတိုနှင့် ထိပ်တန်းစစ်အရာရှိကြီးများသ
၁၉၆၆ ခုနှစ် တပ်မတော်နေ့ အခမ်း အနား စစ်ရေး ပြပွဲတ
နိုင်ငံတော်၏တရားဝင် သမ္မတအား ဖြောင့်တိုက်ခိုက်မှု မပြု
ရန် ဆုံးဖြတ်ထားခဲ့ကြသည်။

သမ္မတ၏ သားမောင်စစ်သည်သို့ ညွှန်းသော အမျိုးသား
မိန့်ခွန်းကို တုံ့ပြန်ပုံ တွေ့လာရသည်။ အင်ဒိုနီးရှား ရေတပ်သ
တစုသည် ဂျကာတာမြို့လယ်ရှိ ကျောင်း သား ဌာနချုပ် အ
ဝိုင်းဝန်းပြစ်ခတ်သဖြင့် ကျောင်းသား ၄ ယောက် အပြင်းအထ
ဒဏ်ရာရသွားသည်။ ယင်းကိစ္စကို ဂျကာတာ တပ်မှူးက ချက်ခြ
ကြေညာရာတွင် ယင်းကိစ္စမှာ ကျောင်းသား အချို့နှင့် ရေတ
သား အချို့တို့ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ယခုကဲ့သို့ ပ
ပဏ္ဍ ဖြစ်ပွားကြရကြောင်း ပြောဆိုရှင်းပြသွားသည်။ သို့ရာတွ



ဤကိစ္စသည် အဖြစ် အပျက် တရပ်တည်း မဟုတ်၊ တရားဝင်
ဆောက်ချက်ချမှု လွဲမှားနေခြင်းသာ ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ပျော့လွန်းသည်ဟု ဝေဖန်ကြ
သည်။ သူသည် အင်ဒိုနီးရှားပြည်သူတို့အား ဘွန်ကာနို နာမည်ကို
ဆန့်ကျင်ကြရန်နှင့် စနစ်တကျ စည်းရုံး ညီညွတ်ကြရန် သတိ
ပေးသည်။ ကွန်မြူနစ်များသည် ဆူကာနိုအား လှုမ်းမိုးရန် ကြိုးစား
သည်ဟူသော စွပ်စွဲခြင်းမျိုး ခံကြရသည်။

ဆူကာနိုသည် ၁၉၆၆ ခု မတ်လ အလယ်တွင် ဆုံးရှုံးမှုနှင့်
င်ဆိုင်ခဲ့ရပြီး ဒုတိယနှစ်ဝက်တွင် ပြန်လည် တိုးတက်လာအောင်
ကြိုးပမ်းခဲ့သည်။ အင်ဒိုနီးရှား အမျိုးသား ပါတီက ဘွန်ကာနို
က်မှ ရပ်တည်ပြီး ခေါင်းဆောင်ကြီးရာထူးမှ ဖယ်ရှားရန် အား
တ်နေမှုများကို ဆန့်ကျင်ဖယ်ရှားသွားရန် လုံးပန်းလာသည်။
ဂျာဗားကျွန်း ဒေသအချို့တွင် တရားမဝင် အဖွဲ့အစည်းများ
ပေါ်ပေါက်လာသည်။

ယင်း အဖွဲ့ဝင်တို့သည် အဝတ်မဲများ ဝတ်ထားပြီး ခေါင်း
တွင် တဘက်အနီကို ပေါင်းထား၍ လက်မောင်းတွင် ငါဆိုကာနို
က်တော်သား ဟူသော စာတမ်း လက်ပတ် ပတ်ထားသည်။

ဂျာဗားကျွန်း အလယ်ပိုင်းတွင် ဆူကာနိုအင်အားစု ပြန်လည်
ည်း ပြင်ဆင်ရေးများ ပေါ်ပေါက်လာပြီး ဆူကာနိုအပေါ်
သစ္စာခံမှုများ များပြား လာလေသည်။ ယင်းတို့တွင် အပြစ်
င်းမဲ့သော ဒေသခံ တိုင်းရင်းသားများ၊ ရုပ်ဖျက် ကွန်မြူနစ်
များနှင့် ရှေးဟောင်း ဂျာဗားလူမျိုးတို့၏ အစဉ်အလာ ယုံကြည်
ယုံကြည်မှုအရ စစ်တိုက်သူအား ကျည်ဆံပြီး (ရန်သူ့ကျည်ဆံ

www.burmeseclassic.com

www.burmeseclassic.com



မထိစေနိုင်)အောင် ပြုလုပ်တတ်စွမ်းသည့် သူတော်စင်များ ဝင်ကြသည်။

ဤသို့အားဖြင့် နိုင်ငံရေးတဝက် မှော်အတတ်တဝက် အားစုနှင့် ဆူကာနိုသည် ဆက်သွယ် ပေါင်းစပ် မိကြသည် သမ္မတသည် ယင်းသူတော်စင်ဆိုသူများထံမှစိတ်ပိုင်းဆိုင်ရာ အားပေးမှုများ အများအပြားရယူသည်။

နောက်ဆုံးတွင် မှော်ဆရာများအုပ်စုနှင့် စစ်တပ်တို့ ပဋိပက္ခ ဖြစ်လာကြသောအခါ မှော်ဆရာများသည် ရက် အနည်းငယ် တွင်း ပျက်ပြားရှုံးနိမ့်သွားကြလေသည်။

တဖက်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ လမ်းကြောင်းအတိုင်း ချီတက်လျက် ရှိသည် ၁၉၆၆ ခုနှစ် ဒုတိယ နှစ်ဝက်ပိုင်း ကာလတွင် သူ၏ လုပ်ဆောင်ချက်များသည် ပိုပိုပြင်ပြင် မြင်တွေ့လာကြရသည်။ အောက်ပါ လုပ်ငန်းရပ်များကို ပြည်သူတို့ မြင်တွေ့လာကြရသည်။

* လက်နက်ကိုင် တပ်ဖွဲ့များကို ပူးပေါင်းသွားရန်နှင့် မိမိ အား မယုံကြည် မထောက်ခံသော တပ်မှူး တပ်သားများ ကို ထုတ်ပယ်သွားရန်၊
* အမိန့်သစ်ကို ဂျာဗားကျွန်း အလယ်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများတွင် ပျံ့နှံ့သွားစေရန်၊
* အမိန့်ဟောင်း၏ သရုပ် သကန်ကို သမ္မတ ဆူကာနို၏ ဝန်ကြီး များအား စစ်ချက်ယူရင်း တရားဝင် ထုတ်ဖော် ရှင်းပြရန်၊



ဝန်ကြီးဟောင်းများ၏ စစ်ဆေးမှုများကို ၁၉၆၆ ခု ဩဂုတ်လ ၃၀ ရက်နေ့ တွင် ပြုလုပ်ရာ ပထမဆုံး တရားစွဲခံရသူသည် ဘဏ်ရေးရာ ဝန်ကြီးဟောင်း ဂျူစွပ် မူဒါဒလန်၁ ဖြစ်သည်။

---

၁ Jusuf Muda Dalam; ဒလန်အား စုမတြား မြောက်ပိုင်း အက်ရေးဒေသတွင် ဖွားမြင်ပြီး ဒုတိယ ကမ္ဘာစစ်မတိုင်မီက မင်းသားယူစွပ် အဖြစ်ဖြင့် နယ်သာလင်နိုင်ငံသို့ ပညာသင် သွားခဲ့သည်။

ဒတ်ချ် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ခဲ့သည်။ မင်းသား ရိုးရာကို စွန့်လွှတ်ပြီး သူ့ကိုယ်သူ ဂျူစွပ်မူဒါဒလန် အမည်သစ် ခံယူခဲ့သည်။အမည်သစ်၏ အဓိပ္ပာယ်မှာ အသဲထဲက လူငယ် ဂျူစွပ်ဟု အဓိပ္ပာယ်ရသည်။

စစ်ကြီး ပြီးဆုံးသောအခါ အင်ဒိုနီးရှားသို့ ပြန်လာပြီး ဒတ်ချ် ကွန်မြူနစ်သတင်းစာ 'ဒီဝါးဟိတ်' တွင် နိုင်ငံခြား သတင်းထောက်လုပ်သည်။ နောက်တွင် အမျိုးသား ပါတီဝင် တယောက် ဖြစ်လာသည်။

၁၉၅၆–၁၉၅၇ ခုနှစ်များတွင် နိုင်ငံတော်ဘဏ်သို့ ဝင် ရောက်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် နိဂရာဘဏ် ဥက္ကဋ္ဌဖြစ်လာ ပြီး ဆူကာနိုနှင့် ရင်းနှီး ကျွမ်းဝင်လာခဲ့သည်။ အထူးသဖြင့် ဆူကာနိုနှင့် ငွေရေးကြေးရေးကိစ္စ၊ မိန်းမကိစ္စများတွင် လက်ပွန်းတတီး ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံသည် အင်ဒိုနီးရှားနိုင်ငံတွင် ထင်ရှား ကျော်ကြားပြီး မိတ်ဆွေများကို ရက်ရောတတ်သူ၊ မယား ၆ ယောက်နှင့် မြောက်များစွာသော ဇနီးသည်တို့အား ချစ်တတ်သူ (ဆူကာနို) ဖြစ်သည်။ သူ့ဘဝနှင့် ချစ်ပုံပြင်များကို တနိုင်ငံလုံးရှိ ပရိသတ်က တရားခွင်၌ရင်း၊ ရေဒီယိုမှရင်း၊ တအံ့တသြ ကြားနေကြရသည်။

သို့ရာတွင် တရားခွင်ရှိ တကယ့် တရားခံအစစ်မှာ ဒလန် ဖြစ်သော်လည်း အဓိက ဖေါ်ထုတ်ခံရသူမှာ ဆူကာနိုဖြစ်သည်။

ဆူကာနိုသည် တော်လှန်ရေး ရန်ပုံငွေဟု အမည်တပ်ကာ ကိုယ်ကျိုးများ သုံးစွဲခဲ့ခြင်း၊ အစိုးရငွေ(ပြည်သူ့ငွေ) ဖြစ်သော်လည်း အစိုးရ၏ ထိန်းချုပ်မှု အောက်မှ လွတ်နေခြင်းတို့သည် မဟာ အမှားများ ဖြစ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆူဘန်ဒရီယို၊ လေတပ် ဗိုလ်ချုပ်ဟောင်းအိုမာဒါနီနှင့် ဒု-ဗိုလ်ချုပ်ဟောင်း စူပါ[illegible] တို့၏အမှုကို ရုံးတင်စစ်ဆေးသည်။ သူတို့သည် တချိန်က သမ္မတ ဆူကာနို၏ နိုင်ငံရေးနှင့် စစ်ရေးနယ်ပယ်များတွင် လက်ထောက်များနှင့် အကြံပေးများ ဖြစ်ခဲ့ကြသည်။ စက်တင်ဘာ ၃၀ လှုပ်ရှားမှု အရေးအခင်းတွင် ပါဝင်သူများလည်း ဖြစ်ကြသည်။

တရားခံများက ဆူကာနိုအား သက်သေအဖြစ် စစ်ဆေးပေးပါရန် တင်ပြ တောင်းဆိုကြသည်။ စာဖြင့် ရေးသားထားသော သက်သေထွက်ချက်အရ ဆူကာနိုသည် သူ၏ ယခင်လက်ထောက်များအား ကာကွယ်ခြင်းလည်း မပြု၊ စွပ်စွဲခြင်းလည်း မပြု သူ့ကိုယ်သူသာ အပြစ်မရှိကြောင်း ခုခံ ထွက်ဆိုထားလေသည်။



ဤနည်းအားဖြင့် ဆူကာနို၏တိုင်းပြည်ခေါင်းဆောင်ကြီးဆိုသောဂုဏ်ပုဒ်သည် အကြီးအကျယ် ထိုးနှက်ခြင်း ခံရသည်။

တချိန်တည်းမှာပင် နှစ်ပေါင်းများစွာက ချုပ်ကိုင် လာခဲ့သော အင်ဒိုနီးရှား သတင်းစာများသည် သမ္မတ၏ နိုင်ငံရေး မှားယွင်းမိုက်မဲမှုကိုရင်း၊ မိန်းမကိစ္စရှုပ်ပွေမှုများကိုရင်း၊ တကိုယ်ကောင်း ဆန်မှုများ၊ တန်ဖိုးမဲ့မှုများကို တခမ်းတနား ဖေါ်ပြကြသည်။

အချို့သတင်းများသည် မတိကျသည်သာမက လွဲမှားသည်များလည်း ရှိသည်။ သို့ရာတွင် ဆူကာနို ဘာဘဲပြောပြော ဘာဘဲလုပ်လုပ် သူ၏ငြင်းဆိုမှုများသည် သူ့ ကျဆုံးမှုကို အနည်းငယ် နှောင့်နှေးစေရုံမျှသာ ဖြစ်သည်။ သူ၏ ချစ်ရေး ဇာတ်လမ်းများ ဖေါ်ပြချက် အမှားပြင်နေချိန်ဝယ် နောက်ထပ် သူ့သတင်းမှန်များက ထပ်တလဲလဲ လွှမ်းမိုးလာလေသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် သူ၏ တရားရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးနှင့် အခြား ထိပ်တန်းအရာရှိကြီးများကိုခေါ်၍ ရှင်းလင်း ကြေညာချက်တရပ် ထုတ်ပြန်လိုက်သည်။

"စုံစမ်းစစ်ဆေးမှုတွေကို ဆက်လုပ်နေရမယ်... သေပျက်မှု၊ ကျရှုံးမှုတွေကို ဘာမှ မတတ်နိုင်ဘူး၊ အထူးသဖြင့် နိုင်ငံ အကြီးအကဲ ဆူကာနိုအပေါ် ပိုစုံစမ်း စစ်ဆေးကြရမယ်"

ဆူကာနို၏ ကျဆုံးမှုများသည် ရပ်တန့်သွားခြင်း မရှိသေး။ သတ္တိ စစ်ပွဲတွင် ဆူကာနို ကျဆုံးခဲ့ရလေပြီ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## ၈

### စင်ပြိုင်ဝါဒ၏ နိဂုံးသို့

၁၉၆၆-ဒီဇင်ဘာလ ၃၁-ရက်နှင့် ၁၉၆၇-ဇန်နဝါရီလ ၁-ရက် နေ့အတွင်း ညကာလသည် မြို့တော်ကို မျှော်ရှင်မှုများဖြင့်ဖုံးအုပ် နေသည်။ နှစ်သစ်အတွက် တိုးတက်ကောင်းမွန်သော အခါသမယ ဖြစ်ရန် မျှော်လင့်ကြသည်။ လူငယ် လူရွယ်များသည် ဆူဆူညံညံ ပျော်ပျော်ပါးပါး ခရာမှုတ်ကြ၊ မီးပန်းပစ်ကြ၊ လမ်းများပေါ် တွင် ကခုန်ကြနှင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ နှစ်သစ်တွင်



မျှော်လင့်ချက်များ မြင့်မား တိုးတက် အောင်မြင်လာမည်ဟု ယုံ ကြည်ကြသည်။

ဆူကာနိုကလည်း ၁၉၆၇-ခုနှစ် နှစ်သစ်တွင် ပျော်မြူးမိသေး သည်။ တရားဝင် သမ္မတအနေဖြင့် မာဒေးကား နန်းတော်တွင် ဆာ နှစ်သစ်ကူး ဧည့်ခံပွဲတရပ်ကို မင်္ဂလာအပေါင်း မျှော်လင့် ာဖြင့် ကျင်းပသည်။

ညချမ်းချိန်ခါတွင် သူသည် ဂျကာတာ ဆိပ်ကမ်းရှိ ရေတပ်မှ ကျင်းပသော ဧည့်ခံပွဲသို့ တက်လိုက်သေးသည်။ မိန်းမလှကလေး များကို မိမိ၏ ဆွဲဆောင်သော အပြုံးများ ပေးရင်း၊ ကခုန်ရင်း နှင့် သူသည် ယင်းဧည့်ခံပွဲတွင် တညလုံး အချိန် ဖြုန်းပစ်လိုက် သည်။

တချိန်တည်းမှာပင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် တနှစ်တာ ကုန်ဆုံးချိန် အစီရင်ခံစာကို ပြည်သူသို့ တင်ပြ နေလေသည်။ များ ပြည်သူ၏ လူနေမှု အဆင့်အတန်း ချက်ခြင်း ပြောင်းလဲ တိုးတက်စေမည်ဟု အစိုးရက ကတိမပေးနိုင်ကြောင်းဖြင့် ပြည် သူ့ လွှတ်တော် ဥက္ကဋ္ဌက ကြေညာလိုက်လေသည်။

၅-လ သက်တမ်းရှိသော ဝန်ကြီးအဖွဲ့၏ အသေးစိတ် ဆောင် ရွက်မှုများကို ရှင်းပြရာတွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုက အစိုးရ သည် ပြည်သူ့ အကျိုးစီးပွား မြင့်တက်လာရန် ရိုးသားစွာ ကြိုး စား ဆောင်ရွက်သွားမည်ဟု ဖော်ပြ ပါရှိသည်။ နိုင်ငံရေးနှင့် ဝါဒရေးရာကို ရှင်းမပြပဲ စီးပွားရေးပြဿနာ တခုတည်းအပေါ် သာ စိစစ် ရှင်းလင်းပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ဤအချိန်မျိုးတွင် ကြားလေ့ ကြားထ ရှိခဲ့သော သမ္မတ ဆူကာနို၏ ဗုံးပေါက်ကွဲသလို စကားလုံးများနှင့် လုံး၀ ဆန့်ကျင်သော ဆူဟာတို၏ ကြေညာချက်ကို အများစုက ထောက်ခံကြသည်။

ကျောင်းသားများအဖွဲ့ကလည်း ဤသို့ဝေဖန်ကြသည်။

"ကျနော်တို့ဟာ စကားများများပြောပြီး လက်တွေ့တာဝန် ယူ ဆောင်ရွက်ပေးမှုမရှိတဲ့ ခေါင်းဆောင်မှု အောက်မှာ နှစ်ရှည်လများနေလာခဲ့ကြရပါတယ်၊စကားပြော ကျင်လည်သူကြီး ရဲ့ ကောက်ကျစ်သုံးဖြုန်းမှုတွေကြောင့် ပြည်ပကြွေးတွေ တင်နေရတယ်...."

၁၉၆၇-ခုနှစ် နှစ်သစ်ဦး ပျော်ရွှင်မှုများသည် မကြာမီ ပျောက်ကွယ်သွားလေတော့သည်။ ဆူဟာတို၏ တနှစ်တာ ကုန်ဆုံးချိန် အစီရင်ခံစာသည် လူထုတွင်း၀ယ် ပျံ့နှံ့လွှမ်းမိုးသွားတော့သည်။

မမှန်ကန် မပြည့်စုံသော အမိန့်သစ် ပေါ်ပေါက်လာမှုကို ကြီးစွာသော အဟန့်အတားကြီး အဖြစ် သုတ်သင် ချေမှုန်းပစ်ရန် ဆူဟာတိုက ညွှန်ပြသည်။

"အခု ကြုံတွေ့ရင်ဆိုင်နေကြရတဲ့ ကျရှုံးမှုတွေ နှောင့်ရှက်ဟန့်တားမှုတွေ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ခြောက်လှန့်မှုတွေကို ဖြတ်ကျော်သွားနိုင်ဖို့ အတွက် အမိန့်သစ်ကို ဆန့်ကျင်တိုက်ခိုက်သွားရမယ်"

ဆူဟာတို၏ စကားလုံးများသည် အများပြည်သူသို့ ထုတ်



ပြန်ထားချက် တစောင်အား တိုက်ရိုက် ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ် ချေပ်နှင့်ရှယ် ပြောလိုက်ခြင်း ဖြစ်သည်။

သမ္မတ ဆူကာနိုနှင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုတို့၏ စင်ပြိုင်ဝါဒသည် သိသာပေါ်လွင် လာလေသည်။ မတ်လ ၁၁-ရက်နေ့ အမိန့် (အမိန့်သစ်) နှင့် ပြည်သူ့ လွှတ်တော် စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကြောင့်စင်ပြိုင်ဝါဒ မချုပ်ငြိမ်းသေး။

အစိုးရအတွက် တရားရေးရာ ကိုးပန်းအားထုတ် ဆောင်ရွက်မှုတရပ် လိုလာပြီ ဖြစ်သဖြင့် အင်ဒိုနီးရှား ဂျူရီအသင်းနှင့် အင်ဒိုနီးရှား တရားသူကြီးများ အသင်းတို့ ပူးပေါင်း၍'တရားမျှတမှုနှင့် အမှန်တရားအတွက် ကြေညာချက်' တစောင်ကို ထုတ်ပြန်လိုက်သည်။ ၁၉၆၅ စက်တင်ဘာ ၃၀ ကွန်မြူနစ် လုပ်ရှားမှုတွင် သမ္မတ ဆူကာနိုပါဝင် ပတ်သက်နေကြောင်း အကျဉ်းချုပ် ထုတ်ပြန်ခဲ့သည်။

ကြေညာချက်တွင် သမ္မတနှင့် ကွန်မြူနစ်ပါတီ ဆက်သွယ်မှုကို ပေါ်ပြထားပြီး မအောင်မြင်သော အာဏာသိမ်းပွဲနှင့် ပတ်သက်၍ တရားဥပဒေအတိုင်း အရေးယူ ဆောင်ရွက်သွားရန် တောင်းဆိုထားသည်။ ပြည်သူ့ လွှတ်တော်နှင့် နိုင်ငံတော် ရှေနေချုပ်တို့က ယင်းကိစ္စ ဆောင်ရွက်ပေးရန် ဆက်လက် တောင်းဆို ထားသည်။

ယင်းကြေညာချက်ကို ဗိုလ်ချုပ်ကြီး ဆူဟာတို အပါအဝင် နိုင်ငံတော်၏ ထိပ်တန်းအာဏာပိုင်များ လက်သို့ ပေးအပ်ခဲ့သည်။ ဤတောင်းဆိုချက်ကို ဆူကာနို လိုလားထောက်ခံသော

www.burmeseclassic.com

www.burmeseclassic.com



အမိန့်သစ် အင်အားစုံများကပင် ဆူကာနိုအား တရားဥပဒေအရ အရေးယူရန် ထောက်ခံလာကြသည်။

နန်းတော်တွင်း ကျင်းပသော အင်ဒိုနီးရှား အမျိုးသားပါတီ အစည်းအဝေး အပိတ်မိန့်ခွန်း ပြောကြားရာတွင် ဆူကာနိုက မျက်မှောက် တော်လှန်ရေး လုပ်နေသော ကာလတွင် ရန်သူများမှာ အရင်းရှင်ဝါဒ ကိုလိုနီဝါဒနှင့် မြေရှင်စနစ်တို့ ဖြစ်ကြောင်း ပြောကြားသည်။ သူသည် သူ့ရဲဘော် များအား အလေးအနက် ထပ်တလဲလဲ မှာကြားနေသည်။

"ခင်ဗျားတို့ရဲ့ကြီးမြတ်တဲ့ ခေါင်းဆောင်ကြီးကို ပြည်ပတန်ပြန် တော်လှန်ရေးသမားတွေက တိုက်နေကြတာကို ခင်ဗျားတို့ အဆက်မပြတ် ခုခံကာကွယ် ဖယ်ရှားပစ်ကြရမယ်"

သူ့မှာ ပြည်ပဩဇာခံ အဖျက်သမားများ၏ လုပ်ရပ်များအတွက် သက်သေခံများ လက်ဆုပ် လက်ကိုင် ရထားပြီ ဖြစ်ကြောင်းလည်း ပြောဆိုသည်။ သို့ရာတွင် သူ့တွင် တကယ်တော့ ဘာမှ မရှိ။ ဘာမှ မပြနိုင်ခဲ့ပေ။

ဆူကာနိုကား အဖက်ဖက်မှ ဝိုင်းဝန်း ထိုးနှက်ခြင်း ခံနေရသဖြင့် ဒေါသထွက်လာသည်။ မိမိအား အရင်းရှင်တို့ ပူးပေါင်းလုပ်ကြံနေကြပြီဟု ကြုံးဝါးလိုက်သည်။

သူသည် ၁၉၆၅–အောက်တိုဘာလ ၁-ရက်နေ့တွင် ပါဝင်လှုပ်ရှားခဲ့ပုံများကို ဖွင့်ဟပြောဆိုရန် ငြင်းဆန်ခဲ့သည်။ အပြင်းအထန် ဝိုင်းဝန်း ပြောကြသဖြင့် စတုတ္ထ အကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် သူ ပြောကြားခဲ့သည့် အချက် ၉-ချက်ကို ဖွင့်ပြောပြသည်။ ယင်းမိန့်ခွန်းကို ၁၉၆၇-ဇန်နဝါရီလ၁၀-ရက်



နေ့၌ ပြောကြားရာတွင် အခြေအနေ ယေဘုယျဖော်ပြထားပြီး 'အမိန့်သစ်' အင်အားစုများကို အားမရပုံများ ဖော်ပြပါရှိသည်။

သမ္မတ ဆူကာနိုက စက်တင်ဘာ ၃၀- အရေးအခင်းသည် အကြောင်းသုံးရပ်ဖြင့် သူ့ကို အကြီးအကျယ် အံ့အားသင့်စေကြောင်း ရှင်းပြသည်။

ယင်း အကြောင်းသုံးရပ်မှာ....

(၁) အင်ဒိုနီးရှား ကွန်မြူနစ် ပါတီ၏ ဦးဆောင်မှု မှားယွင်းခြင်း၊

(၂) ကိုလိုနီ နယ်ချဲ့စနစ်၏ ကောက်ကျစ် ယုတ်မာခြင်းနှင့်

(၃) လူဘောင်ကြွေများ ရှိနေခြင်းတို့ ဖြစ်သည်။

ဆူကာနိုသည် သူ့ကိုယ်သူကိုယ်လွှတ်ရှုန်းသည်။ သူ့မှာတာဝန်ရှိပဲ ဇိုလ်ချုပ် နာဆူးရှင်းသို့ လွှဲချသည်။

"ကုန်ဈေးနှုန်းတွေ ကြီးမြင့်နေတာ ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ ပြည်သူတွေ အကျင့်စာရိတ္တ ပျက်ပြားလာကြတာနဲ့ ပတ်သက်လို့ ကျုပ်တယောက်ထဲ တာဝန်ရှိတာလား"

မကျေမနပ်ဖြစ်၍ အုံကြွနေသော ပြည်သူ၏ ဒေါသများသည် သမ္မတအပေါ်တွင် လုံးလုံးလျားလျား ကျရောက် လာသည်။ ထို့ပြင်သူ့လွှတ်တော်သို့ အစီရင်ခံရန် လျစ်လျူရှုထားသဖြင့် သူ့အား သစ္စာရှိရှိ ထောက်ခံနေသော ပါတီ ခေါင်းဆောင်များပင် သူ့အပေါ် ဒေါသ ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားရေးဝန်ကြီး အဒမ်မာလစ်၁ တို့လို နိုင်ငံ၏ထိပ်တန်း
ပုဂ္ဂိုလ်များကပင် ဘွန်ကာနိုအား လက်တွဲဘော် ရဲဘော် ရဲဘက်
ဟောင်းကြီး တယောက်အနေဖြင့် နိုင်ငံ၏ အကျိုးအတွက် နုတ်
ထွက်ပေးရန် ပြောဆိုလာကြသည်။ဒုဗိုလ်ချုပ် ဆာဘီနီ၂ ကပင်
သမ္မတကို နုတ်ထွက်ခိုင်းနေသည့် လူအုပ်စုထဲတွင် ပါဝင်လာခဲ့
သည်။

ဗိုလ်ချုပ်ကြီးဆူဟာတိုက ပြည်သူသို့ မည်သည့်ကြေညာချက်
ကြေညာစာတမ်းမှ မဝေငှရန် ထုတ်ပြန်လိုက်သည်။ သို့ရာတွင်
သူ့နောက်ကွယ်တွင် ပြည်သူသို့ ကြေညာချက်တွေ ဖြန့်ဖြူးမှုများ
တွေ့ပါလာသည်။

စင်ပြိုင်ဝါဒသည် ကြီးထွားလာ၏။ ကာကွယ်ရေး ဝန်ကြီး
အတွင်းချုပ်ကြီး ဆူဟာတို၏ ခေါင်းဆောင်မှု အောက်တွင် လက်
ကြောက်ကိုင်တပ်ဖွဲ့များ၏ တပ်မှူးများသည် အကြိမ်ကြိမ် စည်းဝေး
ဘာကြသည်။ ၁၉၆၆ ခုနှစ်ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပူးပေါင်း
ကြေညာချက်တရပ် ထုတ်ပြန်လိုက်သည်။ယင်းကြေညာချက်တွင်
လက်နက်ကိုင်တပ်များသည် ပဥ္စသီလ (ကွန်မြူနစ် ဆန့်ကျင်ရေး
တပ်) တပ်များနှင့် သွေဖီသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို
ဂရုစိုက် စိစစ်သွားရန် ဖော်ပြပါရှိသည်။

စကားလုံးများသည် ပြန်လည် ပြုပြင်ရေးသမား များနှင့်
တန်ပြန်တော်လှန်ရေးသမားများအား သတိပေးလိုက်ခြင်း ဖြစ်

---

၁ Adam Malik
၂ Sarbini



သည်။ ယင်း ကြေညာချက်သည် ဗိုလ်ချုပ်ကြီး ဆူဟာတို၏
အောင်ပွဲဖြစ်ပေသည်။

နောက်တနေ့တွင် တပ်မှူးများသည် ပူးပေါင်း ကြေညာချက်
အား လက်နက်ကိုင် တပ်မှူးချုပ် ဆူကာနိုထံ တင်ပြလိုက်သည်။
ဤကိစ္စသည် နောက်ထပ်သမ္မတနှင့် တပ်မှူးများ ထပ်မံ တွေ့ဆုံ
ဆွေးနွေးမှုများ ပြုလုပ်ရသည်။

ပုလိပ် ဗိုလ်ချုပ်စုဂျစ်တိုက ရှင်းလင်းတင်ပြချက်စကား ပြော
သည်။

"တော်လှန်ရေးအတွက်ရော၊နိုင်ငံတော်နဲ့ လူမျိုးအတွက်ရော
အခြေခံရင်း သမ္မတနဲ့ လက်နက်ကိုင်တပ်များ ခေါင်းဆောင်တို့
အလေးအနက် နားလည်မှု ရှိကြပါပြီ"

သို့ရာတွင် တကယ်တမ်း၌မူ၊ နှစ်ဦး တွေ့ဆုံ ဆွေးနွေးမှုများ
သည် မပြေလည်ခဲ့ပေ။

ဤအရေးအခင်း ပြဿနာကို ဖြေရှင်းရန် အင်ဒိုနီးရှား
သည် လူထုအား ကတိပြုသော သတင်းတရပ် ထွက်လာသည်။
ယင်း သတင်းကို သမ္မတထံမှ ရရှိခြင်းမဟုတ်ပဲ၊ မမျှော်လင့်သည့်
ဗိုလ်ချုပ် စုပါဂျိုအား ဖမ်းဆီးလိုက်သည့် သတင်းဖြစ်သည်။
ပါဂျိုသည် စက်တင်ဘာ ၃၀ အရေး အခင်းတွင် ထင်ရှား
စွာ ပါဝင်သော ပုဂ္ဂိုလ်တဦးဖြစ်သည်။

တနှစ်ကျော်ကြာအောင် နေရာအမျိုးမျိုးသို့ လှည့်လည်ပုန်း
အောင်း နေရာမှ ၁၉၆၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင်
ပါဂျိုသည် ဟာလင် လေတပ်စခန်း တပ်ကြပ် တဦး၏ အိမ်တွင်
ဖမ်းခံလိုက်ရသည်။ထိုနေရာသည် အာကာသိမ်းရန်ဖြစ်သည်သူ

www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းအရာရှိကြီးများက သမ္မတ ဆူကာနိုအား ၁၉၆၅
အောက်တိုဘာလ ၁ ရက်နေ့က သတင်းပို့ခဲ့သောနေရာနှင့်မလှ
မကာမ်းတွင်ရှိသည်။

စုပ ါဂျိုအား ဖမ်းမိလိုက်သည့် သတင်း ကြားရသောအ
သမ္မတသည် တုန်လှုပ်သွားမိသည်။

၁၉၆၆ နှစ်ကုန်နှင့် ၁၉၆၇ နှစ်ဆန်း ပိုင်းတွင် ဗိုလ်ချုပ်
ဆူဟာတိုသည် လက်နက်ကိုင် တပ်များ စည်းလုံးညီညွတ်မှု
အခက်အခဲများနှင့် ကြုံပန်း ရသည်။ တဦးချင်း အလိုက်
တပ်စုအလိုက်ငင်း၊ ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုများပြုလုပ်သ
စစ်တပ်အရာရှိကြီးများသည် သမ္မတ ဆူကာနိုကို ထောက်ခံ
အားဖြင့် သူတို့ ရာထူးတည်မြဲရေး၊ တိုးတက်ရေးကို ကြည့
သည်။ ခြောင်ကျကျ တော်လှန်ပုန်ကန်မှုများ မထွက်ပေါ်
ဗိုလ်ချုပ်ကြီး ဆူဟာတိုကား အတွေ့အကြုံကြွယ်ဝပြီးသ
လက်ငင်း ရင်ဆိုင်နေရသည့် အန္တရာယ်ကို သတိရှိပြီးသား။

× × ×

ကျောင်းသားတွေ ချီတက် ဆန္ဒပြကြပြန်လေပြီ။

၁၉၆၇ ဇန်နဝါရီလတွင် ဆန္ဒပြပွဲများ ထပ်မံ ပေါ်ပေ
လာသည်။ သူတို့၏ ဦးတည်ချက်သည် ဆူကာနို ဆန့်ကျင်
ဖြစ်သည်။ ဂျကာတာ တပ်မှူးသည် ဆန္ဒပြပွဲကို တာဝန်ယူ



င်းရပြန်သည်။ ဘန်ကာနို၏ ရုပ်ပုံများကို ဆန္ဒပြသူများက
ဖြုတ်ချသည့် လုပ်ရပ်များကို တားဆီးရသည်။

၁၉၆၇ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ထောင်ပေါင်းများစွာ
သော ကျောင်းသားများသည် ပါလီမန်သို့ချီတက်သွားကြသည်။

သမ္မတသည် ကွန်မြူနစ်လိုလား ထောက်ခံသည့် လုပ်ရပ်များ
ဆောင်ရွက်ခဲ့ကြောင်း တရားဝင် ကြေညာချက် ထုတ်ပြန်ပေးရန်
တောင်းဆိုကြသည်။ ၎င်းပြင် တရားရေး အာဏာပိုင်များကို
ကာနိုအား စစ်ဆေးစီရင်ပေးရန် တောင်းပန်ပေးရန် တောင်း
ဆိုကြသည်။

လှုပ်ရှားမှုများ၊ တန်ပြန်လှုပ်ရှားမှုများ ပေါ်ပေါက်လာ
ကြသည်။

၁၉၆၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး
ဆူဟာတိုသည် ပြည်သူလူထုသို့ သတိပေး ကြေညာချက်တစောင်
ထုတ်ပြန်လိုက်သည်။ ယင်းကြေညာချက်တွင် ဂက်စတာပူနှင့် အင်
ဒိုနီးရှား ကွန်မြူနစ်ပါတီတို့၏ ပုန်ကန်ထကြွမှုကို လက်နက်ကိုင်
တပ်များသည် ဆက်လက် စိတ်မရှည်နိုင်တော့ကြောင်း၊ သီးမခံ
နိုင်တော့ကြောင်း ဖော်ပြပါရှိသည်။

ဆူဟာတို၏ ကြေညာချက်အသံသည် ပြတ်သားလှ၏။

"အခုအချိန်ဟာ ပြတ်ပြတ်သားသား လုပ်ရတော့မယ့် အချိန်
ရောက်ပြီ ဖြစ်တယ်၊ သူ့စည်း ကိုယ့်စည်း၊ သူ့လူ ကိုယ့်လူ
ခွဲခြားခြား လုပ်ကြရတော့မယ်၊ ကျုပ်တို့နဲ့ ဆန့်ကျင်တဲ့ လူတွေ
နဲ့သမျှကို ထိထိရောက်ရောက် ကိုင်တွယ်သွားတော့မှာ ဖြစ်
တယ်"



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ကြာသောအခါ ဗိုလ်ချုပ်ကြီး ဆူဟာတို၏ နေအိမ်တွင် အရေးကြီးသော အစည်းအဝေးတရပ် ကျင်းပသည်။ ကော့စရက်တာပ်မှူးနှင့် ဆူဟာတိုအား ဆက်ခံသူ ဒု-ဗိုလ်ချုပ် အူမာဝီရာဟာဒီ ကူစူးမား နှင့် ဒု-ဗိုလ်ချုပ် ဆာဗီအက်ဟီတို့ တက်ရောက်ကြသည်။ ဤအစည်းအဝေးတွင် ထိပ်တန်း စစ်အရာရှိကြီး နှစ်ဦးတို့ ပါဝင်ကြသဖြင့် ဆူဟာတို အနေဖြင့် 'အမိန့်သစ်' ကို ဆန့်ကျင်ရာတွင် အမှားအယွင်းမရှိနိုင်သောနည်းဖြစ်သည်။ လိုအပ်၍ အကြမ်းဖက်ရလျှင်လည်း ဤ ဗိုလ်ချုပ်နှစ်ဦး မိမိဖက် ပါဝင်နေသဖြင့် 'ပိုင်'နိုင် နေပြီ ဖြစ်သည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် သမ္မတ ဆူကာနိုက ဗိုလ်ချုပ်ကြီး ဆူဟာတိုထံ အတွင်းစာတစောင် ရေးပို့လိုက်သည်။ ယင်းစာတွင် နိုင်ငံတော်အာဏာပိုင်ခေါင်းဆောင်မှုနှင့် အစိုးရအဖွဲ့ ခေါင်းဆောင်မှုတို့သည် မိမိဆူကာနို၏ လက်၌ပင် ရှိနေသေးသော်လည်း မိမိသည် အစိုးရအဖွဲ့အတွင်း စစ်ပြိုင်ဝါဒကို နိဂုံးချုပ်ရန် အဆင်သင့်ဖြစ်ကြောင်း ဖေါ်ပြလိုက်သည်။

သမ္မတဆူကာနို၏ ဤ ပေးစာသည် နောက်ကျခဲ့လေပြီ။ နောက်တနေ့တွင် ဤ စာကို ကဘိနက်နှင့် ဗိုလ်ချုပ်ကြီး ဆူဟာတို တို့က မကျေမနပ် လက်ခံကြောင်း ကန့်ကွက်သည်။ ပြည်သူ့လွှတ်တော်၏ စည်းဝေးဆုံးဖြတ်ချက်အရ ဤသို့ နှစ်ဦးပြိုင်အရှ ပြဿနာ မရှိရပေ။

၁ Lt. General Umar Wirahadikusuma



၁၉၆၇-ခုနှစ် မတ်လတွင် နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော် အထူးအစည်းအဝေးတရပ် ကျင်းပရန် တောင်းဆိုလာကြသည်။ ယင်းအစည်းအဝေးတွင် စက်တင်ဘာ ၃၀ လှုပ်ရှားမှုနှင့် ပတ်သက်၍ သမ္မတ၏ အခန်းကဏ္ဍကို ပီပီပြင်ပြင် ရေးဆွဲဖေါ်ထုတ်ပြသရန် တောင်းဆိုလာကြသည်။

ပြည်သူ့လွှတ်တော် အထူးအစည်းအဝေး ကျင်းပကြောင်း ဥက္ကဋ္ဌ ဗိုလ်ချုပ် နာဆူးရှင်းက ဖွင့်လှစ်ကြေညာသည်။ ၁၉၆၇ မတ်လ ၁၇-ရက်မှ ၁၁-ရက်အထိ ကျင်းပမည့် အထူးအစည်းအဝေး အစီအစဉ်များနှင့် ပတ်သက်၍ ဖေဖေါ်ဝါရီ ၁၆-ရက်နေ့တွင် အလုပ်အမှုဆောင်ကော်မီတီမှ ဆုံးဖြတ်ချက် အမှတ် (၁၄/ခ/၁၉၆၇)ကို လက်ခံလိုက်သည်။ အဓိက အကြောင်းအရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ တိုင်းတာမှုများ တိကျစွာ ပြဋ္ဌာန်း ဆုံးဖြတ်ရန် ဖြစ်သည်။

သမ္မတ ဆူကာနိုသည် ယခုအခါ အန္တရာယ်အတွင်း ကျရောက်နေလေပြီ။ သူ့အတွက် လွတ်လမ်းသည် ထွက်ပြေးစွန့်ခွာသွားရန် ဖြစ်သည်။ တနည်းဆိုလျှင် မျှော်လင့်ချက်ဖြင့် ထပ်မံကြိုးစားရန်အတွက် နုတ်ထွက်ပေးရန် ဖြစ်သည်။ နိုင်ငံတော်၏ အမြင့်ဆုံးနေရာမှ ထုတ်ပယ်ခံရမည်ထက် မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်းက သူ့အတွက် ပို၍ သင့်မည်ဟု ယူဆရသည်။

ဤသို့အားဖြင့် ၁၉၆၇ ခုနှစ် ဖေဖေါ်ဝါရီလ ၂၀-ရက်နေ့တွင် သမ္မတဆူကာနိုသည် နိုင်ငံရေး အရှုပ်အထွေးပြဿနာများ ပြီးဆုံးစေရန်အတွက် မိမိဆန္ဒအလျောက် နိုင်ငံရေး အာဏာအား

www.burmeseclassic.com

www.burmeseclassic.com



လုံးကို ဗိုလ်ချုပ်ကြီး ဆူဟာတိုလက်သို့ လွှဲပြောင်းပေးလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနည်းဖြင့် တိုက်ယူနေသော ဗိုလ်ချုပ်ကြီး ဆူဟာတိုနှင့် သူ့လူများက ချက်ခြင်းပင် သမ္မတ ကြေညာချက်ကို ကန့်ကွက်လိုက်သည်။ ဆူကာနို၏ ကြေညာချက် ဒုတိယစာပိုဒ်တွင် "ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ယခုကဲ့သို့ အာဏာလွှဲပြောင်း ယူပြီးနောက် လိုအပ်လာသည့် အခါတိုင်းတွင် သမ္မတအား သတင်းပေးပို့ရမည်" ဟု ပါရှိသည်။

ထို့ပြင် ကြေညာချက်ကို လက်မှတ်ထိုးရာတွင် ဆူကာနိုသည် သူ့ကိုယ်သူ နိုင်ငံတော် သမ္မတ၊ ပြည်သူ့လွှတ်တော် နာယက၊ လက်နက်ကိုင် တပ်ပေါင်းစုံ၏ အာဏာပိုင် တပ်မှူးကြီး ဟုဖော်ပြ သုံးစွဲထားသည်။

ကြေညာချက်များ၊ ရှင်းလင်းချက်များ၊ ညီလာခံများ၊ ကောလာဟလများ၊ ဆန္ဒပြပွဲများဖြင့် အင်ဒိုနီးရှား နိုင်ငံရေး မြင်ကွင်းသည် ရှုပ်ထွေးခဲ့သည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက ရှုပ်ထွေးနေသော အခြေအနေကို အောင်နိုင်စွာ ဖြတ်ကျော်ရန် ကြိုးပမ်း တာဝန်ယူခဲ့သည်။ ဖေဖော်ဝါရီလ ၂၃-ရက်နေ့တွင် ထိပ်တန်းအရာရှိ ၅၀၀-အား ရှင်းလင်းချက် မိန့်ခွန်းမြွက်ကြားရန် ခေါ်လိုက်သည်။ ထိုနေ့ ညနေပိုင်းမှာပင် ဗိုလ်ချုပ်ကြီးက တနိုင်ငံလုံးနှင့် သက်ဆိုင်သော မိန့်ခွန်းကို ရေဒီယိုမှနေ၍ ပြောကြားလိုက်သည်။

ပြည်သူ့ လွှတ်တော် အမှုဆောင် ကော်မီတီဝင်များနှင့်




ဆွေးနွေးပွဲပြုလုပ်ပြီး ပြည်သူလူထုသို့ သတင်းစာမှတဆင့် ရှင်းလင်းတင်ပြသည်။

တချိန်တည်းမှာပင် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဆန္ဒနယ်များကို သတ်မှတ်ကာ ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ယာယီသမ္မတအဖြစ် ဆုံးဖြတ်ချက် မူကြမ်း ချမှတ် ထားလိုက်သည်။

× × ×

www.burmeseclassic.com



## ယာယီသမ္မတ မွေးဖွားခြင်း

၁၉၆၇ ခုနှစ် မတ်လ ၇ ရက်နေ့တွင် လွတ်တော် ဥက္ကဋ္ဌ နာဆူးရှင်းက အလ္လာ ဘုရားသခင်ကို ဂုဏ်ပြုသည့် 'ဘစ္စမီလာ ဂုဏ်ပုဒ်ဖြင့် လွှတ်တော်အစည်းအဝေးကိုဖွင့်လှစ်လိုက်သည်။ ၁ အစည်းအဝေးကို ဆိုဗီယက်အကူအညီဖြင့်ကြီးမားစွာ တည် ဆောက်ထားသော ဇီနဂျန် အားကစားခန်းမတွင်ကျင်းပသည်။

၁ အင်ဒိုနီးရှားနိုင်ငံတွင် အစ္စလမ်ဘာသာဝင် ၈၅ ရာခိုင်နှုန်း ရှိပြီး ကျန် ၁၅ ရာခိုင်နှုန်းမှာ၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် ဗုဒ္ဓ ဘာသာဝင်များဖြစ်ကြသည်။



၎င်းနေရာသည် လူထုအစည်းအဝေးပွဲများ၊ပြပွဲများ၊ တီးမှုတ် မှုများ၊အလံများ၊တံခွန်များဖြင့် တက်ကြွသောလူထုပရိသတ်တို့ ရှိနေကြ နေရာဖြစ်သည်။၎င်းနေရာမှာပင် ဆူကာနိုသည် သူ၏ တောက်ပဝင့်ကြွားမှုကို အခါများစွာ ပြသရင်း ပြည်သူ့လူထု ပရိသတ် ထောင်ပေါင်း များစွာ သော ယောက်ျား၊ မိန်းမ၊ ကလေးသူငယ်များက "ဘွန်ကာနို သက်တော်ရှည်ပါစေ၊ ဘွန် ကာနို သက်တော် ရှည်ပါစေ" ဟူသော ကြွေးကြော် သံများ အော်ဟစ် နေကြ နေရာ ဖြစ်ခဲ့သည်။

ခန်းမနံရံကြီးပေါ်တွင် "ကိုလိုနီဝါဒ ကျဆုံးပါစေ၊ နယ်ချဲ့ အရင်းရှင် စနစ် ပျက်စီးပါစေ၊ မလေးရှားကို ချေမှုန်းကြ" ဟူ သော စာတမ်းကြီးက ကြီးမားထင်ရှားစွာ ရေးထားသည်။

တော်လှန်ရေး စိတ် တက်ကြွဖွယ် ပန်းချီ ရုပ်ပုံ ကြီးများ ကိုလည်း မမြင်ချင်အဆုံး ကြွားကြွားရွှားရွှား ထင်ရှားစွာ ရေး ဆွဲထားသည်။

× × ×

ပြည်သူ့လွှတ်တော် အစည်းအဝေး စတင်ဖွင့်လှစ်သောအချိန် တွင် ဇီနဂျန်အားကစားခန်းမ၏ နံရံများပေါ်တွင် ကြွေးကြော် သံ စာတမ်းကြီးများ မရှိကြတော့ပေ။

ကြီးမြတ်သော တော်လှန်ရေး ခေါင်း ဆောင် ကြီး အား ဆောင့်ကြပ်ဂုဏ်ပြုသည့် မိန်းမချော မိန်းမလှ ကလေးများလည်း မရှိကြတော့ချေ။သမ္မတရုပ်လုံးကြီးပင် မရှိတော့။

www.burmeseclassic.com



ပြည်သူ၏ယုံကြည်ကိုးစားခံရမှုများသည် ဤနေရာတွင် သူ့အတွက် မရှိတော့၊တခါတုန်းက သူပျော်ရွှင်ခဲ့ပြီး အောင်ပွဲခံခဲ့သော နေရာသည် ဤနေရာဖြစ်၏။မြင်ကွင်းများက သိသိ သာသာကြီး ပြောင်းလဲ လာခဲ့သည်။

ဤနေရာသို့ လွှတ်တော် အထူးအစည်းအဝေးတက်ရောက်ရန် ရောက်ရှိလာသူများက အမ်ဒိုနီးရှားနိုင်ငံရေးကို နှစ်ပေါင်း များစွာ ခြယ်လှယ်လွှမ်းမိုးလာခဲ့သူအား ယှဉ်ပြိုင်ရန် တကယ် ခွင့်ပြုချက်ဖြင့် လုပ်နေတာလားဟု အချင်းချင်း မေးကြ ပြောဆိုကြသည်။

ခန်းမဆောင် အတွင်းသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များ၊ လေ့လာသူ များနှင့် ကမ္ဘာ အရပ်ရပ်မှ သတင်းစာဆရာများဝင်ရောက်လာချိန်တွင် မိုးက သဲသဲမဲမဲရွာချလိုက်သည်။

ကျောင်းသားအချို့က အမျိုးသမီး ဧည့်သည်တော် များအား ယဉ်ကျေး သိမ်မွေ့စွာ ထီးများဆောင်း၍ ကူညီပေးကြသည်။ အခြားအုပ်စုများကလည်း "အာဏာရှင် ဆူကာနိုအား အပြီးအပြတ် ထုတ်ပယ်ပစ်ရန်" လက်ကမ်းကြော်ငြာစာများ ဝေလျက် ရှိကြသည်။

ထောင်ပေါင်းများစွာသော ကျောင်းသားထုကြီးသည် ခပ်လှမ်းလှမ်းတွင် ထူထပ်သော စစ်တပ်အစောင့်များနှင့် ရှိနေကြသည်။လွန်ခဲ့သော နှစ်ရက်ကပင် ဂျကာတာ တပ်မှူးက စီတန်းလှည့်လည် ဆန္ဒပြပွဲများ မလုပ်ရဟု တားမြစ်မိန့် ထုတ်ထားခဲ့ပြီးဖြစ်သည်။ ဤသို့ တားမြစ်မိန့် ထုတ်ပြန် ခြင်းသည် 'အမိန့်သစ်



ကာကွယ်လုပ်ဆောင်ချက် ဖြစ်နိုင်သည်ဟု ကျောင်းသားများ စိုးရိမ်မိကြောင်း ပေါ်ထွက်ဆန္ဒပြကြသည်။

အပြင်းအထန် ခြားနားမှုများကိုရှောင်ရှားသည်။ သို့ရာတွင် ဝန်းကျင်အခြေအနေများသည် ၁၉၆၆ ခုနှစ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေးနှင့် ထူးခြား ကွဲပြားလျက်ရှိသည်။ ခန်းမဆောင်ကြီးတခုလုံးသည် တော်လှန်သောလူငယ်ထု၏ ကြွေးကြော် သံများဖြင့် ပဲ့တင်ထပ်လျက် ရှိသည်။

ဤအကြိမ်တွင် ကျောင်းသားထု ကိုယ်စားလှယ် များသည် အစည်းအဝေး ဖိတ်ကြားခြင်းခံရသည်။ပါလီမန် ပရိသတ်များ ထိုင်ရေး သမားများ၊ သံတမန်များနှင့် သတင်းထောက်များ ကြားဝယ် ကျောင်းသား များ ကို ထင်ရှားစွာ မြင်တွေ့ရသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်ချုပ် နာဆူးရှင်းနှင့် ဒု-ဥက္ကဋ္ဌ ယောက်တို့သည် လွှတ်တော် ကိုယ်စားလှယ် စကားပြောရာ င့်၏ လက်ဝဲဖက်တွင် နေရာယူကြသည်။ လက်ျာဖက်တွင်မူ ချုပ်ကြီးဆူဟာတိုက နေရာယူ ထိုင်နေသည်။

ပခုံးပေါ်တွင် ကြယ်လေးပွင့်နှင့် စစ်ဝတ်စုံကိုသေသပ်ကျနစွာ ဝတ်စားထားသည့် ဗိုလ်ချုပ်ကြီးဆူဟာတိုသည် ရှင်ရှင်မျမျရှိနေသည်။လွှတ်တော် သဘာပတိ ဗိုလ်ချုပ်နာဆူးရှင်းက အဖွင့်မိန့် မြွက်ကြားချိန်ဝယ် ငြိမ်သက်စွာ အာရုံစိုက်နေကြသည်။

ဆူဟာတိုက လွှတ်တော်၏လုပ်ဆောင်ချက်များကို ဆန်းစစ် မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"၁၉၄၅ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူတို့ အာဏာ ပိုင်စိုးမှုကို အကောင်အထည်ဖော်ဖို့ နိုင်ငံအတွင်း ပဋိပက္ခတွေကို အဆုံးသတ်ရမယ်၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေ ဥပဒေနဲ့အညီဖြစ်ရမယ်"

ဥက္ကဋ္ဌကြီး နာဆူးရှင်းက အထူး အစည်းအဝေး အစီအစ များကို ရှင်းပြသည်။ ၎င်းပြင် လွှတ်တော်မေးခွန်းများ၊ ကော မီတီ၏ လုပ်ဆောင်ချက်များ၊ ပါလီမန်၏ ဆုံးဖြတ်ချက်နှင့် သမ္မ ဆူကာနို အထိမ်းအမှတ်၊ ဗိုလ်ချုပ်ကြီး ဆူဟာတိုက သမ္မတ ဆူ ကာနိုနှင့် ပတ်သက်သော အစီရင်ခံစာ၊ အစိုးရ အာဏာ ပြောင်းပေးမှုများ ရှင်းပြသည်။

နာဆူးရှင်း၏ အဖွင့် မိန့်ခွန်းကို ဂိုတုံရိုဂျုံ ၁ နယ်မှ မဲဆန္ဒ ကိုယ်စားလှယ်များက ထောက်ခံ ဆွေးနွေးသွားကြသည်။ လွှ တော် ကိုယ်စားလှယ်များ၊ တက်ရောက်သူများသည် ငြိမ်သ တိတ်ဆိတ်စွာ နားထောင်နေကြသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ယာယီ သမ္မတအဖြစ် ခန့်အ ကြောင်း ဆုံးဖြတ်ချက် ချလိုက်သောအခါ လက်ခုပ် သြဘာသ များ၊ ခြိမ်းကျူး ထောပနာပြုသံများ ထွက်ပေါ်လာသည်။ ရာတွင် ယခင်က ဤခန်းမဆောင်ထဲတွင် မိုးခြိမ်းသံလို ပွဲတင် မျှ ဝက်ဝက်ကွဲ ဆူညံသွားခြင်းမျိုး မဟုတ်ပေ။

ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် စကားပြော စင်မြင့်ဆီသို့ သွားပြီး တည်ငြိမ် ပြတ်သားသော လေသံဖြင့် ၁၉၆၅-အော

၁ Gotong Rojong



တိုဘာ ၁-ရက်နေ့၌ ဟလင် လေတပ်စခန်းသို့ သမ္မတ ဆူကာနို ရောက်ရှိနေမှုနှင့် ကွန်မြူနစ်တို့၏ မအောင်မြင်သော အာဏာ သိမ်းပွဲ အဖြစ်အပျက်များကို တင်ပြသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက ရှင်းလင်းတင်ပြရာတွင် ကွန်မြူနစ် များက အာဏာသိမ်းပြီး စစ်တပ် အကြီးအကဲများကို ဖမ်းဆီး နေသော်လည်း သမ္မတ ဆူကာနိုသည် ပုန်ကန်သူများကို အရေး ယူမှု မပြုခဲ့ကြောင်း၊ သမ္မတ၏ သံသယဖြစ်ဖွယ် အပြုအမူများ သည် အာဏာသိမ်းပွဲကို သမ္မတက ကြိုတင် သိနေသလား၊ သို့မ ဟုတ် သူကိုယ်တိုင် ဦးဆောင် ပါဝင်သလား၊ ဟူသော မေးခွန်း ပေါ်ပေါက်လာကြောင်း၊ ပြောကြားသွားသည်။

ဆူဟာတို၏ တင်ပြချက်များသည် အချက်အလက် အဖြစ် မှန်များကိုသာ အမှားကင်းစွာ တင်ပြထားခြင်း ဖြစ်သည်။ အောက်တိုဘာ ၁-ရက်နေ့ အဖြစ်အပျက်များနှင့် သမ္မတ ဆူ ကာနို ပါဝင် ပတ်သက်နေသည့် သတင်းများသာ ကန့်သတ်တင် ပြခြင်း မဟုတ်။ ဗိုလ်ချုပ်ကြီးက သမ္မတ၏ နာဆာကွန် အတွေး အခေါ် အယူအဆများကိုပါ ဆန်းစစ် သုံးသပ် တင်ပြသည်။

ဆူဟာတိုက သူ့ မိန့်ခွန်းကို နိဂုံးချုပ်ရာတွင် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းသော အယူအဆ အတွေးအခေါ်များသည် လူမှုရေး နယ်ပယ်ထဲတွင် ကျယ်ပြန့်စွာ ထိုးဖေါက်ရောက်နေပြီး လက်နက် ကိုင်တပ်များအတွင်းသို့ပါ ပျံ့နှံ့နေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ လွှတ် တော် ဆုံးဖြတ်ချက်ကို အလေးအနက် တွေးတောကြံဆပြီးမှသာ ချမှတ်သင့်ကြောင်း၊ ပြောကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတို၏ စကားများအရ သမ္မတရာထူးသည် ၁၉၄၅-ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ညီညွတ်စွာ တည်ရှိရမည် ဟု ဆိုသည်။

အမှန်စင်စစ်အားဖြင့်လည်း ဆူကာနိုသည် နိုင်ငံရေးနှင့် အစိုးရ တာဝန်များကို မထမ်းဆောင်နိုင်တော့ချေ။

"အမှန်ကတော့ ဆူဟာ နိုင်ငံခေါင်းဆောင်နေရာကို မရပ်နိုင်တော့ပါဘူး၊ ရုပ်ပိုင်းကိုက မလုပ်နိုင်တော့ပါဘူး" ဟု ဆူဟာတိုက ပြောသည်။

နိုင်ငံတွင်းပေါ်ပေါက်နေသော စင်ပြိုင်ခေါင်းဆောင်မှုဝါဒ အခြေအနေသည် တကြိမ်တည်းနှင့် အပြီးအပြတ် ပြီးဆုံးသွားခဲ့သည်။

ပွင့်ပွင့်လင်းလင်း စိစစ်ရာတွင် နိုင်ငံတော်၏ အခြေအနေသည် ယိုယွင်း ဆုတ်ယုတ်လျက်ရှိသည်။

ယခုအခါတွင်မူ ကြွေးကြော်သံ၊ အော်ဟစ်သံ၊ ဆူပူသံများ မရှိကြတော့ပြီ။ ဥက္ကဋ္ဌ နာဆူးရှင်းနှင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုတို့၏ မိန့်ခွန်းများကို ထောက်ခံ ကြိုဆိုကြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ တရားဥပဒေပြု အာဏာပိုင် အမြင့်ဆုံးဖြစ်သည့် ပြည်သူ့လွှတ်တော်က သမ္မတ ဆူကာနိုထံမှ လုပ်ပိုင်ခွင့် သမ္မတ အာဏာများ အားလုံးကို ပြန်လည် ရုပ်သိမ်းလိုက်ပြီး အပယ်ခံဆူကာနိုအား နန်းလု လုပ်ရပ်များ၊ နိုင်ငံရေးလုပ်ရပ်များကို လာမည့် အထွေထွေ ရွေးကောက်ပွဲကြီး မတိုင်မီ မကျင့်သုံးရန် တားမြစ်လိုက်သည်။



ဗိုလ်ချုပ်ကြီး ဆူဟာတိုအား အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပပြီး သမ္မတ အသစ် ရွေးချယ်ပြီးသည့် အချိန်အထိ ယာယီ သမ္မတအဖြစ် ဆောင်ရွက်ရန် ခန့်အပ်လိုက်သည်။

× × ×

ဗိုလ်ချုပ်ကြီးဆူဟာတိုသည် နိုင်ငံရေးမြင်ကွင်းတွင် ခါးလှုပ် ခေါင်းရမ်းခြင်းမျိုးနှင့် အကြမ်းဖက် အုပ်ချုပ်ခြင်းမျိုးတို့ကို ဂရုစိုက် ရှောင်ကြဉ်သည်။

'ပြင်းထန်တဲ့ လူ' ဟု ထိုအချိန်က သူ့အား နိုင်ငံခြား သတင်းများက ရေးကြ ပြောကြသည်မှာ မှားနေသည်။

ယာယီ သမ္မတ ဆူဟာတိုက ပြည်သူ့လွှတ်တော် အပိတ် မိန့်ခွန်းကို ၁၉၆၇-ခုနှစ် မတ်လ ၁၂-ရက် နေ့က မြွက်ကြားရာတွင် အောင်နိုင်သူ တယောက်၏ အသွင်အပြင်ကို မပြခဲ့ပေ။

"အခုလို အောင်ပွဲရလိုက်ခြင်းဟာ လူတယောက်ထဲလူတစုထဲအတွက် မဟုတ်ပါဘူး၊ အောင်ပွဲရသူ ကျွန်ုပ်တို့ဟာ အဖွဲ့အစည်းများအပြားအလိုက် ဖြစ်တယ်၊ နိုင်သူကို ပြည်သူက စိတ်ဝင်စားတယ်၊ နိုင်သူဟာ မှန်ကန်တယ်၊ တရား မျှတမှု ရှိတယ်၊ နိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့တတွေဟာ ၁၉၄၅ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြန်လည် ထူထောင်ရေးတွေ လုပ်ကြရလိမ့်မယ်"

အပိတ် မိန့်ခွန်းတွင် ဆူဟာတိုက တော်လှန်ရေး ကာလအတွင်း ကျဆုံးသွားခဲ့သော လူငယ်တို့ကို မမေ့ မလျော့ ဂုဏ်ပြုကြောင်း ဖေါ်ပြ ပြောဆိုသည်။

အာဏာရှင် စနစ်ကို ပြောင်းလဲပစ်ရန် ဟောင်းဆိုလာကြသည်။

ပြည်သူ့ လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ကွန်မြူနစ်တို့ အာဏာ သိမ်းမှုတွင် ပါဝင်ကျူးလွန်ခဲ့သော ဆူကာနိုအား တရားဥပဒေနှင့်အညီ စစ်ကြောစီရင်ရန် ဖြစ်သည်။ ဤအမှုကို ယာယီသမ္မတက ဖွင့်လှစ်၍ ဆူကာနိုအား တရားရုံးသို့ တင်သွင်းရန် ဖြစ်သည်။

ဆူဟာတိုသည် တော်လှန်ရေး ခေါင်းဆောင် တယောက် အနေဖြင့်၎င်း၊ နိုင်ငံရေးသမား တယောက် အနေဖြင့်၎င်း ပြဿနာပေါင်း များစွာကို ရင်ဆိုင်ရလေသည်။ အခက်အခဲပေါင်း မြောက်မြားစွာကိုတွေ့ကြုံဖြတ်သန်းရသည်။

ထိုရက်များအတွင်းက စကားလုံးများအတိုင်း ပြောရလျှင် ဗိုလ်ချုပ်ကြီး ဆူဟာတို၏ ဘယ်ဖက် လက်တွင်းမှ အာဏာကို ညာဖက်လက်တွင်းသို့ ပြောင်းလွှဲလိုက်ခြင်းဖြစ်သည်။

လွှတ်တော် ဆုံးဖြတ်ချက် အတိုင်း ဆူဟာတိုသည် ဆူကာနိုအား ဖယ်ရှား တွန်းလှန်၍ ယာယီသမ္မတ အသစ်တယောက်အဖြစ် လက်ခံလိုက်ခြင်းသည် အနာဂတ် အတွက် အထက်မြက်ဆုံး လက်နက်တခုကို ရရှိလိုက်ခြင်း ဖြစ်ပေသည်။



ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် နိဂုံးချုပ် မိန့်ခွန်းတွင် အောက်ပါအတိုင်း ပြောကြားလိုက်သည်။

"ကျုပ်တို့ လုပ်ငန်းဟာ အင်မတန် လေးနက်ပါတယ်၊ ပြီးစီးအောင် လုပ်ရမယ့် လုပ်ငန်းတွေ တပုံတပင်ကြီး ရှိနေပါတယ်၊ ကျုပ်တို့ဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်၊ ပြည်သူအတွက် ကြိုး တက်တက်ကြွကြွ အလုပ် လုပ်ကြပါစို့၊ ဘုရားသခင်က ကျွန်ုပ်တို့ကို ကောင်းခြီး ဩဘာပေးရင်း လမ်းညွှန် ပြသနိုင်ပါစေ"

× × ×

www.burmeseclassic.com

www.burmeseclassic.com


အပိုင်း (၂)

# လူနှင့် စစ်သား



www.burmeseclassic.com

www.burmeseclassic.com



၁၀

## မြေ၏သား

ဆူဟာတိုအား မွေးဖွားရာ ဒေသသည် စပါးခင်းများအလယ်ရှိ ရွာငယ်ကလေး တရွာဖြစ်သည်။ ဂျာဗားကျွန်း အလယ်ပိုင်းရှိ ပေါင်းများစွာသော ရွာများထဲမှ ရွာငယ်ကလေး တရွာဖြစ်သည်။ ဂျိုးဂျကာတာမြို့၏ အနောက်ဖက် မိုင်အနည်းငယ်ကွာ င် တည်ရှိသည်။ ကျော်ကြားသော ဗုဒ္ဓစေတီ ဘိုရိုဗူဒါ[၁] နှင့်

---

၁ Borobudur

www.burmeseclassic.com

www.burmeseclassic.com



၂၅ မိုင် ဝေးကွာသည့် ကီမူစု အာဂမူလျာ၁ ရွာကလေးသ
ဂိုဒင်၂ ရွာ၏ အစိတ်အပိုင်း ဖြစ်ပြီး အထီးကျန် ရွာငယ်ကလေး
တရွာ ဖြစ်သည်။

ရွာသားများ၏ ဘဝသည် ငြိမ်းချမ်းဖွယ်ကောင်းသည်။ မျိုး
ကြဲခြင်း၊ ကောက်စိုက်ခြင်း လုပ်ငန်းများသည် ထိုရွာသားတို့
ထာဝရ လုပ်ငန်းများဖြစ်သည်။

ဝါးပင်နှင့် အုန်းပင်များ၏ အရွက်များသည် ရွာပေါ်တွင်
မိုး၍ ပျဉ်းရိလေးဖင့်စွာ လှုပ်ရှားလျက် ရှိနေကြသည်။ စပ
ခင်းများကို တကွက်နှင့် တကွက် ပိုင်းခြားထားသော လယ်က
သင်းရိုးများပေါ်တွင် ငှက်ပျောပင်များ၊ သရက်ပင်များနှ
အခြားအပင်မျိုးစုံကို စိုက်ထားကြသည်။ နွေရာသီတွင် နေ
ပူပြင်းလှပြီး မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းသည်။

လယ်ကွင်းများအား ရေသွင်းစိုက်ပျိုးခြင်းနှင့် ထွန်ယ
စိုက်ပျိုးခြင်း လုပ်ငန်းများသည် ပင်ပင်ပန်းပန်း လုပ်ရသော
လုပ်ငန်းများ ဖြစ်သည်။ ရေထဲမိုးထဲတွင် ကျွဲများဖြင့် လုံးလား
ထွေးလား စိုက်ပျိုးကြရသည်။

လယ်ကွင်းပြင်သည် တမျှော် တခေါ်ကြီး ကျယ်ပြန့်၏
မနက်နေထွက်ပြီ ဆိုလျှင် ရွာသားများ၊ လယ်သမားများသည
ဖိနပ်မပါပဲ လယ်ကွင်းကျယ်ကြီးထဲသို့ ထွက်ကြ လျှောက်ကြ
လေ့ရှိသည်။ သူတို့သည် နေဝင်ချိန်တွင် သူတို့ရွာ၊သူတို့ တဲများ
သို့ ရယ်ရယ်မောမောနှင့် မောမောပန်းပန်း ပြန်ရောက်ကြသည်။

---

၁ Kenusu Argamulja

၂ Godean



ကောင်းကင်သည် နီရဲရာမှ ရုတ်တရက် မဲမှောင် သွားသည်။
တဲအိမ်ကလေးများထဲတွင် ရေနံဆီမီးခွက်ငယ်များကိုထွန်းညှိ
သည်။အိမ်ရှင်မများက ဇလုံများဆွဲကိုင်ပြီး မိသားစု ထမင်း
းခပ်ပြင်ဆင်တော့သည်။ဟင်းသီးဟင်းရွက်များ၊ ဟင်းချို
ရှိဖန်ရံခါ ငါးဖြစ်စေ အသားဖြစ်စေ အနည်းအကျဉ်း ပါ
သည်။ရယ်စရာ မောစရာ စကား စမြည် ပြောကြ ဆိုကြ
သောက်ကြပြီး မကြာမီ ကီမူစုရွာကလေးသည် အိပ်မောကျ
လေတော့သည်။

ရှေးအခါတုန်းက ကီမူစု ရွာကလေးတွင် လင်မယား နှစ်
ယောက်သည် ခေတ်မီ သေသပ်သော အိမ်တလုံး၌နေထိုင်ခဲ့ကြ
သည်။ဝါးနံရံကာပြီး အုတ်ကြွပ်မိုးထားသည်။ အိမ်ပတ်လည်တွင်
သုံးသီးပင်တွေ စိုက်ထားသည်။ ဥယျာဉ်ထဲတွင် ဟင်းသီး
ဟင်းရွက်များ၊ ကြက်သွန်၊သခွား၊ပဲ၊ ပြောင်းပင်များ စိုက်ပျိုး
ထားသည်။

ထိုအိမ်ရှင် ယောကျ်ားအား ရွာသား တွေက ပတ်ကာတို၁
ဟုတ်နာမည်အပြည့်အစုံ ကာတိုရဂျို၂ ဟုခေါ်ကြသည်။အဘ
ကာတိုသည် လူရိုးလူအေးတယောက်ဖြစ်ပြီး ဂျာဗားရိုးရာစရုန်၃
ကိုက် ဝတ်ဆင်လေ့ရှိသည်။ ဘလင်ကောင်၄ ခေါ် အဝတ်

---

၁ Pak Karto (မြန်မာလို အဘ ကာတိုဟု အဓိပ္ပာယ်ရသည်)

၂ Kartoredjo

၃ Sarong

၄ Blangkon

www.burmeseclassic.com

www.burmeseclassic.com



ခေါက် ကလေးကို ခေါင်းပေါ်တင်လေ့ရှိသည်။ သူ့မှာ မြေ ကွက်မှ မပိုင်ပါ။ သူလုပ်နေသော လယ် ၂ ဧကသည် အစိုး လယ်မြေဖြစ်သည်။ ဤမြေကလေးမှာ မြောင်းခေါင်းတာဝန် လယ်ရေသွင်းရေနုတ် ပြုလုပ်ပေးနေသောကြောင့် ရရှိထားခြ ဖြစ်သည်။ မြောင်းခေါင်းလုပ်ရသည်မှာ သေးနုပ်သော လု ဖြစ်သော်လည်း လယ်ထဲရေသွင်းရေပို့လုပ်ရခြင်းသည် သေ ရှင်ရေးတမျှဖြစ်သည်။

ပတ်ကာတိုသည် အမြဲတမ်း အလုပ်လုပ်နေလေ့ရှိသူဖြစ်သ လယ်ကန်သင်းရိုးကို သ နေလေ့ရှိပြီး ရေနုတ် မြောင်းမျာ လည်း ဂရုတစိုက် အမြဲပြုပြင် ထိန်းသိမ်းနေသူဖြစ်သည်။ တကွက်မှ အခြားလယ်တကွက် ရေစီးဝင်အောင် မြောင်းပေ ဝါးပိုက်သွယ်နှင့် အမြဲတမ်း အလုပ်လုပ်နေသူဖြစ်သည်။

၁၉၂၁ ခုနှစ် ဇွန်လ ၈ ရက်နေ့။

ပတ်ကာတိုသည် ခါတိုင်း လုပ်နေကြအတိုင်း လယ်ကန်သ ဘောင်များကိုစစ်ဆေးနေစဉ် တစုံတယောက်အော်ဟစ်၍သ ပြေးလာသည်ကို မြင်ရ ကြားရသည်။ သူ၏ အိမ်နီး နား မိတ်ဆွေတယောက်သည် ဖိနပ်မပါပဲ လယ်ကန်သင်းရိုး အ လျင်မြန်စွာပြေးလာပြီး မောကြီးပန်းကြီးပြောလိုက်သည်။

"အဘ ခင်ဗျားမိန်းမကလေးမွေးတော့မယ်ဗျ၊ အချိန်ေ ပြီ အဖွားတောင်မှ ကူညီပေးဖို့ရောက်နေပြီ"

ပတ်ကာတိုက တာဝန်ကို ပိုဂရုစိုက်သည့် အနေဖြင့် ပြန် လိုက်သည်။



"အေးအေး....သူတို့ကိုပြောလိုက်ပါ၊ ငါအမြန်ဆုံးလာခဲ့မယ် ၊ အခု ဒီမှာ တမံတုတ်နေရတာ အရေးကြီးနေလို့ကွ၊ နို့မဟုတ် င် လယ်တွေထဲ ရေစီးမှာ မဟုတ်တော့ဘူး"

သတင်းလာပို့သော လူငယ်သည် ပြန်လှည့် ပြေးသွားသည်။ ပတ်ကာတိုက တာဝန်သိတတ်စွာဖြင့် လယ်အလုပ်ကို စိတ်ချ က်ချ လုပ်ပြီးမှ လိုက်သွားလေသည်။

အိမ်ရောက်သောအခါ ပတ်ကာတိုအား သူ့အမေ အဖွား ကြီးက ရှင်ပျစွာ ဆီးကြိုသည်ကိုတွေ့ရသည်။ အမေသည် ကျေး ှာ သားဖွားပေးသူ အရပ်လက်သည်ဝမ်းဆွဲဖြစ်၏။ ယခု အမေ သည် သူ့ဇနီးအား သားကလေးတယောက် မွေးထုတ်ပေးလိုက် လေပြီ။ ပတ်ကာတိုကပျော်နေသော်လည်း ဟန်ပန်ဣန္ဒြေဆောင် သွားသည်။ အိပ်ခန်းထဲဝင်သွား၍ သူ့ဇနီးဘေးတွင် ရပ်ကာ နှစ် သိမ့် ဝမ်းမြောက် စကား ဆိုလိုက်သည်။ သူ့ ဇနီးက သား ယောကျ်ားကလေး မွေးဖွားပါစေဟု ဘုရားရှေ့မှာဆုတောင်းခဲ့ သည်မှာ ကြာခဲ့ပြီ ဖြစ်၏။

"သားကလေးရတာ သိပ်ဝမ်းသာတာပဲ မာ့စ်[၁] ရယ်"

သူ့ဇနီး ဖာတိမာ[၂] က ပြောလိုက်သည်။

"ရှင် သားကလေးလိုချင်နေတာ ကျမ သိပါတယ်"

---

၁ Mas ဂျာဗားကျွန်းသူများက သူတို့ခင်ပွန်းများကို 'မာ့စ်' ဟု ခေါ်လေ့ရှိကြသည်။ အင်ဒိုနီးရှား ဘာသာစကားအရ မာ့စ် မှာ 'ရွှေ' ဟု အဓိပ္ပာယ်ရသည်။

၂ Fatimah

www.burmeseclassic.com

www.burmeseclassic.com



ပတ်ကာတိုက ကလေးကိုအားရ ပါးရ ပွေ့ချီလိုက်သည်။ ကလေးမှာ အခြား ရွာသား များလို ထွားထွား ကြိုင်းကြိုင်း ကျန်းကျန်းမာမာရှိသည်။

"အေး....ငါ သားကလေးကိုလိုချင်နေတာကြာပြီ၊ ဘုရားက ဒို့လိုချင်တာကိုပေးလိုက်တာပဲကွ၊ ဒို့ဘုရားကို ကျေးဇူးတင်ရမှာ ပဲ၊ ပြီးတော့ တပတ်(၇-ရက်)ပြည့်ရင် ကင်ပွန်းတပ်ပွဲ လုပ်ရ သားကလေးကို နာမယ်တခုခု ပေးကြရအောင်"

ပတ်ကာတိုတယောက် ပျော်မြူးနေလေသည်။

မကြာမီ ကလေးကင်ပွန်းတပ်ပွဲ ပြုလုပ်သည်။ ပတ်ကာ သည် သူ့မိတ်ဆွေများ အိမ်နီးနားချင်း များကို ဖိတ်ခေါ် ထမင်း၊ဟင်းများ၊ ငါးကြော်၊ငါးပိကောင်၊ အသား၊သစ်သီး ချိုချဉ် (သကြားလုံး) စသည်များ ကျွေးမွေး ဧည့်ခံသည် ကလေး ကျန်းမာပါစေ၊ အသက်ရှည်ပါစေ ဟု ဆုမွန်ကောင်း များ တောင်းကြသည်။

ကလေးမွေးဖွားစဉ်က ကောင်းကင်တွင် ဘာမှ ထူးထူး ခြား ခြား မြင့်မြတ်သော လက္ခဏာများ မပြခဲ့။ မီးတောင် ပေါက်က သည့် အတိတ်နမိတ် မျိုးလည်း မရှိခဲ့။ ပရောဟိတ်များကလည်း 'မိုးသောက်၏သားတော်'ဟု ထူးထူးခြားခြား နမိတ် ဖတ်ခြင်းမ ခဲ့။ တန်ခိုး ဩဇာရှိသော၊ ချမ်းသာကြွယ်ဝသော သူများ လု လေ့လုပ်ထ ရှိသလို အတိတ်ကောက်ခြင်း၊ နမိတ်ဖတ်ခြင်းများ မပြုလုပ်ခဲ့၊ ကောက်စရာ ဖတ်စရာလည်း ဘာမှ ထူးထူးခြားခြား မရှိခဲ့။



ဆူဟာတိုအား မွေးဖွားခြင်းသည် ရွာထဲက အခြားကလေး တွေ မွေးဖွားခဲ့သလို ဆင်းဆင်းရဲရဲ မွေးဖွားခဲ့သည်။

ပတ်ကာတိုသည် ရှင်ပျသော မျက်နှာဖြင့် သူ့ သားငယ်၏ အရေးကို မျှော်တွေးကြည့်မိသည်။ သားကလေး ကြီးပြောင်စင် လာလျှင် သူ့ လယ်လုပ်ငန်းတွင် ကူညီ လုပ်ကိုင်စေရန် မျှော်လင့် ထားသည်။

ရွေးထုံးစဉ်လာအရ ကလေးနာမည်ကို ရွာလူကြီးထံ သွား ဆက်၍တောင်းခံရသည်။ ၎င်းတို့သည် နာမည်ကို ပထမ အလေး အနက် စဉ်းစား၍ ရွေးချယ် ပေးကြသည်။ တခါတရံ ကလေး အပြင်းအထန် ဖျားနာလျှင်သော်၎င်း၊ ကံသိုလ်ကံ အကြောင်း မလှလျှင်သော်၎င်း၊ ကလေးနာမည်ကို ပြောင်းပစ်လေ့ ရှိကြ သည်။

ပတ်ကာတို၏ သားကလေးအား 'ဆူဟာတို'ဟု အမည်မှည့် ပေးလိုက်လေသည်။

× × ×

ကလေးငယ် မွေးဖွားသော ၁၉၂၁-ခုနှစ်သည် ရွာသားများ ပျော်ရွှင်ကြသော နှစ် မဟုတ်ပေ။ ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပြီး သုံးနှစ်ကြာမျှသာ ရှိသေးချိန် ဖြစ်၏။ စစ်ကြောင့် စီးပွားရေး အကြပ်အတည်းနှင့် အထွေထွေ ဘေးဒုက္ခ အခက်အခဲများ ကြုံ တွေ့ရမှုသည် ဂျာဗား၊ စုမတြား ကျွန်းများသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီ အုပ်ချုပ်ရေးကြောင့် နိုင်ငံရေး၊ စီးပွားရေး ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ အင်ဒိုနီးရှား လွတ်လပ်ရေး လှုပ်ရှားမှုသည် ပို၍ ပြင်းထန်လာသည်။ ပထမဆုံး လူထုအဖွဲ့အစည်းကြီး ဖြစ်သည့် အခြေခံ အဖွဲ့ကြီးမှာ ၁၉၁၂-ခုနှစ်တွင် တည်ထောင်ခဲ့သော စာကတ်အစ္စလမ်[၁] အစည်းအရုံး ဖြစ်သည်။ ကွန်မြူနစ်များကလည်း အင်ဒိုနီးရှား ကွန်မြူနစ် ပါတီ(ပီကေအိုင်)ကို ၁၉၂၀-ခုနှစ်တွင် တရုတ် ကွန်မြူနစ်ပါတီ တည်ထောင်ချိန်ထက် တနှစ်စော၍ တည်ထောင်လိုက်ကြသည်။

၁၉၂၁-ခုနှစ်တွင် ပီကေအိုင်သည် မော်စကိုရှိ တတိယ အင်တာနေရှင်နယ်သို့ ဆက်သွယ်ခဲ့လေသည်။ ထိုနှစ်မှာပင် နေရူး[၂] နှင့် သူ့အဖေ မိုတီလာလ[၃] တို့ အဖမ်းခံရပြီး အိန္ဒိယတွင် ထောင်ချခံရသည်။ နေရူးသည် ၁၉၂၇ နှင့် ၁၉၄၉-ခုနှစ် တို့တွင် နယူးဒေလီတွင် အာရှ နိုင်ငံများ ကွန်ဖရင့်ကို ဦးစီး ကျင်းပကာ အင်ဒိုနီးရှား လွတ်လပ်ရေး တိုက်ပွဲကို ထောက်ခံခဲ့သည်။

× × ×

ဆူဟာတို လူကလေးသည် ကီမူစူရာတွင် အခြား ရွာသားများနှင့် အတူ ကြီးပြင်းလာသည်။ သူ့ကို အိမ်နီးနားချင်းတွေက

---

၁ Sarekat Islam
၂ Nehru
၃ Motilal



အိမ်လည်လာလျှင် ချစ်ကြလွန်း၍ . အမြဲ လက်ဖြင့် ပွေ့ချီကြသည်။ သူ့အမေက သူ့ကို ကြမ်းပြင်တွင် ချထားသောအခါ လေးဖက်ထောက် သွားသည်။ ကလေးတွင် တခါတရံ ခါးဝတ်မပါ၊ တခါတရံ အနှီး ပတ်ထားသည်။

ရွာထဲက တခြား ကလေးများလည်း ဤကဲ့သို့ပင် နေပူဒဏ်၊ လေဒဏ်၊ မိုးဒဏ် ခံနိုင်အောင် ပစ်သုတ်ကရာ ထားလေ့ရှိသည်။ ဤလိုဒဏ်ကို ကြံ့ကြံ့ခံနိုင်သော ကလေးများသာ အသက်ရှင်လေ့ရှိပြီး ထိုသို့ မဟုတ်သော ကလေးများမှာ သေဆုံးကြရသည်။

ရွာငယ်ကလေးထဲမှ ကလေးများမှာ ကစားစရာ အရုပ်များ တခုမှ မရှိကြချေ။ သူတို့သည် လမ်းခင်းသော ကျောက်စရစ်ခဲလုံးကလေးများကို ပစ်လိမ့်၍ ကစားကြရသည်။ ထို့ပြင် မြေပြင်တွင် လက်ညှိုးကလေးများထောက်၍ ရေးခြစ် ကစားကြရသည်။ တခါတရံ မြေကြီးထဲမှ တီကောင်များကို တွေ့ပါက ယင်း တီကောင်ဖြင့် ကစားကြသည်။ 'အချို့ ကလေးများက ကိုယ့်အိမ်တွင် လုပ်သော ကလေး ကစားစရာများဖြစ်သည့် သစ်ကိုင်းများ ခုတ်၍ အရုပ်ထုလုပ်ခြင်း၊ အုန်းရွက်များဖြင့် ကစားခြင်းတို့ကို ပြုကြသည်။ အများအားဖြင့် ကလေးတွေကို ဥယျာဉ်ခြံထဲသို့ လွှတ်ထားလိုက်ကြသည်။ ကလေးများ မောင်နှမ အချင်းချင်း ကစားကြ ဆော့ကြသည်။ လူကြီး မိဘတွေက ကလေးတွေကို ဂရုမစိုက်အားကြပေ။ မိဘများသည် လယ်ထဲတွင် အလုပ်ဆင်းကြရသည်။ မအေဖြစ်သူက မီးဖိုချောင်ထဲ တကုပ်ကုပ် ချက်ပြုတ်နေရသည်။ အိမ်ဘေး အဖီချထားသော တဲထဲတွင် ဆန်ဖွပ်မောင်းထောင်းကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



၂ နှစ်ကာလ ကုန်လွန်သွားလေပြီ။ ဆူဟာတို၏ ကံကြမ္မာ မကောင်းသေး။ ထိုစဉ်က ဆူဟာတိုသည် ငယ်လွန်း၍ ဘာကိုမျှ မမှတ်မိတော့။ သူ့ အဖေသည် ပြောမပြတတ်သော အကြောင်းကိစ္စများကြောင့် သူ့ အမေနှင့် ကွဲကွာသွားသည်။ ကလေးကို ဖွားအေ အိမ် ပို့လိုက်ကြသဖြင့် ဖွားအေ ဖြစ်သူကပင် ကြည့်ရှု ကျွေးမွေးလာခဲ့ရသည်။ ဖွားအေက သူ့ သားအရင်းလို ချစ်ရှာသည်။

ဖွားအေသည် အလုပ်များသော မိန်းမတယောက် ဖြစ်သည်။ အရပ်ဝမ်းဆွဲ(လက်သည်) တဦး ဖြစ်သဖြင့် လူနာများထံ အမြဲ သွားရသည်။ တခါတရံ ဝေးလံသော အရပ်ဒေသ ရပ်ရွာများသို့ပင် သွားရသည်။

အိမ်မှာ ကူဖေါ်လောင်ဖက် လူပို တယောက်တလေမှ မရှိသဖြင့် ဆူဟာတိုကလေးအား ထိန်းရန် လူ မရှိပေ။ သို့ဖြစ်၍ မည်သည့် အချိန်၊ မည်သည့် အရပ်ကို သွားသွား ဖွားအေ ဖြစ်သူက ဆူဟာတိုကလေးကို ပွေ့ချီ၍ ခေါ်သွားလေ့ ရှိသည်။ တခါတရံ ဖွားအေက ကလေးကို ခါးထစ် ခွချီထားလေ့ ရှိသည်။ ထို့ပြင် ကလေးကို အဝတ်ဖြင့် သိုင်း၍ ကိုယ်တွင် ချိတ်ဆွဲ ထားလေ့ ရှိသည်။

သွားရင်း လာရင်း ကလေးအား နေပူဒဏ်ကို ကာကွယ်ရန် တဘက်ဖြန့်၍ ကလေးခေါင်းကို အုပ်ပေးသည်။ မိုးရွာလျှင် ငှက်ပျောရွက် ခူး၍ ထီးသဖွယ် အုပ်ပေးရသည်။ လင်မယား၊ ဖွားအေနှင့် မြေးကလေးတို့သည် ထိုဒေသ တဝိုက်တွင် လူ သိ များလာတော့သည်။



မိဘနှင့် ကွဲကွာနေရသော ဆူဟာတိုကလေးအား လူတွေက သနားကြသည်။ သို့ရာတွင် နှစ်သိမ့် အားပေး စကား ပြောကြသည်။

"ဟေ့....မင်းဘယ်လောက် ကုသိုလ်ကံ ကောင်း သလဲ လူကလေး၊ မင်းဖွားအေက မင်းကို အမေအရင်းထက်တောင် ချစ်တာကွ"

လေးဖက်တွားရာမှ ဆူဟာတိုသည် လမ်းလျှောက် သင်စပြုလာလေသည်။ ဖွားအေက သူ့ကို သူ့ခြေပေါ်တွင် ရပ်၍ တုတ်တချောင်း လက်ကိုင်ပြုရင်း သူ့ဟာသူ လမ်းလျှောက် သင်စေသည်။ ကလေးသည် လက်ကိုင်တုတ်ကလေးတချောင်းကိုကိုင်ကာ မြေတွင်ထောက်၍ စမ်းတဝါးဝါး လမ်းလျှောက်စ ပြုလာလေသည်။

သူ ၄ နှစ်သား အရွယ်ရောက်သောအခါ သူ့ အမေသည် နောက်အိမ်ထောင်ပြုသွားသည်။ သူ့ကို သူ့အမေက ပြန်ခေါ်သွားသဖြင့် အမေ့နောက် ပါသွားပြန်သည်။ တနှစ်ကြာသောအခါ သူ့တွင် ညီငယ်ကလေး တယောက် တိုးလာတော့သည်။ အဘတူဖအေကွဲ ညီကလေး၏နာမည်မှာစုဂျစ်တိုဟုခေါ်သည်။ ဂျာဗား၏ဓလေ့ထုံးစံအတိုင်း အကိုအကြီးဖြစ်သူက ညီငယ်ကလေးကို ထိန်းရ ကျောင်းရသည်။

ထို့ကြောင့် ဆူဟာတိုအား နေ့စဉ် သူ့ညီကလေးနှင့် အိမ်ရှေ့တွင် ဆော့နေသည်ကိုရင်း၊ အိမ်ဘေး ဝါးရုံပင်ကြီးအောက်တွင် ပြေးလွှားကစားနေသည်ကိုရင်း၊ တွေ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



တခါတရံ သူ့ပထွေးသည် သူ့ကို ပခုံးပေါ် တင်၍ လယ်ကွင်းထဲခေါ်သွားလေ့ရှိသည်။ လယ်ထဲတွင်လူကြီးကပေါက်ပြားဖြင့် မြေကိုတူးဆွနေစဉ် သူသည် ရေလျှံသောလယ်ကွက်ထဲတွင် ငါးရှဉ့်နှိုက်နေလေ့ရှိသည်။ ငါးရှဉ့် တကောင်တလေကို သူဖမ်းမိပြီ ဆိုလျှင် အိတ်ကပ်ထဲထည့်၍ အိမ်သို့ ယူလာပြီး သူ့အမေကို ပေးသည်။

ဆူဟာတိုသည် ယခုသမ္မတဖြစ်နေချိန်တွင် အရသာ ရှိသော ငါးရှဉ့်ကင်ကို သတိရနေသေးသည်။

နှစ်တွေကြာညောင်းလာသောအခါ ကလေးသည်ကြီးပြင်းလာ၍ အရုပ်အမောင်းရှည်ထွက်လာသည်။ ၇ နှစ်သားရှိလေပြီ။ သူ့အမေနှင့်ပြန်၍နေရသည်မှာ ၃ နှစ်ကြာလာပြီဖြစ်၏။ အခြားကလေးများလို ကျွဲ၏ ကျောကုန်းပေါ်တွင် ထိုင်၍ စီးရသည်ကို အပျော်ကြီး ပျော်လာသည်။

တနေ့တွင် သူ ရံဖန်ရံခါ တွေ့တွေ့နေရသောသူ့အဖေအရင်းသည် သူ့အား ဆိတ်တကောင် လာပေး၏။ ဆိတ်ကို ထိန်းကျောင်းရသည်မှာ ရယ်စရာကောင်းသည်။ စားကျက် အတွက် ခပ်ဝေးဝေးသို့ ဆိတ်နှင့်အတူသွားရသည်။ လေကဲ့သို့ တနေကုန် ပြေးလိုက် လွှားလိုက် ကစားလိုက်ဖြင့် အချိန်ဖြုန်းပြီး မိုးချုပ် နေဝင် အိမ်ပြန်လာရသည်။ ဘဝ၏ အံ့ဩဆန်းကျယ်မှုများကို အမြဲရှာဖွေ လေ့လာမှတ်သားလျက်ရှိသည်။

သူကျောင်းနေသော အချိန်တွင် သူ့အသက် ၈ နှစ် မပြည့်သေး။ ထိုအချိန်က အသက် ၈ နှစ် ပြည့်သော ကလေးများကို အခြေခံ မူလတန်းကျောင်းသို့ဝင်ခွင့်ပြုထားသည်။ ကျောင်းဝင်



ခွင့် ရလိုသော ကလေးများကို ဆရာက စစ်ဆေး စမ်းသပ်ရာတွင် ဆရာက ယောကျ်ားလေး မိန်းကလေးများကိုခေါင်းပေါ်ကျော်၍ မိမိတို့ညာလက်ဖြင့် ဘယ်နားရွက်ကို ထိခိုင်းသည်။ ညာလက်ဖြင့် ခေါင်းပေါ်မှကျော်၍ ဘယ်ဖက် နားရွက်ကို ထိကိုင်ပြနိုင်သူများကိုသာ ကျောင်းဝင်ခွင့်ပြုသည်။ ကလေးတွေ ကျောင်းတက်သည့်အခါ ဖိနပ်မစီးကြချေ။

၇ နှစ်သားအရွယ်တွင် ဆူဟာတိုကျောင်းစနေသည်။ မနက်အစောကြီး ထပြီး သူငယ်ချင်းများကို ခေါ်၍ ကျောင်းသို့ ဖြည်းဖြည်း တရွေ့ရွေ့သွားသည်။ စာသင်ကျောင်းသည် ၄ မိုင်ဝေးကွာသော တီဝါ[၁] ရွာတွင် ရှိသည်။ ကျောင်းသား ၂၄ ယောက်ရှိသော စာသင်ခန်းတွင် သူသည်နောက်ဆုံးခုံ၌ထိုင်၏။ ပညာများကို သင်ကြားသော သင်္ခန်းစာမှာ ၅ မျိုးဖြစ်သည်။ စာဖတ်၊ စာရေး၊ အတွက်၊ ပုံဆွဲနှင့် သီချင်း ဆို ခြင်းတို့ ဖြစ်သည်။

သူသည် အတန်းထဲတွင် အတော်ဆုံး မဟုတ်စေကာမူ၊ သူ့ဆရာ စတ္တရိုဒီဟာဂျိုက 'ဆူဟာတိုဟာ အဖတ်နဲ့အတွက်မှာ သိပ်ဝါသနာပါတယ်၊ တော်တယ်' ဟုပြောသည်။ ဤနှစ်ဘာသာတွင် သူသည် အမြဲတမ်း အမှတ် ကောင်းကောင်း ရလေ့ ရှိသည်။ ကျောင်းလခမှာ ၂½ ဆင့်မှ ၁၀ ဆင့်အထိ မိဘ များ၏ ပေးနိုင်သော အခြေအနေအလိုက် သတ်မှတ်ထားသည်။

၁ Tiwir

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတိုအတွက် တလလျှင် ကျောင်းလခ ၅ ဆင့် ပေး
သည်။

၉ နှစ်သားအရွယ်တွင် ဆူဟာတိုသည် ရွာကျောင်း၌ ဒုတိ
တန်း ကျောင်းသားဖြစ်နေစဉ်၊ သူ့အဖေ အရင်းသည် အလ
ရောက်လာ၏။ သူ့အဖေအရင်းသည် သူ့သားကလေးဆင်းဆ
ရဲရဲ နေရ ထိုင်ရ ကြီးပြင်း လာရသည်ကို စိတ်မကောင်း ဖြ
သည်။ ကလေးကို ကီမူစူရွာမှခေါ်ဆောင်သွားပြီး ဂျာဗားကျ
အလယ်ပိုင်းရှိ စူရာကာတ သို့မဟုတ် ဆိုလိုမြို့တွင်နေသော
နှမ အငယ်ဖြစ်သူထံ ပေးအပ် စောင့်ထိန်း ခိုင်းမည်ဟု ဆုံးဖြ
လိုက်သည်။

"ဟာတို...မင်းအတွက် ပိုကောင်းတဲ့နေရာတခုတွေ့ထား
သူ့အဖေက ပြောလိုက်သည်။

"မင်း ဆိုလိုကိုသွားရင် ပိုကောင်းမယ်၊ မင့် ဒေါ်လေးဆီ
ပေါ့၊ ငါ သူ့ကိုအကုန်လုံးပြောပြထားပြီးသား၊ သူက သဘော
တူပြီးသားပါ"

ကလေးက ရုတ်တရက် တုန်လှုပ် အံ့ဩသွားသည်။ သူသည်
ရွာ၏ပျော်ရွှင်မှု အနည်းအကျဉ်းကလေးများကို မစွန့်ခွာ မ
ရက် လိုပေ။ သူသည် မည်သည့်အခါမှ အဖေ့စကားကို မ
ဆန် ခဲ့သည့်အတိုင်း၊ သူ့မိတ်ဆွေများကို နှုတ်ဆက်ရမှာ
မကောင်းဖြစ်မိသည်။

သူ့ အဖေသည် အခြား အိမ်သား များကို အသိမ
အကြောင်းမကြားပဲ သူ့အား ရွာမှ တိတ်တဆိတ်ခေါ်ဆော
သွားတော့သည်။



ဆူဟာတိုနှုတ်ဆက်လိုက်ရသော လူ နှစ်ယောက်ထဲ ရှိသည်။
းတို့မှာ သူ၏ဖွားအေနှင့် သူ့ဆရာဖြစ်သည်။ သူ့ကိုနှစ်ပေါင်း
ားစွာ ကျွေးမွေးပြုစု စောင့်ရှောက် လာခဲ့သော ဖွားအေ၏
က်စီအစုံမှ မျက်ရည်ပေါက်များ စီးကျလာလေသည်။ ကလေး
သူမက မျက်ရည်စက်လက်နှင့် နှုတ်ခွန်းဆက် မှာစကားပြော
ိုက်သည်။

"လူကလေး လိမ်လိမ်မာမာ နေပါကွယ်နော်၊ တခြားလူတွေ
ို ကူညီဖို့ ဘယ်တော့မှ မမေ့ပါနဲ့"

သူ ထိန်းကျောင်းလာခဲ့သော ဆိတ်ကလေးနှင့် ခွဲခွာရခြင်း
သည်လည်း ကြေကွဲ ဝမ်းနည်းစရာ တရပ် ဖြစ်သည်။ ဆိတ်ကလေး
နှင့် ကစားခဲ့ပုံ၊ ပြေးလွှား ပျော်ပါးခဲ့ပုံများကို ပြန်ပြောင်း သတိ
ရနေမိသည်။ ထို့နောက် ဆိတ်ကလေးကို ပေါက်စျေးနှင့် ရောင်း
ချ လိုက်လေသည်။

တောသား မြို့တက်လျှင် ဝယ်နေကျအတိုင်း အင်္ကျီအသစ်၊
ဘောင်းဘီအသစ်များ ဝယ်ရ ချမ်းရသည်။

ချစ်ခင် ပေါင်းသင်း ဆက်ဆံခြင်းကား၊ ကွေကွင်း နောက်ဆုံး
ရှိချေသည် ဟူသော စကားအတိုင်း ခံစားချက်ကို ပထမဆုံး
ခံစားမိသည်။ ပစ္စည်းတန်ဖိုးကိုလည်း ပထမဆုံး နားလည်မိသည်။

ကျောင်း ဆရာကြီးထံ နောက်ဆုံး သွားရောက် နှုတ်ဆက်
သည်။ ဆရာကြီးက ဩဝါဒစကား မှာကြားလိုက်သည်။

"မင်း ဘယ်ကို သွားသွား၊ ဘာပဲ လုပ်လုပ်၊ ရိုးရိုးသားသား
ကျင့်ပါ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



၁၁

## ကလေးဘဝနှင့် ကျောင်းနေစဉ်

ဆိုလိုသို့ သွားသော ခရီးသည် ငယ်ရွယ်သော ဆူဟာတိုအဖို့ သူ့ရွာ ကိမ္မစမှ ထွက်ခွာလာပြီး ကမ္ဘာ လောကကြီးအား ပထမဆုံး ကြည့်မြင် လေ့လာရခြင်း ဖြစ်သည်။

သူ၏ အမေကိုရင်း၊ ဖွားအေကိုရင်း၊ ကစားဖော်များကိုရင်း ခွဲခွာ လာရသည်မှာ စိတ် မချမ်းမြေ့ဖွယ် ဖြစ်သည်။ သို့ရာတွင် မကြာမီ ယင်းစိတ်များ မေ့ပျောက်သွားပြီး သူ အိပ်မက်ပင် မမက်ခဲ့ဘူးသော ခရီးသွားခြင်း၊ ရှုခင်းမြင်ကွင်း အသစ်အဆန်းများ မြင်တွေ့ရခြင်းတို့ကြောင့် သာယာ ရွှင်ပျလာသည်။



ရွာမှ အထွက်တွင် သားအဖ နှစ်ယောက်သည် ဒိုကာ[၁]ခေါ် မြင်းလှည်းတစ်စီး ငှား၍ စီးသွားသည်။ ထို့နောက် ဂျိုးဂျကာတာမှ ဆိုလိုသို့ မိုင် ၄၀-ခရီးကို ရထားဖြင့် စီးသွားကြသည်။ ဤအကြိမ်သည် ငယ်ရွယ်သော ဆူဟာတိုကလေး၏ ပထမဆုံးအကြိမ် မီးရထားစီးဘူးခြင်း ဖြစ်သည်။ ရထားက လှပသော လယ်ကွင်းများကို ဖြတ်၊ ကြည်လင်သော ရေနှင့် ကျောက်တုံးကြီးများ ရှိသည့် မြစ်ချောင်းများကို ကွေ့ကောက် ဖြတ်သန်းသွားသော အခါ ဆူဟာတိုကလေးမှာ ပျော်မဆုံးအောင် ဖြစ်နေမိသည်။ ဆိုလိုသို့ မရောက်မချင်း ရထား ပြတင်းပေါက်မှ မခွာနိုင်အောင် ရှိနေသည်။

ဆူဟာတို၏ ဦးလေးနှင့် ဒေါ်လေးတို့အိမ် ရောက်သောအခါ ခရီးပန်းစ ပြုနေကြပြီ ဖြစ်၏။

ကလေးသည် သူ့ အဖေ၏ ပြောဆိုသံကို ကြားနေရသည်။

"ငါ့သားကလေးကို ကြည့်ရှုစောင့်ရှောက်ပါ၊ သူ ရွာမှာ ဆက်နေသွားမှာကို ငါ သိပ်စိုးရိမ်တယ်၊ သူ့ကို နဲနဲပါးပါး လွှတ်ထားပါ၊ ကလေး ပညာတတ်အောင်လဲ သင်ကြားပေးကြပါ၊ နင်တို့ကို ငါ ကျေးဇူးတင်မဆုံးပါဘူး"

သူတို့က ဆူဟာတိုကလေးအား သူတို့ မိသားစု စာရင်းဝင် အဖြစ် အသိအမှတ်ပြု လက်ခံလိုက်ပြီး ဂရုတစိုက် ကျွေးမွေး ပညာ သင်သွားမည်ဟု ပြောပြကြသည်။[၂]

---

၁ Dokar

၂ ဆွေမျိုးတော်စပ်သူ ကလေးကို မွေးစားခြင်းသည် အင်ဒိုနီးရှား လူမှုရေး အစဉ်အလာ တရပ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတိုက သူ့ အဖေ၏ နှမဖြစ်သူ အဒေါ် ပရာဝီရိုဝါဂျို[၁] အား အမေ့ ပရာဝီရို(ဘူပရာဝီရို)ဟု ခေါ်သည်။ မအေအရင်း သဖွယ် သဘောထားသည်။

ကျောင်းနေရသည်မှာ ရွာမှာ နေရသော ကျောင်းထက် သာလွန် အဆင့် မြင့်သည်ကို တွေ့ရသည်။ ပရာဝီရိုတို့က ဘာသာရေး ကိုင်းရှိုင်းသူများ ဖြစ်ကြ၍ ဆူဟာတိုကလေးမှာ ဘာသာရေး ပညာကိုလည်း အစဉ် ထိတွေ့ နေရသေးသည်။

ဆိုလို သို့မဟုတ် ဆူရာကာတ[၂] သည် ဂျာဗာကျွန်းအလယ်ပိုင်း ရှိ ရှေးဟောင်း မြို့တမြို့ ဖြစ်ပြီး ယင်းမြို့၏ လမ်းကျယ်ကြီးများ၊ ပန်းခြံများသည် ရွာသား (တောသား) ကလေး တယောက် အတွက် အဆန်းတကျယ် ဖြစ်နေသည်။

ဆူရာကာတရှိ ကရာတန်[၃] အဆောက် အဦများသည် ဂျိုးဂျကာတာရှိ ကရာတန် အဆောက်အဦများထက် ပိုပြီး ထင်ရှားကျော်ကြားသည်။ ဘုရင်မင်းဆက် အမည်ကပင်လျှင် ပကူဘူဝိုနို[၄] ဖြစ်ပြီး၊ ဂျိုးဂျကာတာတွင် အုပ်စိုးသူ ဘုရင်၏ အမည် ဟာမင်ကူ ဘူဝိုနို[၅] နှင့် အစိပ္ပာယ် အတူတူ ဖြစ်သည်။ ဆူရာကာတ

---

၁ Prawirowiardjo
၂ Surakarta
၃ Kraton
၄ Paku Buwono
၅ Hamengku Buwono



တွင် ဆူနန်[၁] ဟု ခေါ်သော ဆူလတန်[၂] ဘုရင်များသည် ဒတ်ချ်တို့ အုပ်စိုးမှုကြောင့် အာဏာများ ဆုံးရှုံးခဲ့ရ လိုက်ကြရသည်။

ဆူဟာတိုကလေးသည် မြို့လယ် လမ်းများပေါ်တွင် လူသွားလူလာများ၊ ယဉ်များ ရှုပ်ရှက်ခတ်နေသည်ကို မျက်စိရှုပ် နားရှုပ်သလို ဖြစ်နေမိသည်။ ရောက်စတွင် မျက်စိမယဉ် နားမယဉ် ဖြစ်ရသည်။ ဆူရာကာတသည် ယနေ့တိုင် 'မည်သည့်အခါမှ အိပ်စက်ခြင်း မရှိသော မြို့'ဟု ခေါ်ကြသည်။

ဆိုလိုမှာ ဆူဟာတို နေရသည်မှာ သိပ် မကြာလှပေ။ ထိုနှစ်ဖြစ်သော ၁၉၃၀-ခုနှစ်မှာပင် ပရာဝီရိုဝါဂျိုတို့သည် ဆိုလို၏ တောင်ဖက် မိုင်၃၀-ခန့် ဝေးကွာသော ဝိုနိုဂိရိ[၃] မြို့ကလေးအနီးရှိ ဝါဂျန်တိုရို[၄]အရပ်သို့ ရွှေ့ပြောင်းသွားတော့သည်။ ပတ်ဝန်းကျင် မြင်ကွင်းများက မြို့ကြီးမှာကဲ့သို့ လှုပ စည်ကားမှု မရှိတော့ပေ။ သက်ကယ်မိုး ဝါးထရံကာ အိမ်တွေ များသည်။

ဝါဂျန်တိုရိုတွင် ဆူဟာတိုသည် မူလတန်းကျောင်းသို့ ဆက်တက်ရာ တတိယတန်း ရောက်လာသည်။ မြို့လယ်ရှိ သူ့ အိမ်နှင့် စာသင်ကျောင်းမှာ များစွာ မဝေးကွာလှပေ။ တနယ်လုံးမှာမှ ဤကျောင်းတကျောင်းတည်းသာ ရှိသဖြင့် ကျောင်းသားတွေ ပြွတ်သိပ်နေသည်။

---

၁ Sunan
၂ Sultans
၃ Wonogiri
၄ Wurjantoro

www.burmeseclassic.com

www.burmeseclassic.com



မနက်တိုင်း ဆူဟာတိုသည် စရွန်[1] ပုဆိုးဝတ်၍ငှင်း၊တခါ တရံ ဘောင်းဘီတိုဝတ်၍ငှင်း၊လက်တဖက်မှ စာအုပ်များကိုင်၍ ကျောင်းသွားလေ့ရှိသည်။ဤကျောင်းတွင် ဆရာကြီးကသူ့အား စာကြည့်တိုက်မှူးတာဝန်ပေး၍ ကျောင်းစာကြည့်တိုက်မှ စာအုပ် တခါငှားလျှင် တအုပ်တွက် ၂ဆင့်နှုန်းဖြင့် တာဝန်ယူ ဆောင်ရွက်သည်။

ဆူဟာတိုသည် ကျောင်းသားဘဝတွင် အပင်ပန်းခံ၍ ပညာသင်ကြားခြင်း၊ ရယ်စရာ ဘဝ အတွေ့အကြုံ သစ်များရရှိခြင်း၊ ကစားဖေါ်များနှင့်ရန်ဖြစ်ခြင်း စသည်တို့နှင့် ကြုံတွေ့ရသည်။

တကြိမ်တွင် ဆူဟာတိုသည် ကျောင်းနေဖက် သူငယ်ချင်းတဦးဖြစ်သူ ခရိုင်ရဲအရာရှိကြီး သားနှင့် စကားများပြီး အကြီးအကျယ် ရန်ဖြစ်ခဲ့ဘူးသည်။သူတို့နှစ်ဦး ထိုးကြိတ် သတ်ပုတ် ရန်ဖြစ်နေကြသည်ကို တခြား ကျောင်းသား များက ပျော်ပျော်ပါးပါး ဝိုင်းကြည့်နေကြသည်။ ကျောင်းအုပ်ဆရာကြီးက ရန်ဖြစ်သောကျောင်းသား နှစ်ယောက် စလုံးအားခေါ်၍ စာသင်ခန်း ရှေ့တွင် ဒဏ်ပေးသည့်အနေဖြင့် မတ်တပ် ရပ်ခိုင်းထားလိုက်လေသည်။ထို့နောက် ဆရာကြီးက ရန်ဖြစ်သူ နှစ်ဦး တယောက်လက် တယောက်ဆွဲကိုင်နှုတ်ဆက်စေပြီး နောက်ထပ်ဘယ်တော့မှ ရန်မဖြစ်တော့ပါဘူးဟု ကတိပေးစေသည်။

ညနေပိုင်းတွင် ဆူဟာတိုကလေးသည် ဘာသာရေးကျောင်းသို့ တက်ရောက်ပြီး၊ကိုရန်ကျမ်းကိုလေ့လာဖတ်ကြားသည်။ ဤ

---

၁ Sarong



လုပ်ငန်းသည် ကလေးတိုင်း လုပ်ရသည့် သင်ခန်းစာ ဖြစ်သည်။ သို့ရာတွင် ကလေးများအတွက် ကစားစရာအချိန်များစွာရှိသည်။ ဆူဟာတို အနှစ်ခြိုက်ဆုံးဝါသနာမှာ လောက်လေးဂွတချောင်းကိုင်၍ လယ်တောထဲ လျှောက်လည်ခြင်းဖြစ်သည်။ ဒါကို သူ့ဦးလေးဖြစ်သူက မကြိုက်ပေ။လေးဂွကိုင်သူသည် လူဆိုးလူကြမ်းဟု မကြာခဏကြိမ်းမောင်းခြင်းခံရသည်။ဦးလေး၏ အိမ်နောက်ဖေး ခြံထဲတွင် ကိုယ့်မိသားစု စားသုံးရန် ဟင်းသီး ဟင်းရွက်သီးနှံပင်များကို ကလေးစိုက်ပျိုးရသည်။

ဝူရျန်တိုရီတွင် ကင်းထောက် လူငယ်တပ်ဖွဲ့များရှိပြီး ယင်းလူငယ်အဖွဲ့သည် မြို့တွင်းလမ်းများပေါ်၌ ချီတက်ပွဲများပြုလုပ်တိုင်း ဆူဟာတိုပါရော၍ ချီတက် ပါဝင်လေ့ရှိသည်။ သူသည် လူငယ်တပ်ဖွဲ့ဝင်မဖြစ်သေးစေကာမူ၊ ဤသို့ ပါဝင်ချီတက်ရသည်ကို ပျော်ရွှင် နှစ်သိမ့်နေမိသည်။

ဆူဟာတိုသည် အစ္စလမ်လူငယ်အသင်းတွင်ပါဝင်၍ ဘာသာရေး အတွေးအခေါ်များ၊ အမျိုးသားရေး စိတ်ဓါတ်များကို သင်ကြား လေ့ကျင့်သည်။ အမျိုးသား သူရဲကောင်း များနှင့် ဘာသာရေးသူရဲကောင်းများ အကြောင်းတို့ကို လူငယ်များက အသက်မရှူပဲ ငြိမ်သက် ငေးမောနားထောင်လေ့ရှိကြသည်။

တလအကြာ၌တွင် ဆူဟာတိုသည် အကို တဝမ်းကွဲ ဖြစ်သူ ဆူလာဒီ[1] နှင့် အတူကီမူစရွာရှိ ဖခင်ထံအလည်သွားရောက်သည်။ ၅၅ မိုင်ခန့်ဝေးကွာသော ဤခရီးကို ညီအကိုနှစ်ယောက်စက်ဘီး

---

၁ Sulardi

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှစ်စီး ငှား၍ စီးသွားကြသည်။ ကီမူစုတွင် တညအိပ် နေထိုင်သည်။ နောက်ပိုင်း ကျောင်းပိတ်ရက်များတွင် ဆူဟာတိုသည် ရွာတွင်နေ၍ ကစားဖော်ဟောင်းများနှင့် ပြန်လည်မိတ်ဖွဲ့ကစားလေ့ရှိသည်။

ဆူဟာတိုသည် မူလတန်းကျောင်းတွင် လေးနှစ်တာ ပညာသင်ကြားပြီးသောအခါ ဝိုနိုဂီရိမြို့ရှိ အလယ်တန်း ကျောင်းသို့ ရွှေ့ပြောင်း အပ်နှံရပြန်သည်။ ဆူဟာတိုသည် အကို ဖြစ်သူ ဆူလာဒီနှင့်အတူ ဝိုနိုဂီရိမြို့၏မြောက်ဖက် ၄ မိုင်ကွာတွင် ရှိသော ဆီလိုဂီရိ[၁] အရပ်ကျောင်းသို့သွားရသည်။ ထိုအရပ်တွင် ဦးလေး ပရာဝီဂျို၏ သားအကြီး တယောက်သည် မြို့နယ် စိုက်ပျိုးရေး အရာရှိတာဝန်ဖြင့် နေထိုင်လျက်ရှိသည်။ ညီအကိုနှစ်ယောက်သည် ရံဖန်ရံခါ စိုက်ပျိုးရေး စမ်းသပ်ဌာနတွင် လုပ်အားပေးခွင့်ရပြီး ငွေစ ကြေးစကလေးများ ရရှိကြသည်။

ညီအကိုနှစ်ယောက်သည် အမြဲတိုင်ကျလေ့ရှိသည်။ ရထားခ နေ့စဉ် ၃ ဆင့်စီ ရသည့် ငွေကလေးကို ရထားမစီးပဲ ခြေလျင် လျှောက်၍ စုဆောင်းကြသည်။ တခါတရံ အင်ဒွန်[၂] အမည်ရှိ မြင်း ၂ ကောင်တပ် ၄ ဘီး ရထားများ ကြုံ၍ မြင်းရထား၏ ခြေနင်းခုံတွင် တွဲလောင်းခိုစီးကာ လိုက်ပါသွားလေ့ ရှိသည်။

စုထားသော ငွေကလေးများဖြင့် စာအုပ်များ၊ ကျောင်းသုံး ပစ္စည်းများ၊ သကြားလုံးများနှင့် တခါတရံ အင်္ကျီများပင် ဝယ်

---

၁ Selogiri
၂ andong

BURMESE CLASSIC .com



က်ကြသေးသည်။ နောက်ပိုင်းတွင် ဆူလာဒီအား သူ့အကို ီးက အပေါင်ဆိုင်မှ စက်ဘီးတစီး ဝယ်ပေးသည်။ ထိုနေ့မှစ၍ အကို နှစ်ယောက်သည် စက်ဘီးတစီးကို တယောက်ကနင်း၊ ယောက်က နောက်က ထိုင်၍ စီးရင်း ကျောင်းတက်ကြသည်။

ဆူဟာတိုသည် ဘောလုံးကစားခြင်းကို အထူး ဝါသနာပါသည်။ ရီအော့[၁] ကစားနည်းကိုလည်းနှစ်ခြိုက်သည်။ ယင်းကစား းမှာ ကျားခေါင်းစွပ်ထားသောအလယ်လူက မြင်းစီးသော းလူများကို လိုက်ရိုက်ရာ၊ ပြေးရ လွှားရ ရှောင်ရသည့်ကစား း ဖြစ်သည်။

ဆူဟာတို ၁၄ နှစ်သား အရွယ်ရောက်သောအခါ၊ ထုံးတမ်း လာ ရှင်ပြုအခမ်းအနားကလေးတခုပြုလုပ်သည်။ ဒေသ ဆိုင် ိုးရာ အစဉ်အလာ အတိုင်း ဆောင် ရွက် သည်။ အစား သောက်၊ လဘက်ရည်၊ ရုပ်သေးကပွဲတို့ဖြင့် အိမ်ရှေ့တွင် ညှို့ခံသည်။ ဂျာဗားကျွန်းသားတို့၏ဓလေ့ထုံးစံအတိုင်း ဤသို့ ညှို့ခံ း ဖြစ်သည်။

အသက် ၁၅ နှစ်သားအရွယ်တွင် ဆူဟာတိုသည် အရပ် ချည် က်လာပြီး ထွားကြိုင်းလာသည်။ ဆင်းဆင်းရဲရဲဘဝတွင် နှစ် ကာ မိဘနှင့်အတူမနေရပဲ အရပ်တပါးသို့ ထပ်မံလွှင့်သွားရ သည်။

ဤတကြိမ်တွင် ဝိုနိုဂီရိမြို့ရှိ သူ့အဖေ၏ မိတ်ဆွေတဦး ဖြစ်သူ ဟာဂျိုဝီဂျိုနို[၂] အမည်ရှိ မီးရထား အမှုထမ်း ပင်စင်စား

---

၁ reog
၂ Pak Hardjowijono

www.burmeseclassic.com

www.burmeseclassic.com



တဦးထံ သွား၍နေလေသည်။ ဆူဟာတိုကလေး အဖို့ စ
ကျောင်းနှင့် ပို၍ နီးသွားတော့သည်။ သို့ရာတွင် သူ့အလ
လာသည်။ ပတ်ဟာဂျိုဝိဂျိုနီတို့ လင်မယားတွင် ကလေး မ
တယောက်မှမရှိသဖြင့် ဆူဟာတိုကပင် အိမ်မှု ကိစ္စ ဗာဟီရ
တံမြက်လှည်း၊ ဈေးဝယ်၊ ချက်ပြုတ်ရသည်။

သည့်အပြင် ဆူဟာတိုသည် မစွက် ဟာဂျိုဝိဂျိုနီ စက်
ဖာထေး ပြုပြင်သောဈေးသို့ အဝတ်အထည်များ ပွေ့ပိုက်
သယ်ဆောင်ပို့ပေးရသေးသည်။ သူ့တွင် ဤအတွေ့အကြုံ
ဗဟုသုတများ လုံးဝ မရှိခဲ့သေး။ ယခုမှ လေ့ကျင့် သင်
တတ်မြောက် လာခဲ့ရသည်။

သူ အဝတ်တွေ ပွေ့သယ်ယူလာသည့် ဆိုင်ပိုင်ရှင်က
လင်းလင်းရှိသော ဆူဟာတိုအား တွေ့မြင်၍ စိတ်ဝင်စာ
သည်။ ဆူဟာတိုအား ထိုကုန်သည် ဆိုင်ပိုင်ရှင်က ၎င်းနှင့်
လာရောက်နေထိုင်ပြီး ဆိုင်တွင်အကူအဖြစ် လုပ်ပေးရန် မေ
ပြောဆိုသည်။

ဆူဟာတိုက ငြင်းသည်။

"ကျေးဇူးပါပဲခင်ဗျား....ဒါပေမဲ့ ကျနော်အလုပ်ကို
မခံနိုင်ပါဘူး၊ ကျနော့်ကို အဖေက အုပ်ထိန်းစောင့်ရှောက်
ဂျို့ကို အပ်ထားပါတယ်၊ ကျနော် အဖေ့စကား မပယ်ရှ
ပါဘူးခင်ဗျာ"

ပတ်ဟာဂျို (အဖဟာဂျို) သည် အစ္စလမ် ဘာသာကို
ရှိသေ ကိုင်းရှိုင်းသူတယောက်ဖြစ်ပြီး ကျော်ကြားသော
ဆရာတယောက်လည်း ဖြစ်သည်။ ထို့ပြင် ထင်ရှားသော



ယောက်ဖြစ်ကာ ဗိန္ဒောဆေးဆရာနှင့် ဗေဒင် ပညာကိုပါ
တ်မြောက်သူဖြစ်သည်။ စွယ်စုံရသော ဓမ္မဆရာသည် ဆူဟာတို
အဖေကဲ့သို့ လယ်ထဲရေသွင်းရာတွင် ကြီးကြပ်သူ မြောင်း
င်း ဖြစ်သည်။

ပတ်ဟာဂျိုသည် သူ့ဆရာကြီး ဒါဂျမိုဓ ထံ အလယ်အပတ်
သောအခါ ဆူဟာတိုအား ခေါ်ဆောင်၍ အစ္စလမ် ဘာ
ရေး ဆွေးနွေးချက်များကို နားထောင်ခိုင်းသည်၊ မှတ်သား
းနာစေသည်။ ဆရာကြီးက သူ့တပည့်များအား ဘဝ၏
ိက ဗေဒကို ကိုရန်ကျမ်းစာတွင် လာရှိသည့်အတိုင်း သင်
းပို့ချပေးသည်။ တည်လုံးတရားထိုင်ခြင်းနှင့် ဥပုသ်စောင့်
တိုသည် ဆရာကြီးချမှတ်ပေးသော စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်
ဖြစ်သည်။

ဆူဟာတိုက ဆရာကြီး ဒါဂျမို၏ ဘာသာရေး ဟောပြော
ချက်များကို အလေးအနက် နာယူမှတ်သားသဖြင့် မကြာမီ
ကြီးက သူ့အား မျက်စိကျလာတော့သည်။

သို့ဖြစ်၍ ဆူဟာတိုသည် ပတ်ဟာဂျို၏ သဘောတူ ခွင့်ပြု
အရ တရားဓမ္မဆရာကြီး ဒါဂျမိုထံသို့ ပြောင်းရွှေ့ နေထိုင်ရ
သည်။

အိမ်နှစ်အိမ်ကလည်း နီးကပ်နေသဖြင့် ဆူဟာတိုအဖို့ လုပ်
ရသည်မှာ အတူတူပင် ဖြစ်သည်။ နေမထွက်မီ သူ့အလုပ်

---

Darjatmo

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စလုပ်ရသည်။ ကော်ဖီဖျော်၍ ဆရာကြီးထံ ပေးရသည်။မ
ဘုရားဝတ်ပြုပြီး အလုပ်ခွင် ဝင်ရပြန်သည်။

မမ္မဆရာကြီးနှင့် အတူနေရသော ဘဝသည် စိတ်ဝင်စား
များနှင့် တန်ဆာဆင်လျက်ရှိသည်။ ဆူဟာတိုသည် အိမ်
ကူညီ လုပ် ကိုင် ပေး ရ ပြီး၊ဆရာကြီး သွား လေ ရာ သို့လ
တကောက်ကောက် လိုက်ပါရသေးသည်။ ဆူဟာတိုသည်
ဆရာကြီးက လယ်ရေသွင်းရေး ကိစ္စများကို လယ်သမား
အား ရှင်းပြ၍ လူကြီးတယောက်၏ တာဝန်များ ဆောင်
နေသည်ကို ကြည့်ရှုနားထောင်ရင်း အနိမ့်ဆုံး ပြဿနာနှင့်
ခန့်ခွဲရေး လုပ်ငန်းများအား ရင်းနှီး ကျွမ်းဝင်လာလေသ

တကယ့်လက်တွေ့ မမ္မဝိဌာန်ကျကျ တွေ့မြင်နေရသော်လ
စနစ်သစ်တခုသို့ ပြောင်းလဲလက်ခံရန် ဝန်လေး နေကြ
တောင်သူလယ်သမားများနှင့် အချိန်ကြာ ဆွေးနွေးပွဲမျာ
လုပ်သည်။ ဤအလေ့အကျင့်ကို လိုက်နာ၍ ဆူဟာတိုသည်
ဒိုနီးရှား ပြည်သူတို့၏ ဘဝမှန်ကို လေ့လာခြင်း ဖြစ်သည်။

ဆရာကြီး ဒါဂျမိုက ဒူကွန်အဖြစ် လိုက်ပါဆောင်ရွက်
အခါများတွင် လူငယ်ဆူဟာတိုအဖို့ ပို၍ စိတ်ဝင်စာ
အတွေ့အကြုံများ ရရှိလာသည်။ လူနာများအတွက် ဆန်း
သော သတိပေးစာနှင့် လိုက်နာရန် စာများကို ရေးရသည
ညဉ့်နက်သန်ကောင် အချိန်အထိ ဖြစ်သည်။ လူတွေကလ
ဒူကွန်ဆရာကြီး ဒါဂျမိုထံ လာကြ၍ သူတို့၏ ပြဿနာအ
တွေကို တင်ပြပြီး ဆရာကြီး၏ အကြံဉာဏ် အကူ အညီ
တောင်းခံကြသည်။



ျားနာခြင်း၊ သားသမီးမရခြင်း၊ အိမ်ထောင်ရေးကိစ္စများ၊
ကွာ မယားကွာ ကိစ္စများ၊ လုပ်ငန်းခွင် ဒုက္ခများ၊ ရပ်ဝေး
ဆွေမျိုးသားချင်း တို့၏ အခြေအနေ သတင်းကိစ္စများ၊
ပယောဂ အမှောင့်ပြုစားခြင်းများနှင့် ဂျာဗား ကျွန်းသူ
်းသားတို့ ကြုံတွေ့သမျှ ပြဿနာအဝဝကို မေးလာကြသည်။
ဆရာကောင်း မည်သည်မှာ အယုတ်အလတ် အမြတ် မရွေး
်းရဲ ချမ်းသာမရွေး၊ အဆင့်အတန်းမခွဲခြားပဲ အကြံပေးခြင်း၊
ီသမှု ပြုခြင်းများကို တပြေးညီ ဆောင်ရွက်ရသည်။ သူ
ည် ကိုရန်ကျမ်းထဲမှ ကူးရေးထားသော ကောက်နုတ်ချက် စာ
လေးအချို့ ရေးသားထားသော စက္ကူတစ သို့မဟုတ်
ွက်တရွက်စီကို လက်ဆင့်ကမ်း ပေးဝေသည်။
ပျောက်စေအမိန့် ဂါထာ မန်းမှုတ်ထားသည့် ရေအား
နာရှင်သို့ ပေး၍ သောက်စေသည်။ ဆန်းကြယ်သော မှော်
တ်ပညာများ၊ အခြား ဉာဏ်မမီ၊ နားမလည်အောင် ရှုပ်
သော ဒူကွန်ဆရာတို့၏ ကုထုံး ကုနည်းများ၊ ယုံကြည်သူ
ကုသပုံများ၊ အများအပြားရှိသည်။
တ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ ဗဟုသုတ
တိုးပွားရရှိပြီးသောအခါ ဆူဟာတိုသည် ဇာတိချက်
ကိမူစု ရွာကလေးသို့ ပြန်သွားတော့သည်။
သူ၏ အလယ်တန်းပညာ ပြီးဆုံးအောင် ရွာမှနေ၍ ဂျိုး
ာတာသို့ နေ့စဉ် စက်ဘီးစီးပြီး ကျောင်းတက်သည်။ ကျ
င်းသည် ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အစ္စလမ် အသင်း
ကြီးမှ ကြီးမှူး ဖွင့်လှစ် ထားသော ကျောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစည်းကမ်း သတ်မှတ်ချက်မှာ တပည့်များသည် ဘောင်း
ဘီတို ရှူးဖိနပ်ဖြင့် ကျောင်းတက်ရန် ဖြစ်သည်။ သူ့အဖေက
ရှူးဖိနပ် ဝယ်မပေးနိုင်သဖြင့် ဆူဟာတိုသည် ကျောင်းသို့ ဖိနပ်
မပါပဲ သွားရသည်။ သူ ထင်ထားသည့်အတိုင်း ဖိနပ်မပါ
ကျောင်းတက်သူမှာ သူတယောက်တည်း မဟုတ် ကြောင်း
ကျောင်းသို့ ရောက်သောအခါ တွေ့ရသည်။

ဂျိုးဂျကာတာတွင် ဆူဟာတိုသည် ဒတ်ချ် ကိုလိုနီဝါဒ ဆန့်
ကျင်သော အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများကို ပထမ
ဆုံး အကြိမ် တွေ့မြင်လိုက်ရသည်။ မြို့ထဲတွင် ပြည်သူလူထု ဆွေး
နွေးပွဲများ တွေ့ရသည်။ ဂျကာတာ (ထိုစဉ်က ဘာတေဗီယာ[၁]
ခေါ်သည်)၊ ဘန်ဒေါင်း၊ စီမာရန်၊ စူရာဘာရနှင့် မီဒန်မြို့များ
မှာလည်း လူထု စည်းဝေးပွဲများ တပြိုင်နက် ပြုလုပ်ကြသည်။
ကျောင်းသားတွေက နိုင်ငံရေး ဆွေးနွေးပွဲများပြုလုပ်ကြသည်။

သို့ရာတွင် ဤလှုပ်ရှားမှုများသည် ဆူဟာတိုအား လွှမ်းမိုး
စိတ်ထက်သန်မှု မပြသေး။ သူသည် ကျောင်းစာများ၌သာ အာ
စိုက်နေခဲ့ပြီး ၁၉၃၉-ခုနှစ်တွင် အလယ်တန်း ကျောင်းမှ ထ
သည်။

ဆူဟာတိုသည် ကျောင်းဆက်တက်ချင်သည်။ သို့ရာတွင် သ
အဖေကသော်၎င်း၊ ချမ်းသာသော ဆွေမျိုးတွေကသော်၎င်း သ
ကို ထောက်ပံ့၍ မလိုးပန်းတော့ပေ။

သူ့ အဖေက ပြောသည်။

၁ Batavia



"သား....အဖေတော့ သားကို သည့်ထက် ပိုပြီး ပညာ ဆက်
သင်ပေးနိုင်တော့ဘူး၊ အခု အချိန်က စပြီး မင်း ကိုယ့်ခြေ
ထောက်ပေါ် ကိုယ် ရပ်ပေတော့၊ အလုပ်တခု ရှာ၊ ရပြီဆိုတော့
ကိုယ့်ဝင်ငွေနဲ့ ကိုယ် ပညာဆက်သင်ပေါ့"

× × ×

အလုပ်တခု ရဖို့ဆိုသည်မှာ ခက်ခဲသော ကိစ္စတရပ် ဖြစ်သည်။
ငွေဝင်ခြင်းနှင့် ဩဇာ အရှိန်အဝါ ရှိခြင်းတို့နှင့် မပြည့်စုံလျှင်
အလုပ်မရနိုင်။ ဆူဟာတိုသည် သူ့ကို လူသိများသော ဝါဂျန်
ရွာသို့ ပြန်သွားသည်။

အလုပ်တခု ရဖို့ မအောင်မြင်သော ကြိုးပန်းမှုများနှင့်ချည်း
ကြုံနေရာမှ တနေ့တွင် ကျေးရွာဘဏ်၌ အကူစာရေးကလေး
အလုပ် ရလေတော့သည်။ ထိုအလုပ်သည် သူ့ စိတ်ကြိုက်အလုပ်
မဟုတ်သော်လည်း ရရာအလုပ်ကိုလက်လွှတ်မခံပဲ လုပ်လိုက်သည်။
အလုပ်သင် စာရေးကလေး ဆူဟာတိုသည် ဘဏ်စာရေးနှင့်
အတူ စက်ဘီးတစီးဖြင့် ရွာရိုး ကိုးပေါက် လှည့်လည်ရသည်။
ရွာရုံးများတွင် ရွာလူကြီးများနှင့် အတူ တောင်သူ လယ်
သမားများထံမှ ဘဏ်တိုးများ ကောက်၊ လုပ်ငန်းရှင် ဆိုင်ရှင်ငယ်
လေးများထံမှလည်း ကောက်သည်။ ဤကျေးလက် ခြွေသနာ
ဆူဟာတိုက ယခုတိုင် ဘဝင်မကျ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ ဆူဟာတိုသည် ဂျာဗားဝတ်စုံကို အပြ ဝတ်ဆင်ထားသည်။စရွန်ပုဆိုး၊ ဘလင်ကောင်ခေါင်းဆောင်း သော ကပ်ဒ အင်္ကျီတိုကို ဝတ်စားထားသည်။ သူ့ ကိုယ်ပိုင် စ ပုဆိုးမှာ ဟောင်းမြင်း စုတ်ပြဲနေပြီဖြစ်၍ အဒေါ် ထံမှ တထ ငှားရမ်းရသည်။ကုသိုလ်ကံ မကောင်းသဖြင့် တနေ့တွင် သူသ စက်ဘီးပေါ်မှ ခုန်အဆင်းလိုက်၌ စုတ်နေသော ဖင်ထိုင် စပရင်များက လုံချည်ထဲ ချိတ်ကာ စုတ်ပြဲပစ်သလို ပြသွားသည ဆူဟာတိုသည် ဘဏ်စာရေးကရော အဒေါ်ဖြစ်သူကပါ ဆူပူ ခံရသည်။

"ဟာတို....ဒါ ငါ့မှာရှိတဲ့ အကောင်းဆုံး လုံချည်တထည် ဖြစ်တယ်၊ ငါ နောက်ထပ် တထည်မှ မပေးနိုင်တော့ဘူး"

ထို့နောက် ဆူဟာတို၏ ဘဏ်အမှုထမ်း ဘဝ ပြီးဆုံးသွ သည်။

လူငယ်ကလေး ဆူဟာတိုသည် အလုပ် မရှိပဲနှင့် မြို့ကြီးပေ တွင် အခွင့်ကောင်းများ မျှော်လင့်ပြန်သည်။ ဆိုလိုသို့ မထ ခွာမီ သူ့ မိတ်ဆွေ တယောက်က သူ့အား ဒတ်ချ် ရေတ ဆက်သွယ်ပေးနိုင်သည်ဟု လာပြောသည်။သို့ရာတွင် ထမင်း တနေရာသာ လစ်လပ်သည်ဟု သိရသည်။ ဆူဟာတိုအဖို့ ကထေ ဘဝကတည်းက အိမ်အလုပ်တွေ လုပ်ရင်း ထမင်းချက် ဟင်း တတ်ခဲ့သည်။ ဘဏ်မှာ လုပ်စဉ်ကတည်းက သူသည် နယ်သာ စစ်တပ်သို့ ဝင်ခွင့် လျှောက်လွှာ တင်ပို့ထားခဲ့သည်။ သို့ရာ

၁ Basekat



အကျိုးအကြောင်း မြန်မြန်ဆန်ဆန် ဘာမှ မသိခဲ့ရပေ။ သူ စိတ် သစ်ခဲ့ရသည်။

ဆိုလိုတွင် အလုပ်ရစရာ လမ်းစ မမြင်တော့သဖြင့် ဆူဟာတို သည် နောက်ဆုံးတွင် စိတ်ပျက်လက်ပျက်ဖြင့် ဝဂျုန်တိုရိုသို့ ပြန် လာပြီး အဒေါ်နှင့် ဦးလေးထံ မှီခိုနေရပြန်သည်။

ရွာသားတွေက ဆူဟာတိုအား ကြိုဆိုကြသည်။ ရွာတွင် တည်ဆောက်နေသော ဗလီ(ဘုရားဝတ်ပြုကျောင်း) အဆောက် အဦ ဆောက်လုပ်ရေး လုပ်ငန်းတွင် ဆူဟာတို၏ ကျွမ်းကျင်မှုနှင့် လုပ်အားကို မျှော်လင့်နေခဲ့ကြသည်။ အလုပ် ပင်ပင်ပန်းပန်း လုပ်ရင်းဖြင့် သူသည် သောကများကို မေ့ပျောက်ထားရသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

## တယ်ကြမ်ကြီးမှ တပ်ခွဲမှူးသို့

စာပို့လုလင်က တိုတောင်းသော ရုံးစာတစောင် လာရောက်ပေးသွားသောအခါ ဆူဟာတို မျှော်လင့် စောင့်စားနေသော အခွင့်အလမ်းသည် သူ့ လက်ဝယ် ရောက်ရှိလာပြီ ဖြစ်သည်။

ဆူဟာတိုအား အလုပ်ခန့်စာ ဖြစ်သည်။

၁၉၄၀-ခုနှစ် ဇွန်လ ၁-ရက်နေ့တွင် ဂျာဗားကျွန်းအလယ်ပိုင်း ဂွန်ဘုံ၁ အရပ်ရှိ နယ်သာလင်စစ်တပ် စစ်ပညာသင် ကျောင်းမှ

---

၁ Gombong



သန်မာထွားကျိုင်း ထက်မြက်သော ဆူဟာတိုအား အခက်အခဲမရှိ လက်ခံလိုက်လေသည်။

အရင်က သူ့တွင် စစ်တပ်ထဲ ဝင်ချင်စိတ် မရှိခဲ့။ အခုမှ သူ ပြန်တွေးကြည့်လိုက်သောအခါ သူ စစ်ထဲဝင်ခြင်းသည် နိုင်ငံ၏ အခြား အရပ်ဒေသများသို့ ရောက်ချင် ကြည့်ချင်သောကြောင့် ဖြစ်သည်။တခြား လူငယ်တွေလို စွန့်စားချင်စိတ် ရှိသည်။စစ်တပ်သည် သူ့ကို စွန့်စားသော ဘဝသို့ ပို့ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ ပြီးတော့လည်း နှစ်ရှည်လများ ဟိုပြောင်းသည်ရွှေ့နှင့် မိဘမဲ့ အိမ်ကွာ အိုးကွာ ဖြစ်ရင်း အသက်မွေးဝမ်းကျောင်းတရပ် အနေဖြင့်ရော၊ခိုလှုံရာအဖြစ် အနေဖြင့်ရော၊ စစ်တပ်ထဲ ဝင်လိုက်ခြင်း ဖြစ်သည်။

ဂွန်ဘုံအရပ်ရှိ စစ်ကျောင်းတွင် ၆-လ ကြာသောအခါ ဆူဟာတိုအား အခြေခံ စစ်လေ့ကျင့် ပေးမှုများ သင်ကြားပေးသည်။နေထွက်က နေဝင်သည်အထိ စစ်ရေးပြုရခြင်း အလုပ်သည် ကျောင်းသားဘဝနှင့်ရင်း၊ စမ္မဆရာ၏ လက်ထောက်လုပ်ရခြင်းနှင့်ရင်း၊ ဘဏ်စာရေး လုပ်ရခြင်းနှင့်ရင်း၊ ခြားနားသည်။

စစ်ရေးပြ လေ့ကျင့်ခန်းသည် အပြင်းအထန် ပင်ပန်းစေသော်လည်း ဆူဟာတိုသည် စစ်သည်ဘဝကို နှစ်သက်လာသည်။ သူ့ အဓိက လုပ်ငန်းအဖြစ် စစ်သားလုပ်ရပ်ကို ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

၁၉၄၀-ခုနှစ် ဒီဇင်ဘာလ ၂-ရက်နေ့တွင် ဆူဟာတို၏ ၆-လ သင်တန်း ပြီးဆုံးသောအခါ သူ့ကို ဂွန်ဘုံ စစ်ကေဒါကျောင်း တွင် ခန့်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကေဒါကျောင်းမှ ထွက်၍ အရှေ့ဂျာဗားရှိ မလန်၁ ဒေသအနီး ရန်ပယ်၂ စခန်း တပ်ရင်း ၁၃-သို့ ထွက်ခွာလာသောအချိန်ဝယ် ဆူဟာတိုသည် တပ်ကြပ်အဆင့် နှစ်ရစ်ရနေပေပြီ။ သူသည် စံပြတပ်သားဖြစ်၍ တိုတောင်းသော အချိန်ပိုင်း အတွင်းမှာပင် တပ်ကြပ်ကြီးရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။

သူ့ လုပ်ရပ်ကို ဘဝတူ ရဲဘော်များက ဝေဖန် ပြောဆိုလာကြသည်။ ဂျာဗားကျွန်းသားတွေကို နယ်သာလင်စစ်တပ် အတွင်းဝယ် ခွဲခွဲခြားခြား ဝေဖန်ကြသည်။ မြောက်ပိုင်း စူလာဝေစီ၃နှင့် မိုလူကတ်၄ ဒေသများမှ ပို၍ သစ္စာရှိသောလူငယ်ကလေးများကို အခွင့်အရေး ပိုပေးကြသည်။

ထိုအချိန်တွင် ကသိုလ်ကောင်းလာ၍ ဆူဟာတို၏ အကို ဆူလာဒီသည် မလန် စိုက်ပျိုးရေးကျောင်းတွင် တက်နေသည်။ တပ်ကြပ်ကြီး ဆူဟာတိုသည် တပ်မှ အားလပ်ရက်ရတိုင်း ဝါဂျန်တိုတွင် ငယ်ငယ်ကတည်းက ကစားဖေါ်ကစားဖက် ဖြစ်သူ ဆူလာဒီထံ သွားလေ့ရှိသည်။

သူတို့နှစ်ယောက်သည် မလန်တဝိုက် လှည့်လည်၍ လှပသော ရှုမြော်ခင်းများ၊ စေတီပုထိုးများ၊ ရှေးဟောင်း ဂျာဗား ဘုရင့်

၁ Malang
၂ Rampal
၃ North Sulawesi
၄ Moluccas



နေပြည်တော် မြို့ပျက်များကို ကြည့်ရှု လေ့လာကြသည်။ တခါတရံ တနင်္ဂနွေနေ့များတွင် ရုပ်ရှင်ကြည့်ကြသည်။

ရုပ်ရေတင့်တယ် ငယ်ရွယ်နုပျိုသော တပ်ကြပ်ကြီး ဆူဟာတိုတွင် ယခု အချိန်ထိ ချစ်ရေးကိစ္စများ မရှိသေး။ မည်သူမျှ အချစ်ရေးကို သတိမရကြသေး။

× × ×

၁၉၄၁-ခုနှစ်။

ဒုတိယ ကမ္ဘာစစ်မီးကြီးသည် တဖြည်းဖြည်း ဥရောပ စစ်ပွဲများနှင့် နီးကပ်လာတော့သည်။ ၁၉၄၀-ခုနှစ်တွင် ဟော်လန်နိုင်ငံ ကျရှုံး၍ ဂျာမန်တို့က သိမ်းပိုက်လိုက်သည်။

နယ်သာလင်အင်ဒီးစ်၁တို့၏ ဘဝသည် အေးချမ်းနေသေးသည်။ သို့ရာတွင် ဘတာဗီယာရှိ ဒတ်ချ် အရာရှိများက အနာဂတ်အရေးအတွက် စိတ်မအေးနိုင်အောင် တထင့်ထင့် ဖြစ်နေကြသည်။ ဒတ်ချ် အစိုးရသည် ဟိတ်၂ မြို့မှ လန်ဒန်၃ မြို့သို့ ရွှေ့သွားပြီးကတည်းက ဗဟို အာဏာပိုင်များနှင့် အဆက်အသွယ် ခက်ခဲသွားတော့သည်။

အင်ဒိုနီးရှား လွတ်လပ်ရေး တိုက်ပွဲဝင်သူများသည် သူတို့၏ လှုပ်ရှားမှုများကို တိုးမြှင့်လာကြသည်။ တနိုင်ငံလုံးတွင် ထောင်သောင်းချီသော ဆန္ဒပြသူများ၊ လူထု အစည်းအဝေးပွဲကြီးများ၊ ပြုလုပ်နေကြသည်။

၁ Netherlands Indies
၂ Hague
၃ London

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုချက်မှာ အင်ဒိုနီးရှား ပြည်သူအတွက် ပါလီမန် အစိုးရကို အမြန်ဆုံး ဖွဲ့စည်းပေးရန် ဖြစ်သည်။

အင်ဒိုနီးရှား၏ အဓိက အန္တရာယ်အား ကိုလိုနီအစိုးရက ပြသရာတွင် ဂျပန် ကျူးကျော်မှု ပြုနေပြီဖြစ်ကြောင်း ပြောပြခြင်းဖြစ်သည်။

အင်ဒိုနီးရှား ပြည်သူတို့က ဒတ်ချ်ကိုလိုနီများကို တော်လှန် ပုန်ကန် တိုက်ထုတ်ကြရန် တိုကျိုရေဒီယိုမှ အသံလွှင့် ကြေညာရင်း လှုံ့ဆော်ရေး စစ်ပွဲသည် ကြီးမားကျယ်ပြန့် လာတော့သည်။

ကိုလိုနီအာဏာပိုင်များက တားမြစ်ကြသော်လည်း 'အင်ဒိုနီးရှား' ဟူသော ကြွေးကြော်သံသည် တမျိုးသားလုံး၏ ကြွေးကြော်သံအဖြစ် ပျံ့လွင့်နေ၏။ တဖက်မှလည်း ဒတ်ချ်တို့က ဂျပန်စစ်ဝါဒအား တိုက်ခိုက်သော လှုံ့ဆော်ချက်များ၊ အင်ဒိုနီးရှားအား ကျူးကျော်ခြင်းအမှုတွင် ကျူးကျော်သူသည် ဒုက္ခနှင့် အဆုံးသတ်မည်ဖြစ်ကြောင်း ရှင်းလင်းချက်များဖြင့် ရှုရှက်ခတ်နေတော့သည်။

ဘတာဗီယာရှိ ဒတ်ချ် အစိုးရနှင့် စစ်အာဏာပိုင်များက အင်ဒိုနီးရှားနိုင်ငံ၏ ထောင်ပေါင်းများစွာသော ကျွန်းများကို ကာကွယ်ရန် ပြင်ဆင်လေသည်။ မြို့တိုင်းမှာပင် လူငယ်များသည် ဒတ်ချ်ကြည်းတပ်နှင့် ရေတပ်များသို့ စာရင်းပေးသွင်းကြသည်။

တပ်ကြပ်ကြီး ဆူဟာတိုသည် နိုင်ငံရေးကို သီးခြားစိတ်ပါဝင်စားမှု မရှိခဲ့သော်လည်း ရင်ဆိုင်ကြုံတွေ့လာရသည့် ဒုက္ခများကို သတိပြုမိလာသည်။ ယခင်ကထက် စစ်သားသစ်တွေပိုပြီး



စုဆောင်းကာ ဂျပန်ကျူးကျော်လာမှုကို စစ်တန်းလျား ဆောင်တိုင်းရှိ ဆွေးနွေးဝိုင်းတွင် ဝိုင်းဆွေးနွေးကြသည်။

ဒတ်ချ်လှုံ့ဆော်မှု လွှမ်းမိုးနေသော ဆူဟာတိုက ရန်သူဂျပန်များ သတ္တိရှိရှိ ရှေ့ဆက်ချီတက်လာပါက စစ်ပွဲကြီးတပွဲ အကြီးအကျယ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ဂျာဗားကျွန်းသားတို့က နယ်ချဲ့ကျူးကျော်သူများကို တိုက်ထုတ် လိုက်ခြင်းသည် ဤအကြိမ်သာ ပထမအကြိမ်ဖြစ်သည် မဟုတ်။ ၁၂၉၃-ခုနှစ်တွင် ကူဗလိုင်ခန်[၁] စေလွှတ်လိုက်သော တရုတ်စစ်တပ်များသည် အရှေ့ ဂျာဗားသို့ အရောက်တွင် အင်အား ကြီးမားသော မိုဂျိုပဟစ်[၂] နိုင်ငံတော် တည်ထောင်သူ ဘုရင် ဝိဂျာဂျာ[၃] ၏ စစ်သားများက ချေမှုန်းတိုက်ခိုက်ခြင်း ခံခဲ့ရသည်။

သမိုင်းသည် သူ့အလိုလို ထပ်တလဲလဲ ဖြစ်မလာပေ။ မလေးကျွန်းဆွယ်ကို တိုက်ခိုက်ပြီးသောအခါ ဂျပန်သည် စင်္ကာပူကို ဆက်တိုက်ရာ ၁၉၄၂ ခုနှစ် ဖေဖေါ်ဝါရီလ ၁၂-ရက်နေ့တွင် စင်္ကာပူ ကျဆုံးသွားသည်။ ၂ ရက် ကြာသောအခါ တင်နို[၄] ၏ စစ်သားများ သည် စုမတြားကျွန်း မြောက်ပိုင်းသို့

၁ Kublai Khan
၂ Modjopahit
၃ Widjaja
၄ Tenno

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော် စစ်ပြုလာပြန်သည်။ မကြာမီ ဂျာဗားကျွန်းပေါ် ၎င်းတို့ခြေချလာသည်။ ရှစ်ရက်အတွင်း ဒတ်ချ် တပ်ပေါင်းစု၏ တပ်မှူးချုပ် ဒူ–ဗိုလ်ချုပ်ကြီး တာပိုတင်[၁] သည် လက်နက်ချ အပ်ခဲ့သည်။ ဒတ်ချ်နှင့်အပေါင်းပါစစ်သားများကို စစ်အကျဉ်း သား သုံ့ပန်းများအဖြစ် ဖမ်းဆီးလိုက်ကြသည်။

တပ်ကြပ်ကြီးဆူဟာတိုသည် အခြား နယ်သာလင် စစ်သား များနှင့်အတူ လွတ်မြောက်သွားခဲ့သည်။ သူသည် ဂျာဗားကျွန်း အလယ်ပိုင်းရှိ ဇာတိရွာကလေးသို့ ပြန်လာပြီး ဆိုလို အနီးရှိ ဝိုနိုဂီရိမှ ပရာဝီရိုဝါဂျို၏အိမ်တွင်နေထိုင်သည်။ ရဲဘော်ဟောင်း ဆူဟာတိုသည် အခြေအနေများ ဆိုးဝါးလာပြန်ရာ ငှက်ဖျား ဖျားလေတော့သည်။

ဂျပန်များက အင်ဒိုနီးရှားပြည်သူတို့၏ထောက်ခံမှုကိုလိုလား သဖြင့် အနီနှင့် အဖြူရောင်ပါသော အင်ဒိုနီးရှား နိုင်ငံတော် အလံ လွှင့်ထူခွင့်နှင့် အင်ဒိုနီးရှား အမျိုးသား သီချင်းတို့ကို သီဆိုခွင့်ပြုထားသည်။ 'အေသုံးလုံးလှုပ်ရှားမှု' လည်းပေါ်ပေါက် လာသည်။ အေသုံးလုံး၏အဓိပ္ပာယ်မှာ 'အာရှကို ခေါင်းဆောင် သူသည် ဂျပန်၊ အာရှကိုကာကွယ်သူသည် ဂျပန်၊ အာရှ၏အလင်း ရောင်သည် ဂျပန်' ဖြစ်သည်။

ဟိုင်ဟို[၂] အမည်ရှိ အဖွဲ့အစည်းသစ် တရပ်ကို အင်ဒိုနီးရှား တိုင်းရင်းသား လူမျိုးများပါဝင်ကာ အသစ်ဖွဲ့စည်းလိုက်သည်။

၁ Ter Poorten

၂ HEIHO



…တာ[၁] ခေါ် အမိနိုင်ငံတော်မှ နိုင်ငံတော်ကာကွယ်ရေး အပျော် …မ်း တပ်ဖွဲ့များကလည်း ဟိုင်ဟို အဖွဲ့နှင့် ပူးပေါင်း လက်တွဲ …က်ကြသည်။ ဟိုင်ဟို အဖွဲ့အစည်းကြီးသည် စစ်အဖွဲ့အစည်းကြီး …ပ်ဖြစ်ပြီး နယ်ချဲ့အပေါင်းပါ တပ်များအား အင်ဒိုနီးရှား …ပေါ်မှမောင်းထုတ်ပြီး အမိအင်ဒိုနီးရှားနိုင်ငံအား ကာကွယ် …ာင့်ရှောက်ရန် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ဤအဖွဲ့ကြီးတွင် …ကြား ဦးဆောင်သူများမှာ ဂျပန်များ ဖြစ်ပြီး အဖွဲ့ဝင် …ပ်ဖွဲ့ဝင်)များမှာ အင်ဒိုနီးရှား တပ်သားများနှင့် အရာရှိများ …ကြသည်။

အင်ဒိုနီးရှား စစ်တပ်အဖွဲ့၏ သတင်းသည် ကျေးရွာများသို့ …ရောက်ရှိပျံ့နှံ့လာသည်။

ဆူဟာတိုသည် သူ့ သူငယ်ချင်းများနှင့်အတူ ၁၉၄၂ ခုနှစ် …င်ဘာလ ၁ ရက်နေ့တွင် ဂျပန် အပျော်တမ်း ပုလိပ် တပ်ဖွဲ့ …ဘုဟို[၂] ထဲသို့ စာရင်းပေးသွင်း ဝင်ရောက် လိုက်လေသည်။ …ကိုဂျိုးဂျကာတာသို့ သင်တန်းတက်ရန် စေလွှတ် လိုက်ပြီး …လ ကြာသောအခါ ပထမသုတ် သင်တန်းပြီးဆုံးခဲ့လေသည်။ …ပထမဦးဆုံး ခန့်အပ်ခြင်း ခံရသော အလုပ် တာဝန်မှာ …ဂျကာတာ ပုလိပ်တပ်မှူး၏ လက်ထောက် တာဝန်ဖြစ်သည်။

ဆူဟာတိုသည် ပုလိပ်တပ်မှူး၏ လက်ထောက်တာဝန် ထမ်း …ာင် ရသည်ကို နှစ်သက်သော်လည်း မကြာမီ ဂျပန် အကြီး

၁ PETA

၂ KEIBUHO

www.burmeseclassic.com

www.burmeseclassic.com



အကဲတဦး၏ အကြံပေးချက် အရ ပီတာ တပ်ဖွဲ့သို့ ကူးပြော
သွားသည်။ နောက်တပ် စစ်ပညာသင်တန်း ထပ်မံ တက်ရ
သည်။ ၎င်းအကြိမ်တွင် ဂျပန်စစ်ကျောင်း၌ ဂျပန်ဘာသ
ဂျပန်စိတ်ဓာတ်၊ ဂျပန် ယဉ်ကျေးမှုများကိုပါ သင်ကြားပြ
သည်။ ၁၉၄၃ ခု အောက်တိုဘာလ ၇ ရက်နေ့တွင် အ
(ဗိုလ်)အဖြစ် ခန့်အပ်ခြင်းခံရပြီး တပ်စုမှူး ဖြစ်လာသည်။
နောက် ဂျီးဂျကာတာ အရှေ့ပိုင်း ဝိတ်၁ စခန်း၌ ပီတာစစ်တ
၏ စခန်းမှူးဖြစ်လာသည်။

ဝိတ်စခန်းမှ ဆူဟာတိုသည် အနောက်ဂျာဗားရှိ ဘိုဂါ
ရပ်သို့ အထက်တန်း စစ်ပညာများ ဆက်လက် သင်ကြား
ပြောင်းရွှေ့ခံရသည်။ဆာမူရိုင်း သူရဲကောင်း ဓါးခုတ်နည်းမ
အပါအဝင် ကိုယ်ခံပညာ၊ ရုပ်ပိုင်းလေ့ကျင့်မှု၊ စစ်ပညာ၊
နည်းဗျူဟာများကို ပြည့်စုံစွာ သင်ကြားကြရသည်။

ဆူဟာတိုသည် ဘိုဂါ အထက်တန်း စစ်ပညာသင်ကျော
အောင်မြင်စွာ သင်တန်းဆင်း ဘွဲ့ရပြီး ၁၉၄၄ ခုနှစ်တွင် တပ်
ရာထူးသို့ တိုးမြှင့် ခန့်အပ်ခြင်း ခံရသည်။

တပ်ခွဲမှူး ဆူဟာတိုအား ဆိုလို အရပ်ရှိ ပီတာ စစ်တပ်မျ
အကြီးအမှူးအဖြစ် ခန့်အပ်လိုက်ပြန်သည်။ သူ့အကို ဆူလ
အား ပြန်လည် တွေ့ရပြန်သည်။ ဆူလာဒီသည် ဆိုလိုမြို့
ပျိုးဈေးရုံးတွင် အလုပ် လုပ်ကိုင်နေလေသည်။ ဆူလာဒီသည်
ထောင်ကျနေလေပြီ။ တပ်ခွဲမှူး ဆူဟာတိုက အကို ဆူလာ

၁ Wates



ညစာစားပွဲ ဖိတ်ကြားမှုကို ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်
သည်။ တပ်ထဲတွင် ငြိမ်းငွေ့ဖွယ် အစားအသောက်များ စားနေခဲ့
သမှ ယခုလို ညစာစားပွဲ ဖိတ်ကြားလာမှုကို ဝမ်းသာရသည်။
တောင်နှင့် ကိတ်မုံ့ချပ် ပါးပါးလှီး၍ ငှက်ပျောသီး၊ ကြက်သွန်
များနှင့် ကြော်ထားခြင်းသည် ဆူဟာတို၏အကြိုက်ဆုံး ဟင်း
လျာဖြစ်သည်။

လူငယ်အရာရှိ ဆူဟာတိုသည် ဆိုလိုတွင်ကြာကြာမနေရပေ။
သည် ဂျာဗား အရှေ့ပိုင်းရှိ မက်ဒွန်၁ ဒေသသို့ ပြောင်းရွှေ့ရ
သည်။ ပီတာ စစ်ဌာနချုပ်တွင် တာဝန်ထမ်းဆောင်ရသည်။
စစ် လေ့ကျင့် သင်ကြားရေးနှင့် နည်းပြမှုတွင် သူသည် တာဝန်
ရပြီး သူ၏ ကိုင်တွယ်လေ့ကျင့်ပုံ စွမ်းရည်ကြောင့် ထင်ရှား
လာသည်။

ဂျပန် ဆရာတို့က ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ် သင်ပြနေ
သည့် အကြားဝယ် အင်ဒိုနီးရှား တိုင်းရင်းသား ဆူဟာတိုက
သိမ်သိမ်မွေ့မွေ့ သင်ပြမှုသည် ထင်ရှားလာ၏။

ပီတာတပ်ရင်းများတွင် ပြဿနာများ ပေါ်လာသည်။ဂျပန်
နှင့် အင်ဒိုနီးရှားတို့ အကြား ကွဲပြား ခြားနားမှုများ ပေါ်
ပေါက်လာသည်။ ပီတာတပ်ဖွဲ့သည် အင်ဒိုနီးရှား အမျိုးသား
ရေး ဝါဒကို ထိပါးစော်ကားလာလေပြီ။ ဒတ်ချ် ဆန့်ကျင်ရေး၊
အနောက်ပိုင်း ကိုလိုနီဝါဒ ဆန့်ကျင်ရေးတို့သည် တရားဝင် ထင်

၁ Madiun

www.burmeseclassic.com

ပေါ်စွာ ပျံ့နှံ့လာသလို မည်သည့် ကိုလိုနီ ဝါဒကိုမဆို ဆန့်ကျင်တိုက်ခိုက် ဖယ်ရှားသွားရန် ဆုံးဖြတ်လိုက်ကြသည်။

ဂျပန်များက အင်ဒိုနီးရှားတို့နှင့် ဆက်ဆံရာတွင် ကြမ်းတမ်းခက်ထန်လာသဖြင့် အင်ဒိုနီးရှားတို့က ဂျပန်တို့၏ စကားကို နားမထောင်ကြတော့ပေ။

၁၉၄၄ နှင့် ၁၉၄၅ ခုနှစ်အကြား အီရန်အနောက်ပိုင်း၊ ဂျာဗား အနောက်ပိုင်း၊ စုမတြားကျွန်း မြောက်ပိုင်း နယ်မြေများတွင် ပီတာအင်အားစုများက တော်လှန် ပုန်ကန်လာခဲ့ကြသည်။

ဂျာဗား အရှေ့ပိုင်း ဘလစ်တာ[၁] ဒေသရှိ ပီတာတပ်ရင်း၏ ဂျပန်တော်လှန်ရေး လှုပ်ရှားမှုသည် အရေးပါဆုံး ဖြစ်၏။

ထိုတပ်ရင်းတွင်ပါဝင်နေသော ဆူဟာတိုက နောက်ပိုင်းတွင် တွေးမိ၏။

"ပီတာမှာ ငါတို့ အတွေ့အကြုံတွေ ရခဲ့ပြီ၊ဂျပန်အရာရှိတွေ အပြုအမူကို ပြောစရာ မလိုတော့ဘူး၊ ငါတို့ သူတို့ကို ဆန့်ကျင် တော်လှန်ပစ်ရမယ်"

သို့ရာတွင် အချိန်အခါမရောက်သေး။ ဂျပန်တို့သည် တော်လှန် ပုန်ကန်သူ ခေါင်းဆောင်များအား အသေပစ်သတ်လိုက်ခြင်းဖြင့် ပုန်ကန်မှုကို နှိမ်နင်း အောင်မြင်လိုက်ကြသည်။

ပီတာတပ်ရင်းမှ အရာရှိများကို ထုတ်ပစ်လိုက်သည်။ ပင်စင်ပေးခြင်း၊ ထောင်ချခြင်း ခံကြရမည့် အရာရှိများ စာရင်းတွင်

၁ Blitar



ဆူဟာတို ပါဝင်သွားသည်။ သူ့ကို အရှေ့ဂျာဗားရှိ ဘရီဘက်[၁] သို့ ပို့လိုက်သည်။ သို့ရာတွင် ဆူဟာတို၏ ဂျပန် အကြီးအကဲ ဖြစ်သူက သက်ဲသော အရာရှိများအား နယ်နှင်ဒဏ် ပေးသည့်အတွက် ဝီလစ်[၂] တောင် ခြေရင်းရှိ ခေါင်သောဒေသသို့ ပို့သည်။ မက်ဒွန်ဒေသ တောင်ပိုင်း ဝီလစ်တောင်ခြေရင်းသို့ ပို့ဆောင်ခံရသော ဆူဟာတိုအား စစ်လေ့ကျင့်ရေး သင်တန်း စခန်း၌ ထားလေသည်။

ပစိဖိတ်စစ်ပွဲကြီး ပြီးဆုံးသွားလေပြီ။ ၁၉၄၅-ခုနှစ် ဩဂုတ်လ ၁၅-ရက်နေ့တွင် ဂျပန်တို့ လက်နက် ချလိုက်ကြပြီး ၂-ရက် အကြာတွင် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးကြေညာလိုက်သည်။ သတင်းဖြင့် မက်ဒွန်ဒေသသို့ ခရီးထွက်နေသော တပ်ခွဲမှူး ဆူဟာတိုရှိရာ တပ်စခန်းသို့ ဤသတင်းများ ရောက်ရှိလာကြသည်။ သတင်းကြားလျှင် ကြားခြင်း သူသည် ချက်ခြင်း ဝီလစ်တောင် ခြေရင်း စခန်းသို့ ပြန်သွားသည်။ ဝေးကွာလွန်း၍ ခေါင်သော ရပ်ဒေသ ဖြစ်သဖြင့် နိုင်ငံတော်၏ အထွေထွေ အရပ်ရပ် အခြေအနေကို ချေချေငှငှ မသိရသေး။

ဂျပန် ဌာနချုပ်၏ အမိန့်အရ လက်နက်ကိုင် အင်ဒိုနီးရှား အဖွဲ့အစည်းများအား ဖျက်သိမ်းလိုက်လေသည်။ သို့နှင့် ဆူဟာတို၏ တပ်ခွဲမှူးတာဝန်သည် နိဂုံးကမ္ပတ် အဆုံးသတ် သွားလေတော့သတည်း။

× × ×

၁ Brebek

၂ Wilis

www.burmeseclassic.com



# ၁၃

## မာဒေးကား တပ်သား

'မာဒေးကား' လွတ်လပ်ရေး ကြွေးကြော်သံများသည် ... ပျံ့လျက် ရှိကြကုန်သည်။ လွန်ခဲ့သော နှစ်များက ဂျပန်များ လ... တူခဲ့ကြသည့် အိန္ဒိယနှင့် အဖြူရောင် အမျိုးသား အလံအား ... ရမ်းကြသည်။

လူငယ်များက မြို့လယ် လမ်းမများပေါ်တွင် လှည့်လည်... နံရံများ၊ ယာဉ်များ၊ရထားများပေါ်တွင် "မာဒေးကား....မာဒေးကား....လွတ်လပ်ရေး....လွတ်လပ်ရေး....မရရင် အသေခံမယ်..." ဟူသော ကြွေးကြော်စာတမ်းများ ရေးဆွဲ ကပ်ထားကြသည်...



ဆူကာနိုနှင့် ဟတ်တာတို့ လက်မှတ်ရေးထိုး၍ ထုတ်ပြန်ထား...သော လွတ်လပ်ရေး ကြေညာချက်ကို လူထုက ဆန္ဒပြကြသည်။ ...တွင် တနိုင်ငံလုံးကို လက်နက်အပြည့် တပ်ဆင်ထားသော ...စစ်တပ်များက သိမ်းပိုက်ထားဆဲ ဖြစ်သည်။

ပြည်သူများ အကြားတွင် ရေရာမှုသည် တိတိကျကျ ဘာမှ ...သေး။ ဆူပူနေသော ကျေးရွာများအတွင်း ဂျိုးဂျကာတာ၏နဝမ ...က် စရီစူလတန်ဟမင်ကူ ဘူဝိုနို[၁] က မာဒေးကားတိုက်ပွဲဝင် ...သူများအား စိတ်ဓါတ် တက်ကြွစေရန် ထောက်ခံအားပေး...သည်။

ဂျိုးဂျကာတာ သတင်းစာတစောင်မှ နေ၍ လူငယ်များသို့ ...ကြားစကြွ တော်လှန်ပါဝင်ရန် စူလတန်က ၁၉၄၅-ဩဂုတ်လ ...ရက်နေ့က အင်ဒိုနီးရှား နိုင်ငံသစ်ကို ထောက်ခံကြောင်း ...ပြလိုက်သည်။ စူလတန်က ချက်ခြင်းပင် အင်ဒိုနီးရှားနိုင်ငံ...၏ သမ္မတ ဆူကာနိုနှင့် ဒုတိယ သမ္မတ ဟတ်တာတို့ထံ ဝမ်း...ာက်ကြောင်း သံကြိုး သဝဏ်လွှာ ပို့လိုက်သည်။

ပီတာတပ်ရင်းနှင့် လူငယ်ပေါင်းစုံအဖွဲ့အစည်းများကို အခြေ...း အမျိုးသား စစ်တပ်ကို ဖွဲ့စည်းကာ ပြည်သူ့ လုံခြုံရေးတပ်...ကေအာ)[၂] ဟု ခေါ်တွင်စေသည်။ အစပိုင်းတွင် ပြည်သူ့

---

၁ Sri Sultan Hamengku Buwono IX of Jogjakarta

၂ People's Security Corps (B K R)

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးတပ် (ဘီကေအာ)များသည် ဆင်းဆင်းရဲရဲဖြင့် လုံ... ဝါးချွန်များ၊ဓါးရှည်များ၊ လေးနှင့်မြားများ ကိုင်ဆောင်ကြ... သည်။ပီတာတပ် အချို့က ၎င်းတို့၏ လက်နက်များကို ... သိမ်း၍ အမျိုးသား စစ်တပ်သို့ ပေးခြင်းကို မကျေမနပ်ခံ... သည်။

လက်နက်များကို သိမ်းဆီးရသည်မှာ လွယ်ကူသော အ... မဟုတ်။

တနိုင်ငံလုံးတွင် ဂျပန်စစ်တပ်များနှင့် ပြည်သူ့ လုံခြုံရေး... များ ဖြစ်ပွားသော တိုက်ပွဲများကြောင့် သွေးချောင်း သွင်... စီးသွားတော့သည်။

× × ×

ပီတာတပ်ခွဲမှူးဟောင်း ဆူဟာတိုသည် ဂျိုးဂျကာတာ... သို့ ၁၉၄၅ ခုနှစ် ဩဂုတ် လလယ်တွင်ဝင်ရောက်သွားသောအ... တမြို့လုံး တော်လှန်ရေး လှုပ်ရှားမှုနှင့် ဆူညံနေတော့သည်။

ဗူလတန်၏နန်းတော်ရှေ့တွင် လူအုပ်ကြီးက ဆူဆူညံညံ... လည်နေကြသည်။ ဆူဟာတိုက စိတ်ပါဝင်စားကြည့်သည်။ ... သည် ဇာတိရွာသို့ပြန်ရန် သူ့မူလအစီအစဉ်ကိုပြောင်းလဲပစ်လို... ပြီး တော်လှန်ရေးပေါ်ပေါက်ရာ ဤမြို့မှာပင် နေထိုင်ရန် ... ဖြတ်လိုက်သည်။

သူ့ဆွေမျိုးတဦး၏နေအိမ်တွင် ဆူဟာတို နေထိုင်လေသည်...



ထိုအိမ်သည် ထင်ရှားသော မူစလင် ခေါင်းဆောင်တဦး ဖြစ်ပြီး နောင်အခါတွင် နိုင်ငံတော်၏ဝန်ကြီးချုပ်တဦးဖြစ်လာမည့် ဒေါက်တာဆူကီမင်[၁] ၏ နေအိမ်နှင့်နီးကပ်စွာတည်ရှိနေသည်။ ဒေါက်တာဆူကီမင်၏နေအိမ်တွင် ဧည့်သည်များ အဆက်မပြတ် လာလေ့ရှိသည်။ဆူဟာတိုသည် နိုင်ငံရေး ဆွေးနွေးချက်များနှင့် ပြင်းထန်သော ငြင်းခုံချက်များကို နားထောင်သည်။ စစ် တန်းများ ထဲမှာ မသင်ကြားခဲ့ရသော နိုင်ငံရေး ပညာရပ်များကို ယခုမှ ဆူဟာတိုလေ့လာသင်ကြားရသည်။ ထို့နောက် တော်လှန်ရေးကြီးတွင် ကိုယ်တိုင် ကိုယ်ကျ ပါဝင်မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

စစ်သားဟောင်း တဦး ဖြစ်ပြီး အသက် ၂၄ နှစ်ရှိ ဆူဟာတိုသည် တိုင်းပြည်အတွက် စစ်မြေပြင်တွင် စစ်မှုထမ်းရန် စိတ်ကူးပေါက်လာသည်။ သူသည် ပီတာတပ်ရင်းမှမိတ်ဆွေဟောင်းများနှင့် ဘော်ရဲဘက်များနှင့်ချဉ်းကပ်လိုက်သည်။

ပြည်သူ့လုံခြုံရေး တပ် တတပ်ကို ဖွဲ့စည်းလိုက်ပြီး ဆူဟာတိုသည် ယင်းတပ်ဖွဲ့တွင် ဒုတိယတပ်မှူးတာဝန် ရွေးချယ် ခန့်အပ်ခြင်း ခံရသည်။သူ့ သူငယ်ချင်းဖြစ်သူ လုပ်ငန်းခွင် သွက်လက်ဖြတ်လပ်မှုရှိသူ အိုမာစလာမက်[၂] အား တပ်မှူးအဖြစ် ခန့်အပ်တာဝန်ပေးကြသည်။ဆူဟာတို၏ တရားဝင် စစ်တပ်ထဲဝင်သောနေ့ရက်မှာ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့ ဖြစ်သည်။

---

၁ Dr. Sukiman

၂ Omar Slamet

14

www.burmeseclassic.com

www.burmeseclassic.com



အဓိကပြဿနာမှာ ခန့်အပ်ခြင်း မဟုတ်ပဲ လက်နက်နှင့် စစ်ပစ္စည်းများဖြစ်သည်။ အရေးအကြီးဆုံး လုပ်ငန်းမှာ တော်လှန်ရေး စိတ်ဓါတ် မြင့်မားစွာရှိသော်လည်း စစ်သင်တန်း မတက်ခဲ့ဘူးသေးသည့် ငယ်ရွယ်သူ ပီတာ တပ်သား ဟောင်း အပျော်တမ်း လူငယ်ကလေးများအား လက်နက် တပ်ဆင်ပေးရေး ဖြစ်သည်။

ဂျိုးဂျကာတာတဝိုက် ဂျပန်ဆန့်ကျင်ရေး လှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာသည်။ လက်နက်မပါသော ထောင်ပေါင်းများစွာသော လူထုကြီးက ဂျပန်များကို အင်ဒိုနီးရှားမြေပေါ်မှ ထွက်ခွာသွားရန် ဆန္ဒပြ ဆူပူကြသည်။ အောင်မြင်မှုဖြင့် တက်ကြွနေသော လူထုကြီးသည် မြို့၏ အစွန်အဖျားတွင် ရှိသော ကိုတာဘရူ[၁] ရှိ ဂျပန် စစ်တပ်စခန်းသို့ ချီတက် သွားကြသည်။ တိုက်ရိုက် တိုက်ပွဲဝင်ရန် တောင်းဆိုမှုကို တပ်မှူး အိုမာစလာမက် နှင့် ဒေသခံ အလုပ်သမား ခေါင်းဆောင်များက ကန့်ကွက်ကြသည်။

ဒုတိယ တပ်မှူး ဆူဟာတိုက အခြေအနေ အရပ်ရပ်သည် တိုးတက် ကောင်းမွန်လာလိမ့်မည်ဟု ယုံကြည်ထား၏။ သူ့ တွက်ကိန်းအရဆိုလျှင် ဂျပန်များသည် စစ်ရှုံးချိန်မှစ၍ တိုက်ခိုက်ရေး စိတ်ဓာတ် မရှိတော့ပေ။ ဆူဟာတိုက အင်ဒိုနီးရှား လူငယ်လူထု တော်လှန်ရေး စွမ်းပကားကို အကြွင်းမဲ့ ယုံကြည် အားထားသည်။

---

၁ Kotabaru



တပ်မှူး အိုမာစလာမက် ဂျိုးဂျကာတာကို စွန့်ခွာ၍ မက်ဒွန်ဒေသသို့ ခေတ္တခဏ သွားရသော အခါဝယ် ဆူဟာတိုသည် တပ်မှူး တာဝန်ကိုပါ ယူရသည်။ လူငယ်အင်အားထုကြီးသည် ရဲရာ လက်နက်များစွဲကိုင်ကြသည်။ ပြည်သူ့ လုံခြုံရေးတပ်(ဘီကေအာ) များ၊ ပုလိပ်တပ်ဖွဲ့များနှင့် ကြက်ခြေနီ တပ်ဖွဲ့များက ဆူဟာတို ဖက်မှ တိုက်ပွဲဝင် အောင်ပွဲဆင်ကြသည်။

ထို့နောက် ဆက်လက် တိုက်ပွဲဝင်သွားကြရန် အမိန့်ပေး လိုက်သည်။ ဂျပန်တပ်များသည် ခုခံ ကာကွယ်ကြသော်လည်း တိုက်ပွဲဖြစ်၍ ၁၂ နာရီ အကြာတွင် ဂျပန်တို့ လက်နက်ချကြသည်။ ဆူဟာတို၏ ရဲရင့်သော တိုက်ပွဲဝင်မှု၊ ပြောင်မြောက်သော စွန့်စားမှုတို့သည် အောင်ပွဲနှင့် နိဂုံးချုပ်ခဲ့ရသည်။

ရာပေါင်း မြောက်များစွာသော ကာကွယ်ရေးလက်နက်များ နှင့် စစ်သုံးပစ္စည်းများသည် အင်ဒိုနီးရှားတို့ လက်ဝယ်သို့ ရောက်လာကြသည်။

ဆူဟာတိုသည် နိုင်ငံတော်တွင် စစ်သားတယောက်အနေဖြင့် အောင်ပွဲဆင် ဂုဏ်ယူ ပြသနိုင်ခဲ့ခြင်းဖြစ်သည်။ အကယ်၍ ထိုစစ်သာရှုံးခဲ့ပါက ဆူဟာတိုသည် စစ်ခုံရုံးတွင်တင်၍ စစ်ဆေး အပြစ်ပေးခံရမှာဖြစ်သည်။ ဤအရေးအခင်းမှစ၍ အရာရှိငယ် ဆူဟာတိုသည် သခ္ခန်းစာတခု ရလိုက်သည်။

ဂျပန်များကို စစ်အကျဉ်းသား သို့ ပန်းများအဖြစ် ဖမ်းဆီး အကျဉ်းချထားစဉ် အခက်အခဲနှင့် ပြဿနာများရင်ဆိုင်ရသည်။ သူသည် ယင်းပြဿနာများကို ဖြေရှင်းနေစဉ် ဖမ်းမိထားသော လက်နက်များအား သူမသိပဲ စီမံခန့်ခွဲနေကြသည်။ ဆူဟာတိုက

www.burmeseclassic.com

www.burmeseclassic.com



ဤဖမ်းဆီးမိသည့် လက်နက်များအား ထိထိရောက်ရောက် တိုက်ပွဲဝင် မျိုးချစ်လူငယ်များလက်သို့ အပ်ရန် စီစဉ်သည်။

ထို့ကြောင့် ဆူဟာတိုက တော်လှန်ရေး တိုက်ပွဲဝင်လိုသော မျိုးချစ်လူငယ်များသည် လက်နက်များကိုစွဲကိုင်ကြ၍ပြည်သူ့လုံခြုံရေးတပ် (ဘီကေအာ) သို့ ပါဝင်ကြရန် မိန့်ကြား ဖိတ်ခေါ်လိုက်သည်။လက်နက်များနှင့် လူအင်အားများ နေရာအနှံ့အပြားစုဆောင်းပါဝင်လာကြသည်။ ဆူဟာတို၏ နည်းဗျူဟာ တရုံသည် အောင်မြင်ရပြန်လေပြီ။

ဂျိုးဂျကာတာမြို့သည် ယခုအခါ အင်ဒိုနီးရှားတို့ လက်သို့ ပြန်ရောက်လာပြီဖြစ်သည်၊ အုပ်ချုပ်ရေးနှင့် စစ်ရေးကို ပေါင်းလိုက်သည်။ တပ်ခွဲများကို ဖွဲ့စည်းလိုက်သည်။ ဆူဟာတိုသည် တပ်ခွဲအမှတ်(၁၀)၏ တပ်ခွဲမှူးအဖြစ် တာဝန်ပေး ခန့်အပ်ခြင်းခံရသည်။ဤတပ်ခွဲသည် ဂျပန် စစ်တပ်နှင့် အများဆုံး တွေ့ဆုံတိုက်ပွဲ ဝင်ရပြီး လက်နက်များ စနစ်တကျ တပ်ဆင် ထားခဲ့သည်။

အမျိုးသားတပ်မတော်အပြင် ဒေသဆိုင်ရာ စစ်တပ်စုများလည်း အရံအင်အားအဖြစ် ဖွဲ့စည်း ထားလေသည်။ နိုင်ငံရေးပါတီများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများ တည်ထောင်ဖွဲ့စည်းမှုကို အရှိန်မြင့်တက်အောင် အားပေးကြသည်။

× × ×



၁၉၄၅ ခု အောက်တိုဘာလ တွင် ဒု-ဗိုလ်ချုပ် ဆာဖီလစ်ခရစ်တီဆန်၁ ခေါင်းဆောင်သော ဗြိတိသျှနှင့် ဩစတြေလျ စစ်တပ်များသည် ဒတ်ချ်စစ်တပ် အချို့အဝက်နှင့်အတူ အင်ဒိုနီးရှားမြေသို့ ခြေချလာကြသည်။

ရေကြောင်းဗိုလ်ချုပ် ပီတာဆန်၂ က မဟာမိတ်အပေါင်းပါ တပ်များအား ကြေညာချက် ထုတ်ပြန်လိုက်သည်။

"နယ်သာလင်အရှေ့အင်ဒီးမှာတရားဝင်အစိုးရက မအုပ်ချုပ်သေးမီမှာ တပ်ပေါင်းစုတွေဟာ တရား ဥပဒေနဲ့ အမိန့်တွေကို တိတိကျကျလိုက်နာထိန်းသိမ်းသွားကြရမယ်"

ဂျပန်စစ်တပ်များကို အင်ဒိုနီးရှားတို့က ပြန်၍ ဖမ်းဆီး ကြသည်။

၁၉၄၅ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပွားသော စူရာဘယာ၃ တိုက်ပွဲ၌ အင်ဒိုနီးရှားလက်နက်ကိုင် တပ်များနှင့် မဟာမိတ်တပ်များသည် စိတ် သဘောထား ကွဲလွဲမှုများ ပေါ်ပေါက် လာသည်။

လက်နက်အညံ့စားများကိုင်၍ သင်တန်း အနည်းအကျဉ်းမျှသာ တက်ထားသော အင်ဒိုနီးရှား လူငယ်များသည် သတ္တိထူးပြောင်သော ဆူတိုမို၄ (ဘွန်ဆူတိုမို)၏ဦးဆောင်မှုအောက်ဝယ်

---

၁ Sir Philip Christison
၂ Patterson
၃ Surabaya
၄ Sutomo

www.burmeseclassic.com

www.burmeseclassic.com



အင်ဂလိုအင်ဒီးယန်း နယ်ပယ်ဒေသ၌ ဆယ်ရက်တိုင်တိုင်ကြံ့ကြံ့ခံ၍ရဲဝံ့စွာ တိုက်ပွဲဝင်ခဲ့ကြသည်။ အင်ဒိုနီးရှားတို့ဖက်မှ အထိအခိုက် အကျအဆုံးများ များပြား သော်လည်း ကိုယ့်ကိုယ်ကိုယုံကြည်စိတ်နှင့် ကိုယ့် အားတက်မှုရှိနေခဲ့သည်။

မဟာမိတ်တပ်များ ဂျာဗားကျွန်း အလယ်သို့ ရောက်လာချိန်ဝယ် စစ်ပွဲသည် ဂျီးဂျကာတာမြို့အနီးတစိုက်သို့ နီးကပ်စွာရောက်နေပြီဖြစ်၏။ ဆူဟာတို၏ နီးကြား ဖြတ်လတ်သောတပ်သည် မဂီလင်၁ ဒေသသို့ ပြောင်းရွှေ့ရ ပြန်သည်။ အခြားတပ်စုများ၊ တပ်ခွဲများနှင့် ပေါင်းစပ်၍ တပ်ခွဲ ၁၀ အားတပ်ရင်းအဆင့်သို့ တိုးချဲ့ဖွဲ့စည်းကာ ဒု-ဗိုလ်ချုပ် ဆာတီနီ ကိုခေါင်းဆောင် ကွပ်ကဲစေသည်။ အပြင်းအထန် တိုက်ပွဲများဖြစ်ပွားပြီးနောက် ဗြိတိသျှတပ်များသည် အင်ဘာရာဝါ၂ သို့ရွှေ့သွားရန် ဆုံးဖြတ် လိုက်ကြသည်။ ထိုမှ တဖန် သူတို့သည် ဆီမာရန်၃ ဆိပ်ကမ်းမြို့သို့ ဆုတ်ခွာကြမည်ဖြစ်သည်။

ဆူဟာတိုသည် ထိုအချိန်တွင် ဒု-ဗိုလ်မှူးကြီးရာထူး ရရှိနေပြီးရဲဝံ့သော တိုက်ပွဲများ ဆင်နွှဲခြင်းဖြင့် ထင်ရှားသော ဗျူဟာမှူးဗိုလ်ချုပ် ဆူဒါမင်၄ ၏ အသိအမှတ်ပြုခြင်းခံရသည်။

---

၁ Mageland
၂ Ambarawa
၃ Semarang
၄ General Sudirman



ဒု-ဗိုလ်မှူးကြီး ဆူဟာတိုအား တပ်ခွဲ ၁၀ ကို တိုးချဲ့ဖွဲ့စည်းသောသော တပ်ရင်းတွင် တပ်ရင်းမှူး ရာထူးကို ခန့်အပ်သည်။ ရာထူးတိုးမြှင့်၍ ဂုဏ်ပြုခံရသော်လည်း ဆူဟာတိုသည် သူဖွဲ့စည်းတည်ထောင်ခဲ့ပြီး တိုက်ရိုက် ခေါင်းဆောင် တာဝန်ယူခဲ့သောတပ်ခွဲမှူး တာဝန်ကို စွန့်လွှတ်လိုက်ရသည်ကို ဝမ်းနည်းမိသည်။ ခိုင်မြဲသော တွယ်တာမှုများသည် ဆူဟာတိုနှင့် သူ့လူများ အကြားဝယ် ယှက်နွယ်လျက် ရှိနေကြသည်။

အနှစ် ၂၀ ကြာခဲ့ပြီ ဖြစ်သော်လည်း တပ်ခွဲ ၁၀ မှ စစ်သားဟောင်းများသည် ဗိုလ်ချုပ်ကြီး ဆူဟာတိုထံ လာကြပြီး "အဘကျနော့်ကို မမှတ်မိတော့ဘူးလား.... ကျနော်ဟာ အဘရဲ့ ဂျီးဂျကာတာ တပ်ခွဲကပါ"ဟု ဂုဏ်ယူ ဝင့်ကြွားစွာ ပြောနေကြသေးသည်။

× × ×

ဆီမာရန် ဒေသရှိ တပ်ရင်းမှူး ဆူဟာတိုတွင် စစ်ရေးတာဝန်များ များပြားလှသည်။ သူ့တပ်သားများသည် ယခုတိုင် စစ်သုံးပစ္စည်း အလုံအလောက် မရကြသေးချေ။ တပ်သားအနည်းအကျဉ်းမျှလောက်သာ ယခင်ပီတာတပ်မှ ယူနီဖောင်းများ ဝတ်ကြရပြီး တပ်သားအများစုမှာ ဒေသလုပ် သစ်မြစ် သစ်ရွက်ဆေးဆိုးအဝတ် ယူနီဖောင်းများ ဖြစ်သလို ဝတ်ဆင်ကြရသည်။ ခေါင်းဆောင်းဦးထုပ် မပါပဲ တိုက်ပွဲဝင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတိုက ယူနီဖောင်းနှင့် စစ်ဝတ်ပစ္စည်းများကို တင်း တောင်းခံခြင်းလည်း မပြုပေ။

တနေ့တွင် စစ်ဝတ်စုံနှင့် ပတ်သက်သော စည်းကမ်းများ အ ကြောင်းကို မိတ်ဆွေအရာရှိတဦးနှင့် နောက်ပြောင် ပြောဆို ဆူဟာတိုက ပြန်ပြောလိုက်သည်။

"ကျုပ် ဒီအဝတ်တွေ ဝတ်ရတာ ဘယ်လိုမှ ဝမ်းမနဲပါဘူး ကျုပ်တို့ဟာ တော်လှန်ရေးလမ်းခရီးမှာပဲ ရှိသေးတာပဲ မဟုတ် လား၊ နောက်တော့ တော်လှန်ရေးပြီးလာရင် ကျုပ်လဲ ကောင်း ကောင်းဝတ်မှာပေါ့ဗျာ"

ဆူဟာတိုသည် ပြင်ပလက္ခဏာအားဖြင့် သူ့ရဲဘော်များနှင့် ရင်းရင်းနှီးနှီး ဆက်ဆံသော်လည်း စစ်စည်းကမ်းကိုမူ တင်းကြ စွာ လိုက်နာ ကိုင်တွယ်လေ့ ရှိသည်။

စစ်မြေပြင်တွင် လက်နက်များကို စွန့်ပစ်ခဲ့ကြသော စစ်သား များအား ဆူဟာတိုက ဒေါသဖြစ်လေ့ရှိသည်။ သူ၏ တပ်ခွဲ သည် တခါက ဆီမာရန် တောင်ပိုင်းဒေသသို့ ဆုတ်ခွာခဲ့ရ အခြား တပ်ဖွဲ့တဖွဲ့၏ ဆုတ်ခွာခဲ့ပြီးသော နေရာ တနေရာကို ဖြတ် ကျော်ကြရသည်။ စွန့်ပစ်ထားခဲ့သော လက်နက်များကို မြင် သောအခါ ဆူဟာတိုက သူ့ရဲဘော်တချို့အား ရန်သူကို ဂ စိုက်စေပြီး အခြား ရဲဘော်များအား ပြန့်ကြဲနေသော လက်နက် များကို ကောက်ခိုင်းစေသည်။

ထို့နောက် အင်ဘာရဝါ စခန်းတွင် အင်ဒိုနီးရှား စစ်သား များ ပြန်လည်စုရုံးပြီး၊ ဒု-ဗိုလ်မှူးကြီးဆူဟာတိုက စစ်မြေပြင်တွင်



ကြောက်လန့် ထွက်ပြေးသော စစ်သားများအား အမှာစကား မှာကြားသည်။

"ငါ သိပ်ဒေါသဖြစ်တယ်၊ အခု အချိန်မှာဆိုရင် ငါတို့ဟာ ခေတ်မီ လက်နက်တွေကို မထုတ်လုပ်နိုင်သေးဘူး၊ ဝယ်လဲ မဝယ် နိုင်သေးဘူး၊ ငါတို့တတွေဟာ တော်လှန်ရေးမှာ ဝိုင်းဝန်း တာ ဝန်ယူ ဆင်နွှဲ ပါဝင်သွားကြရမှာ ဖြစ်တယ်၊ ငါတို့ လက်နက်တွေ လိုအပ်တယ်၊ ဘယ်ရဲဘော်ပဲဖြစ်ဖြစ် ကိုယ့်သေနတ်ကို ဂရုတစိုက် ကိုင်တွယ် မထိန်းသိမ်းရင် ပြင်းပြင်းထန်ထန် အရေးယူမယ်"

× × ×

www.burmeseclassic.com

www.burmeseclassic.com



၁၄

## နိုင်ငံရေး နယ်ပယ်သို့

လွတ်လပ်ရေး ကြေညာပြီး တနှစ်တာ ကုန်လွန်သွားခဲ့ပြီ ဖြစ်သည်။ တော်လှန်ရေးသည် ချီတက်လျက် ရှိနေ၏။ ဗြိတိသျှ အင်အားစုများက စွန့်ခွာသွားရင်း ဒတ်ချ်တို့ ပြန်လည် ရောက်လာကြသည်။ ဟိုတ်က ၁၉၄၅-ခုနှစ် ဩဂုတ်လ ၁၇-ရက်နေ့ လွတ်လပ်ရေး ကြေညာချက်ကို လက်မခံပေ။ သို့ရာတွင် စစ်သား အနေအတွက် ပို၍ ပေးပို့လာသည်။

ဂျာဗားနှင့် စုမတြားရှိ မြို့ကြီးများနှင့် အခြား ကျွန်းများရှိ ကျယ်ပြန့်သော ဒေသများသည် ဒတ်ချ်တို့ လက်အောက် ရောက်



သွားကြသည်။ နိုင်ငံတော်၏ ဗဟို အချက်အချာကျသော ဂျိုးဂျကာတာမြို့သည် ဒတ်ချ်တို့ တိုက်ခိုက်သော ၁၉၄၈-ဒီဇင်ဘာလ ၁၉-ရက်နေ့အထိ လွတ်လပ်နေသည်။

အင်ဒိုနီးရှား လွတ်လပ်ရေး တိုက်ပွဲ ဝင်သူများသည် 'လူမှုတော်လှန်ရေး' ကြီး တရပ်ကို ဆင်နွှဲရင်း မာဒေးကား (လွတ်လပ်ရေး) လှုပ်ရှားမှုများကို တွင်တွင်ကြီး လုပ်လာကြသည်။

အလွန်အကျွံ လက်ဝဲဆန်လွန်းသူများ၏ သတ်ဖြတ်ခြင်းများကိုလည်း အင်ဒိုနီးရှား မိသားစုများသည် အလူးအလဲ များပြားစွာ ခံရသည်။ မင်းမဲ့အသွင်များဖြင့် ဆိုးသွမ်း ရမ်းကားမှုများလည်း ပေါ်ပေါက်လာသည်။ ဤနည်းအားဖြင့် နိုင်ငံတော်သည် ညှိနှိုင်း ဆွေးနွေး ဖြေရှင်းယူရတော့မည့် အခြေသို့ ရောက်လာသည်။

လက်နက်ကိုင် တပ်များမှ တစိတ်တဒေသ ပုဂ္ဂိုလ်များ အပါအဝင် လူမျိုးရေး အုပ်စုများသည် ညှိနှိုင်းဆွေးနွေးမှုကို လက်မခံနိုင်ကြပေ။

နိုင်ငံသစ် မွေးဖွားပေါ်ပေါက်ခါစ ရက်များတွင် နိုင်ငံရေး အဖွဲ့အစည်းများနှင့် လက်နက်ကိုင် အဖွဲ့အစည်းများသည် အင်ဒိုနီးရှား၏ အရေးပါ ထင်ရှားသော အမွှာပူးများသဖွယ် ပူးတွဲပေါင်း လက်တွဲနေကြသည်။ ကြာတော့ ရှုပ်ထွေးမှုများ ပေါ်ပေါက်လာတော့သည်။ အင်ဒိုနီးရှား လူမျိုးများ အချင်းချင်း ဆန့်ကျင် တိုက်ခိုက်လာကြတော့သည်။

မကျေမနပ် ဖြစ်နေသော လက်ဝဲ ခေါင်းဆောင်များထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



အင်ဒိုနီးရှား ထရော်စကီဟု ခေါ်သော တန်မလကာ၁ လည်း ပါဝင်သည်။ ဂျိုးဂျကာတာ၏ သုံးပွင့်ဆိုင်တပ်၏ တတိယ တပ်ရင်းမှူး ဖြစ်သော ဒု-ဗိုလ်ချုပ် ဆူဒါဆိုနို၂၏ ထောက်ခံမှုလည်း ရရှိထားသည်။

နိုင်ငံတော်၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သော ဒီမိုကရက်တစ် ဆိုရှယ်လစ် တဦးဖြစ်သူ ဆူတန်ဂျာရာ၃ သည် စနစ်တကျ ပေါင်းကြံစည်သူများ၏ ပြန်ပေးဆွဲ ဖမ်းဆီးခြင်းခံရသည်။

ဆန့်ကျင်ကြခြင်း၏ ရည်ရွယ်ချက်မှာ အစိုးရအား ဆွေးနွေးပွဲ ဆက်မလုပ်ရန်၊ လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားရန်နှင့် နောက်ဆုံးတွင် ဆိုရှယ်လစ် နိုင်ငံတော် ထူထောင်ရန် ဖြစ်သည်။

× × ×

---

၁ Tan Malaka တန်မလကာသည် အင်ဒိုနီးရှား ခေတ်သစ်သ... တွင် ထင်ရှားသူဖြစ်သည်။ အင်ဒိုနီးရှား ကွန်မြူနစ် ပါတီ... ခေါင်းဆောင်တဦးလည်း ဖြစ်သည်။ သူသည် ၁၉၂၇ ခု... တွင် စတာလင် ကွန်မြူနစ်ဝါဒကို ရှုတ်ချပြီး တိုးတက်သော... အင်ဒိုနီးရှား ကွန်မြူနစ်ဝါဒကို ဖွံ့ဖြိုးအောင် လုပ်ခဲ့သူ... သည်။

၂ Sud arsono

၃ Sutan Sjahrir



ပြည်တွင်းရေး ပဋိပက္ခများ ရှုပ်ထွေးနေစဉ် လခစားစစ်သား တဦးဖြစ်သော ဆူဟာတိုသည် နိုင်ငံရေး နယ်ပယ်ထဲသို့ ဝင်လာသည်။ ၁၉၄၆ ခုနှစ်၊ နှစ်လယ်ပိုင်း၊ ထိုအချိန်တွင် သူသည် ဂျိုးဂျကာတာ နယ်မြေတပ်၏ တပ်ရင်းမှူး ဖြစ်သည်။

မအောင်မြင်သော အာဏာသိမ်းပွဲသတင်း၊ ကောလာဟလများ ပျံ့လွင့်နေချိန်ဝယ် ဆူဟာတိုထံသို့ အမိန့်တရပ် ရောက်လာသည်။ ယင်းအမိန့်မှာ ဗိုလ်တန်၏ နန်းတော်သို့ ချက်ခြင်းလာရန်နှင့် သမတဆူကာနိုအား ချက်ခြင်းတွေ့ဆုံရန် ဖြစ်သည်။ ထို့နောက် ဆူဟာတိုအား နိုင်ငံတော်၏ အမြင့်ဆုံး ကိုယ်စားလှယ်အဖြစ် ပြည်သူ့အစည်းအဝေးများတွင် တွေ့မြင်လာသည်။ သူသည် စိတ်ဓာတ်တက်ကြွသော လွတ်လပ်ရေး တိုက်ပွဲဝင်သူများ၏ ခေါင်းဆောင်တဦး ဖြစ်လာပြီး လေးစားအပ်သော နိုင်ငံတော်. သမတ တာဝန်ကိုပါ ယူလိုက်သူ ဖြစ်၏။

ဆူဟာတိုနှင့် ဆူကာနို ပထမဆုံး နှစ်ကိုယ်ကြား တွေ့ဆုံဆွေးနွေးပွဲသည် အနာဂတ် အရေးအတွက် မျှော်လင့်စရာ ထားသည်။ တဖက်က သမ္မတသည် သူ့ကိုယ်သူယုံကြည်မှုရှိသည်။ နိုင်ငံရေး လုပ်ငန်းတွင် ဆုံးဖြတ်လေ့ရှိပြီး ပြည်သူ့ သမာဓိရထားသူ ဖြစ်သည်။ ကျန်တဖက်က အရာရှိသည် လုပ်ငန်းနှင့် တာဝန်မှုကို အလေးအနက် ထားတတ်သူ ဖြစ်ပြီး စစ်သား ဖြစ်သည့်အားလျော်စွာ တွေးတော ချင့်ချိန်တတ်သည်။

သမ္မတက လုပ်နေကျ ပုံစံအတိုင်း မလုပ်ပဲ ကွန်ဖရင့်ကို ဖွင့်လှစ်လိုက်သည်။ သူသည် နိုင်ငံအတွင်း လောလောဆယ် ပေါ်ပေါက်နေသော နိုင်ငံရေး အခြေအနေနှင့် ပတ်သက်၍ မိန့်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



တိုတရုပ် မြှက်ကြားလိုက်သည်။ ပြီးနောက် ဝန်ကြီးချုပ်က ဖမ်းဆီးထားသော စစ်တပ်ခေါင်းဆောင် ဒု-ဗိုလ်ချုပ် ဆူဒါဆိုနို အား သွားခေါ်ရန် ဒု-ဗိုလ်မှူးကြီး ဆူဟာတိုသို့ အမိန့်ပေး လိုက်သည်။

သမ္မတသည် နိုင်ငံတော်၏ အခြေအနေများကို သူ့ သိပြီး ဖြစ်သော ဆူဟာတိုနှင့် ရှည်ရှည်ဝေးဝေး မဆွေးနွေးလိုပေ။

ဆူဟာတိုသည် တုန်လှုပ်သွားသည်။ နယ်မြေဒေသခံ တပ် များ၏ တပ်မှူး ဆူဒါဆိုနိုသည် မိမိ၏ တိုက်ရိုက် ပတ်သက်နေ သော အထက်အရာရှိ တဦး ဖြစ်ပြီး သူ့ကို ဖမ်းရမည်မှာ စိတ်ထွေ ထွေးနောက်ကျိဖွယ် ဖြစ်သွား၏။

စစ်တပ် စည်းကမ်း အောက်တွင် ကြီးပြင်းလာသူတယောက် ဖြစ်၍ ဆူဟာတိုသည် ဤအမိန့်ကို မလိုက်နာနိုင်ပေ။ သူသည် သမ္မတအား ရိုသေကျိုးနွံသော အမူအယာဖြင့် သမ္မတ၏ တ ဖြစ်စေ၊ သို့မဟုတ် အင်ဒိုနီးရှား လက်နက်ကိုင်တပ်များ၏ တပ်မှူး ချုပ် ဗိုလ်ချုပ် ဆူဒါမင်မှ တဆင့် အမိန့်စာ ပေးရန်တင်ပြသည်။

သမ္မတ ဆူကာနိုက ဒေါသတကြီး ပြန်၍ အော်ငေါက်လိုက် သည်။

“ကျုပ်ဟာ လက်နက်ကိုင် တပ်ပေါင်းစုံရဲ့ အာဏာပိုင် အမိန့်ပေးသူဖြစ်တယ်ဆိုတာ သတိပြုမိရဲ့လား၊ဒီအရေးအခင်းမှာ ဗိုလ်ချုပ် ဆူဒါမင် ကိုယ်တိုင်လဲ ပါဝင်နေတယ်၊ ကျုပ်တို့ အ အရေးပေါ် အခြေအနေ ရောက်နေတယ်ဆိုတာ သတိထားစေ ပါ...”

ဆူဟာတိုက သတိအနေအထားဖြင့် ရပ်ရင်း သူသည် လက်ရှိ



အခြေအနေများကို သိရှိ နားလည် ထားပါကြောင်း တင်ပြ လိုက်သည်။

ဂျိုးဂျကာတာရှိ လုံခြုံရေး အခြေအနေများကို ဆူဟာတိုက တာဝန်ရှိသည့်အတိုင်း ရှင်းပြသည်။

“ကျနော့်ကို စိတ်ချပါ၊အစိုးရကို ဖြုတ်ချမှာ၊ အာဏာသိမ်း သူတွေကို ကျနော်နဲ့ ကျနော့်တပ်က တာဝန်ယူ တိုက်သွားပါ့ မယ်၊ အစိုးရဖက်က လုံးဝ ရပ်တည် ကာကွယ်သွားပါ့မယ်”

သူသည် ချက်ခြင်းပင် ဒု-ဗိုလ်ချုပ် ဆူဒါဆိုနိုထံ ထွက်ခွာသွား သည်။ ဆူဒါဆိုနိုအား ဖမ်းဆီးရန် မဟုတ်ပဲ မြို့အပြင် ဆင်ခြေဖုံးရှိ တပ်ရင်းဌာနချုပ်သို့ ကြွရောက်ပါရန် ဖိတ်ကြားမည် ဖြစ်သည်။

ဆူတန်ဂျာရာနှင့် သူ့ ပေါလစီကို ကာကွယ် စောင့်ရှောက် ရန် ဂျိုးဂျကာတာအနီးတွင် စုရုံးထားရှိသော တရားမဝင် ပြည် သူ့ စစ်တပ်ကို ထောက်ပြသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ် ဆူ ဒါမင်ထံ သတင်းပေးပို့၍ သူ့ အမိန့်များကို စောင့်ဆိုင်းရန် အဆိုပြုလိုက်သည်။

ဗိုလ်ချုပ်ဆူဒါမင်က ဒု-ဗိုလ်ချုပ် ဆူဒါဆိုနိုအား တပ်မတော် ဌာနချုပ်တွင် သတင်းပို့ရန် အမိန့်ပေးလိုက်သည်။ သို့ရာတွင် ဆူဒါဆိုနိုသည် အမိန့်ကိုလိုက်နာခြင်း မရှိခဲ့။ သူသည် သူ့ နောက်လိုက်များကိုစုရုံးလိုက်ပြီး နောက်တနေ့တွင် ပြုလုပ်မည့် အစည်းအဝေးအတွက် ပြင်ဆင်တော့သည်။ ဒု-ဗိုလ်မှူးကြီး ဆူဟာတိုကို ဖိတ်ကြားခြင်း မပြုခဲ့ပေ။ ရည်ရွယ်ချက်မှာ ဆူဒါဆိုနိုနှင့် နီးစပ်သော အရာရှိများ ညှိနှိုင်းကြရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးခေါင်းဆောင်များ ကောင်စီနှင့် ကဲဘိနက်အသစ် တည်ထောင်ရန်အတွက် သမ္မတထံ တင်ပြရန် ဖြစ်သည်။

ဆူဟာတိုသည် အာဏာသိမ်းပွဲများ ဖြစ်မှာ စိုးရိမ်မိသည်။ သည် ပုန်ကန်သူ အရာရှိများ၏ အကြံအစည် အစီအစဉ်များ မျက်ခြေမပြတ် ဂရုစိုက် ကာကွယ်သည်။ သူ့ တာဝန်သည် ကြားသိရသမျှ၊ တွေ့မြင် ခံစားရသမျှကို သမ္မတထံ သတင်းပေး ရန်နှင့် တရားဥပဒေဘောင်၏ ပြင်ပမှ လှုပ်ရှားမှု မှန်သမျှကို အ ပြတ်နှိမ်နင်း ဖယ်ရှားသွားရန် ဖြစ်သည်။

ဆူဟာတိုသည် အရာရှိတယောက်အား နန်းတော်သို့ စေလွှ ၍ အထူးသတင်းတရပ် ပို့လိုက်သည်။ ထိုသတင်းတွင် ဒု-ဗိုလ်ချု ကြီး ဆူဒါဆိုနိုသည် နောက်တနေ့၌ သမ္မတထံ အလည်အပ လာရောက်ရင်း အကြံအစည်များ အစီအစဉ်များကို ဖေါ် ထားသည်။

ဆူကာနိုနှင့် အစိုးရ၏ လုံခြုံရေးကို ဆူဟာတိုက လုံးဝ တာ ဝန်ယူပါကြောင်း ထပ်မံ အစီရင်ခံလိုက်သည်။

ဒု-ဗိုလ်ချုပ် ဆူဒါဆိုနိုသည် နန်းတော်သို့ သွားသောအခါ သမ္မတ၏ သက်တော်စောင့်တပ်သားများက တိတ်တိတ်ဆိတ်ဆိတ် ပိပိရိရိနှင့် ဖမ်းဆီးလိုက်လေသည်။ ဆူဟာတို၏ တပ်များသည် မြို့တွင်း လှည့်လည်၍ လုံခြုံရေးတာဝန်များ ဆောင်ရွက်နေသ အနှောင့်အရှက် တစုံတရာ မတွေ့ရပေ။

'ဇူလိုင် ၃ ရက် အရေးအခင်း' အမည်ခံ လှုပ်ရှားမှုတရပ်သည် သေနတ်သံ တချက်မျှ မထွက်လိုက်ရပဲ ကျွမ်းကျင်နိုင်နင်းစွာ ဖြ စီးသွားသည်။



ဆူဟာတိုသည် နိုင်ငံတော်နှင့် တရားဝင် အစိုးရအား ကာ ကွယ်သွားရန် ကာကွယ်ရေး ဝန်ထမ်းတဦး၏ တာဝန်ကို မမေ့ လျော့ပေ။ သူ၏ နိုင်ငံရေးကျွမ်းကျင်မှုကြောင့် ဆူဟာတိုသည် သနာ မပါလှပဲ နိုင်ငံရေး လောကထဲသို့ ရောက်လာခဲ့ရသည်။ အချိန်တည်းမှာပင် သူ၏ တောက်ပြောင်သော အရည်အသွေး ကြောင့် ရခဲလှပါဘိသော နိုင်ငံရေးကျော်ကြားမှု ဂုဏ်ပုဒ်ကို ရရှိ လာသည်။

× × ×

ပြည်သူလူထုအတွင်းမကျေနပ်မှုများ ပေါ်ပေါက်လာသည်။ တ်ချ်တို့နှင့် ဆွေးနွေးညှိနှိုင်းမှု အခြေအနေသည် တုံ့ဆိုင်းတုံ့ ဆိုင်း ဖြစ်နေသည်။ ဒတ်ချ်စစ်သားများနှင့် အင်ဒိုနီးရှား လက် နက်ကိုင်တပ်သားများ ပဋိပက္ခဖြစ်ကြသည်။

ပြည်တွင်းအခြေအနေသည် ရှုပ်ထွေးလာ၏။ တရားဝင် လက် နက်ကိုင် တပ်ဖွဲ့များနှင့် တရားမဝင် လက်နက်ကိုင် အင်အားစု များသည် ပြောင်ကျကျ တိုက်ပွဲများ ဖြစ်လာကြတော့သည်။ နိုင်ငံရေး ပါတီများလည်း ပါဝင်ကြပြန်သည်။ အင်ဒိုနီးရှား၏ အလွန်အကျွံ လက်ဝဲဆန်သော အခြေအနေသို့ အမြင့်ဆုံးရောက် ရန် ဖန်တီးလာသည်။

၁၉၄၈ ခု စက်တင်ဘာလ ၁၈ ရက်နေ့ နံနက် ၃ နာရီတွင် ဒ်ဒွန်ဒေသ၌ ကွန်မြူနစ်တိုက်ပွဲများ ဖြစ်ပွားသည်။ ပုန်ကန်



www.burmeseclassic.com

www.burmeseclassic.com



သည် တိုတောင်းလှသော အချိန်ကာလအတွင်းမှာပင် ဒု-ဗိုလ်မှူးကြီး ဆဒီကင်၁ ခေါင်းဆောင်သော စီလီဝမ်ဂီနယ်မှ သူ့တော်ခံ တပ်သားများ၏ ချေမှုန်းနှိမ်နင်းခြင်းကို ခံလိုက်ရသည်။

ဂျာဗားအလယ်ပိုင်းရှိ အင်အားတောင့်တင်းသော တပ်ရင်းများထံမှ တပ်ရင်း တရင်း၏ တပ်ရင်းမှူးဖြစ်သော ဆူဟာတိုသည် ပုန်ကန်မှုနှိမ်နင်းရေးတွင်တိုက်ရိုက်မပါဝင်ပေ။ သို့ရာတွင် အစပထမ ပါဝင်ခဲ့လေသည်။ တပ်မှူးချုပ် ဗိုလ်ချုပ်ဆူဒါမင်က ဒု-ဗိုလ်မှူးကြီး ဆူဟာတိုအား မက်ဒွန်ဒေသပုန်ကန်မှုဖြစ်ပွားရာမတည်မငြိမ်ဒေသသို့ လေ့လာစုံစမ်းရန်နှင့် ဖြစ်နိုင်ပါက နှစ်ဖက်ကျေအေးစေ့စပ်ရန် ရည်ရွယ်ချက်ဖြင့်စေလွှတ်လိုက်သည်။

ဆူဟာတိုက သတင်း စုံစမ်းကြည့်သောအခါ အာဏာသိမ်းရန် ပြင်ဆင်မှုသည် အသေး အဖွဲ့ ကလေး တရပ်သာ ဖြစ်ပြီး စီလီဝမ်ဂီစစ်တပ်များအား တိုက်ခိုက်ရင်း တော်လှန်ရေး ဖက်မှ ကာကွယ်ရပ်တည်ရန် လိုအပ်ကြောင်း သိရှိလာသည်။

ဆူဟာတိုကပြောလိုက်သည်။

"ကျုပ်တို့ အခု ဒတ်ချ်တွေရဲ့တိုက်ခိုက်မှုကို ခံနေရပြီ၊ ရန်သူ့ခြိမ်းခြောက်မှုကို မကြောက်တန်း ဆန့်ကျင်ပြီး ကျုပ်တို့တတွေ စည်းလုံးညီညွတ်ကြရမယ်၊ အင်ဒိုနီးရှားလူမျိုးတွေရဲ့ သွေးမြေကျမှုကို ချက်ခြင်းရပ်စဲလိုက်ကြရမယ်"

ခက်ခဲ၍ အန္တရာယ် များသော လမ်း များမှ ဆူဟာတိုသည် ဂျိုးဂျကာတာသို့ ပြန်လာခဲ့သည်။

---

၁ Lieutenant Colonel Sadikin



သူသည် သူ တွေ့မြင်သိရှိခဲ့သမျှကို ဗိုလ်ချုပ် ဆူဒါမင်အား တင်ပြလိုက်သည်။ ကွန်မြူနစ် ပုန်ကန်မှုကို ထင်ရှားစွာ ကြိုတင်မြင်နေရသည်။ ဆူဟာတို၏ စိစဉ်လုံးပန်းမှုသည် မအောင်မြင်ခဲ့ချေ။

ကွန်မြူနစ် မက်ဒွန် တော်လှန်ရေးသည် အစက အရေးအခင်းကလေးတရပ်သာ ရှိသော အခြေအနေမှ ဆူဟာတို မမျှော်လင့်ခဲ့သည့် စစ်ရေး၊ နိုင်ငံရေး ခေါင်းဆောင်များပါ၊ ပါဝင်လာသည့် အင်အားကြီးမားလာသော လှုပ်ရှားမှုကြီး တရပ် ဖြစ်လာလေသည်။

တိုက်ခိုက်မှုများ၊ တန်ပြန်တိုက်ခိုက်မှုများ၊ ၁၉၆၅ စက်တင်ဘာ ၃၀ လှုပ်ရှားမှု များသည် ၁၉၄၈ ခုနှစ် စက် တင်ဘာ အဖြစ်အပျက်များနှင့် ဆင်တူနေပေသည်။၁

ကွန်မြူနစ် ပုန်ကန်မှုများ မက်ဒွန်းဆိုလိုနှင့် ပတ်ဝန်းကျင်ဒေသများတွင် ပြင်းထန်စွာ ဖြစ်ပွား နေသော်လည်း ဒု-ဗိုလ်မှူးကြီး ဆူဟာတိုနှင့် သူ့စစ်သားများ တာဝန် ယူထားသည့် ဂျိုးဂျကာတာတိုက်တွင်မူ အစစအရာရာ ငြိမ်သက် အေးဆေးစွာရှိနေလေသည်။

× × ×

---

၁ ၁၉၄၈ခုနှစ် စက်တင်ဘာအရေးအခင်းတွင်ကွန်မြူနစ်များနှင့် ကွန်မြူနစ်ဆန့်ကျင်သူတို့၏သွေးချောင်းစီး တိုက်ပွဲရှည်ကြီးဖြစ်ခဲ့သည်။ နှစ်ဖက် စလုံး သေကြေ ကြသည်။ အစ္စလမ်နှင့်ခရီရှင်နယ်အင်အားစုများ၊ အများ အပြား ပါဝင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၅

## ငြိမ့်ညောင်းသာယာ တေးသံသာ မင်္ဂလာပွဲ

၁၉၄၇-ခုနှစ်၊ နှစ်ကုန်ဆုံးတော့မည့် သာယာသော ညနေချမ်း အချိန်ဖြစ်သည်။

တပ်ရင်းမှူး ဆူဟာတိုသည် ဝါဂျန်တိုရိုမှ ဂျိုးဂျကာတာသို့ ရွှေ့ပြောင်းသွားသော အဒေါ်နှင့်ဦးလေး ပရာဝီရိုဝါဂျိုတို့ထံ အလည်အပတ် သွားရောက်သည်။ လဘက်နှင့် ကိတ်မုန့်များ ယူသွားပြီး ကန်တော့လိုက်သည်။ အိမ်တွင်းရေး အခြေအနေများ၊ အိမ်နီးနားချင်း မိတ်ဆွေသင်္ဂဟများ၏ သတင်းများ



ကမ္ဘာ့ဖြစ်ရပ်များ စသည်တို့ကို အလွှာပသလ္လာပ ပြောဆိုဆွေးနွေးကြသည်။

အေးမြသော လေပြေလေညင်းက တသွင်သွင် တိုက်ခတ်နေသည်။ အစစအရာရာသည် အေးချမ်းငြိမ်သက်နေသည်။ ဆူဟာတိုသည် မကြာမီ အဒေါ်၏ စကားသံကို သတိပြုမိသည်။

"ဟာတို"

အဒေါ် ပရာဝီရိုက စကားစလိုက်သည်။

"မင်းကိုငါ အလေးအနက် စကားတခွန်း ပြောချင်တယ်"

"ဟုတ်ကဲ့ အမေ ကျွန်နော်ဘာများ လုပ်ကိုင် ဆောင်ရွက်ပေးရပါမည်လဲ"

ဆူဟာတိုက သူ့ကုလားထိုင်ကို အဒေါ့်နား တိုးကပ် ဆွဲရွှေ့လိုက်ရင်း မေးခွန်း ပြန်ထုတ်လိုက်သည်။

"ငါ့အတွက် မဟုတ်ပါဘူး ဟာတိုရယ်....မင်းအတွက်ပါ.... မင်းဟာ အခုဆိုရင် အသက် ၂၇-နှစ်ရှိပြီ၊ လူလားမြောက်တဲ့ ယောကျ်ားတယောက် ဖြစ်လာပြီ....ငါ မင်းရဲ့ ရှေ့ရေးအတွက်နဲ့နဲ့စိတ်မအေးဖြစ်ရတယ် သားရယ်....ငါတို့ ရွာမှာဆိုရင် မင်းလို ယောကျ်ားတယောက်ဟာ ဒီအချိန်မှာ မိန်းမရပြီး ကလေး တယောက်တောင် ရနေပြီကွဲ့....မင်းဟာ ငါ့သားအရင်း မဟုတ်ပေမဲ့ မင်းအဖေက မင်းကို ငါတို့လက်ထဲ လာအပ်သွားကတည်းက ငါအမြဲတမ်း မင်းကို စောင့်ရှောက် ကျွေးမွေးလာခဲ့တယ်။ ငါ တော့ မင်းအတွက် မိန်းမတယောက် ရှာသင့်ပြီလို့ ထင်တာပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမေ...အခု ကျနော်တို့ တပ်ထဲမှာ သိပ် အလုပ်များနေပါတယ်၊ တော်လှန်ရေးကြီး မပြီးသေးပါဘူး၊ နေရာတိုင်းမှာ ဒုက္ခတွေနဲ့ ချည်းပါပဲ၊ ဒတ်ချ်တွေနဲ့ ကျနော်တို့ ဆက်တိုက်ကြရအုံးမှာ အမေ၊ စောင့်လိုက်ကြရင် ပိုမကောင်းဘူးလား"

"တော်လှန်ရေးက ဘာဖြစ်လို့ မင်္ဂလာဆောင်ကို ရပ်ပစ်လိုက်ရမှာလဲ၊ မင်းရဲ့စိတ်ကို ပြန်ပြုပြင်လိုက်စမ်းပါ"

"ကောင်းပါပြီ အမေ၊ အမေ့စကားကို ကျနော် နားထောင်ပါပြီတဲ့၊ ကျနော် သဘောကျ လက်ထပ်ရမဲ့ မိန်းကလေးကို မသိရသေးပါကလား၊ သူ့ကို ကျနော်မမေးသင့်ဘူးလား အမေ"

"ဒါ အကြောင်းမဟုတ်ပါဘူး၊ ကောင်မလေးကို မင်း သိပါတယ်၊ ဟာတီနာ၁ ကို သတိရပြီလား၊ မူလတန်းကျောင်းတုန်းက မင်း အကို ဆူလာဒီနဲ့ တတန်းထဲထိုင်တဲ့ ခလေးမလေးဟာကွယ်...."

"အို....ဟုတ်ကဲ့....သိပြီ၊ ဝါဂျန်တိုရိုမှာတုန်းကလေ၊ ဟာတီနာက ဆူလာဒီကို ပြောင်သလိုလိုနဲ့တောင် ပြောခဲ့ဘူးသေးတယ်၊ နင် ငါ့အကို ဖြစ်လာမှာပါ ဟာယ်တဲ့၊ ဒါပေမဲ့ အမေသိရဲ့လား၊ သူ့မိဘတွေက သဘောတူရဲ့လား၊ ကျနော်ဟာ လူသာမန် တောသားတယောက်ပါ၊ သူက အထက်တန်းလွှာက အရာရှိ တယောက်ရဲ့သမီးပါ၊ မင်ကွန်းဂရန်၂ က အရာရှိ သမီး အမေ"

"အရာရာဟာ ပြောင်းလဲခဲ့ပြီ ငါ့ သား၊ သူတို့ မိသားစုနဲ့

၁ Hartinah
၂ Mangkunegaran ဆိုလိုနယ်မှ မြို့တမြို့၏အမည် ဖြစ်သည်။



ကျွမ်းတဝင်ရှိလှတဲ့ မိန်းမကြီးတယောက်ကို အမေ သိတက်၊ ငါနဲ့ ဆက်သွယ်ပြီး လုပ်သွားမယ်၊ ဘာလုပ်ရမယ်၊ ဘာခလေ့ထုံးစံတွေ ရှိတယ်ဆိုတာ အမေ သိပြီးသားပါကွယ်"

x x x

ဆူဟာတိုက သဘော တူသည်။ သူ့ အမေ(အဒေါ်)က ခေါင်သွယ် မိန်းမကြီးကို ကပ်ပြီး ကြိုးစားထော့သည်။

ကျောင်းသူမကလေး၏ အဖေ ဆူမိုဟာဂျိုမို၁ နှင့် အမေ ဟာမင်တီ၂ တို့သည် ကျောင်းသားကလေးကိုသတိရဖို့ မနည်းကြိုးစားနေကြရသည်။ သို့သော် သူတို့ သတိမရကြ။ မမှတ်မိကြ။ သူတို့သမီးကလေးကို ခေါ်လိုက်သည်။ သမီးကလေးသည် တခြား မိတောင်ဖက် ကိစ္စများ ဆွေးနွေးတိုင်း ငြင်းပယ်ခဲ့သည်ချည်း ဖြစ်ခဲ့သည်။

သူမက ဆူဟာတိုကို မှတ်မိသည်။ ကျောင်းနေဖက် ဖြစ်ပြီး ယခု တကယ့် အရာရှိတယောက် ဖြစ်နေပေပြီ။ သူမသည် ဆူဟာတိုကို နှစ်ပေါင်းများစွာ မမြင်မတွေ့ခဲ့ရသော်လည်း ကြက်ခြေနီ ဆပ်ဖွဲ့ဝင်များထံမှ သူ့ သတင်းကို အမြဲ ကြားလာခဲ့ရသည်။

၁ Soemoharjomo
၂ Hatmanti

www.burmeseclassic.com

www.burmeseclassic.com



သူမက ဆူဟာတိုကိုသဘောကျသည်။ ဆူဟာတို၏ မွေး မအေက ဖိတ်ကြား ကမ်းလှမ်းချက်ကိုလက်ခံလိုက်လေသည်။

စေ့စပ်ကြောင်းလှမ်းပွဲ အခမ်းအနားကလေးတခု ကျင်းပ သည်။ ဤအခမ်းအနားတွင် ခင်ပွန်းလောင်းနှင့် ဇနီးလောင်း သည် တယောက်ကိုတယောက် အကဲခတ် လေ့လာ ကြည့်ရှု သည်။ နှစ်ဖက်သော လူကြီး မိဘ များသည် မင်္ဂလာဆော ပစ္စည်း ပစ္စယ ကိစ္စ ဝိစ္စ များကို ဆွေးနွေး ညှိနှိုင်းကြသည်။

ဆူမိဟာဂျိုမိုတို့နှင့် ပရာဝီရိုဝါဂျိုတို့ တွေ့ဆုံ ဆွေးနွေး ခဲ့ ပွဲသည် လုံးဝဥဿုံ အောင်မြင်ကျေနပ်မှုများ ရရှိကြသည်။

လက်ထပ်ပွဲကို ဆိုလိုတွင် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရ နေ့၌ ကျင်းပသည်။ သတို့သားသည် ဂျိုးဂျကာတာမှ ဆိုလို သွားရန်အတွက် ဆိဒင် မှန်ကားဟောင်းကြီးတစီးကိုငှားစီးသွ ရသည်။ သူသည် မင်္ဂလာ အခမ်းအနားဝတ်စုံကို အကျ အန ဝ ဆင်ထားသည်။ ထိုင်ရခက်ခဲသော အဝတ်ဖြစ်သည့် ကာရင် ဝတ်စုံကိုဝတ်ထားသည်။ အကိုဆူလာဒီက တချိန်လုံးစနေသည် ဆိုလိုတွင် မင်္ဂလာဆောင်ရသည်မှာ မည်မျှခက်ခဲကြောင်း ပြော ပြနေသည်။ သတို့သားသည် စစ်နှင့် ပတ်သက်ပြီး ဦးနှောက် မခြောက်ခဲ့သော်လည်း ယခု လက်ထပ်ပွဲတွင် ဦးနှောက်ခြော လာတော့သည်။

မင်္ဂလာဆောင်အခမ်းအနားကို ညနေပိုင်းတွင် စတင်ကျင်း ရာ၊ သတို့သမီးဖက်မှ ဆွေမျိုး မိတ်သင်္ဂဟများ တက်ရောက်ကြ

---

၁ Keris



သည်။ ဘူမိဟာဂျိုမိုတို့သည် နာမည်ကြီးပြီး မြို့ပေါ်တွင် ဂုဏ် သရေရှိ လူကြီးလူကောင်းများ ဖြစ်ကြသည်။

ညနေပိုင်းတွင် စီလမတန်၁ အခမ်းအနား တရပ် ကျင်းပ ပြန်သည်။ ဖယောင်းတိုင် အနည်းငယ်ထွန်းညှိကြရသည်။ ဒတ်ချ် တွေက လေကြောင်းမှ ဗုံးကြဲလိမ့်မည်ဟုစိုးရိမ်ရသဖြင့် ဆိုလိုတမြို့ လုံး အမှောင်ဖုံးနေတော့သည်။

မင်္ဂလာဆောင်ပြီး ၃ ရက်အကြာတွင်လင်မယားနှစ်ယောက် စုံတွဲသည် ဂျိုးဂျကာတာသို့ရွှေ့ပြောင်းသွားကြသည်။ ဒု-ဗိုလ်မှူး ကြီးသည် တပ်သို့ပြန်၍ တာဝန်များ ထမ်းဆောင်ပြီး အိမ်ရှင်မ အသစ်ကြုပ်ချွတ်ကလေးက အိမ်မှုကိစ္စများနှင့် အထွေထွေ လူမှု ရေး တာဝန်များကို တပ်ရင်းမှူး ဇနီး ပီသစွာ ထမ်းဆောင် ရ တော့သည်။

× × ×

တနှစ်ကြာသောအခါ စစ်ကြောင့် လင်မယား နှစ်ယောက် သည် ခွဲခွာကွဲကွာသွားကြသည်။ သို့ရာတွင် စစ်၏ ကမောက် ကမ ကြားဝယ် ဆူဟာတိုတို့လင်မယားသည် မည်သည့်ပြဿနာ မှ မဖြစ်ပဲ အေးအေး ဆေးဆေး ချစ်ချစ် ခင်ခင် ပေါင်းသင်း လာခဲ့သည်။

နှစ်တွေကြာညောင်းလာသောအခါ၊ သူတို့တွင် သားသမီး

---

၁ Selamatan

www.burmeseclassic.com

www.burmeseclassic.com



ဖြယောက်ထွန်းကားလာတော့သည်။ သားသုံးယောက် သမီး ယောက် ဖြစ်သည်။[၁]

ဤကား ပြည်သူ့ဝန်ထမ်း တပ်မတော်သား တဦးဖြစ်သ ဆူဟာတို၏ ဘဝ အတ္ထုပ္ပတ္တိ အကျဉ်းမျှသာဖြစ်သည်။

သူ့ကလေးသုံးယောက်ကို သူအဝေးရောက်နေစဉ် မွေးဖွား သည်။ ကလေးတယောက်ကို သူ ဂျာဗားအလယ်ပိုင်း တောကြ မျက်မဲထဲတွင် ပြောက်ကျားစစ်ဆင်ရေး ဆင်နွှဲနေစဉ် မွေးဖွား သည်။ သမီးဦးကလေးအား မွေးပြီး ၃ လကြာမှ မြင်တွေ့ သည်။ ဒုတိယသားကိုလည်း စုလာဝေစီ တောင်ပိုင်း ဒေသတွ အင်ဒီအဇစ်[၂] ပုန်ကန်မှုကို နှိမ်နင်းတိုက်ခိုက်နေစဉ် မွေးဖွား သည်။နောက်ထပ်သားတယောက်ကိုလည်း အီရန်အနောက်ပိုင်း လွတ်မြောက်ရေးတိုက်ပွဲကို မကဆာ[၃] အရှပ်တွင် ဆင်နွှဲနေစဉ် မွေးဖွားခဲ့ပြန်သည်။

---

၁ သားများ၏ အမည်များမှာ (၁) စီဂျစ် ဟာဂျိုဂျူတန်တ (၁၉၅၁ မေ ၁ မွေး)။ (၂) ဘန်ဘန်သရီဟတ်မိုဂျ (၁၉၅၃ ဇူလိုင် ၂၃)။ (၃) ဟတ်တိုမိုမန်ဒလာပူထ (၁၉၆၂ ဇူလိုင် ၁၅)။ သမီးများ၏ အမည်များမှာ (၄) စီထိဟတ်ဒီ ဂျန်တီ ဟာ့တူတီ (၁၉၄၉ ဇန်နဝါရီ ၂၃)။ (၅) စီထိဟတ်ဒီဂျတီ (၁၉၅၉ ဧပြီ ၁၄) နှင့် (၆) စီထိဟတ်ထမီ အင်ဒန်အဒီနင်နီ (၁၉၆၄ ဩဂုတ် ၁၃) တို့ ဖြစ်ကြသည်။

၂ Andi Azis

၃ Makassar



ယခု အင်ဒိုနီးရှား၏ ထိပ်တန်း အမျိုးသမီးဖြစ်သော မဒ တီဟာတီန ဆူဟာတိုအား ၁၉၂၄ ခုနှစ် ဩဂုတ်လ ၂၃ ရက် တွင် မွေးဖွားခဲ့သည်။ သားသမီးရှစ်ယောက်တွင် ဒုတိယ ောက် သမီးဖြစ်သည်။ သူမ၏ ဖခင်သည် ဆိုလိုအနီး ဝါဂျန်တို တွင် ခရိုင်အရာရှိတဦး ဖြစ်သည်။ မူလတန်း ကျောင်းတွင် ကျောင်းသူ ကျောင်းသားဘဝ၌ ဆူဟာတိုနှင့် ပထမဦးဆုံး စတင် တွေ့သည်။ သို့ရာတွင် ဤတွေ့ဆုံမှုမှာ ကျောင်းသူ ကျောင်းသား င်း ရှောင်တခင် တွေ့ဆုံမှုမျိုး ဖြစ်သည်။ နောက်ထပ် တွေ့ဆုံ ည့် အခွင့်အရေး မရခဲ့ကြတော့။

စီတီ ဟာတီနသည် မအေအား အိမ်မှုကိစ္စများ ကူညီ လုပ် င်ပေးလေ့ရှိသည်။ သူမသည် ရှေးဟောင်း၊ ဂျာဗားအတယ် ာဖြစ်သော* အဝတ်အထည်များအပေါ် ဆေးဆိုးပန်းရိုက် င်း အတတ်ပညာတွင် လွန်စွာ ကျွမ်းကျင်လှသည်။ သူမတို့ သားစုသည် လူရိုသေရှင်ရိုသေဖြစ်သော်လည်း ချမ်းသာကြွယ်ဝ သည်ကား မဟုတ်။ စီတီဟာတီနအား အထက်တန်းပညာ ား ဆက်လက် သင်ကြားစေရန် ပိုက်ဆံငွေကြေး မပြည့်စုံပေ။ ပညာသင် အခွင့်အရေးကို အမဖြစ်သူအားပေးလိုက်ရသည်။ မမှာ ကွယ်လွန်သူ မစ္စက်ဥဒန်း[၁] ဖြစ်ပြီး အင်ဒိုနီးရှား သံအ က်ကြီး၏ ဇနီးဖြစ်သည်။

သူမငယ်စဉ်က ဇာတိချက်ကြွေ ဆိုလိုမြေ၏ ယဉ်ကျေးမှု အနှ

---

၁ Oudang

www.burmeseclassic.com

www.burmeseclassic.com



ပညာများတွင် လွန်မင်းစွာ စိတ်ပါဝင်စားခဲ့သည်။ တေးဂီတန ဂျပ်ဗားအကများတွင် ဝါသနာပါသည်။ လေ့ကျင့်ဆည်းပူးသည် လူထုအကြားမှာရော မင်းသားကြီး၏နန်းတော်တွင်းမှာပါ အ အမှတ် အက အခုန်ကို လေ့လာသည်။ စိတ်ပါဝင်စားသေ မိန်းမပျိုကလေးသည် ရှေးဟောင်း ဂျာဗား ယဉ်ကျေးမှု အ ပညာများ တွန်းကားရာ ဆိုလိုယဉ်ကျေးမှု ဗဟိုကော်မီတီဝ တဦး ဖြစ်လာသည်။

ကျောင်းသူဘဝကပင် သူမသည် ဂျာဗားရှေ့ဆောင် မိန်း ခလေး အသင်းသို့ ဆက်သွယ်ဝင်ရောက် ခဲ့သည်။ အင်ဒိုနီးရှား နိုင်ငံ၏ ထိပ်တန်း နံပတ်တစ် အမျိုးသမီးသည် ယခုအခါ ရှေ ဆောင်မိန်းခလေး အသင်း၏ အကြီးအမှူး ဖြစ်ပြီး လူငယ်ထုန ဆက်သွယ်လျက်ရှိသည်။

ဂျပန်များ သိမ်းပိုက်ထားချိန်တွင် စီတီဟာတီနသည် တ တည်းသော အမျိုးသမီး အသင်း ဖူဂျင်ကိုင်း၁ အဖွဲ့ဝင်ဖြစ်၏ ယင်းအသင်းသည် ဂျပန်တို့၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသေ အသင်းဖြစ်သည်။ ၁၉၄၅-ခုနှစ်တွင် အင်ဒိုနီးရှား လွတ်လပ်ရေး ကြေညာလိုက်သောအခါ သူမသည် တိုက်ခိုက်ရေးတပ်ထဲသို့ ဝင် လိုက်သည်။ သူမသည် ထိုတပ်ထဲတွင်၎င်း၊ အင်ဒိုနီးရှား ကြက် ခြေနီ အသင်းတွင်၎င်း၊ လူမှုရေး အလုပ်တာဝန်များဖြင့် မအား မလပ် ဖြစ်ခဲ့ရသည်။

---

၁ Fujinkai



အင်ဒိုနီးရှားတွင် ငြိမ်းချမ်းရေး ရလာသောအခါ မဒမ်စီတီ ာတီန ဆူဟာတိုသည် လူမှုရေး လုပ်ငန်းများကို ဆက်လုပ်ပြန် ည်။ ဟာတီနသည် အခြားစစ်အရာရှိများ၏ ဇနီးများကဲ့သို့ က်အောက်ငယ်သား ရဲဘော်များနှင့်၎င်း၊ မိသားစုများကို တစိုက် ကြည့်ရှုသည်။ သူမသည် ယခုတိုင် တပ်မတော်အိမ် ာင်ရှင်မ များ အသင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာန အရာ ျား၏ ဇနီးများ အသင်းတို့၏ နာယကအဖြစ် ဆောင်ရွက်ဆဲ င်သည်။

အခြားဝန်ကြီးများ၏ ဇနီးများနှင့်အတူ မဒမ်ဆူဟာတိုသည် မှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်တွင် အရေးပါသော အသင်း ဖွဲ့စည်းခဲ့ပြန်သည်။ ကလေးသူငယ်များကို စောင့်ရှောက် င်းသည် သူမ၏ ထင်ရှားသော အချိန်ပိုလုပ်ငန်းတရပ် ဖြစ် ည်။ ကင်ဆာဆေးရုံ အင်ဒိုနီးရှား ကြက်ခြေနီ အသင်း ာတာရှိ ဗဟိုပြတိုက်နှင့် စီနဂျန် အားကစားဝင်း အတွင်းရှိ လေးကစားကွင်း ဆောက်လုပ်ရေးများတွင် လိုအပ်သော လူ န်းမှုများ ပြုလုပ်သည်။ ရံပုံငွေ ရရှိရေးအတွက် မဒမ်ဆူဟာ သည် အကူအညီအမျိုးမျိုးပေးသည်။

သမ္မတ ဆူဟာတို၏ လုပ်ငန်း တာဝန်များ ထမ်းဆောင်မှု င် မဒမ်ဆူဟာတို၏ အကူအညီ များစွာပါဝင်သည်။ သမ္မတ အတူ နိုင်ငံရပ်ခြားသို့ လိုက်ပါရာတွင်၎င်း၊ အိမ်မှာတွင်၎င်း၊ င်ရေးနှင့် သံတမန်ရေးရာ ဆောင်ရွက်ချက်များတွင် နှောင့် ခြင်းမရှိ သွက်လက်စွာ ဆောင်ရွက်လေ့ ရှိသည်။

သူမသည် သမ္မတ၏သစ္စာအရှိဆုံး 'အဖော်' လည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မယားကောင်း တယောက်နှင့် မိခင်ကောင်း တယော
ပီသစွာ သူမသည် အခြားအင်ဒိုနီးရှား မိသားစုများ နည်း
ကိုယ့်အိမ်ထောင် မိသားစု၏ဘဝကို စီမံကွပ်ကဲသည်။ သူမ
တိုင် အထက်တန်း ပညာရပ်များကိုဆန္ဒရှိသလောက် ပြည့်
မသင်ကြားဖြစ်ခဲ့သဖြင့် သူ့ကလေးများအား ပညာရေး အ
ဂရုစိုက် ကြပ်မတ်သည်။

စနေနေ့ မွန်းလွဲပိုင်းနှင့် တနင်္ဂနွေနေ့များတွင် တိုင်းပြည်
ဝန်များမှ အနားယူပြီး မိသားစု တစုလုံးသည် မြို့တော်
ဖက် မိုင် ၆၀ ခန့် ဝေးကွာသော ပွန့်ကျပ်ပတ်၁ တောင်
များဆီသို့ ကားမောင်းသွားလေ့ရှိသည်။ သို့မဟုတ် ရေကူး
နှင့် ငါးများရန်အတွက် ဂျကာတာ ပင်လယ်ပြင်ထဲရှိ ကျွ
ပေါင်းများစွာမှ ကျွန်း တကျွန်းကျွန်းသို့ လှေဖြင့် သွားလေ့
သည်။

ငါးမျှားခြင်းသည် ဆူဟာတို စိတ်အဝင်စားဆုံး ဝါသနာ
တရပ်ဖြစ်သည်။ ငါးမျှားခြင်းသည် သူ့ ကိုယ်ရေးကိုယ်တာ အ
လုပ်နှင့် သင့်တော်ကိုက်ညီပုံရသည်။ ငါးမျှားသူ တယောက်အ
အတွေးကို တည်ငြိမ်စွာ ထားရသည်။ ငါးကြီးကြီးကို ငါးမျှ
ချိတ်တွင် မိပါက ပျော်ရသည်။ စိတ်ရှည်စွာ အချိန်မှန်မှန်
စောင့်ဆိုင်းပြီး လျင်မြန်စွာ 'သုတ်'ရ ခြင်းသည် ငါးဖမ်း
ခြင်းဖြစ်သည်။

၁ Puntjak Pass



ဆူဟာတို၏ အခြားဝါသနာများသည် အမဲလိုက်ခြင်းနှင့်
က်သီးရိုက်ခြင်းတို့ ဖြစ်သည်။ ဂေါက်သီးရိုက်သည့် အားက
းသည် ဂျကာတာတွင် မကြာမီ နှစ်အနည်းငယ်ကမှ စတင်
တ်စားလာသော အားကစားတရပ်ဖြစ်သည်။

မြင်းကောင်းကောင်း ကိုလည်း သူ သဘောကျတတ်သည်။
ဖြစ်၍ အီသီယိုးပီးယား၁ ဘုရင်ကြီး ဟေလီဆေလက်ဆီ၂
ပါကစ္စတန်၃ သမ္မတ အယွတ်ခန်၄ တို့က အင်ဒိုနီးရှား မြင်း
သူအား မြင်းလက်ဆောင် ပေးခဲ့ကြသည်။

ဆူဟာတိုနှင့် ဆူကာနိုအကြားတွင် နိုင်ငံရေးအရာ၌ ကျယ်
သော ခြားနားချက်ကို တွေ့ကြရသည်။ ၎င်းပြင် လူမှုရေး
ကျင့်သိက္ခာနှင့် စရိုက်ဆိုင်ရာတွင်လည်း ပေါင်းကူး ဆက်
မရသော ကွာလပ်ကြီးကို တွေ့ကြရပြန်သည်။

× × ×

၁ Ethiopia
၂ Haile Selassie
၃ Pakistan
၄ Ayub khan

www.burmeseclassic.com

www.burmeseclassic.com



၁၆

## ပျောက်ကြားတိုက်ပွဲဝင်သူ

မက်ဒွန် တော်လှန်ရေးတိုက်ပွဲတွင် အစိုးရတပ်များက အောင်ပွဲရလိုက်သော်လည်း နိုင်ငံတော်အတွက် ရုပ်ဝတ္ထုပစ္စည်းပိုင်းရော စိတ်ပိုင်းရော အားလျော့သွားခဲ့သည်။နှစ်ပိုင်းခွဲလိုက်သော ပြည်နယ်နှစ်ခု၏ အနာဂတ်ဆက်သွယ်ရေးအတွက် ဒတ်ချ်နှင့် အင်ဒိုနီးရှား ကိုယ်စားလှယ်တို့ တွေ့ဆုံညှိနှိုင်းကြသည်။

ရီပတ်ဘလစ်ကင် အစိုးရသည် ဒတ်ချ်အာဏာပိုင်များ မျှော်လင့်ထားသလို အင်ဒိုနီးရှားဖက်မှ တွန်းအားကို ခပ်မြန်မြန်ပေးသည်။



၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့တွင် ဒုတိယ ဒတ်ချ်တို့၏ ...လှုပ်ရှားမှုကြီး ဖြစ်ပွားပြန်သည်။ ဂျိုးဂျကာတာသည် ...ပွဲပဟိုနေရာဖြစ်နေ၏။ ဒတ်ချ် ဗုံးကြဲ လေယာဉ်များသည် ...လှုပ်ရှားမှုဖြစ်ပွားသည့် ပထမနေ့ နံနက် ၅ နာရီခွဲတွင် ...ပေါ်ရောက်လာကြသည်။ လေဆိပ်သည်လည်း ဗုံးများ၊ ...က်သေနတ်များနှင့် ဒုံးပျံများ တိုက်ခိုက်ခြင်း ခံကြရသည်။

အင်ဒိုနီးရှား လေဆိပ် ကာကွယ်ရေးအခြေအနေသည် ငြိမ်...က်တိတ်ဆိတ်နေ၏။ ဒတ်ချ်လေထီးစစ်သား ၉၀၀ ကို လေယာဉ်ပေါ်မှ ချပေးသည်။

ဒတ်ချ်ရေကြောင်း တပ်ဖွဲ့က ကုန်းပေါ်တက်၍ လိုက်ပါကူညီပေးသည်။ စစ်သားများသည် ရှေ့သို့တိုး၍ မြို့လယ်သို့ ချီတက်တိုက်ခိုက်သွားသည်။

အင်ဒိုနီးရှား စစ်သားများသည် လျင်မြန်ဖြတ်လတ်မှု မရှိပဲ နှေးကွေးလေးလံကြသည်။ မြို့လယ်ခေါင် လေဆိပ်နှင့် ၄ မိုင်ခန့် ဝေးသော နေရာသို့ရောက်ရန် ရှစ်နာရီ အချိန်ယူ ဆောင်ရွက်သည်။

ဂျိုးဂျကာတာသည် လေယာဉ်များဖြင့် တိုက်ခိုက်ခြင်းခံနေရသည် ထောင်ပေါင်းမြောက်မြားစွာသော လူထုသည် ကြောက်လန့်တကြား ပြေးလွှားကုန်ကြသည်။ ဒတ်ချ်လူမျိုးတို့၏ ချုပ်ကိုင် လွှမ်းမိုးမှုနှင့် ရင်ဆိုင်နေရသော ကက်ဘိနက်သည် မြို့တော်မှ မစွန့်ခွာရန် ဆုံးဖြတ်လိုက်သည်။

သမ္မတ ဆူကာနို၊ ဒုသမ္မတ ဟတ်တာနှင့် ဝန်ကြီး ...တို့

16

www.burmeseclassic.com

www.burmeseclassic.com



သည် ညနေပိုင်းတွင် အဖမ်းခံကြရသည်။ နောက်ဆုံး မိနစ်
တခုတွင် သမ္မတက ကြေညာလိုက်သည်။

"ငါတို့တိုက်ပွဲကို ဆက်တိုက်ကြ၊အောင်ပွဲဟာ ငါတို့အတွ
ဖြစ်တယ်"

ဒုတိယ သမ္မတကလည်း ပြောသည်။

"ပြည်သူတွေ တိုက်ပွဲဝင်ကြ၊ ပြည်သူတွေ တယောက်မကျ
တိုက်ခိုက်ပြီး အောင်ပွဲအတွက် ပြင်ဆင်ကြ"

× × ×

၁၉၄၈-ခုနှစ် ဒီဇင်ဘာ ၁၉-ရက်နေ့ နံနက် အစောကြီးတွ
ဒု-ဗိုလ်မှူးကြီး ဆူဟာတိုသည် ဂျိုးဂျ လေဆိပ်အား ပထမဆုံး
ချသည့် ဗုံးပေါက်ကွဲသံကြောင့် အိပ်ယာမှ နိုးလာခဲ့သည်။

သူသည် တယ်လီဖုံးရှိရာသို့ ပြေးသွားပြီး ကောက်ကိုင်ကာ
တပ်ရင်းဌာနချုပ်ရှိ တာဝန်မှူး ဗိုလ်မယာရက်န[1] ထံ ဖုံးဆက်လိုက်
သည်။ဗိုလ်ရက်နလည်း အစောင့်ခန်းရှေ့တွင် နံနက်ခင်းကိုယ်လ
လေ့ကျင့်ခန်းများ လုပ်ပြီးရုံ ရှိသေးသည်။ သူ့ တပ်ရင်းမှူး
သူက သတင်းပေးပို့ အစီရင်ခံလိုက်သည်။

"မဟုတ်ပါဘူး၊ထူးထူးခြားခြား ဘာမှ မဖြစ်ပါဘူး၊ကျနော
တို့ တပ်တွေ ရွှေ့တာပါ"

ဆူဟာတိုက ဒေါသတကြီး ပြန်၍ အော်လိုက်လေသည်။

"နားထောင်စမ်း....ဒါ အင်ဒိုနီးရှားတပ်တွေရွှေ့တာ မဟု
ဘူး၊ ဒတ်ချ် တပ်တွေ ရွှေ့တာကွ၊ငါ အခု ချက်ခြင်းလာခဲ့မယ်

---

[1] Maya Retna



တပ်ကို လှုန့်ထားစမ်း၊ မင်းနဲ့ မင့် လူတွေ အသင့်အနေအထား
ဖြစ်ပစေ၊ လျှို့ဝှက်စာရွက်တွေ မီးရှို့လိုက်....ဒါ အမိန့်ပဲ"

တပ်ရင်းသို့ ပြန်ရောက်သောအခါ ဒု-ဗိုလ်မှူးကြီး ဆူဟာတို
က သူ့ တပ်အချို့အား ဒတ်ချ် တပ်ဦးများနှင့် တိုက်နေသော
တပ်များအား အင်အားဖြည့်ရန် အမိန့် ပေးလိုက်လေသည်။ ထို့
နောက် သူသည် ဗိုလ်ချုပ် ဆူဒါမင်ထံ ဆက်သွားရာ အခြား တပ်
ရင်းမှူးများကို ထိုနေရာတွင် တွေ့ဆုံရလေသည်။ ဗိုလ်ချုပ်သည်
အပြင်းအထန် ဖျားနေသည်ကို တွေ့ရ၏။ ဆရာဝန်က သူ့ အား
အိပ်ယာထဲတွင် ၂-လကျော်လှဲနေရန် ညွှန်ကြားထားသော်လည်း
ဗိုလ်ချုပ်ဆူဒါမင်သည် မလိုက်နာပဲ အိပ်ယာမှထကာ နန်းတော်
သို့ ရွှေ့ပြောင်းခြင်း ခံရသည်။ သူသည် ကဘိနက် အစည်း
အဝေး တက်ချင်လှသော်လည်း သူ၏ ဆိုးဝါးလာသော ကျန်း
မာရေး အခြေအနေကြောင့် သူ့ အိမ်သို့ ပြန်ပို့ခြင်းခံရသည်။

တပ်မှူးချုပ် ဗိုလ်ချုပ် ဆူဒါမင်သည် နောက်ဆုံးတွင် သူ့
တပ်များအား ကြိုတင် စီစဉ်ထားသည့်အတိုင်း မြို့မှ ထွက်ခွာစေ
သည်။

ဆူဟာတိုသည် ရေးကြီး သုတ်ပြာဖြင့် သူ့ ဇနီးအား နှုတ်
ဆက်လိုက်သည်။

"ဂျိုးဂျမှာနေတာ မင်းအတွက် ပိုကောင်းမယ်၊ မကြာခင်
ရတော့မဲ့ ဒို့ကလေးလေးအတွက်လဲ ပိုကောင်းတာပေါ့"

ဂျိုးဂျကာတာမြို့သည် ဖရိုဖရဲ ကစင့်ကလျား ဖြစ်နေသည်။
အချို့ လမ်းမများပေါ်တွင် ပြေးလွှားနေကြသော လူစုလူဝေး
ကြီးကို မြင်တွေ့ရသည်။စစ်သားများသည် သူတို့နှင့်တပါတည်း

www.burmeseclassic.com

www.burmeseclassic.com



မသယ်ယူနိုင်သော စစ်ပစ္စည်းများကို မီးရှို့ပစ်ကြသည်။ ...
နောက် စစ်သားများသည် ချီတက်သွားကြတော့သည်။

ဆူကာနိုတို၏တပ်ရင်းသည် ၁၉၄၈-ခုနှစ် ဒီဇင်ဘာ ၁၉-ရက်...
ညနေပိုင်းတွင် စနစ်တကျ ချီတက်လာရာမှ ဂင်ဒုတ်[၁] သို့ ရော...
လာသည်။ ထိုနေရာတွင် တညအိပ်ပြီး တောင်ဖက်သို့ ဆက်လာ...
ချီတက်လာရာ တောင်တန်းဒေသဖြစ်သော ဂူနန်ပီရင်[၂] နှင့် ...
ဘစ်[၃] အရပ်များသို့ ရောက်လာသည်။ ရွာသားများက စစ်သား...
များကို ကြိုဆိုကြသည်။

ဆူဟာတိုသည် ရဲဘော်များကို ဖြန့်ထားပြီး သူ့ ဌာနချုပ်ကို...
ရွာသူကြီး ပက်ဟာ့ဂျိုဝီဂျာဒီ[၄] အိမ်တွင်ဖွင့်၍ ရုံးစိုက်ထားသည်။

ရဲဘော်များသည် တောင်သူ လယ်သမားများနှင့် မိတ်ဆွေ...
ကြပြီး လယ်ယာ လုပ်ငန်းများတွင် ပါဝင်ကူညီပေးကြသည်။
အိမ်တွေ ပြင်ပေးကြသည်။ မြေဖို့ လမ်းပြင်ပေးကြသည်။ တပ်...
ရင်းမှူးနှင့် ရွာသူကြီးတို့ နှစ်ယောက်ကို အမြဲ တပူးတွဲတွဲ ...
ကြရသည်။

ဂျာဗားတပ်မှူးချုပ် ဗိုလ်မှူးကြီးနာဆူးရှင်း[၅] နှင့် လက်နက်...
ကိုင် တပ်များ၏ ဒုတိယ ဦးစီးချုပ် ဗိုလ်မှူးကြီး စင်မတူပန်[၆] ...

၁ Gangdok
၂ Gunungpiring
၃ Bibis
၄ Pak Hardjowijadi
၅ Colonel Nasution
၆ Colonel Simatupang



ဆက်လာ၍ ဆူဟာတို၏ တပ်ရင်းကို စစ်ဆေးကြသည်။

ဆူဟာတို၏ ဌာနချုပ်နှင့် ဗိုလ်ချုပ် ဆူဒါမင်၏ ဌာနချုပ်၊ ဆူဟာတိုနှင့် စုံမကြား ဘတ်ကီတင်ကီရှိ အရေးပေါ် ကွပ်ကဲမှု အကြီးအကဲ ဂျဖရူဒင် ပရာဝီရန် နင်ဂရာ[၁] တို့ အကြား ကြိုးမဲ့ ကြေးနန်း ဆက်သွယ်မှု လုပ်လိုက်သည်။

ဆူဟာတို၏ ဌာနချုပ်မှ တမိုင်ခွဲခန့် ဝေးကွာသော နေရာတွင် ဆီလာရွန်[၂] အမည်ရှိ အခြား တိုက်ပွဲဝင် စခန်းတခုရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း တရာကျော်ခန့်က မင်းသားကြီး ဒီပိုနီဂိုရို[၃] သည် ဤနေရာကို သူ၏ ယာယီ ဌာနချုပ်အဖြစ် အသုံးပြုခဲ့ဘူး

၁ Sjafrudin Prawiranegara
၂ Selarong
၃ Prince Diponegoro; မင်းသားကြီး ဒီပိုနီဂိုရိုမှာ ၁၇၈၅ ခုနှစ် နိုဝင်ဘာ ၁၁–ရက်နေ့တွင် ဖွားမြင်ပြီး ဂျိုးဂျကာတာ ဘုရင် တတိယမြောက် ဟမင်ကူဘူဝိုနို၏ အကြီးဆုံး သားဖြစ်သည်။ သူ့ မိခင်သည် ဘုရင်၏ မိဖုယားခေါင်ကြီး မဟုတ်သဖြင့် သူ့မှာ ထီးနန်းအရိုက်အရာ ဆက်ခံခွင့် မရှိခဲ့ပေ။ ဂျိုးဂျကာတာ အနီးရှိ သူ့ စံအိမ်ကို ဒတ်ချ်စစ်သားများက မီးရှို့လိုက်ရာ သူက လက်မြောက် ပေးလိုက်သည်။ ထို့နောက် ၁၈၂၅–မှ ၁၈၃၀ အထိ ဂျာဗားစစ်ပွဲကို သူ ပါဝင်ဆင်နွှဲခဲ့သည်။ သူ့ကို သုံ့ပန်းအဖြစ် ဖမ်းပြီး ဆူလာဝေစီ မြောက်ပိုင်း မီနာဒိုသို့ ပြည်နှင်ဒဏ် ပေးခဲ့သည်။ ထို့နောက် သူ့ကို ဆူလာဝေစီ တောင်ပိုင်း မကာဆာရှိ ရိုတာဒမ်စခန်းသို့ အပို့ခံရပြီး ယင်းဒေသမှာပင် ၁၈၅၅ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့၌ ကွယ်လွန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆူဟာတိုအတွက် ကျိုက်ဂုသည် အမှတ်တရ အမြတ်တနိုး ထားရာနေရာဖြစ်သည်။ နိုင်ငံတော် အထိမ်းအမှတ် တခု အဖြစ် ထားရှိသည်။ တခါက ညအချိန်သူနေခဲ့သောနေရာအဖြစ် ဆူဟာတိုက သူ့ အရာရှိများနှင့်အတူ အလည်အပတ် သွားကြည့်သည်။ ကုန်လွန်ခဲ့ပြီးသော နှစ်များက လွတ်မြောက်ရေး တိုက်ပွဲဝင်သူ တယောက်၏စိတ်ဓါတ်ကို မြတ်နိုးဂုဏ်ယူဖွယ်ရာအဖြစ် သတ်မှတ် ခဲ့သည်။

ဂျိုးဂျကာတာမှ ဆုတ်ခွာလာပြီး ၁၀ ရက်အကြာတွင် ရန်သူ စခန်းများကို ပထမဆုံးတိုက်ခိုက်သော တိုက်ပွဲများဆင်နွှဲသည်။ ဆူဟာတို၏တပ်များတွင် လက်နက် အလုံအလောက် မရှိသော် လည်း မြို့ဆင်ခြေဖုံးနေရာများကို ဒတ်ချ်တို့ ကြာရှည်စွာအခိုင် မဆွဲနိုင်တော့ပဲ လက်လွှတ်ကြရသည်။

ဆူဟာတို အနှစ်သက်ဆုံး လက်နက်မှာ ၄ မမ အိုဝင်ဂန်း သေနတ်ဖြစ်သည်။ ကျည်ဆပ်မရှင်းဂန်း သေနတ်ကို ဂျိုးဂျကာတာ တွင် ဒတ်ချ်တို့နှင့်တိုက်ပွဲဖြစ်စဉ် လက်ရဖမ်းမိသော နာမည်ကြီး ပင်လယ် ဒမြခေါင်းဆောင် ဂျန်ဂုတ်၁ ထံမှ သိမ်းယူခဲ့ခြင်းဖြစ် သည်။ ဂျန်ဂုတ်သည် နောက်ပိုင်းတွင် လွတ်မြောက်ရေးတိုက်ပွဲဝင် သူများနှင့် ဆက်သွယ်ပေါင်းသင်းခဲ့ရာမှ တိုက်ပွဲတွင်ကျဆုံးသွား ခဲ့သည်။

ကြိုတင် စုံစမ်း ထောက်လှမ်းမှု မရှိပဲ ဆူဟာတို၏ တပ်သည် မည်သည့်တိုက်ပွဲကိုမှ မဆင်နွှဲခဲ့ပေ။ တိုက်ပွဲမစမီ စစ်သားများ

၁ Djangkok



သည် အရပ်ဝတ်များဖြင့် ရန်သူ့ ပိုင်နက်တွင် လျှို့ဝှက် ဝင် ရောက် ခဲ့ကြသည်။ တခါက လက်ဖတင်နင် (ဗိုလ်) တယောက် အား ဂျိုးဂျကာတာမြို့ စီမံကိန်းရုံးသို့ စေလွှတ်၍ ဒတ်ချ်အရာရှိ အသုံးပြုနေသော မြေပုံများကို အယူခိုင်းသည်။

တပ်ရင်းမှူး ဆူဟာတို ကိုယ်တိုင် လျှို့ဝှက် အဖွဲ့ များဖြင့် ဒတ်ချ်တို့ သိမ်းပိုက် အုပ်ချုပ်နေသော ဂျိုးဂျကာတာသို့ အကြိမ် ပေါင်း မြောက်မြားစွာ သွား ရောက် ခဲ့သည်။ လယ်သမား အယောင်ဆောင်၍ ဟင်းသီးဟင်းရွက်များယူလာပြီး စုလတန်၏ မီးဖိုချောင်သို့ပို့ပေးသည်။ ဆံပင်ညှပ် ရေမိုးချိုး အဝတ်အစားလဲ ပြီး ဆူဟာတို သည် စားဖိုမှူး ဟင်ဒရိုဘူဂျိုနို၁ ခေါ် သဖြင့် စုလတန်ဘူဝိုနိုထံသွားရောက်သည်။ မြင့်မြတ်သော မျိုးရိုးမှ ဆင်း သက် လာသည့် စုလတန်နှင့် လယ်သမား သား ဆူဟာတိုတို့ နှစ်ယောက်သည် လွတ်လပ်ရေး ချစ်မြတ်နိုးသူများ အချင်းချင်း စည်းရုံး ညီညွတ်စွာ ဆွေးနွေး နှီးနှောကြသည်။

ဒတ်ချ်တို့ ဖိနှိပ်မှုကို ရွတ်ချသောစုလတန်သည် နိုင်ငံကိုသစ္စာ ရှိဆဲပင်ဖြစ်သည်။ လူထုနှင့်ခေါင်းဆောင်တို့၏ လေးစားခြင်းခံရ သော ရှုရီစုလတန်သည် အမျိုးသား တော်လှန်ရေး၏ နှလုံး သည်းပွတ်ဖြစ်သည်။ ဒု-ဗိုလ်မှူးကြီး ဆူဟာတိုသည် သူ၏ အယုံ ကြည်ရဆုံး စစ်မြေပြင် တပ်မှူးဖြစ်သည်။

ကာရာတန်သို့ လည်ပတ်သွားရောက်ခြင်းများသည် စစ်သတင်း ထောက်လှမ်းရေးတွင် များစွာအရေးပါသလို ဆူဟာတို အတွက်

၁ Hendrobujono

www.burmeseclassic.com

www.burmeseclassic.com



သူ့ဇနီးနှင့်တွေ့ဆုံရန် အခွင့်အရေးလည်းရသည်။ ကရာတန်တွ
ဆူဟာတိုသည် ၃ ရက်ကြာ နေထိုင်သည်။ ဒတ်ချ်တို့က လူထု
တော်လှန် ပုန်ကန်မှုများကို ကြောက်လန့်သဖြင့် ကရာတန်အား
အဝင်အထွက်မလုပ်ရန် တားမြစ် ပိတ်ပင်မိန့် ထုတ်လိုက်သည်။

အင်ဒိုနီးရှားတပ်မတော်တွင် ဗိုလ်မှူးကြီး ရာထူး အဆင့်
ကိုင်တွယ်ရရှိထားသော စုလတန်နှင့် ဒု-ဗိုလ်မှူးကြီး ဆူဟာတို
လျှို့ဝှက်ဆွေးနွေးကြပြီး ရဲရင့် ပြတ်သားသော ဆုံးဖြတ်ချက်
တရပ် ချလိုက်သည်။ ယင်းဆုံးဖြတ်ချက်သည် ဂျိုးဂျကာတာ
မြို့အား ဝိုင်းဝန်းတိုက်ခိုက်ရန်နှင့် သိမ်းပိုက်ရန်ဖြစ်သည်။ ရည်
ရွယ်ချက်မှာ ကုလသမဂ္ဂတွင် ဒတ်ချ် ကိုယ်စားလှယ်များ ပြော
ကြားသလို အင်ဒိုနီးရှား တော်လှန်ရေး ပျောက်ပျက် သွား
ဆိုသည်ကို ချေပ၍ အင်ဒိုနီးရှား တော်လှန်ရေး မပျောက်ကွယ်
ကြောင်း ကမ္ဘာသို့ အသိပေးပြသလိုသည့် သဘောဖြစ်သည်။

မတ်လ ၁ ရက် အထွေထွေ တိုက်ပွဲအတွက် ဂရုတစိုက် ပြင်
ဆင်ကြသည်။ စစ်သားတွေသည် ယခင်ကတည်းက မြို့တွင်းသို့
ဝင်ထွက်နေကြသည်။ တပ်ခွဲတခွဲက မဂူဝို၁ လေဆိပ်ကိုသိမ်းပိုက်
ရန်၊ အခြားတပ်စုများသည် ဂျိုးဂျကာတာအား အရပ်လေး
မျက်နှာမှ ဝိုင်းဝန်းတိုက်ခိုက်ရန်နှင့် ဒတ်ချ် စစ်ကူတပ်များ ခ
တက်အလာတွင် နှောင့်နှေးကြံ့ကြာစေရန်နှင့် ကာကွယ်စေရန်
မြေမြှုပ်မိုင်းများ ထောင်ကြသည်။

သို့ရာတွင် ယင်းစီစဉ်ပြင်ဆင်မှုများသည် အချည်း အနှီးဖြစ်

၁ Maguwo



သွားသည်။ တပ်ခွဲမှူး တယောက်သည် တိုက်ပွဲနေ့ မတိုင်မီ ရက်
များအတွက်လွဲ၍ ၂၄-နာရီစောပြီး တိုက်ခိုက်မိသောကြောင့်
ဖြစ်သည်။၁

အချိန်မစေ့ရောက်မီ လှုပ်ရှားမိသော ဤအကျိုးကြောင့်
စစ်ဆင်ရေး၏ အောင်ပွဲသည် ကြမ္မာငင်ခဲ့ရသည်။ သို့ရာတွင်
ဒတ်ချ်တို့ကလည်း တိုက်ပွဲကို ဖြစ်ရိုးဖြစ်စဉ် လှုပ်ရှားမှု တရပ်ဟု
သူများစွာ ယူဆမိပြီး အပြင်းအထန် ဖိဖိစီးစီး စစ်ဆင်ရေးကို
ဆင်နွှဲလိုက်ကြပေ။ သူတို့ သတင်းမှန် ရရှိသွားသော်လည်း
တပ်များ ရွှေ့ရပြောင်းရနှင့် အဖိုးတန်သော အချိန်တွေ ဆုံး
ရှုံးကြရသည်။

၁၉၄၉ ခုနှစ် မတ်လ ၁ ရက် နံနက် ၆ နာရီတိတိအချိန် ည
ထွက်ရ အမိန့် ပြီးဆုံးသည်နှင့် တပြိုင်နက် ပြောက်ကျား တပ်
သားများသည် မြို့ထဲသို့ ဝင်လာကြသည်။ ဆူဟာတိုသည် လေး
လံသော အိုဝင်ဂန်း သေနတ်ကို လက်မှကိုင်ရင်း ပြောက်ကျား
တပ်သားများနှင့် ချီတက်သွားသည်။

တပ်သားများသည် အုန်းညွန့်အုန်းခက် ကလေးတခုစီကို
ပခုံးတွင် အမှတ်အသားအဖြစ် ထိုးထားကြသည်။ တိုက်ပွဲအခြေ
အနေ အားရဖွယ် တိုးတက်လာသည်။ မြို့လယ်ခေါင်သို့ ထိုး
ဖေါက်ဝင်ရောက်နိုင်ခဲ့ကြပြီ။ ဝပ်ဆင် လက်နက်စက်ရုံကြီးကို

၁ တပ်ခွဲမှူးသည် ၁၉၄၀ ခုနှစ် ဖေဖေါ်ဝါရီတွင် ၂၉ ရက်ရှိ
သည်ကို သတိမပြုမိပဲ ၂၈ ရက် လကုန်ထင်မှတ်ကာ ၂၉ ရက်
နေ့အား မတ်လ ၁ ရက်ဟု အတွက်မှားခဲ့မိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်မိကြသည်။ စစ်လက်နက်ပစ္စည်း ၅-တန်နှင့် လက်နက်ကရိယာ အမြောက်အမြားကို သိမ်းပိုက်လိုက်ကြသည်။

တင့်ကား တစီးလည်း ပျောက်ကျား တပ်သားတို့ လက်သို့ ရောက်လာသည်။ ရဲဘော်တွေက တင့်ကားထဲသို့ ဝင်လိုကြသဖြင့် တိုးဝှေ့လုယက်ကာ ဝင်ရောက်ရန် ကြိုးစားကြသည်။ သို့ရာတွင် တင့်ကား မောင်းတတ်သူ တယောက်မှ မရှိပေ။ ရယ်မောကြ လှောင်ပြောင်ကြနှင့် ကြာတော့ တင့်ကားကြီး ရွှေလျားလာတော့သည်။

မွန်းတည့်ချိန်တွင် တင့်ကားများ၊ သံချပ်ကာ ကားများဖြင့် ဒတ်ချ် စစ်ကူတပ်များသည် ဂျိုးဂျကာတာမြို့ထဲသို့ ဝင်ရောက်လာကြသည်။ 'ဆင်နီကြီး' ဟု ထင်ရှားကျော်ကြားသော နာမည်ကျော် ချေမှုန်းရေးတပ်၏ တပ်မှူး ဗိုလ်မှူးကြီး ဗင်ဇန်တင်က ခေါင်းဆောင်သည်။

မွန်းလွဲပိုင်းတွင် ဒု-ဗိုလ်မှူးကြီး ဆူဟာတိုသည် သူ၏ ပြောက်ကျားတပ်များအား အခြေစိုက်စခန်းသို့ ဆုတ်ခွာရန် အမိန့်ပေးလိုက်သည်။ အထိအခိုက် အနည်းအကျဉ်းမျှသာဖြစ်သည်။ ရည်ရွယ်ချက်ကို ထိရောက် အောင်မြင်စွာဖြင့် ပြသသည်။အင်ဒိုနီးရှားလက်နက်ကိုင် တပ်များသည် အင်အားခြင်းမမျှသော ကျူးကျော်သူများကို ခုခံတိုက်ခိုက်ကြောင်း လက်တွေ့ ပြသလိုက်ခြင်းဖြစ်သည်။

ဤသတင်းသည် ပြည်တွင်းပြည်ပ ပျံ့နှံ့သွားတော့သည်။ အင်ဒိုနီးရှား တပ်မှူးချုပ် ဗိုလ်ချုပ် ဆူဒါမင်က ဤ စစ်ဆင်ရေး




၏ တပ်မှူး ဆူဟာတိုထံ ဂုဏ်ပြု ချီးကျူး စာတစောင် ရေးသား ပေးပို့လိုက်သည်။

ဒု-ဗိုလ်မှူးကြီး ဆူဟာတို၏ ဂုဏ်သတင်းသည် မြင့်တက်သွားသည်။စစ်သားတယောက်၊ ပြောက်ကျားတိုက်ပွဲဝင်သူတယောက် အဖြစ် ကျော်ကြားလာသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



၁၇

## စစ်ပြီးတာဝန်များ

အင်ဒိုနီးရှား ခုခံရေး စစ်ပွဲ ဆင်နွှဲသူများသည် ဒတ်ချ်စစ်တပ်များနှင့် ငြိမ်းချမ်းစွာ ဆောင်ရွက်ရန် အစီအစဉ် ရှိသော်လည်း ဗဟို ဂျာဗားအတွက်မူ ထိုသို့ မဟုတ်ခဲ့ပေ။ ရှေ့တန်းစစ်မြေပြင်၌ လက်နက် ကြိုးတိုးကြဲတဲ တပ်ဆင်ထားသော တော်လှန်ရေး တပ်သားများသည် လက်နက် အပြည့်အစုံ တပ်ဆင်ထားသော ဒတ်ချ် စစ်တပ်များကို မစေ့စပ်လိုကြပေ။



အင်ဒိုနီးရှားတို့သည် တိုက်ပြီးပြေးသော ပြောက်ကျားစစ်ဆင်ရေး နည်းဗျူဟာများကို ကျင့်သုံးခြင်းဖြင့် ရန်သူများ အပေါ် ကြည်လျားစွာ အောင်ပွဲများ ဆင်နေကြသည်။

မြို့များတွင် ဒတ်ချ်တို့ သိမ်းပိုက်ထားသော်လည်း ညအချိန်၌ လုံခြုံမှု မရှိပေ။ ဆက်သွယ်ရေး လမ်းကြောင်းများလည်း အထိတ်ထိတ် တလန့်လန့် ဖြစ်နေကြသည်။ ၁၉၄၉ ခု ဇန်နဝါရီတွင် ဒတ်ချ် စစ်သား ၁၄၅,၀၀၀ မှာ ဖြန့်ကြဲ နေရာယူထားသော်လည်း နိုင်ငံ၏ ကျယ်ပြန့်သော ဒေသများကို ပြောက်ကြားများက သိမ်းပိုက်ထားကြသည်။ အင်ဒိုနီးရှား လက်နက်ကိုင်တပ်များ၏ တော်လှန်လှုပ်ရှားမှုများသည် ပြင်းထန်လှ၏။

အင်ဒိုနီးရှားအား စစ်အုပ်ချုပ်ရေးဖြင့် လွှမ်းမိုးရန် ကြိုးပမ်းမှု မအောင်မြင်ခြင်း၊ နိုင်ငံတကာမှ သိက္ခာချ ဟန့်တားခြင်းနှင့် ကုလသမဂ္ဂမှ ဝင်ရောက် ထိန်းသိမ်းခြင်းတို့ကြောင့် ဒတ်ချ် အစိုးရသည် အင်ဒိုနီးရှားတို့နှင့် လိုက်လျောမှုများ ပေးလာရသည်။ ဒတ်ချ်တို့၏ အုပ်စိုးချုပ်ကိုင်မှုသည် အင်ဒိုနီးရှား တိုင်းရင်းသားတို့ ခေါင်းဆောင်ပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ရေး ကန့်သတ်ချက် ရရှိသည့် ပြည်နယ်အုပ်ချုပ်မှုကြောင့် ချုပ်ငြိမ်းသွားခဲ့သည်။ ၁

---

၁ ပြည်နယ် ၁၅ ခု ဖွဲ့စည်းထားရှိသော အရှေ့အင်ဒိုနီးရှား ပြည်နယ်သည် ဒတ်ချ်တို့ ကြား၌ သိမ်ငြိမ်စွာ ကြီးစိုးထားခဲ့ပြီး ၁၉၄၉ ခု ဒီဇင်ဘာတွင် ဖက်ဒရယ်စတိတ်ကို ဖွဲ့စည်း ထူထောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈ ခုနှစ် ကုန်ဆုံးချိန်တွင် ဗဟို အင်ဒိုနီးရှား အငြိမ်း ဖွဲ့စည်းရန် အစီအစဉ်ကို ဟိတ်မှ ကြေညာလိုက်သည်။

၁၉၄၉ ခုနှစ် မေလ ၇-ရက်နေ့တွင် ဒတ်ချ်ကိုယ်စားလှယ် များနှင့် အင်ဒိုနီးရှား ကိုယ်စားလှယ်များ မျက်နှာစုံညီ ညှိနှိုင်း သဘောတူညီမှု ရရှိကြသည်။ ဆူကာနိုနှင့် ဟတ်တာ အပါ ဝင် အဖမ်းခံနေကြရသော နိုင်ငံရေးသမားများကို လွတ်ငြိမ်း ပြောက်ကျားစစ်ဆင်ရေးများ အပါအဝင် တိုက်ခိုက်နေကြသော တိုက်ပွဲများကို ချက်ခြင်းရပ်ပစ်ရန် နိုင်ငံတော်အုပ်ချုပ်မှု အာ ဏာလွှဲပြောင်းပေးရေးအတွက် ဟိတ်မြို့တွင် နှစ်ဦးနှစ်ဖက် ဆွေး နွေးရန်တို့ ပါရှိသည်။

၁၉၄၉ ခုနှစ် ဩဂုတ် ၂၃-ရက်မှ နိုဝင်ဘာ ၂-ရက် အထိ ကျင်းပသော ဤကွန်ဖရင့်သည် နယ်သာလင်တုရင်မ ဦးဆော င်ပြီး နယ်သာလင်နှင့် အင်ဒိုနီးရှားတို့ ပူးပေါင်းသည့် လွတ်လပ် သော အချုပ်အချာ အာဏာပိုင် အင်ဒိုနီးရှား ပြည်ထောင်စု နိုင်ငံတော် ဖွဲ့စည်းတည်ထောင်ရေးအတွက် ဖြစ်သည်။

နိုင်ငံတော်၏ဖွဲ့စည်းပုံသည် လွန်ခဲ့သော နှစ်များက ဒတ်ချ်တို့ အုပ်ချုပ်ကျင့်သုံးခဲ့သော ပုံစံအနေအထားနှင့် အလားတူ ဖြစ် နေသည်။ လအနည်းငယ်အတွင်းမှာပင် အင်ဒိုနီးရှားပြည်သူ တို့သည် ဤပုံစံကြီးကို ဖျက်ဆီးပစ်လိုက်ကြသည်။ နယ်သာလင် တို့ လုံးဝမပါဝင်သော စုစည်းညီညွတ်သည့် အင်ဒိုနီးရှားနိုင်ငံ တော်ကို ၁၉၄၅ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်း ကြောင်း ကြေညာလိုက်သည်။

× × ×



ဒတ်ချ်တို့နှင့် နှစ်ဦးနှစ်ဖက် သဘောတူ ညှိနှိုင်းမှုကို ဒု-ဗိုလ် မှူးကြီးဆူဟာတို အပါအဝင် ပြောက်ကျားတပ်သားများက သဘောမလည်မနှစ်မြို့ကြချေ။ သို့ရာတွင် စည်းကမ်းရှိသောစစ်သား တစ်ယောက်အနေဖြင့် ၁၉၄၉ ခုနှစ် ဇွန်လ ၁-ရက်နေ့တွင် စုလ တန်ဟာမင်ကူ အမိန့်ကို လိုက်နာရင်း အပစ်အခတ် ရပ်စဲလိုက် သည်။

သဘောတူညီချက်အရ ဒတ်ချ်စစ်သားများသည် မြို့မှ ထွက် ခွာသောအခါ ဆူဟာတို၏ တပ်သားများသည် ဂျိုးဂျကာတာ မြို့လယ်ခေါင်မှ တမိုင်နီးပါးကွာသည်အထိ တိုးလာတော့သည်။ ဂျိုးဂျကာတာ မြို့သူမြို့သားတို့က မိမိတို့ အိမ်တံခါးပေါက်များ ကို လုံခြုံခြုံ ပိတ်ထားကြခြင်းမှလွဲ၍ ဘာမှ ထွေထွေထူးထူး မဖြစ်ပေ။ သူတို့ တိုင်းရင်းသား စစ်သားများ ဖြစ်ကြသော ပြောက်ကျားတပ်သားများ မြို့ထဲဝင်လာသောအခါ မြင်ကွင်း မှာ သိသိသာသာ ပြောင်းလဲသွားသည်။

တပ်မှူးဆူဟာတိုသည် သူ့ရဲဘော်များနှင့်အတူ မာလီယို ဗိုရို၁ လမ်းမကြီးပေါ်တွင် ချီတက်လာသောအခါ တက်ကြွ သော လူထု ပရိသတ်ကပါ ပါဝင်ချီတက် လှည့်လည်ကြသည်။ ဆူဟာတို၏ တပ်သားများသည် ယူနီဖောင်း အစုတ်စုတ်အ ပြတ်ပြတ်နှင့် ဖိနပ်မပါကြသော်လည်း စိတ်ဓါတ် တက်ကြွနေ ကြသည်။

---

၁ Malioboro

www.burmeseclassic.com

www.burmeseclassic.com



ဒု-ဗိုလ်မှူးကြီး ဆူဟာတို၏ ရှေးဦးလှုပ်ရှားမှုသည် အနီနှင့် အဖြူရောင် ခြယ်ထားသော အမျိုးသား အလံတော်ကို လွှင့်ထူ လိုက်ခြင်း ဖြစ်သည်။

တပ်သားများက ပျော်မွေ့အားရ ဖြစ်နေစဉ် သူတို့၏တပ်မှူး သည် ဦးနှောက် ခြောက်နေရသည်။ နောက်ထပ် တာဝန်တစ်ခု သူ့ထံ ရောက်လာတတ်သည်။ ဤတာဝန်သည် စစ်ရေးထက် နိုင်ငံရေး တာဝန်တရပ် ဖြစ်သည်ဟု ဆိုရပေမည်။

တပ်မှူးချုပ် ဗိုလ်ချုပ် ဆူဒါမင်ရှိရာ တောတွင်း ဌာနချုပ်သို့ သွားရောက်ပြီး ဆူဒါမင်အား အကျိုးအကြောင်းရှင်းပြ၍ ဂျိုး ဂျကာတာသို့ ခေါ်ဆောင်လာရန် စူလတန် ဟမင်ကူ ဘွိုနို က ဆူဟာတိုအား အမိန့်ပေးသည်။ ဗိုလ်ချုပ် ဆူဒါမင်သည် ဒတ်ချ် နှင့် အင်ဒိုနီးရှား သဘောတူညီမှုကို ဆန့်ကျင်ပြီး နိုင်ငံတော် သစ္စာဖောက်မှု ကျူးလွန်ရန် ကြံစည်နေကြသည့် အရာရှိများ အကြားတွင် ရောက်နေရသည်။ ထို့ပြင် သူသည် ဖျားနာနေ ပြီး၊ သူ၏နောက်ဆုံးနေ့များသည် မဝေးကွာလှတော့ဟု ယူဆ နေရသည့် အခြေသို့ ရောက်ရှိနေ၏။ သူသည် သူ၏ နောက်ဆုံး နေ့ရက်များတွင် သူ ချစ်သော ပြောက်ကျား တပ်သားများ၊ တောင်သူ လယ်သမားများနှင့် အတူ နေသွားချင်စိတ် ဖြစ်နေ သည်။

ဒု-ဗိုလ်မှူးကြီး ဆူဟာတိုသည် ဂျိုးဂျကာတာမှ ဗိုလ်ချုပ် ဆူဒါမင်ရှိရာ တောတွင်းဌာနချုပ်သို့ ထွက်ခွာလာခဲ့သည်။ ယင်း တောတွင်း ဌာနချုပ်နယ်မြေသည် ဒတ်ချ်တို့ သိမ်းပိုက်ထား



နယ်မြေလည်း ဖြစ်သည်။ ဆူဟာတိုနှင့် ဆူဒါမင်တို့ တောတွင်း ဝယ် နာရီပေါင်းများစွာ ကြာမြင့်အောင် ဆွေးနွေးကြသည်။

ဆူဟာတိုက အမျိုးသားရေး လှုပ်ရှားမှုတွင် ထင်ရှားသော ပုဂ္ဂိုလ်များကို ထောက်ပြ ပြောဆိုသည်။ စူလတန်နှင့် ဂျာဗား ကျွန်း အလယ်ပိုင်း နယ်မြေဆိုင်ရာ တပ်မှူး ဗိုလ်မှူးကြီး ဂတော့ ဆုဘရိုတိုတို့သည် နိုင်ငံတော် အရေးပေါ် အစိုးရ၏ ငြိမ်းချမ်း ရေး လှုပ်ရှားမှုကို ထောက်ခံကြသူများ ဖြစ်ကြသည်။

သံသယဖြစ်နေသော တပ်မှူးချုပ် ဆူဒါမင်သည် နောက်ဆုံး တွင် ပြောင်းလဲလာသော အခြေအနေများသည် နိုင်ငံတော် အတွက် အသုံးဝင်ကြောင်း ယုံကြည်လာသည်။ သူသည် ဂျိုးဂျ ကာတာသို့ ပြန်ရန် သဘောတူလိုက်သည်။

ဇူလိုင်လ ၁၀-ရက်နေ့တွင် ဗိုလ်ချုပ် ဆူဒါမင်သည် ဒု-ဗိုလ် မှူးကြီး ဆူဟာတိုနှင့် အတူ ဂျိုးဂျကာတာ၏အရှေ့ဖက် ဝိုနိုစာရီ အနီးရှိ သူ ပုန်းအောင်းရာ ဌာနချုပ်ကို စွန့်ခွာ ထွက်လာလေ သည်။

ဖျားနေသော ဗိုလ်ချုပ်သည် လမ်းမလျှောက်နိုင်သဖြင့် လူ လေးယောက်၏ ပခုံးထက် ထမ်းစင်ပေါ်မှ လိုက်ပါလာရသည်။ ဌာသားများက လမ်းဘေးမှာစီရပ်ရင်း ဗိုလ်ချုပ်အား နှုတ်ဆက် ကြသည်။

ဂျိုးဂျကာတာသို့ ရောက်သောအခါ ဆူဟာတိုက သူ့တပ် များအား ဗိုလ်ချုပ် ဆူဒါမင်သို့ အလေးပြုစေသည်။ ဗိုလ်ချုပ် ဆူဒါမင်သည် အရပ်ဝတ် အပေါ်တွင် စစ်ကုတ်အင်္ကျီရှည်ကြီး ဝတ်ရုံလိုက်ပြီး အလေးပြုခြင်းကို ခံယူသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အာဏာအား အင်ဒိုနီးရှား အစိုးရလက်သို့ လွှဲ ပြောင်းပေးပြီးနောက် အမျိုးသားတပ်မတော် (တီအင်အိုင်)၏ ဒုတိယ ဗိုလ်မှူးကြီး ရာထူးတွင် ဆူဟာတိုသည် အမြဲတမ်း ခန့် အပ်ခြင်းခံရသည်။

ဂျိုးဂျကာတာတွင် တပ်ရင်းဌာနများ ပြန်လည် ဖွဲ့စည်းခဲ့ သည်။ သို့ရာတွင် တပ်မှူး ဆူဟာတိုသည် အမြဲလှုပ်ရှား ခရီးထွက် နေသူဖြစ်သည်။ သူသည် မြို့တဝိုက် ချထားသော သူ့တပ်စခန်း များသို့ လှည့်လည် သွားလာ စစ်ဆေးနေလေ့ရှိသည်။ အများ အားဖြင့် ဆူဟာတိုသည် သူ့တပ်ခွဲများ သူ့တပ်စိတ်များအား စစ်ဆေးရာတွင် ဘိုင်စကယ်ဖြင့် လှည့်၍ စစ်ဆေးသည်။

သူဖြေရှင်းရမည့် အဓိကတာဝန်မှာ တပ်သားများ၏ နေအိမ် ကိစ္စ၊ ရိက္ခာ အစားအသောက် ထောက်ပံ့ရေးနှင့် ယူနီဖောင်း စစ်သုံးပစ္စည်း ထောက်ပံ့ရေးများဖြစ်သည်။ တပ်သားများ သင် တန်းကို ပြန်လည် ရေးဆွဲစီစဉ်ရန်နှင့် လုပ်ငန်းစဉ်သစ်များ ချမှတ် ဆောင်ရွက်ရေးတို့ဖြစ်သည်။

စစ်တပ်ဌာနချုပ်သည် လွတ်လပ်ရေး တိုက်ပွဲဝင်ပြည်သူများ စုစည်းညီညွတ်စေသည့် တခုတည်းသော ဌာနကြီး ဖြစ်သည်။ တိုက်ပွဲဝင် စိတ်ဓာတ်သည် စစ်တပ်၏ လုပ်ရိုးလုပ်စဉ် လိုက်နာရ မည့် စည်းမျဉ်းသဘောမဟုတ်ပဲ မြတ်နိုးဂုဏ်ယူဖွယ်ရာ တရပ် အ ဖြစ် ခံယူကြသည်။

နိုင်ငံရေး ဘာသာရေးနှင့် ဒေသဆိုင်ရာအစုအဝေး ပါတီ များမှ ခေါင်းဆောင်များသည် မိမိတို့ အသင်းအဖွဲ့ အစုအစည်း များအလိုက် ကိုယ်ပိုင်တပ်စုများ ဖွဲ့စည်းကြသည်။ ကိုယ်ပိုင် ယုံ



ကြည်မှု အသိစိတ်ဓာတ်ဖြင့် ဖွဲ့စည်းထားသော လေးနက်သည့် နိုင်ငံရေး အဓိပ္ပာယ် ခံယူချက်နှင့်လည်း ပြည့်ဝသော ဤ တပ်စု များကို ဆန့်ကျင်မှုပြုရန် မလွယ်ကူလှပေ။

စူလာဝေစီ တောင်ပိုင်းတွင် ဗိုလ်ကြီး အင်ဒီအဇစ် နှင့် အချို့ သော အရှေ့ အင်ဒိုနီးရှား ပြည်နယ် ခေါင်းဆောင်များသည် ပြည်ထောင်စုစနစ်ကို ဆန့်ကျင်ကြပြီး ၁၉၅၀ နှစ်ဦးပိုင်း က တည်းကပင် ပုန်ကန်မှုများ စတင်လာခဲ့သည်။ ဗဟို အစိုးရအဖွဲ့ ၏ ကိုယ်စားလှယ်များသည် စူလာဝေစီ တောင်ပိုင်းမြို့တော်ဖြစ် သော မကဆာသို့ ရောက်မလာမီက မြို့ကို အင်ဒီအဇစ်က ဒတ်ချ် စစ်တပ်ထဲ ပါဝင်ခဲ့ဘူးသည့် အင်ဒိုနီးရှား စစ်သားဟောင်းများ အကူအညီဖြင့် သိမ်းပိုက်ထားခဲ့သည်။

ဗဟို ဂျာဗားနယ်မြေတပ်မှူး ဂတော့ ဆူဘရိုတိုထံသို့ အင်ဒီ အဇစ် ပုန်ကန်မှုအား သွားရောက် နှိမ်နင်းရန် အမိန့် ရောက်လာ သည်။ စစ်ရေးရော နိုင်ငံရေးပါ လိမ္မာပါးနပ် ကျွမ်းကျင်သူ အရာရှိတယောက်ကို တပ်ထဲတွင် ရွေးချယ်ရန် အထူး လိုအပ်လာ သည်။ ထိုအတွက် ဆူဟာတိုကို ရွေးချယ်လိုက်လေသည်။

ဒု-ဗိုလ်မှူးကြီးဆူဟာတိုသည် ရေကြောင်း တိုက်ပွဲ ပြင်းထန် စွာ တိုက်ခိုက်နှိမ်နင်းပြီး စူလာဝေစီတောင်ပိုင်းသို့အောင်မြင်စွာ ခြေချနိုင်ခဲ့သည်။ ဗဟိုအစိုးရ၏ သစ္စာတော်ခံ တပ်သားများ၏ အကူအညီ ရယူရင်း ဆူဟာတို သည် အင်ဒီအဇစ် ပုန်ကန်မှုကို အချိန်အနည်းငယ်အတွင်း ချေမှုန်းတိုက်ခိုက်သည်။

စူလာဝေစီတောင်ပိုင်းဒေသတွင် နောက်ထပ် ပုန်ကန်မှုပေါ် ဖြစ်ပွားပြန်သည်။ စည်းစနစ်ပုံစံမကျပဲ ပြည်သူ့တပ်အဖြစ်ဖွဲ့ထား

www.burmeseclassic.com

www.burmeseclassic.com



သော တပ်မှူးအရစ်ရာဟီ[၁] ခေါင်းဆောင်သော ပုန်ကန်မှု ဖြစ်သည်။ ဤအရေးအခင်းကို ခက်ခက်ခဲခဲတိုက်ပွဲဝင်ပြီးမှ ဆူဟာတို အနိုင်ရသည်။

ဆူဟာတို၏ဆန္ဒနှင့်အမိန့်ကို ဆန့်ကျင်ပြီး အရစ်ရာဟီပုန်ကန်မှုတွင် အစုလိုက် အပြုံလိုက် အသတ်ခံရမှုသည် ဂျာဗားပြည်သူတို့၏ဆန္ဒနှင့် ဆန့်ကျင်ပြီး ခါးသီးသော ခံပြင်းမှုများ ဖြစ်လာကြသည်။ ဆူဟာတိုမမျှော်လင့်ပဲ သူ၏ အခြေခံ စည်းမျဉ်းများ အနက်-တခုသည် ကျိုးပျက် သွားခဲ့လေပြီ။

စစ်တပ်ဌာနချုပ်မှ မကဆာသို့နောက်ထပ်တပ်မှူးတယောက် ပို့ရန်ဆုံးဖြတ်လိုက်သည်။ ယင်းတပ်မှူးသည် စူလာဝေစီ တောင်ပိုင်းသားဖြစ်ပြီး ပြောက်ကျား တပ်သားဟောင်း ကဟာမူဇက်ကာ[၂] ဖြစ်သည်။ သူသည် သူ့နယ်သူ နယ်သားတွေကို မည်သို့ ကိုင်တွယ်ရမည်ကို သူ သိသည်။

ဆူဟာတိုသည် တော်လှန်ရေး ကာလအတွင်းဝယ် ကဟာမူဇက်ကာကို သိထားခဲ့သော်လည်း ဌာနချုပ်၏ ဆုံးဖြတ်ချက်ကို ပြတ်သားစွာဆန့်ကျင်လိုက်သည်။

"ကဟာဟာ ကတိတည်တဲ့လူမဟုတ်ဘူး၊သူ အဲဒီနယ် ရောက်သွားရင် ဒုက္ခတွေ အများကြီး ပေးလိမ့်မယ်" ဟု ဆူဟာတိုက သတိပေးသည်။

သို့ရာတွင် သူ၏သတိပေးမှုကိုလက်မခံခဲ့ပေ။ မယုံကြည်ခဲ့ပေ။

---

၁ Arief Radhi

၂ Kahar Muzakkar



ဆူဟာတိုနှင့် သူ့လူများ ဂျာဗားသို့ ပြန်လာချိန်တွင် ကဟာမူဇက်ကာသည် စူလာဝေစီတောင်ပိုင်း စစ်နယ်မြေကို တာဝန်ယူလိုက်လေပြီ။ ၁၉၅၂ ခုနှစ်တွင် ကဟာမူဇက်ကာ သည် ဖြောင့်ပုန်ကန်မှုကို စတင်ပြုလုပ်ခဲ့ရာ ဗဟိုအစိုးရအဖွဲ့အနေဖြင့် ၁၀ နှစ်ကျော် ကြာအောင် တိုက်ခိုက်နှိမ်နင်းယူရလေသည်။

စူလာဝေစီတွင်ရှိနေစဉ်၊ ဆူဟာတိုထံသို့ သူ့ဇနီးက သားဦးကလေးငယ်ကိုမွေး ချလိုက်လာသည်။ ဆူဟာတိုက လှန်စွာအံ့အားသင့်သွားသည်။ ဇနီးက ခင်ပွန်း ဆူဟာတိုအား သူမသည် သူ့ခင်ပွန်းကိုတွေ့ရန် သက်သက်လာရုံမဟုတ်၊ တာဝန် တရပ်လည်းပါသေးသည်ဟု ပြောပြသည်။ ယင်း တာဝန်ကိစ္စမှာ ဆူဟာတို၏ ရဲဘော်များ၏မယားများသည် ဂျိုးဂျကာတာမှာ ကျန်ရစ်ခဲ့ပြီး သူတို့ခင်ပွန်းများသည် စူလာဝေစီတွင် နောက်ထပ် မိန်းမတွေ ထပ်ယူ မှာကို စိုးရိမ် နေကြသည်။[၁] တပ်မှူး ကတော်က နောက်တန်းနေ မိန်းမသားများ၏ တိုင်ကြား ပြောဆို စကားများကို သူ့ ခင်ပွန်းထံ တိုက်ရိုက်ယူဆောင်သွားသည်။

စစ်ရေး တာဝန်များဖြင့် ရှေ့တန်း စစ်မျက်နှာတွင် မအားမလပ် တိုက်ပွဲဝင်နေရသော ဆူဟာတိုအဖို့ ဂျာဗား ကျန်းသားတွေနှင့် စူလာဝေစီ ကျွန်းသူတွေ၏ တဦးစီ 'ချစ်' ကိစ္စတွေကို သတိမထားမိခဲ့။

---

၁ အင်ဒိုနီးရှားနိုင်ငံတွင် ယောကျ်ားတယောက်သည် မိန်းမလေးယောက်ယူနိုင်ခွင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတိုက သူ့ ရဲဘော်တွေကို တန်းစီခိုင်းပြီး ဂျာဗားကျွန်း မှာ ကျန်ရစ်ခဲ့ကြသည့် နောက်တန်း မိသားစုလိုင်းမှ ကိုယ့် ဇနီး မယားများကို သစ္စာရှိကြရန် လိုကြောင်း၊ဂျာဗားကျွန်းသူ ဇနီး များက ရဲဘော်တို့ကို နေ့စဉ်မျှော်လင့် စောင့်ဆိုင်းနေကြကြောင်း မိန့်ကြားသည်။

နောက်တန်း တပ်ရင်းသို့ ပြန်သောအခါ ဆူဟာတိုသည် ရဲ ဘော်များ ဇနီး မယား အများအပြား ထားရှိသော လူမှုရေး ပြဿနာများကို ဖြေရှင်းပေးရပြန်သည်။ဒုတိယမယားတယောက် ကို ယူမည်ဆိုလျှင် ပထမ မယား၏ သဘောတူညီမှု ရယူရန် လို သည်။ 'ကန့်သတ် အမိန့် အမှတ် ၁၃၈' ကို နေ့စဉ် ရဲဘော် တန်း လျားများတွင် ပြောဆို ဆွေးနွေးလာခဲ့ကြသည်။

× × ×

စစ်ဌာနချုပ်သည် မိမိ၏ လက်နက်ကိုင်တပ်များကို ပြန်လည် ပြင်ဆင် ဖွဲ့စည်းရန် လိုအပ်ကြောင်း သုံးသပ် တွေ့ရှိလာသည်။ တပ်များ ပုံစံသစ် ဖွဲ့စည်းပုံသစ်ဖြင့် စတင် ဖွဲ့စည်းလိုက်သည်။ အင်ဒိုနီးရှား အမျိုးသားတပ်မတော်(တီအင်အိုင်)မှ တပ်၃တပ်၊ အင်ဒိုနီးရှားနယ်ဘွား ဒတ်ချ် စစ်သားများ ပါဝင်သည့် တပ် ဟောင်းမှ တပ် ၃-တပ်၊ ပုံမှန်မဟုတ်ပဲ ဖွဲ့စည်းထားခဲ့သည့် တပ် များမှ တပ် ၃-တပ်တို့ကို ပါဝင် ဖွဲ့စည်းသည်။

ဒု-ဗိုလ်မှူးကြီး ဆူဟာတိုသည် ၁၉၅၁-ခုနှစ် နိုဝင်ဘာတွင်



ဒု-ဗိုလ်မှူးကြီး ရာထူး အတည်ပြုမိန့် ရရှိသည်။ ဂျာဗား အလယ် ပိုင်း ဒီပိုနီဂိုရို၁ ဒေသ ပရာဂိုလာ၂ တပ်၏ခေါင်းဆောင် အကြီး အမှူးအဖြစ် ခန့်အပ် တာဝန်ပေးခြင်း ခံရသည်။

၁၉၅၂-ခု နှစ်ကုန်တွင် ဒု-ဗိုလ်မှူးကြီး ဆူဟာတိုသည် မိမိ တပ်ကို နိုင်နင်းစွာ စုစည်းပြီးနောက် ဆိုလိုရှိ တိုင်းစစ်ဌာနချုပ် သို့ ပြောင်းရွှေ့သွားရသည်။ မကြာမီ ၁၉၅၃ မတ်လ ၁ ရက်နေ့ တွင် ကာကွယ်ရေးတပ်ရင်း အမှတ် ၁၅၃ တပ်မှူး အဖြစ် ခန့်အပ် တာဝန်ပေးခြင်း ခံရသည်။

နိုင်ငံရေးဂယက်သည် စစ်တပ်ကိုပါ လွှမ်းမိုး ရိုက်ခတ်လာ သည်။

ဆိုလိုတွင် တာဝန်ထမ်းဆောင်နေရသော ရက်များ၌ ဆူဟာ တိုသည် သူ့ ဗဟုသုတများကို ပို၍ လေ့လာဆည်းပူးသည်။ စစ် ပညာကျောင်းသို့တက်၍ အထက်တန်းပညာများ ဆည်းပူးသည်။ စစ်တပ် အထက်တန်းကျောင်းသည် အရပ်ဖက်ဆိုင်ရာ အထက် တန်းကျောင်းနှင့် အဆင့်အတန်း တူညီသည်။ သူသည် မြို့၏ လူမှု ရေး အသင်းအပင်းများတွင် ပါဝင် ဆောင်ရွက်သေးသည်။ ဌာနေ တပ်ရင်း၏ ကလပ်ဝင်တဦးလည်း ဖြစ်လာသည်။ တချိန် တည်းမှာပင် ဆူဟာတိုသည် မျှားကလပ်တွင် အသင်းဝင်၍ ပိုက် ပါ၃ လေယာဉ်တစင်းဖြင့် ပျံသန်းမှုဆိုင်ရာ ပညာရပ်များကို လေ့လာ ဆည်းပူးသည်။

---

၁ Diponegoro
၂ Pragola
၃ Piper

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတို စိတ်ညစ်ရသည်မှာ ဆရာဝန်က သူ့ကို နောက်ထ
လေယာဉ်ပျံ မောင်းနှင်ခွင့် မပြုတော့ခြင်း ဖြစ်သည်။

"သူ့အသဲနှလုံးက လေယာဉ်ပျံသန်း မောင်းနှင်မှုအတွ
သိပ်အားနည်းသွားနိုင်ဖွယ်ရာရှိတယ်"

၁၉၅၆ ခု၊ နှစ်ဦးပိုင်းတွင်း ဆူဟာတိုသည် တပ်မတော် စီ
ကိန်း ဦးစီးဌာနၱ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်အဖြစ် တာ
ဝန်ပေးအပ်ခြင်း ခံရသည်။ထိုနှစ် မတ်လ ၁ ရက်နေ့တွင် သူသည်
စစ်ဦးစီးချုပ်အဖြစ် ရာထူးတိုးတက်၍ ဆီမာရန်တွင် ဌာနချုပ်မှ
ကာ တာဝန်များ ဆောင်ရွက်သည်။

ဆူဟာတို နှစ်ခြိုက်သော ရှေ့တန်း စစ်မြေပြင် တပ်မှူး တာ
ဝန်ကား အဆုံးသတ်ခဲ့လေပြီ။ သူ့အတွက် ရုံးအလုပ် စလေပြီ

× × ×



# ၁၈

## မမျှော်လင့်ပဲ အောင်မြင်လာသော စစ်သားတဦး

ဒိပိုနိဂရိုစစ်တိုင်း (နယ်မြေ) တွင် ဦးစီးချုပ်တာဝန် ထမ်း
ဆောင်နေရာမှ လအနည်းငယ် ကြာသောအခါ ဆူဟာတိုသည်
တိုင်းမှူး(နယ်မြေမှူး)အဖြစ် ရာထူးတိုးမြင့်လာသည်။

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် ဆူဟာတိုသည် ကြည်း
တပ်၌ ဗိုလ်မှူးကြီးရာထူးသို့ တိုးမြှင့် ခန့်အပ်ခြင်း ခံရသည်။ ဤ
အချိန်တွင် စစ်မှတ်တမ်း၌ သူ့အကြောင်း ဤသို့ ရေးမှတ်ထား
သည်။အသက် ၃၅ နှစ်၊ စစ်သက် ၁၆ နှစ်၊ စစ်ရေးနှင့် ငြိမ်းချမ်း
ရေးတွင် ဝါရင့်စစ်မြေပြင် တပ်မှူးတယောက်၊ ရဲရင့်သူ၊ စည်း
ကမ်း ရှိသေလိုက်နာသူ၊ သတိရှိသူ။

အိပ်မက်က တကယ်မှန်ကန်လာသကဲ့သို့ ကျေးတောသား လူ

www.burmeseclassic.com

www.burmeseclassic.com

ငယ်ကလေး တယောက်သည် တခါက သတင်းစာတွင် ပါ သော ထင်ရှားသည့် လွတ်လပ်ရေးတိုက်ပွဲဝင် ဒိပိုနီဂိုရို မင်းသား ကြီး၏ ဓာတ်ပုံကို ကပ်ကျေးဖြင့်ကိုက်ကာ ကိုယ်ပိုင်ပြုလုပ်ထား သော မှန်ဘောင်ထဲသို့ ထည့်ခဲ့သည်။ ယခုအခါ သူသည် တိုင်း မှူး ဖြစ်နေပြီး လေးစားဂုဏ်ပြုခြင်း ခံနေရပေပြီ။

ဆူဟာတိုသည် အလုပ်တာဝန်ထဲတွင်သာ အာရုံစိုက် နစ်မြှု နေသော်လည်း တာဝန်ချိန်မှာဖြစ်စေ၊ တာဝန်ပြင်ပ အချိန်မှာ ပင်ဖြစ်စေ၊ မိမိရဲဘော်ကလေးများ၏ ကိစ္စဝိစ္စ ပြဿနာများ သတိပြု အရေးစိုက်သည်။ သူ့တပည့်များ၏ လူမှုရေးကိစ္စမျာ ကိုမူ ပို၍ အာရုံစိုက် ကူညီလေ့ရှိသည်။ လူမှုရေး တိုးတက်မှု လူမှုရေး အကူအညီများ ဆောင်ရွက်ရန် တပ်မတော်သား များအသင်းကို သူစည်းရုံးရာတွင် စိတ်အားထက်သန်သော သည်၏ အကူအညီကို သူ ရရှိသည်။ ရဲဘော်များနှင့် အရာ များ၏ စီးပွားရေး အခြေအနေ တိုးမြင့်လာအောင် တပ်တွင်း သမဝါယမအသင်းက ဆောင်ရွက်သည်။

၁၉၅၇ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့တွင် ဆူဟာတိုသည် ဂျိုးဂျကာတာရှိ အမျိုးသား ကာကွယ်ရေး တက္ကသိုလ် ကော စီဝင် လူကြီးတယောက်အဖြစ် ခန့်အပ်ခြင်း ခံရပြန်သည်။ ဤ ကျောင်းကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့က ဒတ် တို့ သိမ်းပိုက်ပြီး ဒု-ဗိုလ်ချုပ် ဆူဝါဒီက ကျောင်းအုပ်လုပ်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် ဤကျောင်းကိုသမ္မတ ဆူကာနိုနှင့် ဗိုလ်မှူးကြီး ဆူဟာတိုတို့ ရှေ့မှောက်မှာပင် ပြန်လည် ဖွင့်လှစ်ခဲ့သည်။

ဗဟို ဂျာဗားသည် လူမှုရေးနှင့်နိုင်ငံရေး ပြဿနာများ ပေါ် ပေါက် နေသော်လည်း အင်ဒိုနီးရှား ၏ ပြင်ပ အခြားကျွန်း များနှင့်ယှဉ်လျှင် အုပ်နိုင်ထိန်းနိုင်သော အခြေအနေမှာပင်ရှိနေ လေသည်။ ဒေသဆိုင်ရာ စစ်တပ် အကြီးအကဲများနှင့် ရွေးချယ် ခန့်အပ်ထားခြင်း မဟုတ်သော နိုင်ငံရေး သမား တို့ သည် 'ကောင်စီ'များ ထူထောင်ခြင်းနှင့် စင်ပြိုင်အစိုးရကိုပင်ကြေညာ ခြင်းများ ပြုလုပ်နေကြသည်။ ၁

ဤပုန်ကန်မှု၏အကြောင်းရင်းခံမှာ သမ္မတဆူကာနိုကို ဆန့် ကျင် ဆန္ဒပြခြင်း၊ သမ္မတ ဆူကာနိုသည်၊ ပြည်တွင်း မှာ ရော ပြည်ပမှာပါ ကွန်မြူနစ်များနှင့် ပူးပေါင်းနေခြင်းကို ဆန့်ကျင် ခြင်း၊ ဒေသဆိုင်ရာကျွန်းများ၏ စီးပွားရေးကို သမ္မတ ဆူကာနို က လစ်လျူရှုထားသည်ကိုဆန့်ကျင်ခြင်းတို့ဖြစ်ကြသည်။ ၎င်းပြင် အရာရှိကြီး များနှင့် နိုင်ငံရေး သမားများ၏ မဆုံးနိုင်သော ခေါင်းပုံဖြတ်နေခြင်းများ ပေါ်ပေါက် နေခြင်းတို့ကြောင့် ဖြစ် သည်။

စုမတြား၊ စူလာဝေစီနှင့် အရှေ့ အင်ဒိုနီးရှားတို့တွင် ပေါ်

---

၁ ၁၉၅၈ ခုနှစ်တွင် 'တော်လှန် သော အင်ဒိုနီးရှား နိုင်ငံ ပီအာအာအိုင်'ကို စုမတြား၌ကြေညာသည်။ ပါမက်စတာ ပုန်ကန်မှုသည် စူလာဝေစီနှင့် အခြားကျွန်းများပေါ်တွင် လှုပ် ရှား ထကြွလာသည်။ ဤအချိန်တွင် တပ်မတော် ကြည်းတပ်မှ တပ်ရင်း ၇၀ ခန့်သည် ပုန်ကန်မှုများကို နှိမ်နင်းချေမှုန်းရန် လှည့်လည် ခဲ့ရသည်။ အင်ဒိုနီးရှား သမိုင်း စာရင်း တွင် ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေသော ပုန်ကန်မှုများကို ချေမှုန်းနှိမ်နင်းရန် အထူး[illegible] များကို စေလွှတ်ရသည်။ ဗိုလ်မှူးကြီး ဆူဟာတိုသည် ဤအ[illegible] အခင်း များတွင် မပါဝင်ချေ။ သူ၏ စစ်ဆင်ရေး တာဝ[illegible] ဗဟိုဂျာဗားတွင် အစိုးရကိုသစ္စာရှိသောအရာရှိတယောက်အ[illegible] ဆောင်ရွက်နေခြင်းဖြစ်သည်။ သူသည် နိုင်ငံရေးထဲတွင် [illegible] နစ်မြုပ်နေခြင်းလည်းမရှိ။ သူသည် အာဏာရ နိုင်ငံရေး သ[illegible] လည်း မဟုတ်။ အာဏာလုရန် ကြံစည်မှုပြုနေသူလည်းမဟုတ်[illegible]

လတ်တလော အရေးအခင်းများနှင့်ပတ်သက်၍ ဆူဟာတို[illegible] လူထုသို့ ကြေညာချက်များထုတ်ပြန်သည်။ ၁၉၅၈ ခုနှစ် ဒီပို[illegible] နယ် ၁၀ နှစ် ပတ်လည် အခမ်းအနားတွင် ဆူဟာတိုက [illegible] ကြားသည်။

“ခေါင်းဆောင် တယောက် ဖြစ်ဖြစ်၊ နိုင်ငံရေး သ[illegible] တယောက်ဖြစ်ဖြစ် ကိုယ်ဘာလုပ်နေတယ်ဆိုတာ အမြဲတမ်း သ[illegible] ပြုနေရမယ်၊ ရိုးဖြောင့်စွာ ကျင့်ကြံ နေထိုင်ရမယ်၊ ခေါင်းဆော[illegible] တယောက်ရဲ့ အရည်အသွေး လုပ်ပိုင်ခွင့်ဆိုတာ ဘယ်တော့မှ [illegible] ပြည့်စုံခြင်းမရှိဘူး၊ ခေါင်းဆောင်ရဲ့အရည်အချင်း လုပ်ပိုင်ခွင့်[illegible] တာ လူထုရဲ့ ယုံကြည်လေးစားမှုကနေ ပေါ်ပေါက် လာရ[illegible] ဖြစ်တယ်”

၁၉၅၉ ခုနှစ်တွင် ဆူဟာတိုသည်ဆီမာရန်မှ ထွက်ခွာ၍ [illegible] ဒေါင်းရှိ ကြည်းတပ်ကောလိပ်သို့ တက်ရောက်သည်။ ၎င်းသ[illegible] ဆူဟာတိုအဖို့ အမျိုးသားတပ်မတော်သို့ ဆက်သွယ် ဝင်ရော[illegible] ပြီးမှ ပထမဆုံး အထက်တန်း စစ်ပညာများကို ဆည်းပူးလေ့လာ[illegible] သင်ကြားရခြင်းဖြစ်သည်။



အမှန်အားဖြင့် စစ်ပညာသင်တန်းကို ယခုမှ စတင် သင်ကြား[illegible]သည် ဆိုသော်လည်း သူ၏ စစ်မြေပြင်တပ်မှူး တာဝန်များ[illegible]သည် သူ့အတွေ့အကြုံ စစ်ရည် စစ်သွေး ‘နော’ ကျေ နေပြီဟု [illegible]ရမည်ဖြစ်သည်။

ဆူဟာတိုက ယခုအခါ ပြန်ပြောင်း သတိတရရှိမိသည်။

“စက်ကုတ်မှာ ဂယ်အုပ်စု စစ်ပညာသင်တန်း တက်ရတုန်း [illegible] တက်ခါစမှာတော့ အခက်အခဲတွေ တော်တော်တွေ့ခဲ့ရတယ်၊ [illegible]ောက်တော့လဲ ချောချောမွေ့မွေ့ သင်ကြား တတ်မြောက် [illegible]ားပါတယ်၊ စက်ကုတ်မှာ စစ်ပညာကို စာသင်ခန်းထဲမှာတင် [illegible]စစ် တိုက်ပုံ ခိုက်ပုံ နည်းဗျူဟာတွေ သင်ကြားခဲ့ရတာပါ၊ [illegible]နော်ကတော့ တကယ့် အခြေခံ ပညာရပ်တွေကို တော်လှန် [illegible]းကာလမှာ လက်တွေ့ကျကျ ကျင့်သုံးလာခဲ့သူ ဖြစ်တယ်…၊ [illegible]တွေက သင်တန်းမှာ အများကြီး အထောက်အကူ ပြုပါ[illegible]ယ်”

စက်ကုတ်မှာ စစ်ပညာသင်ရသည်မှာ တနှစ်ခွဲ ကြာသည်။ [illegible]ကာလအတွင်း ဆူဟာတိုသည် မိတ်ဆွေများများဖွဲ့ပြီး ပေါင်း[illegible]င်းလာခဲ့ရာ နောင်အခါ တပ်မတော်တွင် အရေးကြီးသော [illegible]ထူး တာဝန်များ၌ သူတို့ကို ကိုင်တွယ်စေခဲ့သည်။ ဤ ပေါင်း[illegible]င်း ဆက်ဆံမှုများသည်ပင်လျှင် ၁၉၆၅ ခုနှစ် စက်တင်ဘာ [illegible]၁ ကွန်မြူနစ် အာဏာသိမ်းပွဲ နောက်ပိုင်း ဆူဟာတို၏ အောင်[illegible]င်သော အရေးပါ လုပ်ဆောင်ချက်များကို ဖြစ်ပေါ်စေခြင်း [illegible]စ်သည်။ နိုင်ငံအတွင်း နေရာအနှံ့အပြားမှာ ရှိနေကြသော [illegible]ပ်မှူးများနှင့် စစ်အရာရှိများက မိမိတို့နှင့် သင်တန်းတက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် ဆူဟာတို၏ ခေါင်းဆောင်မှုကို ယုံကြည်လေးစား သည်။ ဆူဟာတိုကိုယ်တိုင်က စစ်ပညာ သင်တန်းတွင် ကြေ ကျိုး ချင့်ချိန်တတ်သူ၊ မိတ်ဆွေစစ် မိတ်ဆွေမှန်ဖြစ်သူ စသေ အချက်များကို သက်သေပြခဲ့ပြီးဖြစ်သည်။

စက်ကုတ်တွင် ဆူဟာတို၏ အကောင်းဆုံး မိတ်ဆွေများထဲ တယောက်မှာ ဗိုလ်ချုပ် ဆူတိုဂျိုဖြစ်ပြီး ၎င်းမှာ ကွန်မြူနစ် အာဏာလုမှုတွင် အသတ်ခံခဲ့ရရှာသည်။ ၁၉၆၅ ခု အောက် ဘာ ၄ ရက်နေ့တွင် လူဘန်ဘူဂျာမှ ယူလာသော သူ့မိတ်ဆွေ ဆူတိုဂျို၏ ရုပ်အလောင်းကို မြင်လိုက်ရသောအခါ ဆူဟာ သည် သူ့ရင်ထဲမှ ပြင်းပြသောခံစားချက်ကို ထုတ်ပြလိုက်သည်။ သူ့နှုတ်ခမ်းကို ပြတ်လုဘနန်း ကိုက်ထားပြီး ဤ အဖြစ်အပျ မြင်ကွင်းကို ဘယ်တော့မှ မမေ့ မလျော့သည့် အနေဖြင့် ခေါင ငုံ့ အရိုအသေပြုလိုက်သည်။

၁၉၆၀ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် သူသည် ဒုတိယ ဗိုလ်ချုပ် ရာထူးသို့ တိုးမြှင့်ခံရသည်။

စက်ကုတ်မှာ သင်တန်းအောင်မြင်စွာ တက်ရောက် ပြီးဆုံးပြီး နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နာဆူ ရှင်း၏ လက်ထောက် ၁ ဖြစ်လာသည်။ တချိန်တည်းမှာပင် ဒု-ဗိုလ်ချုပ် ဆူဟာတိုသည် တပ်မတော် သီးသန့်တပ်ရင်း ၁ ၏ တပ်မှူးနှင့် တပ်မတော်လေတပ်၏ တပ်မှူးတာဝန် ထမ်းဆောင် ရသည်။ (တပ်မတော် သီးသန့်တပ်ရင်း ၁ သည် နောင်အခါ ကော စရက် တပ်မတော် တပ်ရင်းအဖြစ် ပြောင်းလဲသွားခဲ့သည်) နေ ကုန်ဆုံးသောအခါ အပို တွဲဖက်တာဝန်များ ပေးအပ်ခြင်းက



ရပြန်သေးသည်။ တပ်မတော် ဌာနဆိုင်ရာ ကော်မီတီအဖွဲ့၏ ဥက္ကဋ္ဌတာဝန် ထမ်းရွက်ရသည်။

၁၉၆၁-ခုနှစ်တွင် ဒု-ဗိုလ်ချုပ် ဆူဟာတိုသည် ပထမဆုံးအချိန် ပြည့် တာဝန်ဖြင့် ပြည်ပသို့ ခရီးထွက်ခွင့်ရပြီး ဘွန်း၊ ပဲရစ်၊ ဘဲဂရိတ်မြို့ များရှိ အင်ဒိုနီးရှား စစ်သံမှူး အလုပ်ကို စစ်ဆေးရန် ထမ်းရွက် သည်။ ဗိုလ်ချုပ် နာဆူးရှင်းနှင့် လိုက်ပါရခြင်း ဖြစ်သည်။

၁၉၆၂-ခုနှစ် ဇန်နဝါရီ ၂၃-ရက်နေ့တွင် အောင်မြင်ထူးချွန် သော ဆူဟာတိုသည် နောက်ထပ် ရာထူး တာဝန်များ ရရှိလာ ပြန်သည်။ အရှေ့ အင်ဒိုနီးရှား ဒေသဆိုင်ရာ တပ်မှူး တာဝန်နှင့် အနောက် အီရီယံ လွတ်မြောက်ရေး တပ်ပေါင်းစုမှူး တာဝန် များ ထမ်းဆောင်ရသည်။ ၁

၁ အနောက် အီရီယံ ပြဿနာမှာ ကိုလိုနီ ဆန့်ကျင်ရေး တိုက်ပွဲ ဆင်နွှဲခြင်း ဖြစ်သည်။ မျက်နှာစုံညီ ဆွေးနွေးပွဲ (၁၉၄၉) မှ နယ်သာလင် အရှေ့ အင်ဒီးတို့ လက်က အုပ်ချုပ်မှုအာဏာ ကို တနှစ်အတွင်း အင်ဒိုနီးရှား ပြည်ထောင်စု နိုင်ငံသို့ လွှဲ ပြောင်းပေးရန်၊ နယူးဂီနီ အရေးအခင်းကို ဂျကာတာနှင့် ဟိတ်တို့မှ သံတမန် ကိုယ်စားလှယ် အဆင့်ဖြင့် ညှိနှိုင်း ဆွေး နွေးရန် ချမှတ်ပေးသည်။ ဤပြဿနာကို ကုလသမဂ္ဂတွင် တက် ရောက် ဖြေရှင်းရာ ရှုံးနိမ့်သဖြင့် အင်ဒိုနီးရှား အစိုးရက စိတ် ပျက်သွားသည်။ မျက်နှာစုံညီ ဆွေးနွေးပွဲကို ဆန့်ကျင်ပြီး အနောက် အီရီယံတွင် ဒတ်ချ် ဩဇာခံ ပေါ်ပန်ပြည်နယ် တည် ထောင်ခြင်းကို ကန့်ကွက်သည်။ နောက်ပိုင်းတွင် အနောက် အီရီယံကို အကြမ်းနည်းဖြင့် လွတ်မြောက်စေရန် ထကြွ စစ်ဆင်ရေး စတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတို ထမ်းဆောင်ရသော တာဝန်များ၏ စစ်ဌာနန မှာ စူလာဝေစီတောင်ပိုင်း မကဆာတွင်ဖြစ်သည်။ လက်နက် အင်အားစု ၄-စု ဖြစ်သော ကြည်း၊ ရေ၊ လေနှင့် ပုလိပ်တ များကို ၆ လ အတွင်း ပူးပေါင်းရန် စီစဉ်သည်။ စစ်ဆင်ရေးန မြေကို တိုးချဲ့သည်။

အဆိုပါ ရက်များကို ပြန်လည် သုံးသပ်ရင်း ဆူဟာတို ပြောသည်။

"ကျနော့် တာဝန်ဟာ တခြား နိုင်ငံတွေက တပ်မှူးတေ လုံးဝမတူပါဘူး၊ သူတို့မှာ အုပ်ချုပ် ကွပ်ကဲစရာ တပ်တွေ အဆ သင့် ရှိပြီးသား၊ ကျနော့်မှာ ပထမဆုံး တပ်တွေကို စုစည်းရတ ပြီးမှ စစ်ဆင်ရေး စီမံကိန်းတွေ လုပ်ရတယ်၊ အင်ဒိုနီးရှားတပ်သ တွေက အနောက် အီရီယံထဲ ဖြန့်ဝင်ပြီး ရန်သူတွေကို တိုက်ရမ တချိန်ထဲမှာပဲ ဒီတပ်တွေက ရန်သူရဲ့ သတင်းကို ယူရမယ်"

"အနောက်အီရီယံ အနောက်ပိုင်း ဖြစ်တဲ့ ကီမနာစခန်း အရင်ဆုံး တိုက်ရမယ်၊ ရန်သူတပ်တွေ အများဆုံး ဒီနေရာတို မှာ ရှိတယ်၊ ဒါပေမဲ့ ကျနော့် အဓိက ရည်ရွယ်ချက်က ရန်သ စစ်ဌာနချုပ်ဖြစ်တဲ့ ဗိုက်စခန်း ဖြစ်တယ်"

အနောက်အီရီယံ လေဆိပ်ဒေသဖြစ်သည့် ရန်သူ့ စစ်ဌာနချ ဗိုက်အား တိုက်ခိုက်ရာတွင် ကုန်းကြောင်းချီတက်၍ တဖုံ၊ လေထ များ ချပေးခြင်းဖြင့် တနည်း၊ ညှပ်ပူးညှပ်ပိတ် တိုက်ယူရသည်

ဗိုလ်ချုပ်ကြီး ဆူဟာတိုက ဤတိုက်ပွဲသည် အင်ဒိုနီးရှ တော်လှန်ရေး စစ်ပွဲများအနက် အကြီးမားဆုံး အခက်ခဲဆ



ပွဲဖြစ်သည်ဟု သုံးသပ်လိုက်သည်။ လှန်စွာ အန္တရာယ်များပြီး ကြောင်းတိုက်ပွဲပါ ဆင်နွဲယူရခြင်း ဖြစ်သည်။

"ရန်သူတွေကို ကုန်းလမ်းက ချီတက်တိုက်ခိုက်ပြီး ခုနစ်ရက် တွင်း အောင်ပွဲရမှာပဲလို့ ကျနော်တို့ မျှော်လင့်ခဲ့တယ်၊ အသေး တ် စီမံချက်တွေလဲချထားပြီးပြီကိုး ....ရန်သူတွေမှာလဲ အင်အား ရှိပုံ မရပါဘူး"

အနောက် အီရီယံသည် ပထမတွင် ဒတ်ချ်တို့အုပ်ချုပ်မှု လက် ာက်မှ လွတ်မြောက်လာပြီး၊ ကုလသမဂ္ဂ အုပ်ထိန်းမှုအောက် ၌ ခေတ္တ ရောက်ကာ နောက်ပိုင်းတွင် အင်ဒိုနီးရှား နိုင်ငံ၏ က်သို့ ရောက်ခဲ့ရသည်။ နယူးရောက်သဘောတူညီချက် (၁၉၆၉) စ်သည် အနောက်အီရီယံ လူထုဆန္ဒကို ဖြည့်ဆည်းကူညီပေးရန် သည်။

ထရိကိုရာ စစ်ဆင်ရေးကို ဖျက်သိမ်းလိုက်သည်။ ဗိုလ်ချုပ်ကြီး ဟာတို့နှင့် အဖွဲ့ဝင်များသည် အေးအေးဆေးဆေး အလည် ပတ် သဘောဖြင့် အနောက် အီရီယံကျွန်းရှိ ဗိုက်မြို့သို့ ဝင်လာ ည်။ ဒေသခံ အာဏာပိုင်များက အေးတိအေးစက် ဆက်ဆံ တ်လိုက်သဖြင့် စိတ်ပျက်ကြရသည်။ အနောက် အီရီယံ လွတ် ာက်ရေးအတွက် စစ်ရေးဆောင်ရွက်မှုသည် အသေးအဖွဲ့တရပ် သောမျှသာ ဖြစ်သည်။ မည်သို့ပင် ဖြစ်စေကာမူ စစ်သည်တို့က ာတာသို့ အပြန်ဝယ် 'ငါတို့သည် ငါတို့ နိုင်ငံတော်အတွက် ောင်ရွက်သင့် ဆောင်ရွက်ထိုက်သော တာဝန်ကို ကျေပြွန်စွာ ောင်ရွက်ပြီးလေပြီ' ဟု သုံးသပ်ရင်း ကျေနပ်မိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်သို့ ပြန်ရောက်ချိန်ဝယ် အလုပ်တာဝန် အသစ်မျ ဆူဟာတိုအား ကြိုဆိုလျက် ရှိကြသည်။

၁၉၆၃ ခု မေလ ၁ ရက်နေ့တွင် သူသည် ကော့စရက် မျာ်း၏တပ်ပေါင်းစုမှူး တာဝန် ထမ်းရွက်ရသည်။ ဤတ သည် နိုင်ငံတော်အတွက် ပေါ်ပေါက်လာမည့် မည်သည့် များကိုမဆို နေရာမရွေး၊ အချိန်မရွေး တိုက်ခိုက်ချေမှုန်း သင်သွားရန် တပ်ပေါင်းစုံမှ အထူး ထုတ်နှုတ် ရွေးချယ် ထားသော တပ်များဖြစ်သည်။ အရာရှိများကလည်း ကော လေ့ကျင့်ပြီးသား၊စစ်စည်းကမ်း စနစ်တကျရှိပြီး စစ်ရည်စစ် ပြည့်ဝပြီးသား ပုဂ္ဂိုလ်များချည်း ဖြစ်ကြသည်။

၁၉၆၃ စက်တင်ဘာတွင် သမ္မတ ဆူကာနိုသည် မလေးရှ ချေမှုန်းရေးအစီအစဉ်ကို စတင်ကြေညာလိုက်သည်။မလေးယ ကျွန်းဆွယ်မှ လာရောက် ကျူးကျော်မှုအတွက် အသင့်ဖြင့် ရန် အမိန့်ကို ကော့စရက်မှ လက်ခံရရှိသည်။

ဤအကြိမ်တွင် ရန်သူသည် နိုင်ငံရပ်ခြား တိုင်းတပါးသ မဟုတ်တော့၊ လူမျိုးချင်း တူညီပြီး စစ်၏ဒဏ်ကို ခံနေရသူ ဖြစ်သည်။ မလေးရှား ချေမှုန်းရေးဟူသော သမ္မတ ဆူကာနို ဆောင်ပုဒ်အပေါ် အင်ဒိုနီးရှား တိုင်းရင်းသားတို့က သံသ ဝင်ရင်း စိတ် စနောင့်စနင်း ဖြစ်မိကြသည်။ ဤဆောင်ပုဒ်ကို နှစ် ကာကာ ပစ် ထောက်ခံသူများမှာ ကွန်မြူနစ်များသာ ကြသည်။ ကွန်မြူနစ် တပ်များ၏ အခြေအနေမှာလည်း လက်န ရော စစ်သင်တန်းများပေါ် လိုအပ်လျက် ရှိနေသည်။



ကေဒါ တပ်သားကောင်းများကို သူတို့ အပျော်တမ်း တပ်ဖွဲ့ များဖြစ်သော ကွန်မြူနစ်တပ်များထံ ပို့ပေးရန် စီစဉ်တော့သည်။

သမ္မတ ဆူကာနိုသည် လက်နက်ကိုင် တပ်မတော်၏ နေရာ ၄ နေရာကို ပြင်ဆင်ဖွဲ့စည်းရန် စီမံချက်ချလိုက်လေသည်။ ယင်းတပ်များကို ကွန်မြူနစ် လက်အောက်ခံ ဖြစ်စေ သို့မဟုတ် ကွန်မြူနစ် လိုလားသူများဖြစ်စေ ခေါင်းဆောင်မှုပေးပြီး ပြည်သူ့ စစ်အသွင်မျိုး ဖွဲ့စည်းသွားရန်ဖြစ်သည်။

ဆူဟာတိုသည် ဤကိစ္စတွင် အခြား အရာရှိများ နည်းတူ ဆူကာနို၏ ကွန်မြူနစ်လိုလားသော လမ်းစဉ်နောက်သို့ မျက်စိမှိတ် လိုက်ရန် ခေါင်းခါလိုက်လေသည်။ ဆူဟာတို ဤ အစီအစဉ်ကို ဆန့်ကျင်လိုက်သည်။

ထိုရာတွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုက အမိန့်ကို နာခံသော စစ်သားကောင်း တယောက်ပီပီ အထက်လူကြီး ဆူကာနိုကို ပွင့် ပွင့်လင်းလင်း ပြောင်ဆန့်ကျင်မှု မပြုပေ။

သမ္မတ ဆူကာနိုကလည်း သူ့လူ ဆူဟာတိုကို မယုံတဝက် ယုံ တဝက် ဖြစ်နေပုံရသည်။ဗိုလ်ချုပ်ကြီး ဆူဟာတိုအား အနောက် အီရီယံ လွတ်မြောက်ရေးအတွက် ထရီကိုရာ စစ်ဆင်ရေး၏တပ်မှူး အဖြစ် တာဝန်ပေးထားခဲ့ပြီးမှ မလေးရှားဆန့်ကျင်ရေး ဒွိကိုရာ အစီအစဉ်တွင် သူ့အား ဒုတိယဘပ်မှူးနေရာသာ ခန့်ထားလိုက် သည်။

သမ္မတက ယုံကြည်မှု အပြည့်ဖြင့် ခန့်ထားလိုက်သော တပ် မှူးမှာ ဒုတိယလေတပ် မာရှယ် အိုမာဒါနီဖြစ်ပြီး သူသည် နောက် ပိုင်းတွင် စက်တင်ဘာ ၃၀ လှုပ်ရှားမှုတွင် ပါဝင် ကျူးလွန်

www.burmeseclassic.com

www.burmeseclassic.com



သော သူပုန်များထဲ၌ တယောက် အပါအဝင် ဖြစ်လာသည်။

၁၉၆၅ ခု ဇန်နဝါရီ ၁ ရက်နေ့တွင် ဆူဟာတိုသည် မလေးရှားနှင့် ဆန့်ကျင်တိုက်ခိုက်ရေး တပ်များ၏ အမိန့်ပေး တပ်မှူးအဖြစ် ဆောင်ရွက်သည်။ သူသည် လုပ်ငန်း စစ်ဆေးရေး အစီအစဉ်ဖြင့် အင်ဒိုနီးရှားမြောက် ဘိုနီယို (ကာလီမန်တန်) နှင့်မြောက် စုမတြားသို့ ခရီးထွက် လှည့်လည်ခဲ့သည်။

သမ္မတ ဆူကာနို၏ ကြွေးကြော် လှုပ်ရှားမှုသည် ပိုမို ပြင်းထန်လာသည်။ ပြည်တွင်း ပဋိပက္ခများ၊တိုက်ပွဲများလည်း ရှုတ်ရှတ်သဲသဲ ပေါ်ပေါက်လာသည်။ စစ်တပ်၊ ကွန်မြူနစ်ဆန့်ကျင်ရေး အင်အားစုများနှင့် မျိုးချစ်များကတဖက်၊ တိုးတက်သောတော်လှန်ရေးအင်အားစု အမည်ခံသူများက တဖက်၊ တိုက်ခိုက်နေကြသည်။

ဤရက်များအတွင်း ဗိုလ်ချုပ်ကြီး ဆူဟာတိုထံသို့ သူ့လူများက သတင်းလာပေးကြရင်း အကြံဉာဏ်များ ယူကြသည်။ဆူဟာတိုက ပြောလိုက်သည်မှာ–

“ငါ မျက်စိ ကန်းမနေပါဘူး.... ပြင်းထန် ဆိုးဝါးနေတဲ့ အဖြစ်အပျက် အခြေအနေတွေကို ငါ့အထက် အရာရှိတွေထံ သတင်းပို့ခဲ့တယ်၊ဘာမှ တုံ့ပြန်မှု မလာခဲ့ဘူး၊ စစ်သားတယောက်အနေနဲ့ ငါဘာလုပ်နိုင်မလဲ”

အခက်အခဲတွေကြားထဲမှာ အမြဲ တွေ့တားသော လူတယောက်ဖြစ်သူ ဆူဟာတိုက ဝန်ခံလိုက်သည်။

“ဘာမှ မပြောတတ်တော့ဘူးဟေ့”


× × ×

အပိုင်း (၃)

# နိုင်ငံခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



၁၉

## တော်လှန်ရေး၏ရလဒ်

ကွန်မြူနစ် တို့ အာဏာလုပ်ပွဲ ဖြစ်ပွား ခဲ့သည့် ၁၉၆၅ စက်တင်ဘာ ၁၈ ညနေခင်းတွင် ရည်ရွယ်ချက်မရှိခဲ့သော လူတယောက်သည် ၂ နှစ်ကြာလာသောအခါ နိုင်ငံ၏ အမြင့်ဆုံး ရာထူးသို့ ရောက်ရှိလာခဲ့သည်။ ကျေးတောသား ကလေး တယောက်က ဗိုလ်ချုပ်ကြီးဖြစ်လာပြီး နိုင်ငံရေး နယ်ပယ်ထဲသို့ ဝင်ရောက် လာခဲ့သည်။ နိုင်ငံတော်အာဏာကိုခုံမင်မက်မော၍ နိုင်ငံရေးနယ်ပယ်ထဲသို့ ဝင်ရောက်ခြင်းလုံးဝမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတိုသည် လက်တွေ့သမားဖြစ်သလို၊ ဆင်ခြင်တုံတ
နှင့် ပြည့်ဝသူလည်းဖြစ်သည်။

၁၉၆၇ ခုနှစ်မတ်လတွင်ကျင်းပသော ပြည်သူ့ကွန်ဂရက်
သူ့အား ယာယီသမ္မတတင်မြှောက်သည်ကို သူသည် ရိုးရိုး
သား ကျိုးကျိုးနွံနွံ သဘောထားသည်။

အင်ဒိုနီးရှား ပြည်သူတို့က ဗိုလ်ချုပ်ကြီး ဆူဟာတို
ယာယီသမ္မတနှင့် လက်နက်ကိုင်တပ်များ၏ ခေါင်းဆောင်အ
လွှတ်တော်က ခန့်အပ် တာဝန်ပေးခြင်းကို ကျေနပ်အားရ
ထောင်းကြသည်။

ဗိုလ်ချုပ်ကြီးဆူဟာတိုကလည်း တဖက်တွင်ဆူကာနိုအတ
တရားမျှတ သင့်တော်မှု ရှိအောင် အချိန်ရှိသရွေ့ အမြဲ
ကြိုးပန်းလျက်ရှိသည်။

ကျဆုံးခဲ့ပြီဖြစ်သော အာဏာရှင်ကြီးကို ကန်ထုတ် ပစ်
ဆူဟာတို၌ဆန္ဒမရှိခဲ့။ ဆူဟာတိုက ဆူကာနို အတွက် မျက်
မဖျက်ပဲ နိုင်ငံရေး နယ်ပယ်ထဲမှ ထွက်ခွာသွားနိုင်ရန် ရွှေတံ
ကြီးများ ဖွင့်ပေးခဲ့ကြသည်။

အင်ဒိုနီးရှား ဆရာဝန်များအဖွဲ့မှအစီရင်ခံစာတစောင် ထု
ပြန် တင်ပြလိုက်သည်။

"ဘွန်းကာနို၏ ကျန်းမာရေးအခြေအနေ လွန်စွာ ဆိုးဝ
နေပြီဖြစ်၍ နိုင်ငံရေးမှ အနားယူရန် အသင့်တော်ဆုံး ဖြစ်ပ
သည်"

ဆူကာနို၏ကျောက်ကပ်ရောဂါကလည်း အတော့်ကိုဒုက္ခပေ
လာတော့သည်။



ဆူဟာတို၏ လူကြီးဆန်ဆန် ယဉ်ကျေးသော ကမ်းလှမ်းချက်များကို ဆူကာနိုက လက်မခံပေ။ ဆူကာနိုသည် လူထု၏မြင်ကွင်းမှ ထွက်ခွာမသွားခဲ့။ သူသည် ယခင်က အခွင့်အရေးများကို ရယူခံစားဆဲ ဖြစ်၏။ သမ္မတဆိုသော ဂုဏ်ပုဒ်နှင့် အဆောင်အယောင်များကို ဆူကာနိုက မစွန့်လွှတ်သေးချေ။ မြို့တော်ရှိ နန်းတော်ကြီးကိုလည်း မစွန့်လွှတ်သေးသည်သာမက ဆက်လက်ကိုင်စွဲထားသည်။ သူ၏ ကိုယ်ရေး ကိုယ်တာ မိတ်ဆွေများကိုငှင်း၊ ရဲဘော်ရဲဘက်များကိုငှင်း၊ ဖိတ်ကြားကာ သူ့အတိတ်က ဆောင်ရွက် ချက်များကို ဂုဏ်ပြုအထိမ်းအမှတ်ပွဲများပင် ပြုလုပ်နေချေသေး၏။

၁၉၆၇ ခုနှစ် မေလ ၆ ရက်တွင် ဘွန်ကာနိုနှင့် ပတ်သက်သော နောက်ထပ်ကြေညာချက် အမှတ် ၆၂ ကို ယာယီသမ္မတက ထုတ်ပြန်လိုက်သည်။ နိုင်ငံအကြီးအကဲခေါင်းဆောင်၊ အင်ဒိုနီးရှားနိုင်ငံတော် သမ္မတ၊ လက်နက်ကိုင် တပ်များ၏ အာဏာပိုင် တပ်မှူးချုပ်၊ ကိုတီခေါ် စစ်ဦးစီးချုပ်၊ စစ်ဆင်ရေး အာဏာပိုင်ချုပ် စသော အခေါ်အဝေါ် အသုံးအစွဲများကို ဆက်လက် မသုံးစွဲရန် ပိတ်ပင်လိုက်သည်။ အစိုးရ ညှော်ခံပွဲများနှင့် နိုင်ငံတော် အခမ်းအနားများတွင်တပ်၍ ချစ်မြတ်နိုးစွာ သူဝတ်ဆင်လေ့ရှိသော ဖဲကြိုးတံဆိပ်များပါသည့် ဝတ်စုံကို ဝတ်ခွင့်ပြုထားသော်လည်း သမ္မတအလံကိုမူ ဆက်လက် လွှင့်ထူ သုံးစွဲခွင့်မပြုတော့ပေ။

ဆူကာနိုက ဘိုဂါနန်းတော်တွင် ပန်းချီပြပွဲ ပြုလုပ်ကာ သူ၏ မိတ်ဆွေများ၊ ဧည့်သည်များကို ပန်းချီကားများနှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



၍ ရှင်းပြလေ့ရှိခဲ့သည်။ ဤပန်းချီပြပွဲများကို အစက ဗိုလ်ချုပ်ကြီး ဆူဟာတိုက ခွင့်ပြုခဲ့သည်။ အထူးကျန် ဆူကာနိုအတွက် နှစ်သိမ့်စရာ ဖျော်ဖြေစရာတရပ်အဖြစ် ငဲ့ညှာ၍ ခွင့်ပြုခဲ့သည်။ နောင်အခါတွင် တဖြည်းဖြည်း ထိုပန်းချီပြပွဲ ဆွေးနွေး ဟောပြောပွဲသည် နိုင်ငံရေးသမားဟောင်းများ စုဝေး ဟောပြောရာနေရာဖြစ်လာတော့သည်။ ယာယီသမ္မတ၏ အပြုအမူ အလုပ်အကိုင်များကိုပါ ပုတ်ခတ်ဝေဖန် ဆွေးနွေးလာတော့သည်။

ဂျကာတာ နန်းတော်၌ ကျင်းပသော ၁၉၆၇ ခုနှစ် ဇွန်လ ၆ ရက်နေ့ ဆူကာနို မွေးနေ့ပါတီ အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး ဆူဟာတို မေလ ၆ ရက်နေ့ ကြေညာချက်ကို ဆန့်ကျင်လာတော့သည်။

၁၉၆၇ ခု နှစ်လယ်တွင် စိတ်လှုပ်ရှားဖွယ် ဖြစ်လာပြန်သည်။ ဆူဟာတိုထက် ဆူကာနိုကို ပို၍ သစ္စာရှိသော နေရှင်နယ်လစ်ပါတီဝင် လူစုက စ,လာကြသည်။ စလာမာဟိန်း[၁]ခေါ် နေရှင်နယ်လစ် ပါတီသည် ဆူကာနို၏ ထောက်ခံ အားပေးမှုဖြင့် ဆူကာနို၏ ၂ ကော်လံပါ ဓာတ်ပုံနှင့်အတူ ခေါင်းစဉ် တပ်ထားသော စာရွက်များ ပုံနှိပ်ထုတ်ဝေလိုက်သည်။

ခေါင်းစဉ်များမှာ-

"ဘွန်ကာနို အသက်ရာကျော် ရှည်ပါစေ၊ ဒီကနေ့ ၁၉၆၇ ဇွန်လ ၆ ရက်နေ့ဟာ စလာမာဟိန်း စနစ်၏ ဖခင်ကြီး ဘွန်ကာနို၏ မွေးနေ့ဖြစ်တယ်၊ ဒီကနေ့ သူဟာ အသက် ၆၆ နှစ်

၁ Suluh Marhaen



ပါပြီ၊ သူ့ဘဝ သက်တမ်းရဲ့ သုံးပုံပုံ နှစ်ပုံဟာ တိုင်းပြည် လူမျိုးအတွက် တာဝန် ကျေပြွန်စွာ ထမ်းဆောင် ခဲ့တယ်၊ သူ့ရဲ့သမိုင်းကြောင်းကို ပြန်ကြည့်ပြီး မမ္မဝိဋ္ဌာန်ကျကျ ပြော ကြစမ်းပါ၊ ပြန်ကြည့် ကြစမ်းပါ၊ ဒီအချိန်တွေမှာ တုန်းက သူဟာ တိုင်းပြည်အတွက် လူမျိုးအတွက် အများကြီး အလုပ် လုပ်ခဲ့သူဖြစ်တယ်၊ သူဟာ လူသားထဲက လူသားတယောက်ဖြစ် ပြီ အမှားကျူးလွန် မိခဲ့တယ်၊ အားနည်းချက်ရှိခဲ့တယ်၊ ဘုရား သခင်က သူ့ကို ကြည့်ရှု စောင့်ရှောက် ကယ်တင်တော်မူပါ"

တဖက်မှလည်း ဆူဟာတိုကို လိုလားထောက်ခံသော တက် ကြနေသည့်လူထုပရိသတ်က မကျေမနပ် အားမလို အားမရ ဖြစ်ကာ ဒေါပွနေကြသည်။ ဆူကာနိုအပေါ် အရေးယူမှု တုံ့ ဆိုင်းနေသည်ကို သူတို့က အပြစ်ပြောလာကြသည်။

ကျောင်းသားစာစောင် ကမီကလည်း ဤသို့ ပုံနှိပ် ဖေါ်ပြ သည်။

"အမိန့်သစ်ဆိုတာဟာ အကောင်အထည် ပေါ်မလာခဲ့ဘူး၊ အခိပ္ပာယ် ပျောက်နေပြီလို့ ကျနော်တို့ ယူဆပါတယ်"

ဆူကာနိုကိုလိုလားသော နေရှင်နယ်လစ်ပါတီအား ပြင်းထန် စွာ အရေးယူ ဆောင်ရွက်ရန် မိမိ၏တပ်များက တောင်းဆို နေ ခြင်းကို ဆန့်ကျင်ကာ ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် အင်ဒိုနီး ရှား တမျိုးသားလုံး စည်းလုံးညီညွတ်သော လောကသစ်သို့ ချီတက်ရန် စီစဉ်လျက်ရှိသည်။

နိုင်ငံရေး ပါတီများကလည်း အထူးသဖြင့် နေရှင်နယ်လစ် ပါတီက တိုင်းပြည် ပြန်လည် တည်ဆောက်ရေးအတွက် လက်

www.burmeseclassic.com

www.burmeseclassic.com



ငင်း ဆောင်ရွက်ရမည့် မဟာတာဝန်များကို ဘေးချိတ်ထား
မိမိတို့ပါတီမှ လာမည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေး အတွ
လုံးပန်း လာကြတော့သည်။

ဤအခါ တပ်မတော်မှ မနေသာ၍ ဝင်ရောက် ဆောင်ရွ
ရပြန်သည်။

၁၉၆၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဂျာဗားစစ် နယ်
တပ်မှူးများ ဖြစ်ကြသော ကော့စရက် တပ်မှူးနှင့် ပရာကွန်မ
တပ်မှူးတို့က ဂျိုးဂျကာတာတွင် ပူးပေါင်း လက်မှတ်ထိုး
ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

အဆိုပါ ကြေညာချက်တွင် ပြည်သူ့ ကွန်ဂရက်၏ ဆုံးဖြ
ချက်များနှင့် ပတ်သက်၍ တောင်းဆိုချက် ၆ ချက် ပါဝင်သည်
တပ်မှူးများက ၁၉၄၅ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပ
နှင့် ပဉ္စသီလ (နိုင်ငံတော်၏ အခြေခံ မူဝါဒ ကျင့်စဉ်ငါးပါး)
အား လက်မခံသည့် လူတယောက် သို့မဟုတ် အဖွဲ့အစည်းမျ
ကို အရေးယူရန် တိုက်တွန်းထားသည်။ ဆူကာနိုအာဏာ
လည်ရရှိရေး ကြိုးပန်းလှုပ်ရှားမှုများကို မျက်ခြေမပြတ် ကြည့
သွားရန်ဖြစ်သည်။ ဤ ကြေညာချက်သည် နေရှင်နယ်လစ် ပ
အား ဆန့်ကျင်ရာတွင် ဒေသဆိုင်ရာ အခြေခံ မူဝါဒတရပ်
လာသည်။ နေရှင်နယ်လစ်ပါတီအား ဖျက်သိမ်းရန်ဖြစ်သည်

အဆိုပါ ကြေညာချက်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတို၏ လ
မှတ် ရေးထိုးခြင်း မရှိပေ။ သူသည် ကြေညာချက်ကို မဆန့်ကျ
သော်လည်း သူကိုယ်တိုင် ပါဝင်ခြင်းမရှိပေ။ ပေါ်ပေါက်လ



သော အဖြစ်အပျက်များက တောင်းဆိုချက်များမှန်ကန်ကြောင်း
က်သေပြလာသည်။

ဂျိုးဂျကာတာ ကြေညာချက်အပေါ် ဝေဖန်ချက်နှင့် ပတ်
က်၍ အင်ဒိုနီးရှား ရိုးရာစကားတခွန်းရှိသည်။ ယင်းမှာ
းခိုးရှိရင် မီးရှိရမယ်' ဖြစ်သည်။ မီးခိုးနောက်မှ မီးကို ဇူလိုင်
ရက်နေ့တွင် တွေ့မြင်ကြရသည်။ ထိုနေ့တွင် ရွှေနေချုပ်
ဗိုလ်ချုပ် ဆူဂီအာတို[၁] က သတင်းထူးတရပ် ထုတ်ပြန်လိုက်
သည်။ ၎င်းသတင်းမှာ ဇူလိုင် လကုန်ဘွင်သမ္မတဟောင်းဆူကာနို
အာဏာပြန်လည် ရရှိရေးအတွက် အကွက်ဆင်ထားမှုဖြင့် ထိပ်
န်း အရာရှိကြီး တစုနှင့် အရပ်သား တစုတို့ကို ဖမ်းဆီးလိုက်
ကြောင်း သတင်းဖြစ်သည်။

နောက်တနေ့တွင် ဂျကာတာ ရာယာတပ်နယ်မှူးက မြို့တော်
ွင် ၁၄ ဦး ဖမ်းဆီးထားပြီး နယ်များတွင် ဆက်လက်ဖမ်းဆီးမှု
ား ပြုထားကြောင်း ကြေညာသည်။

ဆူဟာတို အုပ်ချုပ်ရေးကို ဆန့်ကျင်သော သူပုန်များကို နှိမ်
င်းလိုက်လေပြီဟု နိုင်ငံခြား သတင်းစာများက ရေးသားကြ
သည်။ ဆူဟာတိုအစိုးရသည် စုစုစည်းစည်းနှင့် အခြေတကျ ရပ်
ည် နေလေပြီ။

ယာယီသမ္မတ ဆူဟာတိုက သူ့ပုံးနေကျအပြုံးဖြင့် သတင်း
ထောက်များကိုရှင်းပြသည်။

---

၁ Soegih Arto

www.burmeseclassic.com

www.burmeseclassic.com



"အရာရှိတစုဟာ ယခုအချိန်မှာဆိုရင် နိုင်ငံတော်ရှေ့နေ ရုံးမယ် အစစ်ခံနေကြရပြီ၊ လက်နက်ကိုင် တပ်တွေထဲ ဂရုတ သတိဝိရိယရှိထားတဲ့ သဘောပေါ့၊ ဒီလိုလုပ်တော့ အရင်က ထောင်ချောက်ထဲမကျနိုင်ဘူးပေါ့"

'အသိတရားသည် မကောင်းမှုကိုအောင်ပွဲဆင်သည်' ဟူသော ရှေးဟောင်း ဂျာဗားစကားပုံကို ယာယီ သမ္မတက ကျင့်သုံး သည်။

ဆူဟာတိုကို ဆန့်ကျင်မှုများသည် ထိုရက်များ အတွင်း အထင်အရှားသိသာပေါ်လွင်လာသည်။ ဆန့်ကျင်သူများသ ကွန်မြူနစ်များချည်းဖြစ်သည်ဟု မဆိုနိုင်ပေ။ အလားတူပင်တ တခါက ဆူကာနို ခေတ်မှာ အခွင့်ထူးခံ ပျော်ပါး ခဲ့ကြသော နိုင်ငံရေးသမားကြီးများနှင့်စစ်တပ်အရာရှိကြီးများသည် သမ္မ သစ် အပေါ် မကြည်ဖြူနိုင်ကြချေ။ စစ်တပ်အတွင်းမှာ ပြိုင်ဆိုင် မှုများ ရှိနေဆဲပင်။

ရုံးများ၊ အများပြည်သူဆိုင်ရာနေရာများနှင့် စည်းဝေးခန်း ဆောင် များတွင် ချိတ်ဆွဲထားသော သမ္မတဟောင်း ဆူကာနို ရုပ်ပုံများကို ဖြုတ်ချပစ်ရန်နှင့် ယင်း နေရာ များတွင် ယာ သမ္မတ ဆူဟာတို၏ ရုပ်ပုံများကို ချိတ်ဆွဲကြရန် ဗဟိုဂျာဗားန အရှေ့ဂျာဗား တပ်မှူးများက အမိန့်ထုတ်ပြန်လိုက်သည်။

ဂျကာတာတပ်မှူးက ဒေါက်တာအင်ဂျင်နီယာ ဆူကာနိုအား မြို့တော်တွင်းသို့ ဂျကာတာ စစ်အာဏာပိုင်၏ ခွင့်ပြုမိန့် မရ ဝင်ရောက်လာခြင်း မပြုရဟု တားမြစ်မိန့် ထုတ်ပြန် လိုက်သည်



သမ္မတဟောင်းသည် ယခုအချိန်တွင် ဘိုဂါနန်းတော်ရှိ ညွှန့်ရိပ်သာ ဆောင်တွင် အထိန်းသိမ်းခံဘဝ ရောက်နေလေပြီ။

ဗဟိုဂျာဗား စစ်နယ်မြေ ဒီပိုနီဂိုရိုတပ်မှူး က လည်း အရာရှိ တထောင်နှင့် လူအများကို ပင်စင် ပေး လိုက်ပြီ ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်သည်။

အလံပျောက်ဆုံးမှု ကိစ္စတွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် သူ၏ကျွမ်းကျင်ပါးနပ်မှု၊ သိမ်မွေ့ခက်ခဲသော ပြဿနာကိုင်တွယ် မှုကို ပြသခဲ့သည်။

နန်းတွင်းအရာရှိများသည် အမျိုးသားနေ့ အခမ်းအနား အတွက် ပြင်ဆင်မှုများ ပြုလုပ် ဆောင်ရွက်နေစဉ် ၁၉၄၅ခုနှစ် ဩဂုတ်၁၇-ရက်နေ့၌ လွတ်လပ်ရေး ကြေညာစဉ်က ပထမဆုံး လွှင့်ထူခဲ့သည့် အနီ အဖြူပါ မူရင်းအလံကို ရှာဖွေနေကြသည်။ အလံကား ပျောက်ဆုံးနေလေပြီ။ မူရင်းအလံ ထည့်ထား သော သေတ္တာ၏သော့ကို ဘိုဂါ နေအိမ်ရှိသမ္မတဟောင်း၏ လက်တွင် ထားရှိသည်။[၁]

နောက်ဆုံးတွင် သော့လက်ထဲ ရောက်လာသဖြင့် အရာရှိ များက ဖွင့်လိုက်ရာ အထဲတွင် ဘာမှ မတွေ့ရပေ။ လူထုအ

---

၁ ဘင်ဒရာပွတ်စကာဟု ခေါ်သော မူလ အမျိုးသားအလံကို ၁၉၄၅ခုနှစ် ဩဂုတ်၁၇ရက်နေ့က လွှင့်ထူခဲ့သည်။ ထိုအ လံကို ဆူကာနို၏ဇနီး ဖာတမာဝတီက ချုပ်လုပ်ပြီး ၁၉၄၅ ခုနှစ် ဩဂုတ်၁၇ရက်နေ့ အမျိုးသားနေ့က စ၍ နှစ်စဉ် အမျိုးသားနေ့တိုင်း လွှင့်ထူလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြားတွင် ပွစိပွစိ ဝေဖန် ပြောဆိုလာကြတော့သည်။ အချို့တက်ကြွပြင်းထန်သော လူစုက ဆူကာနိုထံမှအလံကို အကြမ်းဖက်၍ အတင်းအကြပ် မရရအောင် လုယူရန် တောင်းဆိုလာကြသည်။

ယာယီသမ္မတက ကလေးဆန်စွာ ဒေါသဖြစ်နေသောအဘိုးအိုဆူကာနိုအား ဧအောင်မြင်စွာ ကိုင်တွယ်နိုင်သည့် နည်းလမ်းကိုတွေ့ထားပြီး ဖြစ်သည်။ ဆူကာနိုအား ဂျကာတာသို့ လာရောက်ပါရန်နှင့် အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်အားပေးပြီး အခမ်းအနားတွင် အလံလွှဲပြောင်း ပေးအပ်ပါရန် ယဉ်ကျေးချိုသာစွာ ဖိတ်ကြား ပြောဆိုထားသည်။ ဆူကာနို၏ကျန်းမာရေး အခြေအနေကြောင့် သူသည် သူ၏ တတိယဇနီးမဒမ်ရတနာဒေဝီ၏ အိမ်သို့အဖေါ်များဖြင့် လိုက်ပါ ပို့ဆောင်ပေးရသည်။

လက်နက်ကိုင်တပ်ဖွဲ့မှ တပ်ရင်းမှူး ၄ယောက်(ဆူဟာတိုကိုယ်တိုင်မပါဝင်ပဲ)ကို သမ္မတဟောင်းအား ကြိုဆို စောင့်ဆိုင်းထားစေသည်။ သူတို့သည် တပြိုင်နက် အမျိုးသားခေါင်းဆောင်ကြီး ဆူကာနိုအား အလေးပြုလိုက်ချိန်ဝယ် အလံမှူရင်းကို လွှဲပြောင်းပေးလိုက်လေသည်။ ထို့နောက် ကန့်လန့်ကာကျလာသည်။

မာဒေးကား နန်းတော်ရှေ့တွင် အမျိုးသားနေ့၌ မူရင်းအလံ လွင့်ထူခြင်းသည် ဩဂုတ်၁၇-ရက်နေ့တိုင်း လုပ်ရသည့် ရိုးရာ အစဉ်အလာတရပ် ဖြစ်နေပေပြီ။ သို့ရာတွင် အခမ်းအနားကျင်းပပုံသည် ယခင်ကနှင့် မတူပဲ ကွဲပြား ခြားနားလာသည်။



မိန့်ခွန်းများ၊ မလေးရှား ချေမှုန်းရေးစကားလုံးများ၊ ဓနရှင်တွေ၊ ကိုလိုနီဝါဒီတွေ၊ ကျဆုံးပါစေ ဆိုသော ကြွေးကြော်သံများ စသည့် ကြီးမြတ်သော ခေါင်းဆောင်ကြီးဆူကာနို၏ အသံဗလံများ လှုပ်ရှားမှုများ လုံးဝ မတွေ့ရတော့ပေ။

တခဲနက် လူထုကြီးလည်းမရှိတော့။ လွန်ကဲသော သရုပ်ပြပွဲလည်း မရှိတော့။

ဤအချက်များနှင့် ဆန့်ကျင်ပြီး အခမ်းအနားများကိုဆူဟာတို၏အကြိုက် ခြောက်ခြောက်သွေ့သွေ့ တိတ်တိတ်ဆိတ်ဆိတ်ကျင်းပ လာတော့သည်။ လွတ်လပ်ရေးနေ့ ညနေခင်းတွင် ယာယီသမ္မတသည် နိုင်ငံတော် မိန့်ခွန်းတရပ်ကို လွှတ်တော်ကိုယ်စားလှယ်များ ရှေ့တွင် မြွက်ကြားသည်။ ဤနည်းအားဖြင့် ပါလီမန်၏ အရေးပါသော အခန်းကဏ္ဍကို မြှင့်တင်ပေးလိုက်သည်။

ယာယီသမ္မတ ဆူဟာတို၏ မိန့်ခွန်းသည် တခါက ဆူကာနို၏ မိန့်ခွန်းများကဲ့သို့ အသက်ဝင်မှု မရှိပေ။ဆူကာနို၏ မိန့်ခွန်းများတွင် စကားလုံး ထူးခြားပြောင်မြောက်မှုများ ကြားခဲ့ကြရသည်။ ဥပမာ ‘မိုးပေါ်က ကျလာတဲ့ နတ်သမီးကလေးလိုပဲ’(၁၉၆၀)။ ‘အောင်ပွဲဆင်သော တနှစ်တာ’(၁၉၆၂)။ ‘အန္တရာယ်ကြွယ်သော နှစ်တနှစ်’ (၁၉၆၅)။

ဆူဟာတို၏ သုံးနာရီကြာ မိန့်ခွန်းကို အဆက်မပြတ် မြွက်ကြားသွားသည်။ ၁၉၆၇-ခုနှစ် အမျိုးသားနေ့ အခမ်းအနားများတွင် ဆူဟာတို၏ ကြားကြားရှားရှား သွင်ပြင်လက္ခဏာကြောင့် နိုင်ငံရေးဇာတ်ခုံတွင် ထင်ပေါ်လာတော့သည်။ဆူကာနို၏ခေါ်ဝန်း

19

www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍသည် မေးမှိန်လာခဲ့သည်။ နယ်စွန်ရွာဖျားက လူတွေကပင်လျှင် နိုင်ငံတော် သမ္မတကြီးသည် ဆူကာနို မဟုတ်တော့ပဲ ဆူဟာတိုဖြစ်ကြောင်း သိနေကြပြီ ဖြစ်၏။

၁၉၆၇ ခုနှစ်၏ ဒုတိယ နှစ်ဝက်ကာလသည် ဆူဟာတို၏ ပုဂ္ဂိုလ်ရေး ကြိုးပန်းမှု ရုပ်လုံးဖေါ်သော အချိန် ဖြစ်၏။

စက်တင်ဘာလ ၅ ရက်နေ့တွင် တပ်မတော်မှ တပ်မှူး ၄ ယောက်သည် တပ်မတော်တာဝန်များ စွန့်လွှတ်လိုက်ပြီး ကဲဘိနက် ဝန်ကြီးများ ရာထူးတို့ကို ကာကွယ်ရေးနှင့် လုံခြုံရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ဆူဟာတို၏ အမိန့်အာဏာဖြင့် ထမ်းဆောင်ကြသည်။စက်တင်ဘာ လကုန်တွင် ဗိုလ်ချုပ် ၆-ယောက် အပါအဝင် တပ်မတော် အရာရှိပေါင်း ၂၀၀-ခန့်ကို တိတ်တဆိတ် ပင်စင် ပေးပစ်လိုက်သည်။ အောက်တိုဘာ ၁၁ ရက်နေ့တွင် ဝန်ကြီးအဖွဲ့ အပြောင်းအလဲများ ပြုလုပ်ပြန်သည်။ကဲဘိနက်သဘာပတိနှင့် သဘာပတိဆိုင်ရာ ဝန်ကြီးရာထူးတို့ကို ဖျက်သိမ်းလိုက်သည်။ ထို့ကြောင့် ဝန်ကြီးအားလုံးသည် ယာယီသမ္မတနှင့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ဆူဟာတို၏ လက်အောက်သို့ တိုက်ရိုက် ကျရောက်သွားကြတော့သည်။ တချို့ ဝန်ကြီးများကို အသစ် ခန့်အပ်ထားလိုက်လေသည်။

× × ×



၂၀

## တင်းပြည့် သမ္မတ

၁၉၆၆-ခုနှစ်နှင့် ၁၉၆၇ ခုနှစ်များတွင် ရာထူးများနှင့် ဂုဏ်ထူးများသည် ဆူကာနိုထံသို့ အမြောက်အမြား ရောက်ရှိလာကြသည်။သူ၏ ခေါင်းဆောင်မှုသည် အင်ဒိုနီးရှား ပြည်သူအတွင်း ခိုင်ခိုင်မြဲမြဲ အမြစ်တွယ်မိပြီ ဖြစ်သည်သာမက ပြည်တွင်းရော ပြည်ပမှာပါ ယုံကြည် အသိအမှတ်ပြု လက်ခံလာကြပြီ ဖြစ်၏။

အကယ်၍သာ 'သမ္မတ' ရာထူးကို ဆူဟာတိုက မက်မောခဲ့ပါလျှင် ပြည်သူ့လွှတ်တော် အထူးအစည်းအဝေး ကျင်းပခဲ့သည့် ၁၉၆၇ ခုနှစ် မတ်လကတည်းကပင် ရရှိနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၆ ခုနှစ် ပြည်သူ့လွှတ်တော် ဆုံးဖြတ်ချက် အပိုဒ်၉ နှင့် ၁၉၆၇ ခုနှစ် ပြည်သူ့လွှတ်တော် ဆုံးဖြတ်ချက် အပိုဒ် ၃၃ တို့က လွှတ်လပ်စွာ သမ္မတ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြုလုပ်ပြီးမှ ဆူဟာတိုအား သမ္မတ အာဏာ တရားဝင် အပ်နှင်းရန် ဆုံးဖြတ် ထားရှိသည်။ မဲဆန္ဒပေး၍ ရွေးချယ် တင်မြှောက်ပွဲကို နောက်အကျဆုံး ၁၉၆၈ ဇူလိုင် ၅ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ကြသည်။ သို့ရာတွင် အကြောင်း မညီညွတ်၍ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပမည့် ရက်ကို ရွှေ့ဆိုင်းလိုက်ရသည်။ ဗိုလ်ချုပ်ကြီး ဆူဟာတို၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ တရားဝင် အမိန့်သည် ၁၉၆၈ ဇူလိုင် ၅ ရက်နေ့တွင် ကုန်ဆုံးမည် ဖြစ်သည်။

အမှန်အားဖြင့် ဗိုလ်ချုပ်ကြီး ဆူဟာတို၏ တရားဝင်အမိန့်စာ ဖြစ်သော လာမည့်နှစ်များတွင် နိုင်ငံတော်ကို ဦးဆောင်သွားရန် အမိန့်စာအား အသစ်တဖန် ပြန်၍ ဆုံးဖြတ်ခြင်းကို ဆန့်ကျင်မည့် လူတယောက်မှ မရှိပေ။ ဆူကာနို လိုလားသူများကပင်လျှင် သမ္မတ ရာထူးတွင် တခြား လူတယောက် ဝင်ရောက် အရွေးခံရမှာကို အိပ်မက်မျှပင် မမက်ခဲ့ဘူးပေ။ ရွေးကောက်ပွဲဝင် ပြိုင်ဘက်ကို မတွေ့ရပေ။

ဗိုလ်ချုပ်ကြီး ဆူဟာတိုဆိုသော ပုဂ္ဂိုလ်ရေးဆိုင်ရာ ငြင်းခုံမှုများ မရှိဲ သမ္မတနှင့် ဆိုင်သော ပြဿနာများ၊ တာဝန်များနှင့်သာလျှင် ပြောစရာ ရှိလာကြသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက နိုင်ငံတော် အကြီးအကဲအဖြစ် ဘယ်လောက်ကြာကြာ ဆောင်ရွက်မှာလဲ။



၁၉၄၅ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေက ခွင့်ပြုထားသော သမ္မတ အာဏာတွေထဲမှ အပိုအာဏာများ ပေးအပ်ထားခွင့် ရှိသလား။

၁၉၆၆ ပြည်သူ့လွှတ်တော် ဆုံးဖြတ်ချက် အပိုဒ် ၉ အား ပြင်ဆင်နိုင်ခွင့် ရှိသလား။

အထွေထွေ ရွေးကောက်ပွဲကြီးကို ၃ နှစ် သို့မဟုတ် ၅ နှစ် အထိ ရွှေ့ဆိုင်းနိုင်ပါသလား။

ဆူဟာတို၏ ရာထူးဂုဏ်ထူးတွေ ပြောင်းလဲဖို့ လိုအပ်သလား။

ဤမေးခွန်းများကို နိုင်ငံတော်၏ အ မြင့် မား ဆုံး သော အာဏာပိုင်ဖြစ်သည့် ပြည်သူ့လွှတ်တော်ကသာလျှင် ဖြေကြားနိုင်မည် ဖြစ်သည်။

လွှတ်တော်၏ ၅ ကြိမ်မြောက် အစည်းအဝေး မကျင်းပမီ ၁၉၇၈ မတ်လ ၂၁ ရက်နေ့တွင် ဂျကာတာ နိုင်ငံရေး အခြေအနေ မတည်မငြိမ် ဖြစ်လာပြန်သည်။ မကျေနပ်မှုများ၊ ပေါက်ကွဲမှုများ၊ ဆန္ဒပြသမားများ ထပ်မံပေါ်ပေါက် လာပြန်သည်။ ဆန္ဒပြကြမှု၏ အဓိက အကြောင်းရပ်မှာ ပြည်သူလူထု ခါးစည်းခံနေရသော စီးပွားရေး အကြပ်အတည်းမှ ကျော်လွှန်စေမည့် စီးပွားရေး တိုးတက်မှု နှေးကွေးနေခြင်း ဖြစ်သည်။ ဆန်နှင့် အဓိက စားသောက်ကုန် လူသုံးကုန်ပစ္စည်းများ ဈေးတက်လျက် ရှိသည်။

ဗိုလ်ချုပ်ကြီး ဆူဟာတိုက ဖြောင့်မတ်မှန်ကန်စွာ ချီတက်နေစဉ် သူ၏ လက်အောက် ပုဂ္ဂိုလ်အချို့တို့က မသမာမှုများ အလွဲသုံးစားမှုများ ပြုလုပ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးနှင့် စီးပွားရေး မျက်နှာစာတွင် အစိုးရ၏ ပေါ်လစီသည် ပျော့လွန်းသည်ဟု ဝေဖန် ပြောဆို လာကြသည်။ ကျောင်းသားတွေကလည်း လွှတ်တော်မစမီ သုံးရက် အလိုတွင် လွှတ်တော်ကို ဝိုင်း၍ဆန္ဒပြကြသည်။ ဆန္ဒပြသူများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များတို့ အသေးအဖွဲ့ တိုက်ခိုက်မှု ဖြစ်ပွားသည်။လွှတ်တော် အစည်းအဝေး ချောချောမောမော ကျင်းပနိုင်ရန် တပ်ရင်းပေါင်း ၃၀ မှ တပ်သားများကို နေရာအနှံ့အပြား လှည့်လည်ချထား စောင့်ကြပ်ခဲ့ကြောင်း ဂျကာတာ တပ်မှူးက ကြေညာသည်။

ဤအခြေအနေများ ပြင်ဆင် ထားလင့်ကစား လွှတ်တော် အစည်းအဝေး စတင်ဖွင့်လှစ်သည့် နေ့တွင် အေးအေးဆေးဆေး ငြိမ်သက်လျက်ရှိသည်။ ကျောင်းသား ကိုယ်စားလှယ် များက စစ်အာဏာပိုင်များထံသို့ မိမိတို့သည် လွှတ်တော်အစည်းအဝေးကို နှောင့်ယှက်လိုသော ဆန္ဒမရှိကြောင်း ထုတ်ဖော် ပြောဆိုကြေညာသည်။ ပတ်ဟာတို (အဖ ဟာတို)၏ အာဏာကို ယကြည် လက်ခံပါကြောင်း ဆိုကြသည်။ နှစ်ဦးနှစ်ဖက် နားလည်မှု မရပဲ သဘောကွဲလွဲခဲ့မှု၊ အထင်အမြင် အယူအဆ လွဲမှားခဲ့မှုကို နှောင်တရကြသည်။ မတ်လ ၂၁ ရက်နေ့နှင့် နောက်ရက်များတွင် ဆန္ဒပြပွဲများ လုံးဝမရှိတော့၊ စစ်ရေး ပြပွဲများလည်း မရှိတော့ပေ။

ယာယီသမ္မတဆူဟာတိုသည် လွှတ်တော်ခန်းမဆောင်ကြီးထဲသို့ ခပ်ရိုးရိုး ခပ်မှန်မှန်ဝင်လာခဲ့သည်။ ရိုးရာ ဦးထုပ်နက်ကလေး ဆောင်းပြီး အရပ်ဝတ်နှင့် ဆူဟာတိုသည် လွှတ်တော် ဥက္ကဋ္ဌ



ဒု-ဥက္ကဋ္ဌတို့နှင့်အတူ ဝင်လာခြင်း ဖြစ်သည်။ သုံးယောက် စလုံး ရှပ်အင်္ကျီဖြူများ ဝတ်ထား ကြသည်။ သူတို့သည် ဝတ်နေကျ စစ်ဝတ်စုံ အစိမ်းရောင်များ မဝတ်ကြချေ။

လွှတ်တော်ဥက္ကဋ္ဌ နာဆူရှင်း က ဆတောင်းခန်း ရွတ်ဖတ်ရင်း လွှတ်တော်အခမ်းအနား စတင်ဖွင့်လှစ်လိုက်သည်။ ယာယီသမ္မတ ဆူဟာတိုက စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၏ အရေးကြီးပုံနှင့် လိုအပ်ပုံတို့ဖော်ပြထားသော အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။အမတ် ၁၀၀ ကျော်က ပါဝင်ဆွေးနွေးပြောဆိုကြသည်။ဆွေးနွေးသူများ၏ စိတ်ဝင်စားတက်ကြွမှုကြောင့်အစည်းအဝေးသည် ည သန်းကောင်ယံကျော်၍ သွားတော့သည်။

မတ် ၁၂ ရက် မနက် အစောကြီး ၅ နာရီတွင် နံနက်ပိုင်းကွန်ဖရင့်ကို ဗိုလ်ချုပ်ကြီး ဆူဟာတို၏ အိမ်တွင် ကျင်းပပြုလုပ်သည်။ ပြဿနာ တထွေးကြီးကို မဖြေရှင်းနိုင်ပဲ ပြည်သူ့ လွှတ်တော်သည် သုံးရက်အကြာ ၁၉၆၈ မတ်လ ၃၁ ရက်နေ့ နံနက် ၂ နာရီခွဲတွင် ပြီးဆုံး သွားလေသည်။

ဆူဟာတိုအား တင်းပြည့် သမ္မတအဖြစ် အသိအမှတ်ပြုလိုက်ခြင်းသည် ဤလွှတ်တော်အစည်းအဝေး၏ထူးခြားချက်တရပ် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ယင်း ဆုံးဖြတ်ချက်သည် စိတ်ဝင်စားဖွယ်ကောင်းလှ၏။ပြည်သူ့ လွှတ်တော်ဆုံးဖြတ်ချက် အမှတ်၉ ၁၉၆၆ အရ တာဝန် ပေးထားခြင်း ခံရသော ဗိုလ်ချုပ်ကြီး ဆူဟာတိုအား သမ္မတအဖြစ် နောက်ထပ် ပြည်သူ့ လွှတ်တော်မှ သမ္မတရွေးချယ်သည်အထိ ခန့်အပ်လိုက်သည်။ ရွေးကောက်ပွဲကို ၁၉၇၁ ခုနှစ် ဇူလိုင် ၅ ရက်နေ့တွင်ကျင်းပမည်ဖြစ်သည်။ပြည်သူ့

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်ကို ၁၉၇၃ ခု မတ်လတွင်ကျင်းပမည်ဖြစ်ပြီး၊ ထိုအခါမှ သမ္မတ၊ ဒု-သမ္မတကို ရွေးရမည်ဖြစ်သည်။

၁၉၇၃ ခု မတ်လအထိ သမ္မတရွေးပွဲကိုအချိန်ဆွဲထားသည်မှာ ဆူဟာတိုအပေါ် ယုံကြည်လွန်း၍ဖြစ်သည်။

ဆူဟာတိုသည် ပုဂ္ဂိုလ်ရေးအရ လက်ခံမှုထောက်ခံ အားပေးမှုများ ရလာတော့သည်။

× × ×

၁၉၆၈ ခုနှစ် မတ်လ ၂၇ ရက်နေ့ည ၉ နာရီ ၅၈ မိနစ် အချိန်တွင် သက်တမ်း ၂၃ နှစ်ကြာလာပြီ ဖြစ်သော အင်ဒိုနီးရှား နိုင်ငံတော်၏ ဒုတိယမြောက် သမ္မတ၏ ကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားတရပ် ကျင်းပသည်။

သာသနာရေး ဝန်ကြီး ဒက်လန်၁ က ဆုမွန်ကောင်းများ တောင်းပေးခြင်းနှင့် လွှတ်တော်ဥက္ကဌ နာဆူးရှင်းက သုံးမိနစ်ကြာ မိန့်ခွန်းစကား ပြောခြင်းတို့ ပြုလုပ်အပြီး စုစုပေါင်း ၄၅ မိနစ်အကြာတွင် အခမ်းအနား ပြီးဆုံးသွားသည်။

နောက်တနေ့ နံနက် ၇ နာရီ ၁၅ မိနစ် အချိန်တွင် သမ္မတ ဆူဟာတိုသည် ဂရုဒါ လေကြောင်းလိုင်းမှ ဒီစီ၈ စီလီဝမ်ဂီ လေ

---

၁ Dachlan



ယာဉ်ကြီးဖြင့် ဂျပန်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး ထွက်သွားသည်။

သူ့ကို သမ္မတ အဖြစ် ရွေးချယ်ပြီးသောအခါ ပြည်သူ့လွှတ်တော်တွင် ဆူဟာတိုက မိန့်ခွန်းမြွက်ကြားရာတွင် ယနေ့နိုင်ငံတွင် ပေါ်ပေါက်နေသော ပြဿနာအားလုံး ဖြေရှင်း မပြီးသေးကြောင်း၊ သို့ရာတွင် ဤကိစ္စသည် အင်ဒိုနီးရှား နိုင်ငံတွင် ဒီမိုကရေစီဝါဒ ကျဆုံးနေပြီဟု မဆိုနိုင်ကြောင်း ပြောကြားသည်။

"ဤလွှတ်တော်မှ ကျနော့်အား တာဝန်တွေလုပ်ငန်းဆောင်ရွက်စရာတွေ ချထားပေးခဲ့ပါတယ် ကျနော် ကတိ ထပ်မံပေးပါရစေ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် အစွမ်းကုန် တာဝန် ကျေပြွန်အောင် ကြိုးပန်းဆောင်ရွက်သွားပါမယ်၊ စိတ်ပျက် ငြီးတွားခြင်းမပြုပါလို့ ကတိပေးပါတယ်၊ ကျနော်တို့ အတူတကွ ချမှတ်ထားတဲ့ လမ်းစဉ်တွေကို လိုက်နာသွားပါမယ်၊ လွှတ်တော်က ညွှန်းချမှတ်ထားချက်တွေကို ထာဝစဉ်အလေးဂရုပြုရင်း ကျနော်ဟာ တရားဥပဒေကို ရိုသေလိုက်နာသွားပါ့မယ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရိုသေ စောင့်ထိန်းသွားပါ့မယ်၊ ဒီမိုကရေစီကိုလဲ စောင့်ထိန်းသွားပါ့မယ်..."

နှစ်ရက်အကြာတွင် သမ္မတ ဆူဟာတိုထံသို့ သမ္မတဟောင်းဆူကာနိုထံမှ စာတစောင်ရောက်လာသည်။ ထိုစာတွင် ဆူကာနိုက မိမိသည် ဆူဟာတို သမ္မတ ဖြစ်လာမှုအတွက် ဝမ်းသာပါကြောင်း၊ မိမိသည် သမ္မတ ပြန်လည် မဖြစ်လိုတော့ကြောင်း ဖော်ပြပါရှိသည်။ တဆက်တည်းမှာပင် သမ္မတဟောင်းက မိမိအား လွတ်လပ်စွာ နေထိုင်သွားလာခွင့် ပေးပါရန်နှင့်ဘိုဂါနန်း

www.burmeseclassic.com

www.burmeseclassic.com



တော်မှ ထွက်ခွာ၍ ဘိုဂါ သို့မဟုတ် ဂျကာတာရှိ ကိုယ်ပိုင်[…] တွင် လွတ်လွတ်လပ်လပ် နေလိုကြောင်း တောင်းခံ ပေ[…] ထားသည်။

၁၉၆၈ ခု မတ်လ ၂၇ ည သန်ကောင်ယံ နီးပါး အချိန်[…] အင်ဒိုနီးရှားနိုင်ငံ၏ တင်းပြည့်သမ္မတအဖြစ် ခန့်အပ်ခြင်းခံရ[…] သမ္မတ ဆူဟာတိုသည် ကွန်ဖရင့် ခန်းမဆောင်မှ ထွက်ခွာ[…] သည်။ ရှေ့မှာ အခက်အခဲတွေ များစွာရှိသည်ကို သတိ[…] သည်။ သူသည် ပုံးရှင်သော ဗိုလ်ချုပ်ကြီး တယောက် မ[…] တော့။ သမ္မတ တယောက် ဖြစ်လာလေပြီ။ လေးလံ များ[…] သော တာဝန်တွေနှင့် သမ္မတကြီး ဖြစ်လာလေပြီ။

× × ×



# ၂၁

## ခေါင်းဆောင်မှု၏ ပြဿနာများ

ကမ္ဘာပေါ်တွင် ကျွန်းပေါင်းအများဆုံးနှင့် အကြီးကျယ်ဆုံး ကျွန်းစုနိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် ကျွန်းကြီး ၅ ကျွန်းနှင့် ကျွန်းငယ်ပေါင်း ၁၃,၆၇၇ ကျွန်းရှိသည်။ အရှေ့မှ အနောက်သို့ မိုင်ပေါင်း ၃,၂၀၀၊ မြောက်မှ တောင်သို့ မိုင်ပေါင်း ၁,၂၀၀ ကျယ်ဝန်းသည်။ ၁၉၆၈ ခုနှစ် နှစ်စတွင် လူဦးရေ သန်း ၁၁၀ ရှိသည်။[၁]

---

၁ ၁၉၇၅ ခုနှစ်တွင် အင်ဒိုနီးရှား နိုင်ငံ၏ လူဦးရေ စုစုပေါင်းမှာ သန်းပေါင်း ၁၃၀ ခန့် ရှိနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဟာဆာ အင်ဒိုနီးရှားခေါ်သော အမျိုးသား ဘာသာ စကားအပြင် စကားပေါင်း ၃၀ ကွဲပြားစွာ ပြောကြသည်။

တိုင်းပြည် အစိတ်စိတ် ပိုင်းခြားနေခြင်းနှင့် လူဦးရေအပေ လူမှုရေးပညာရှင်၊ သိပ္ပံပညာရှင်နှင့် သုတေသီတို့က နှစ်ခြ သဘောကျမည် ဖြစ်သော်လည်း အစိုးရအတွက် တာဝန်ကြီးတ ဖြစ်နေသည်။

ပြည်ထောင်စု စည်းလုံးညီညွတ်မှုကို လိုလားသော သမ္မ ဆူဟာတိုသည် နယ်ပယ်ဒေသများသို့ ခရီး ဆန့်ထွက်လေသည် သူ့ခရီးစဉ်ကား အလေးပြုခံရန်မဟုတ်။ မိန့်ခွန်းစကားပြေ ပြောကြားရန်မဟုတ်။ဒေသခံ အာဏာပိုင်များနှင့် ညှိနှိုင်း ဆွေ နွေးရန်နှင့် အလုပ်လုပ်ရန်ဖြစ်သည်။

ပြည်သူ့လွှတ်တော် ဆုံးဖြတ်ချက် အမှတ် ၂၁/၁၉၆၆တွင် "အချိန်တိုတိုနှင့် ဖြစ်နိုင်သည့် အချိန်အတွင်း နယ်မြေများသို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန်၊ ၁၉၄၅ ခုနှစ် နိုင်ငံတော် ဖွဲ့စည်း အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ပြည်နယ်(နယ်မြေဒေသ များနှင့် ဗဟိုအစိုးရတို့ ဆက်သွယ်ဆောင်ရွက်ရာတွင် စီမံကိန်း များ ရေးဆွဲချမှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဦးစီး ဦး ဆောင်ပြုခြင်းများ၌ အမှားအယွင်း ကင်းစင်ရမည်" ဟု ဖေါ်ပြ ပါရှိသည်။

ပြည်နယ်များမှ မိမိတို့ နယ်ပယ်ဒေသ ထွက်ကုန်များ ရောင်း ချခြင်းအတွက် အမြတ်ငွေ အချိုးကျ ရရှိနေကြပြီဖြစ်သည်။

ဤစဉ်းမျဉ်းကို လူတိုင်းက သဘောတူလက်ခံကြသည်။သို့ရာ တွင် ဗဟို အစိုးရအဖွဲ့နှင့် နယ်မြေတို့ ခံစားခွင့် ရာခိုင်နှုန်းနှင့်ပတ်



က်၍ ငြင်းခုံနေကြသည်။ဗဟိုနှင့် ပြည်နယ်တို့ညှိနှိုင်းမှု မပြီးမီ ည်နယ်များသည် မိမိတို့ အစီအစဉ်ဖြင့် အုပ်ချုပ်သွားရန် စ်သည်။

အင်ဒိုနီးရှား တိုင်းရင်းသားများသည် တော်လှန်ရေး သန္ဓေ သများ ဖြစ်ကြသည်။အင်ဒိုနီးရှားနိုင်ငံ၏ ၁၉၄၅-ခုနှစ် ဖွဲ့စည်း ပ်ချုပ်ပုံ အခြေခံ ဥပဒေမှ သမ္မတအား အာဏာအပြည့်အဝ ပ်နှင်းရန်၊ ပြည်သူတို့က တောင်းဆိုလာကြသည်။သမ္မတသည် စိုးရအဖွဲ့၏ အမြင့်မားဆုံး အမှုဆောင်တဦး ဖြစ်သည်။

"နိုင်ငံတော် သမ္မတသည် ပြည်သူ့လွှတ်တော်၏ သဘောတူညီ က် ရယူပြီး ဥပဒေပြုခွင့် အာဏာရှိသည်၊ ၎င်းပြင် အစိုးရ ား်မျဉ်း ဥပဒေများကို လိုအပ်လာလျှင် အဆုံးအဖြတ်ပေးနိုင် ည်" ဟု နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပိုဒ်-၅ င် ပြဋ္ဌာန်းထားသည်။

သမ္မတအထက်တွင် အဆင့်တဆင့်သာရှိပြီး ယင်းအဆင့်သည် တိုင်ပင်ခံ ပြည်သူ့ လွှတ်တော် ဖြစ်သည်။ ပြည်သူ့ လွှတ် ာ်ကသာလျှင် နိုင်ငံတော်၏ မူဝါဒများကို ကျယ်ပြန့်စွာ ချ ာ် ဆုံးဖြတ်ပေးသည်။ပြည်သူ့လွှတ်တော်က သမ္မတနှင့် ဒုတိယ မ္မတကို ခန့်အပ်နိုင်သည်။

ဆူကာနိုသည် တခါက နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ခွင့်ပြု ပေးအပ်ထားသော အာဏာများကို ကိုင်စွဲလျက် သူ၏ င်ရာစိုင်း အုပ်ချုပ်မှုကို ပြုလုပ်လာခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ ခြေခံ ဥပဒေတွင် အကျုံးမဝင်သော အဖွဲ့အစည်းများကို ဆူ ာနိုက သူ့သဘောဖြင့် ဖွဲ့စည်းပြီး သူ့မင်း သူ့ချင်း ချုပ်

www.burmeseclassic.com

www.burmeseclassic.com



လှယ်ခဲ့သည်။ ဤအပိုအဖွဲ့အစည်းများသည် သူ့အား ဒုက္ခရောက်စေပြီး သမ္မတ ရာထူးမှ ပြုတ်ကျစေခဲ့သည်။

တိတိကျကျ မှန်မှန်ကန်ကန် လုပ်လေ့ ရှိသော စစ်သားတယောက်ဖြစ်သည့် ဆူဟာတိုသည် တရားမဝင်အဖွဲ့အစည်းများကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်းကို ခံရသည်။ အများစုအနေဖြင့် ပြည်သူ့လွှတ်တော်မှ ဆုံးဖြတ်ချက်ချပြီး ၁၉၆၆-ခုနှစ် ဒုတိယ နှစ်ဝက်ကာလတွင် ဆူကာနို၏ တရားမဝင် အဖွဲ့အစည်းများယို ဖျက်သိမ်းလိုက်လေသည်။

ဆူကာနို၏ တရားမဝင်အဖွဲ့များမှာ အမျိုးသားတပ်ဦးပါတီ၊ ကိုတီ၊ ကဲဘိနက်ထက်မြင့်သော စစ်အာဏာပိုင်အဖွဲ့၊ ၎င်းအဖွဲ့၏ လက်အောက်ရှိ ကိုဂမ်အဖွဲ့၊ မလေးရှား ချေမှုန်းရေးအဖွဲ့၊ တော်လှန်ရေး လက်နက် ပြန်လည် တပ်ဆင်ရေး စစ်ဦးစီးကိုလောနခေါ် အမျိုးသား တပ်ဖွဲ့နှင့် အခြား မြောက်မြားစွာသော တပ်ဖွဲ့များ၊ အဖွဲ့အစည်းများ ဖြစ်ကြသည်။

တရားမဝင် အဖွဲ့အစည်းများအား ဆူဟာတိုက ဖျက်သိမ်းကြောင်း ကြေညာအပြီး ဆူဟာတို၏ အမိန့်သစ် တပ်များက ဖျက်ဆီးပစ်ကြခြင်းသည် ဆူဟာတို၏ တော်လှန်ရေးလုပ်ရပ်များ၏ ကစိတ်တဒေသများသာ ဖြစ်သည်။

တော်လှန်ရေးတရပ်ကို ဆင်နွှဲရင်း အစိုးရအဖွဲ့ကို ဦးဆောင်လာရသော ဆူဟာတိုသည် အတွေ့အကြုံများကို သခ်န်းစာယူ၍ အဟန့်အတား ဖျက်ဆီးသူများကို နှိမ်နင်းရန် လက်စွဲတရပ် လိုအပ်နေပြီဖြစ်ကြောင်း သတိပြုမိသည်။



စစ်သားတယောက် ဖြစ်သော ဆူဟာတိုသည် သူ့ ညာလက်အဖြစ် အားကိုးစရာ စစ်တပ်ကို မြင်ပြီး စစ်တပ်၏ အသုံးဝင်ကို သတိပြုမိသည်။ သို့ဖြစ်၍ ဆူဟာတိုသည် သမ္မတ၏ 'ကိုယ် တပ်ဖွဲ့'ကို ဖွဲ့စည်းလိုက်ပြီး ယင်းတပ်ဖွဲ့က နောက်ထပ် ရားမဝင် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ဝန်ကြီး အဖွဲ့ကို ာက်လှမ်းခြင်းနှင့် လျှို့ဝှက် ကဲဘိနက် ဖွဲ့စည်းခြင်းများကို ါ ထုတ် ဖယ်ရှားသွားရန် ဖြစ်သည်။

၁၉၆၇-နိုဝင်ဘာ လကုန်တွင် အင်ဒိုနီးရှားစစ်တပ်မှ တရား င် အဖွဲ့အစည်းများ ပြန်လည် လှုပ်ရှားရန် လုံးပန်းနေသဖြင့် ရာယ်ကို မြင်ထားကြရန်နှင့် သတိရှိကြရန် ကြေညာချက် ပ် ထုတ်ပြန်လိုက်သည်။ ကိုယ်ရေးတပ်ဖွဲ့၏ လှုပ်ရှား ဆောင် မှုများသည် များစွာ ထိရောက် အောင်မြင်လာသဖြင့် အစိုးရ အစည်းထဲမှာပင် အလွဲသုံးစားမှုများ၊ မမှန်မကန် လုပ်မှုများ ါ ဖော်ထုတ် တိုက်ခိုက်သွားသည်။

ဆူဟာတိုက သူသည် သူ့ လုပ်ရန် တာဝန်ရှိမှု၊ ဆောင်ရွက်ရန် ဝန်ရှိမှုများကို ကိုယ်ရေးတပ်ဖွဲ့သို့လွှဲပြောင်းခြင်းမပြုကြောင်း၊ သည် နိုင်ငံ၏ အကြီးအကဲ၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီး ် ဖြစ်သည့်အတိုင်း လိုအပ်သော အထောက်အကူများ ခြင်း၊ ထိန်းချုပ် ပူးပေါင်းဆောင်ရွက်ရေးတွင် အတွေ့အကြုံ း ရပြီး ဖြစ်ခြင်းများနှင့် ပြည့်ဝကြောင်း ဖော်ထုတ်ပြသည်။

သမ္မတ ဆူဟာတိုက မလေးရှား ဆန့်ကျင်ရေး လုပ်ရပ်များ အပြီးသတ် ရပ်ဆိုင်းလိုက်ရန် ညွှန်ကြားသဖြင့် ဒု-ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com

ဆူနာ့ဆို၁က အစပြုပြီး နိုင်ငံခြားရေးဝန်ကြီး အဒမ်မာလစ်အ
ကြိုးပန်း အကောင်အထည် ဖေါ်ကြသည်။

သမ္မတ ဆူဟာတိုသည် ၁၉၆၈-ခု ဇွန်လတွင် ကိုယ်ရေးတ
ကို ဖျက်သိမ်းလိုက်သည်။ တချိန်တည်းမှာပင် သူသည် အကဲ
ခေါ် အထူးအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ထိုအဖွဲ့တွင် အောက်
ပုဂ္ဂိုလ်များ ပါဝင်ကြသည်။

၁–ဒု-ဗိုလ်ချုပ် ဆာဂျို၂
၂–ဒု-ဗိုလ်ချုပ် ဆူဂျိုနိုဟိုမာဒနီ၃
၃–ဒု-ဗိုလ်ချုပ် အလီမာတိုပို၄
၄–ဗိုလ်မှူးကြီး ဝီယလတစ်၅

ဤပုဂ္ဂိုလ်များ အားလုံးသည် တပ်မတော်မှ စစ်ဖက်ဆိုင်
ပုဂ္ဂိုလ်များ ဖြစ်ကြပြီး၊ သူတို့သည် နှစ်ပေါင်းများစွာ ရဲဘေ
ရဲဘက်များအဖြစ် လက်တွဲ ဆောင်ရွက် လာခဲ့ကြသည်။

အစဉ်အလာအရ အင်ဒိုနီးရှား အစိုးရအဖွဲ့တွင် လုပ်
ဆောင်ရွက်မှုများ နှေးကွေးမှုကို ဆူဟာတိုက မနှစ်မြို့သဖြင့်
ဆန်လာအောင် ဆောင်ရွက်လိုက်ခြင်း ဖြစ်သည်။

---

၁ Brig. Gen. Sunarso
၂ Maj. Gen. Surjo
၃ Brig. Gen. Soedjono Hoemardani
၄ Brig. Gen. Ali Murtopo
၅ Col. Widya latif



စက်တင်ဘာ ၃၀ လှုပ်ရှားမှုအရေးအခင်းကို အောင်မြင်စွာ နှိမ်နင်းလိုက်ပြီးသောအခါမှစ၍ စစ်တပ်၏ အရှိန်အဝါကြီးစွာသည် နိုင်ငံတော်ရေးရာ အဖြာဖြာတွင် ဦးဆောင်ကဏ္ဍမှာ ပါဝင်လာရသည်။ အပေါင်းကို လိုလားထောက်ခံသော လျှို့ဝှက်အဖွဲ့အစည်း လက်ရာများကိုပါ စစ်တပ်က ဖေါ်ထုတ်ပေးသည်။ ဤအချက်ကို ဆူဟာတို အုပ်စုက လုံးဝကျေနပ် လက်ခံသည်။

ဆူဟာတို အုပ်ချုပ်ရေး အနည်းငယ် တည်ငြိမ်လာပြီ ဖြစ်သောအခါ စစ်တပ်မှ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်တွင် ဝင်ရောက် ဦးဆောင်နေမှုကို တမျိုးတဖုံ မြင်လာကြသည်။ ဝေဖန်ပျက်ရယ် ပြုသံများ ပေါ်လာတော့သည်။

"အရင်တုန်းက ဝန်ကြီးတရာရှိခဲ့တယ်၊ အခု ဗိုလ်ချုပ်တရာရှိတာပါပဲ"

အင်ဒိုနီးရှားတွင် စစ်တပ်နှင့် ပြည်သူသည် ခွဲ၍မရအောင် တသားတည်း ပေါက်ဖွား ပေါ်ပေါက်တည်ရှိသည်။ စစ်တပ်သည် တိုင်းပြည်အတွက် ကာကွယ်ရေး အင်အားစုများဖြစ်သလို နိုင်ငံရေးလုပ်သော အဖွဲ့လည်း ဖြစ်သည်။ တိုင်းပြည် တည်ငြိမ်အောင်၊ ဖွံ့ဖြိုးအောင် စောင့်ရှောက်ရမည့် တာဝန်ရှိသည်။

စစ်ဦးစီးမှူး ဗိုလ်ချုပ် ယာနီက ကွန်မြူနစ်များ၏ သတ်ဖြတ်ခြင်း မခံရမီ တနှစ်အလိုတွင် ပြောခဲ့ဘူးသည်။ "စစ်တပ်ဟာ တိုင်းပြည်အတွက် အလိုအပ်ဆုံး ကရိယာတခုဖြစ်တယ်၊တော်လှန်ရေးရဲ့ အမြဲတမ်း လက်နက်ကရိယာသဖွယ် ဖြစ်တယ်" ဆိုသောနို လက်ထက်က ဆိုလျှင် စစ်တပ်သည် ကွန်မြူနစ်ပါတီအား ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်လာခဲ့ရာ စိတ်ပိုင်းရော ရုပ်ပိုင်းပါ အစဉ်သဖြင့် တိုက်ခိုက်ခဲ့သည်။

ဆူကာနိုနှင့် စင်ပြိုင်ဝါဒ ထွန်းကားနေစဉ်မှာပင် ဆူဟာတိုသည် နိုင်ငံရေးကို အကင်း ပါးပါး သတိရှိစွာ ဆောင်ရွက်သည်။ သူသည် အစိုးရအဖွဲ့ အတွင်း၌ စစ်တပ်၏ အနေအထားကို ပါးနပ်စွာ စီမံခဲ့သည်။ ၁၉၆၆ ခု ဇူလိုင် ၂၅ ရက်နေ့တွင် ဖွဲ့စည်းသော အင်ပီရာ ကဲဘိနက် (ဝန်ကြီးအဖွဲ့) တွင် ၂၄ နေရာရှိရာ ၁၂ နေရာကို စစ်တပ်မှ ပုဂ္ဂိုလ်များဖြင့်ရှင်း၊ အတွင်းဝန် ၂၀ နေရာ အနက် ၁၁ နေရာနှင့် ညွှန်ကြားရေးမှူးချုပ် ၆၄ နေရာအနက် ၂၃ နေရာကို စစ်တပ်မှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၆၈ ခု ဇွန်လတွင် ဆူဟာတို အစိုးရသည် တပေါင်းတစည်းတည်း ပို၍ တိုးတက်လာသည်။ ဝန်ကြီး ၂၃ နေရာ အနက် စစ်တပ်မှ ၇ ဦးသာ ပါဝင်လာသည်။ တဝက်ခန့်မှာ တက္ကသိုလ်များမှ တက်လာသော ဝန်ကြီးများဖြစ်သည်။

"ပတ် ဟာတို၊ ပြည်သူဟာ ပတ် (အဖ) နဲ့အတူ ရှိနေပါတယ်၊ ဆက်လက်ချီတက်ပါ" ဟု လူငယ်တော်လှန်ရေး အင်အားစုများက ဆူဟာတို၏ ခေါင်းဆောင်မှုကို တောင်းဆို လာကြသည်။

သို့ရာတွင် ဆူဟာတိုသည် ဗိုလ်ချုပ် နာဆူးရှင်းနှင့် အခြားသူ၏ စစ်တပ် အကြီးအကဲများနှင့်အတူ နိုင်ငံတော် အာဏာကို လက်နက်ကိုင်စွဲ၍ ကျင့်သုံးသော စစ်အစိုးရအဖြစ် မလိုလားခဲ့ပေ။ သူတို့က ထပ်တလဲလဲ ပြောပြရှင်းပြကြသည်။ ဗိုလ်ချုပ်



များ ကောင်စီဆိုတာ လုံးဝမရှိအပ် မရှိသင့်ပါဘူး ဟု ရှင်းပြသည်။

ဆူဟာတိုနှင့် သူ့လူများ၏ ခံယူချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေလမ်းကို ကျောက်ခင်းပေးခြင်း သဘော ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အမိန့်ဟောင်း စနစ်ဟောင်းသည် ဒီမိုကရေစီ အလံတော် အောက်ဝယ် မြှုပ်နှံခဲ့ပြီး ဖြစ်သည်။ စစ်အာဏာရှင် အောက်တွင် မြှုပ်နှံခဲ့ခြင်း လုံးဝမဟုတ်ပေ။

ဒီမိုကရက်တစ်အစိုးရဖွဲ့စည်းတည်ထောင်မှုများလုပ်လာတော့သည်။ လုပ်သားပြည်သူတို့၏ အာဏာပိုင်စိုးမှုနှင့် တရားဥပဒေပြုမှုတို့ကို ပြန်လည် တည်ဆောက်လာတော့သည်။ အကန့် အသတ်ထားရှိသော ပွင့်လင်းသည့် ဝေဖန်သုံးသပ်ချက်များကို ဆူကာနိုခေတ်နှင့် ယှဉ်၍ ဖွင့်ပေးထားသည်။

စစ်တပ်နှင့် ပြည်သူ ကြည်ဖြူစွာ ဆက်သွယ်ရေးလမ်းကြောင်းတွင် ထင်ရှားလာသူတဦးမှာ အဒမ်မာလစ်ဖြစ်သည်။

၁၉၆၇ ခုနှစ် လွတ်လပ်ရေးနေ့တွင် သမ္မတ ဆူဟာတိုက မိန့်ခွန်းမြွက်ကြားရာတွင် ဒီမိုကရေစီ ဆိုသည်မှာ ပြည်သူတို့၏ အာဏာပိုင်စိုးမှုကို သရုပ်ဖော်ဆောင်ခြင်းဖြစ်ကြောင်း ထည့်သွင်းရှင်းပြသွားသည်။

ဆူဟာတိုသည် နိုင်ငံရေးပါတီများကို လေးစားမှု ရှိသည်။ သို့ရာတွင် နိုင်ငံရေးပါတီများ အရေအတွက်များပြားစွာ တည်ရှိမှုကို ကန့်ကွက်ပြောဆိုသည်။ နိုင်ငံရေးပါတီများကို အမိန့်သ ကြီးမားသော မိသားစုထဲမှ အစုအဝေးများအဖြစ် ဆူဟာတိုက မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဟာတို၏ ခေါင်းဆောင်မှု အရည်အချင်း ပြည့်ဝမှုကြောင့် စက်တင်ဘာ ၃၀ အရေးအခင်း အာဏာသိမ်းမှု ဖြစ်ပွားချိန်မှစပြီး အမျိုးမျိုးသော အခက်အခဲ ပြဿနာများကို အောင်မြင်စွာ ကျော်လွှားလာခဲ့နိုင်သည်။

× × ×



၂၂

## စီးပွားရေး အိပ်မက်ဆိုး

ဆူဟာတို၏ ကိုယ်ပိုင်ငွေကြေး အခြေအနေသည် နည်းပါးလှ၍ ချင့်ချိန်သုံးစွဲနေရသည်။ ကလေးဘဝကတည်းကပင် သူသည် ဆင်းရဲခဲ့၍ ဆင့်ဝက်မျှသော ငွေကြေး အသပြာ၏ ခက်ခဲစွာ ရှာဖွေရမှုကို သဘောပေါက် နားလည်ခဲ့သည်။ သူ့တွင် ချမ်းသာသော ဆွေမျိုးများမရှိ၊ ကြွယ်ဝသော အပေါင်းအသင်းများလည်း မရှိ၊ အလယ်တန်းကျောင်းမှထွက်ပြီး အထက်တန်းပညာ သင်ကြားရန်ပင် ငွေကြေး မပြည့်စုံခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အရာရှိတယောက် ဖြစ်လာပြန်တော့လည်း သူ့ရဲဘော်များကို လေ့ကျင့်ပေးရ၊ ခေါင်းဆောင်မှုပေးရနှင့်၊ ပြီးတော့ သူ့ရဲဘော်များ၏ စားဝတ်နေရေး လူမှုရေးများကိုပင် ကြည့်ရှု စောင့်ရှောက်ပေးသည်။ အမှန်က အရာရှိတယောက်၏ လုပ်သင့်သည့် လုပ်ရပ်ထက် ပိုမိုလွန်ကဲစွာ လုပ်ဆောင်ခြင်းဖြစ်သည်။

ဆူဟာတိုသည် သူ့ဝါဒတွင် စီးပွားရေးကို အလေး ဂရုပြု ချမှတ်စီမံသည်။ မတ်လ ၁၁ ရက်နေ့ အမိန့်ကြေညာစာအရ အာဏာလွှဲပြောင်း ရယူပြီး နောက်တနေ့တွင် ဆူဟာတိုသည် ကွန်မြူနစ်ပါတီကို ဖျက်သိမ်း၍ တမျိုးသားလုံး လယ်ယာ လုပ်ငန်းခွင်မှ ကုန်ထုတ်စွမ်းအား တိုးတက်ထုတ်လုပ်ကြရန် ကြေညာချက် အမှတ် ၂ ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှု ရှိလာအောင် တမျိုးစီခွဲ၍ ကြိုးစားဆောင်ရွက်ကြရန် မူဝါဒ ချမှတ်သည်။ ဤဝါဒကို ဒွိဓမ္မ[၁] ဟုခေါ်သည်။ တာဝန်နှစ်ရပ် လုပ်ရခြင်း အဓိပ္ပာယ်ဆောင်သည်။

ဝန်ကြီးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဆူဟာတိုက ၁၉၆၆ ခုနှစ်ကုန်၊ လုပ်ငန်းကြီး ၄ ရပ်ကို ခွဲခြား ချမှတ် ပေးလိုက်သည်။ ၎င်းတို့မှာ–

(၁) ပြည်သူ၏ လူနေမှု အဆင့်အတန်း အထူးသဖြင့် စားရေးနှင့်ဝတ်ရေးကို မြှင့်တင်ပေးရန်၊

(၂) အထွေထွေရွေးကောက်ပွဲများ ကျင်းပသွားရန်၊

[၁] Dwi-Dharma



(၃) လွတ်လပ်သော နိုင်ငံခြားရေးဝါဒ ချမှတ်ရန်၊

(၄) မနူရှင်ဝါဒကို ဆက်လက် တိုက်ဖျက်သွားရန်တို့ ဖြစ်သည်။

နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လက်ခံ တာဝန် ယူလိုက်ပြီးချိန်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် အင်ဒိုနီးရှား တက္ကသိုလ် စီးပွားရေး ပညာဌာနမှ ပါမောက္ခများ အပါအဝင် ဘောဂဗေဒ ပညာရှင်များကို စုရုံးခေါ်ယူခဲ့သည်။ ဗူလတန် ဟမင်ကူဘူဝိုနိုအား စီးပွားရေးဆိုင်ရာ ဒုတိယ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

၁၉၆၇-ခုနှစ် ဇွန်လတွင် သမ္မတ ဆူဟာတိုသည် သူ့အား တိုက်ရိုက် တာဝန်ခံ ဆောင်ရွက်ရမည့် စီးပွားရေး အကြံပေး အဖွဲ့တရပ်ကို ဖွဲ့စည်းပေးလိုက်သည်။ ထိုအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သည်။

- ပါမောက္ခ ဒေါက်တာ ဆူမစ်ထရို ဂျိုဂျိုဟာဒီကူဆူမို[၁]
- ပါမောက္ခ ဒေါက်တာ အလီဝါဒါန[၂]
- ပါမောက္ခ ဒေါက်တာ ဝစ်ဂျိုဂျို နစ်တီစာစထရို[၃]
- ပါမောက္ခ ဒေါက်တာ မိုဟာမက်ဆလီ[၄]
- ပါမောက္ခ ဒေါက်တာ ဆူဘရိုတို[၅]

[၁] Prof. Dr. Soemitro Djojohadikusumo
[၂] Prof. Dr. Ali Wardhana
[၃] Prof. Dr. Widjojo Nitisastro
[၄] Prof. Dr. Mohammad Sadli
[၅] Prof. Dr. Soebroto

www.burmeseclassic.com

www.burmeseclassic.com



— ဒေါက်တာ အီမာစလင်း[၁]

— ဒေါက်တာ ဖရန်စီဒါ[၂]

— ဒေါက်တာ ရေးဒီးယပ် ပရာဝီရို[၃]

စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ အသစ်များ ရေးဆွဲချမှတ်ရန်၊ ၁၉၆၆-ခု ဇွန်၊ ဇူလိုင်လတွင် ကျင်းပသော ပြည်သူ့လွှတ်တော် စတုတ္ထ အကြိမ် အစည်းအဝေးတွင် အကျေအလည် ညှိနှိုင်း ဆွေးနွေးကြသည်။၁၉၆၆-ခုနှစ် ပြည်သူ့လွှတ်တော် စည်းဝေး ဆုံးဖြတ်ချက် အပိုဒ် ၂၃-အရ စီးပွားရေး ဒီမိုကရေစီကို ချမှတ်ပြီး ၎င်းသည် တိုင်းပြည်နှင့် လူမျိုးအပေါ်တွင်၎င်း၊ လူလူချင်း အပေါ်တွင်၎င်း၊ ခေါင်းပုံဖြတ်သော ထိန်းကွပ်မဲ့ စီးပွားရေး စနစ်ပုံစံမျိုးနှင့် လုံးဝ ကွဲပြား ဆန့်ကျင်သည်။

စီးပွားရေးကိစ္စနှင့် ပတ်သက်သော မိန့်ခွန်း အများအပြားကို ဆူဟာတို မြွက်ကြားခဲ့သည်။ သူ့ မိန့်ခွန်းများတွင် ဘောဂဗေဒဆိုင်ရာ စာရင်း ဇယားများကို အသေးစိတ် ရှည်ရှည်လျားလျား ဖေါ်ပြ ပြောဆိုသည်ကိုလည်း တွေ့ရသည်။ ငွေကြေး ဖေါင်းပွနေမှုကို တနှစ်အတွင်း အဆုံးသတ်စေမည်ဟု ဆူဟာတိုက မိန့်ကြားသည်။

---

၁ Dr. Emil Salim
၂ Dr. Frans Seda
၃ Dr. Radius Prawiro



သမ္မတဆူဟာတိုနှင့် သူ့လူများ ပထမဆုံး ရင်ဆိုင် ဆောင်ရွက်ရသော ပြဿနာမှာ ပျက်စီးယိုယွင်းကျဆင်းနေသောစီးပွားရေး အခြေအနေကို ကျော်လွှားရန်ဖြစ်သည်။ ဆူကာနို ကျဆုံးသော ခေတ်အချိန်ကာလတွင် အင်ဒိုနီးရှားနိုင်ငံသည် ကြွေးတွေဝိုင်း၍ စီးပွားရေးညွှတ်တွင် နစ်မြုပ်နေရာ၊ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄၀၀ ကျော်ဖိုး နိုင်ငံခြား ကြွေးများ တင်ရှိနေသည်။အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် ဤကြွေးမြီများ နှိုင်းယှဉ်သုံးသပ်ကြည့်မိသည်။

"၁၉၆၇ ခုနှစ်မှာ ကျနော်တို့ နိုင်ငံခြားကြွေး ဒေါ်လာသန်း ၇၅၀ ဆပ်ကြရလိမ့်မယ်၊ကျနော်တို့ရဲ့ ပြည်ပထုတ်ကုန်တန်ဖိုးဟာ ဒေါ်လာ ၄၅၀ သန်းလောက်ပဲ ရမယ်လို့ တွက်ရတယ်" ဟု ဆူဟာတိုက ပြည်သူသို့ရှင်းပြခဲ့သည်။

နိုင်ငံခြားကြွေးမြီတွေ၊အတိုးတွေကတဖက်၊ ပြည်တွင်း ပြန်လည် တည်ဆောက်ရေးတွေက တဖက်နှင့် လုံးချာလည်နေတော့သည်။ အစိုးရအနေဖြင့် ဂျပန် အပါအဝင် အရှေ့အုပ်စုများကိုရော၊ အနောက်အုပ်စုများကိုပါ ချဉ်းကပ် ရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်ပ ကြွေးဟောင်း ကြွေးသစ်များ ပြဿနာသည် တိုတောင်းသောကာလအတွင်း ဖြေရှင်း ဆောင်ရွက်နိုင်မည်မဟုတ်။

"အခု အနာခံရင် ရှေ့မှာ အသာစံရမယ်၊ အခု အသာစံနေကြရင်ရှေ့မှာအနာခံကြရလိမ့်မယ်"ဟု ဆူဟာတိုက သင်ပေးသည်။လောလောဆယ် စီးပွားရေး ပြဿနာ အခက်အခဲ ယာယီ

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းသည့် အနေဖြင့် ငွေစက္ကူများ ရိုက်နှိပ် ထုတ်ဝေလိုက်သည်။

ဆန်စျေးနှုန်း ခေါင် ခိုက် အောင် မြင့်တက် သွားသည်။ ကျောင်းသားများက မြို့လယ်လမ်းမများပေါ်တွင် စီတန်းလှည့်လည်၍ ဆန်စျေးမြင့်တက်မှုကို ဆန့်ကျင်သည့် အထိမ်းအမှတ်ဆန္ဒပြကြသည်။ အရပ်ဝတ် ဝတ်ထားသော ဆူဟာတိုသည် ဆန်ကုန်သည်ကြီးများနှင့်တွေ့ဆုံပြီး ဆန်စျေး အဘယ်ကြောင့် မြင့်တက်ကြရသည်ကို ဆွေးနွေးမေးမြန်းသည်။ သယ်ယူပို့ဆောင်ခစရိတ်များ၊ ကြိတ်ခွဲခနှုန်းများနှင့် အခြားအမျိုးမျိုးသော အခက်အခဲအကြပ်အတည်းများကြောင့် ဈေးနှုန်း ကြီးမြင့်ရပုံကို သမ္မတအား ရှင်းပြကြသည်။

အခွင့်အခါသင့်တိုင်း အချိန်ပိုရတိုင်း သမ္မတဆူဟာတိုသည် စပါးစိုက်သောလယ်ကွက်များထဲသို့ အလယ်အပတ် သွားရောက်လေ့ ရှိသည်။ သူသည် တောင်းတလုံးတွင် စပါးများကို ထည့်၍ စပါးလှေ့ပြရင်း အင်ဒိုနီးရှား သမ္မတသည် တောင်သူ လယ်သမား မျိုးရိုးနှင့် တောင်သူလယ်သမားကလေးဘဝမှကြီးပြင်းလာပုံကို ထင်ရှားစွာ ပြသလေ့ရှိသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းသည် အင်ဒိုနီးရှားနိုင်ငံ၏ အခြေခံအကျဆုံးစီးပွားရေးလုပ်ငန်းရပ်ဖြစ်သည်။ ဤအမှန်တရားကို ပြန်လည် ဖော်ထုတ်ကြရပေဦးမည်။

၁၉၆၈ ခုနှစ်ကုန်တွင် ဟာကြူလီ ကြိုးပန်းမှုဟု ခေါ်ခံမည်ဖြစ်သော ပြည်ပ မကြွေးမြီများနှင့် ပြည်တွင်း ပြန်လည် တည်ဆောက်ရေး ငွေကြေးအခက်အခဲပြဿနာသည် သမ္မတ ဆူဟာတို



နှင့် သူ့လူများ၏ကြိုးစားဆောင်ရွက်မှု တိုးတက်လာသည်ကိုတွေ့ကြရသည်။ငွေကြေး လဲလှယ်မှု နှုန်းနှင့် ဆန်စျေးနှုန်းများ ရေရှည်အတွက် တည်ငြိမ်စ ပြုလာတော့သည်။

သမ္မတဟောင်း ဆူကာနို လက်ထက်တွင် တနေ့တခြား ယိုယွင်းပျက်စီးပြီး ဈေးနှုန်းခေါင်တက်နေသော အခြေအနေဆိုးနှင့် နှိုင်းယှဉ်လျှင် သိသိသာသာကြီး အောင်မြင် တိုးတက်လာသည်။ အင်ဒိုနီးရှားနိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၅-နှစ် စီမံကိန်းကို ၁၉၆၉ ခု ပြီမှစ၍ ချမှတ်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေသည်။

× × ×

သမ္မတ ဆူဟာတိုသည် စနစ်တကျ သင်ကြားလေ့ကျင့်ထားသော ဘောဂဗေဒ ပညာရှင်တယောက် မဟုတ်။ သို့ရာတွင် သူသည် စီးပွားရေးပြဿနာများ၏ လေးနက်ပုံနှင့် နိုင်ငံအတွက် အရေးပါ အရာရောက်ပုံကို ကောင်းစွာသတိပြု သဘောပေါက်ထားသည်။ သူ၏ ဘောဂဗေဒ ပါရဂူများ၊ စီးပွားရေးအကြံပေး အဖွဲ့ဝင်များနှင့် ဝန်ကြီးများသည် သူ့နောက်က မားမားမတ်မတ် ရပ်တည် အားပေးကြသည်။

ဆူဟာတို၏ စီးပွားရေး အိပ်မက်ဆိုးကြီးသည် ကျော်သွားအောင်မြင်သွားတော့မည် ဖြစ်သည်။ ဆူဟာတို၏ စီးပွားရေးပြဿနာ ကိုင်တွယ် ဆောင်ရွက်ပုံများကို ၁၉၆၈ မတ်လ ၂၁ရက်

www.burmeseclassic.com


www.burmeseclassic.com



နေ့ ပြည်သူ့လွှတ်တော် မိန့်ခွန်းတွင် ထည့်သွင်း ဖေါ်ပြလိုက်လေသည်။

"စီးပွားရေး အကြပ်အတည်း ဖြစ်နေတာကို ကျနော်တို့ စွဲစွဲမြဲမြဲ သတိထားကြရမယ်၊ဖွံ့ဖြိုးတိုးတက်မှုဆိုတာ မရှိသေးဘူး၊ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းဆိုတာဟာလဲ မချောမွေ့ မလွယ်ကူလှဘူး....တဖက်ကလဲ နိုင်ငံရဲ့သမိုင်းက လူတိုင်း အပြင်းအထန် အလုပ်လုပ်ကြဖို့၊ မနားတမ်း ကြိုးစားကြဖို့၊ ဇွဲလုံ့လ ဝီရိယတွေနဲ့ လိုအပ်ရင် အသက်စွန့်ပြီးတောင် လုံးပန်းဆောင်ရွက်သွားကြဖို့ တောင်းဆိုနေပါပြီ"

× × ×



# ၂၄

## တက်ကြွမှုနှင့် လွတ်လပ်ရေး

ဗိုလ်ချုပ်ကြီးဆူဟာတို၏ ပထမဆုံးအကြိမ် ပြည်ပနိုင်ငံသို့ ခရီးထွက်ခွာသည့် နှစ်မှာ ၁၉၆၁ ခုနှစ် ဖြစ်သည်။ အနောက်ပိုင်း ဥရောပနိုင်ငံများသို့ ချစ်ကြည်ရေး အလည်အပတ် ခရီးတို ထွက်ခွာရာတွင် ဗိုလ်ချုပ်နာဆူးရှင်းလည်း လိုက်ပါလာသည်။ ၁၉၆၇ ခုနှစ် မတ်လ ၂၇ရက်နေ့တွင် သမ္မတအဖြစ် ကျမ်းကျိန်ဆိုပြီး ဂနာရီအကြာတွင် ဆူဟာတိုသည် ဂျပန်နှင့်ကမ္ဘောဒီးယား နိုင်ငံများသို့ ခရီးထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမ္မတ တယောက်အနေဖြင့် သူ၏ ပထမဆုံး ပြည်ပခရီး စဉ်တွင် သူသည် သူ့အရင်က ဆူကာနို၏ ခမ်းနားတောက် ပြောင် ထယ်ဝါမှုကို အတုယူခြင်းမျိုးများအား ရှောင်ကြဉ် သည်။ ကမ္ဘာ့သံတမန် ဆက်ဆံရေးလောကတွင် ဆူဟာတိုသည် အံ့သြဖွယ်ရာများကို မပြသနိုင်စေကာမူ သူ လုပ်သင့်လုပ်ထိုက် သော တာဝန် ဝတ္တရားများကို ကောင်းစွာ လုပ်ဆောင် ပြသနိုင်သည်။

သူ၏ ဂျပန်ခရီးစဉ်သည် ဂျပန်ထံမှ ချေးငွေ တိုးတောင်းမှု မရခဲ့သဖြင့် မအောင်မြင်ခဲ့ပေ။ သို့ရာတွင် သမ္မတဆူဟာတို သည် အထွေထွေ သဘောတူညီချက်နှင့် ပင်ကိုယ်ရိုးဖြောင့်မှု စရိုက်ကိုငှင်း၊ ဂုဏ်သရေကိုငှင်း၊ သူတို့တိုင်းပြည်အတွက် အ ကောင်းဆုံး ပြောဆိုသွားသူတယောက် အဖြစ်ကိုငှင်း၊ ထင်ရှား စွာပြသနိုင်ခဲ့သည်။

ဆူဟာတိုသည် နိုင်ငံခြားနှင့် ဆက်ဆံရေးဗဟုသုတ အတွေ့ အကြုံများကို စစ်သားဘဝ ကတည်းကပင် ရရှိခဲ့ပြီး ဖြစ်သည်။ အနောက်အီရီယံ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်တော်လှန် ခဲ့စဉ်က ထရီကိုလာ စစ်ဆင်ရေးတွင်ငှင်း၊ ဆူကာနို၏ မလေး ရှားချေမှုန်းရေး စစ်ဆင်ရေးတွင်ငှင်း၊ အတွေ့အကြုံရှိပြီး ဖြစ်သည်။

ယခင် သမ္မတဟောင်း၏ နိုင်ငံခြားဆက်သွယ်ရေး ပေါ်လစီ ဖြစ်သော ဂျကာတာ၊ ဖနွမ်းပင်၊ ဟန္နွိုင်၊ ပီကင်း၊ ပြုံယမ်း ဆက်ဆံရေးနှင့် အင်ဒိုနီးရှား တရုတ်မြှည်သူ့သမ္မတနိုင်ငံတို့



လက်တွဲမှုအပေါ် ဆူဟာတိုက အကြီးအကျယ် သံသယ ဝင်ခဲ့ သည်။

၁၉၅၅ ခုနှစ် ဘန်ဒေါင်းကွန်ဖရင့်, စိတ်ဓါတ်က သူ့အား လွှမ်းမိုးလျက်ရှိသည်။ အာရှ အာဖရိက နိုင်ငံများမှ ကိုယ်စား လှယ်များသည် အင်ဒိုနီးရှားတွင် တွေ့ဆုံပြီး ကမ္ဘာ့အရေးအ ခင်းများတွင် လက်တွဲကာ ပူးပေါင်းဖြေရှင်းသွားရန် ပြသခဲ့ ကြသည်။ ဆူဟာတို၏ အတိတ်က စိတ်ဝင်စားမှုများသည် သူ၏ နိုင်ငံတော် အင်ဒိုနီးရှားအတွက် အသုံးဝင်လာသည်။

ပြည်တွင်း အရေးအခင်းများကို ဆူဟာတိုက ယာယီ သမ္မတ အနေဖြင့်ငှင်း၊ နောက်ပိုင်းတွင် တင်းပြည့် သမ္မတအနေဖြင့်ငှင်း၊ မိမိကိုယ်တိုင် တာဝန်ယူ၍ ဖြေရှင်း ဆောင်ရွက်သည်။ သူ၏ ပြည်တွင်းရေးရာ ဆောင်ရွက်ချက်များကို တည်တည်တန့်တန့်နှင့် အမှားအယွင်း မရှိရလေအောင် ဂရုတစိုက် ဆောင်ရွက်သည်။

နိုင်ငံခြားရေးဝါဒကိုလည်း တဖက်တွင် အရေးကြီးကြောင်း ယူထားသည်။ အမိ အင်ဒိုနီးရှားနိုင်ငံတော်သည် ကမ္ဘာပေါ် တွင် သူမတယောက်ထည်း ထီးထီးမားမားမာ့း ရပ်တည်နေ၍ ဖြစ်နေကြောင်းကို သဘောပေါက်ထားသည်။

ဒေါက်တာ ဆူဘာန်ဒရီယို နေရာတွင် အစားထိုး ခန့်အပ် ခြင်းခံရသော နိုင်ငံခြားရေးဝန်ကြီး အဒမ်မာလစ်သည် ရုပ်ပိုင်း တော်လှန်ရေးကာလအတွင်းက လက်ဝဲ အလွန်အကျူ သမား တ ယောက်အဖြစ် ပါဝင်တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ ပြည်တွင်း ပြည်ပ ရန်မှုနစ်ရေး အတွေ့အကြုံများ ကြွယ်ဝသူလည်းဖြစ်သည်။

ကြမ်းတမ်းသော စုမတြား တော်လှန်ရေး ရဲဘော်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ပတ် အဒမ် (အဖ အဒမ်မာလစ်)နှင့် စည်းကမ်းရှိသော ဂျာဗား ကျွန်းသား စစ်သား ပတ် ဟာတို (အဖ ဆူဟာတို)တို့သည် အခြေခံသဘောသဘာဝခြင်းမတူညီခဲ့ကြသော်လည်း ယခုအခါ တူညီတိုက်ဆိုင်နေကြပြီဖြစ်သည်။ အစိုးရအဖွဲ့တွင်ဆူဟာတိုကပထမ အဒမ်မာလစ်ကဒုတိယဖြစ်ပြီး စူလတန် ဟာမင်ကူဘုဝိုနိုကတတိယ လူဖြစ်သည်။

အဒမ်မာလစ်သည် ဆူကာနို လက်ထက်က ကမ္ဘာကို အကောင်းအဆိုး ခွဲခြားခဲ့သော ဝါဒများကိုဖျက်သိမ်းလိုက်သည်။ ၎င်းပြင် ၁၉၆၅ စက်တင်ဘာ ၃၀ အရေးအခင်း ဖြစ်ပြီးကတည်းက ဂျကာတာနှင့် ပီကင်း ပုံမှန် ဆက်ဆံရေးကို ရပ်သိမ်းလိုက်သည်။ ၁၉၆၆ ဧပြီ ၄ ရက်နေ့တွင် ဝန်ကြီး အဒမ်မာလစ်သည် အင်ဒိုနီးရှားနိုင်ငံ၏လွတ်လပ်သော ထိရောက်သည့် နိုင်ငံရေးဝါဒများကို ထုတ်ပြန်ကြေညာသည်။

မလေးရှား ဆန့်ကျင်ရေး ဝါဒကို ၁၉၆၆ ဩဂုတ်လတွင် တရားဝင် အပြီးသတ်ခဲ့ပြီး ၁၉၆၇ ဩဂုတ် ၃၁ ရက်နေ့တွင် အင်ဒိုနီးရှားနှင့် မလေးရှား အချိန်ပြည့် သံတမန် ဆက်သွယ်မှု ပြုခဲ့သည်။ ရက်များမကြာမီ အင်ဒိုနီးရှားနှင့် စင်္ကာပူ သံတမန် ဆက်သွယ်မှု ပြုပြန်သည်။

၁၉၆၆ ခု စက်တင်ဘာလ ၂၈ ရက်နေ့တွင် အင်ဒိုနီးရှား နိုင်ငံသည် ကုလသမဂ္ဂမှ ထွက်ခဲ့ပြီး ၁၉ လအကြာ ပြန်လည်၍ ဝင်ရောက်ခဲ့သည်။ သမ္မတဟောင်း ဆူကာနို၏ အင်ဒိုနီးရှား တကိုယ်တည်းဝါဒ ပျက်ပြားခဲ့လေပြီ။

၁၉၆၇ ခုနှစ် လွတ်လပ်ရေးနေ့၌ ပြည်သူ့လွှတ်တော် ကိုယ်



စားလှယ်များအား သမ္မတ ဆူဟာတိုက မိန့်ခွန်း ပြောကြားရာတွင် အင်ဒိုနီးရှား နိုင်ငံခြားရေးဝါဒသည် ရှေးဦးစွာ ပဥ္စသီလ အတွေးအခေါ်နှင့် ၁၉၄၅ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အခြေခံရမည်ဟု ရှင်းပြခဲ့သည်။ အင်ဒိုနီးရှား နိုင်ငံခြားရေး ဝါဒသည် လွတ်လပ်သော ဝါဒတရပ်ဖြစ်၍ ကိုလိုနီဝါဒ၊ နယ်ချဲ့ဝါဒတို့ကို ဆန့်ကျင်သည်။ ၎င်းပြင် လက်တွေ့ကျပြီး နိုင်ငံနှင့် လူမျိုးအတွက် အသုံးဝင်ရမည်။

သမ္မတ ဆူဟာတိုက ကမ္ဘာ့ နိုင်ငံများနှင့် ဆက်ဆံရာတွင် နှစ်နိုင်ငံ အကျိုးရှိမှု၊ တနိုင်ငံနှင့် တနိုင်ငံ၊တဦး ကိစ္စများကို ကျန်တဦးက မနှောင့်ယှက်ပဲ အပြန်အလှန် လေးစားမှုတို့ကို လိုလားသည်။

"အင်ဒိုနီးရှား ပြည်သူတွေက အင်ဒိုနီးရှား မြေပေါ်မှာ ကွန်မြူနစ် အတွေးအခေါ် အယူအဆတွေကို တားမြစ် ထားကြပါတယ်၊ သို့သော်လဲ ဒါဟာ အင်ဒိုနီးရှား ပြည်သူတွေက ဆိုရှယ်လစ်နဲ့ ကွန်မြူနစ် နိုင်ငံတွေကို မိတ်ဆွေဖြစ် မဆက်ဆံချင်ဘူး ဆိုတာနဲ့ တခြားစီပါ"ဟု ဆူဟာတိုက ရှင်းပြသည်။

အင်ဒိုနီးရှားနှင့် ကွန်မြူနစ်နိုင်ငံများ ဆက်ဆံရေးသည် စက်တင်ဘာ ၃၀-အရေးအခင်း ဖြစ်စက 'တန့်' သွားခဲ့သော်လည်း၊ ယခုအခါ ပုံမှန် ဆက်ဆံရေး တိုးတက် ကောင်းမွန်လျက်ရှိသည်။ အင်ဒိုနီးရှားနှင့် တရုတ်၊ ဆိုဗီယက်၊ ဆက်သွယ်မှု ပို၍ တိုးတက်လာသည်။

သမ္မတအပါအဝင် နိုင်ငံခြား သတင်းစာဆရာများ၊အရေးပါ ပုဂ္ဂိုလ်များသည် နိုင်ငံအသီးသီးမှ အင်ဒိုနီးရှားသို့ ဝင်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



လာနေကြသည်။ အင်ဒိုနီးရှား ပြည်သူများသည် ခရီးသွားခြင်းကို နှစ်ခြိုက်တတ်ကြသည်။ သူတို့ကိုယ်တိုင်လည်း အမြဲတမ်း ခရီးသွား နေကြသည်။

၁၉၆၇-ခုနှစ် ဩဂုတ်တွင် အေစီယင်ခေါ် အရှေ့တောင် အာရှ နိုင်ငံများ အသင်းကြီး၌ အင်ဒိုနီးရှားနိုင်ငံက အရေးပါစွာ ပါဝင်ခဲ့သည်။ ယင်းအသင်းကြီးတွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ ယိုးဒယားနှင့် ဖိလစ်ပိုင်တို့ ပါဝင်ကြသည်။

"ဗိုလ်ချုပ်ကြီး ဆူဟာတိုဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ တည်ငြိမ်အောင် ကြိုးပန်းနေမှုဟာ အခုအချိန်မှာ ဆိုရင် အတော့်ကို အခြေအနေ ကောင်းမွန်လာပြီ" ဟု သတင်းစာဝဖန်သူ တဦးက ပြောသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မာလစ်၏ စကားတခွန်းသည်လည်း မှတ်သားစရာ ကောင်းသည်။

"ဝမ်းဗိုက်လုံခြုံရေးကို ဦးစားပေးရမယ်"

× × ×



၂၄

## လေးလံသော ဝန်ထုပ်ကြီး

ဆူဟာတို၏ ခေါင်းဆောင် ဖြစ်လာမှုကို ကမ္ဘာကရော၊ သူကိုယ်တိုင်ကပါ မမျှော်လင့် မထင်မှတ်ခဲ့သဖြင့် အံ့သြမဆုံး ဖြစ်မိသည်။ ကျေးတောသားကလေး တယောက်က ၁၉၆၈-မတ်လတွင် အင်ဒိုနီးရှား နိုင်ငံတော်၏ အမြင့်မားဆုံးသော နိုင်ငံအကြီးအကဲ သမ္မတ ရာထူးအထိ တက်လာခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ဤအဆင့်သည် ဆူဟာတို၏ ဘဝတာ လမ်းခရီး၌ နောက်ဆုံး အဆင့် မဟုတ်သေးသလို အင်ဒိုနီးရှား သမိုင်းစဉ်၏ နိဂုံးပိုင်းလည်း မဟုတ်ပေ။ ချီးကျူးဂုဏ်ပြု ထောပနာပြုနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သော ပုံတင်သံများ အကြားဝယ် သမ္မတ ဆူဟာတို၏ ကျောပေါ်တွင် တာဝန် ဟူသော လေးလံသည့် ဝန်ထုပ်ကြီး ရှိနေလေသည်။

အင်ဒိုနီးရှား ပြည်သူတို့သည် ဆူဟာတို ခေတ်တွင် အလွဲသုံးစားမှုများကို ပြင်းထန်စွာ ဆန့်ကျင် ဖိုဖျက်သွားလိမ့်မည်ဟု စိတ်အားထက်သန်စွာမျှော်လင့်မိကြသည်။ သတင်းစာများတွင်လည်း ထိပ်တန်း ပုဂ္ဂိုလ်ကြီးများ၏ အလွဲသုံးစားမှုများကို အသေးစိတ်ပြည့်စုံစွာ ရေးသား ဖော်ပြလေ့ ရှိသည်။ ပြည်ပတွင် အင်ဒိုနီးရှားတို့ နာမည်ပျက်လာသဖြင့် ပြည်တွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များ နှောင့်နှေးကုန်သည်။

ပြည်သူအတွင်း ဤကိစ္စများ ပြောမဆုံးပေါင် တော သုံးတောင် ပျံ့နှံ့လာသောအခါ ၁၉၆၇–ဒီဇင်ဘာ ၂-ရက် နေ့စွဲပါ သမ္မတ ရုံးကြေညာချက် အမှတ် ၂၂၈-ဖြင့် အထူး စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်း တည်ထောင်လိုက်သည်။ သို့ရာတွင် ဤအဖွဲ့မှ ဟုတ္တိပတ္တိ မယ်မယ်ရရအဖြေများ မျှော်လင့်ထားသလိုမရရှိခဲ့ပေ။

ရိုးသား၍ ခေတ်မီသော သမ္မတ ဆူဟာတိုအား ဝေဖန်ရေးသုံးသပ်ရေးများ မပြုလုပ်ကြပဲ၊ သူနှင့် ရင်းနှီးသော အနီးကပ်အရာရှိကြီးများအား ပုဂ္ဂိုလ်ရေး ပြစ်တင် ဝေဖန်လာကြသည်။ ဝန်ကြီး အဆင့် ရှိသူတို့၏ လုပ်ဆောင်ချက်များကို မကျေနပ်ကြပေ။

သမ္မတ ဆူဟာတိုက မြင့်မြတ်သော သဘောထား ကြီးသပီပီ သူ့ လက်အောက်ရှိ ဝန်ကြီးများနှင့် သူ့ လူများအတွက်



လုံးဝ တာဝန်ယူထားသည်။ သူ့ လူများက တာဝန်များ ပျက်ကွက်ကြသဖြင့် သမ္မတအပေါ် ထိခိုက်စေနိုင်သည်။

၁၉၄၅ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးအဖွဲ့ကို ပါလီမန်မှ တာဝန်မယူရချေ။ သမ္မတ ဆူဟာတိုက သူ့အား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းထားသောအာဏာကို ကိုင်စွဲလျက် ဝန်ကြီးများကို သူ့ဆန္ဒအတိုင်းဖြုတ်နိုင် ခန့်အပ်နိုင်ရကား၊ သူသည် သူ့ ဝန်ကြီးများ အတွက် လုံးဝတာဝန်ယူသင့်သည်ဟုသုံးသပ်မိသည်။

× × ×

၁၉၆၇ နှစ်ကုန်နှင့် ၁၉၆၈ နှစ်ဆန်း အချိန်တွင် အစိုးရနှင့် ပြည်သူဆက်ဆံမှု ကွာဟ သွားရသည်အဖြစ်နှင့် ကြုံကြိုက်ခဲ့သေးသည်။ အကြောင်းရင်းမှာ ကောက်သစ်မပေါ်မီ စပါး လက်ကျန် ပြတ်သွားသဖြင့် ပြည်သူတို့ ဆူပူကြခြင်းဖြစ်၏။

တာဝန်ရှိသောအရာရှိကြီးများက ပြည်တွင်းထုတ်ကုန်ပစ္စည်း တရပ် ရှားပါးမှုဖြစ်သော ဆန်ပြတ်သည့်ပြဿနာကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းခြင်း၊ စီမံကိန်း ချမှတ်ခြင်း အစ ရှိသည့် လုပ်ဆောင်ချက်များ ပျက်ကွက်ခဲ့ကြသည်။ ဘယ်လို ပြဿနာအခက်အခဲနှင့်ကြုံတွေ့လာနိုင်သည်၊ သို့ဖြစ်လျှင် ဘယ်လို ကျော်သွားအောင် ဆောင်ရွက်သင့်သည်၊ စသည်ဖြင့် မည်သူတစ်ဦးတယောက်ကမှ ပြည်သူနှင့် တွေ့ဆုံရှင်းပြခြင်း၊ အကြံယူခြင်း၊ အသိပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



များ၊မပြုလုပ်ခဲ့ကြပေ။တာဝန်ရှောင်လာကြသည်။ နှုတ်ပိတ်နေကြသည်။

နောက်ဆုံးတွင် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဆန္ဒပြနေကြသော တပ်ဦးကိုယ်စားလှယ်များအား သမ္မတဆူဟာတိုကိုယ်တိုင် တွေ့ဆုံ ဖြေရှင်းပေးရတော့သည်။ ဆန္ဒပြသူများက တာဝန် မကျေသော ဝန်ကြီးများ၊အလွဲသုံးစားပြုသူများ၊လုယူစား နေသူများကို ပြည်သူက မယုံကြည်ကြတော့ကြောင်း၊သမ္မတအာဏာသုံး၍ ချက်ခြင်းအရေးယူစေလိုကြောင်း တင်ပြကြသည်။

ကွန်မြူနစ်များကလည်း တစခန်းထရန် အားထုတ်လာတော့သည်။သမ္မတဟောင်း ဆူကာနိုအားလိုလားသောပုဂ္ဂိုလ်များကလည်း ဆူဟာတိုအပေါ် ယုံကြည်လက်ခံမှုမရှိကြပေ။

ဆူဟာတိုကလည်း အခက်အခဲများကို ကြိုးစား ဖြေရှင်းရင်း နိုင်ငံ၏တည်ဆောက်ရေး လုပ်ငန်းများ ကြိုးပန်း တည်ဆောက်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်လာသည်။ ဒေါ်လာ သန်း ၁၃၀ တန် ဂျာတီလူဟာ စီမံကိန်းကြီး ချမှတ် ဆောင်ရွက်သည်။ အနောက်ဂျာဗား ရေပေးရေး စီမံကိန်း အရ၊ရေပိုမိုရရှိသဖြင့် နှစ်စဉ် ဆန်တန် ၂၅၀,၀၀၀ ပိုမို ထုတ်လုပ်နိုင်မည် ဖြစ်သည်။ရေအား လျှပ်စစ်စက်ရုံသည် တနှစ်လျှင် ကီလိုဝပ် အားသန်း ၇၀၀ ထုတ်လုပ်မည်ဖြစ်သည်။

သမ္မတဆူဟာတိုက ဆန်တန် ၂၅၀,၀၀၀ ထုတ်လုပ် စိုက်ပျိုးရန် ရေမြောင်းများ၊ စက်ကရိယာများ မလုံလောက် သေးဟု တွက်မိသည်။



ဆူဟာတိုသည် သူ့တာဝန်ကို ကျေပြွန်စွာ တသက်တာလုံး ထမ်းဆောင်သွားမည်ဟု ဆုံးဖြတ်ချက်ချထားပြီးသူ တယောက်ဖြစ်သည်။သူသည် ပြည်သူတွေခံစားနေရသော အခက်အခဲ ဒုက္ခများကိုကျော်လွှားသွားအောင် ဆောင်ရွက်နိုင်သူဟု ယူဆသော လူတယောက်ပေါ်ပေါက်လာပါက သူသည် ရာထူးမှနုတ်ထွက်မည့် လူစားမျိုးဖြစ်သည်။

ပြုံးရွှင်လေ့ရှိသော ဗိုလ်ချုပ်ကြီး၏ မျက်နှာသည် လေးလံသော ဝန်ထုပ်ကြီး ကြောင့် တင်းတင်း ရင်းရင်း ရှိနေတော့သည်။

ဆူဟာတို၏အပြုံးကို ရေ့ရဲသော အပြုံး၊ အားပျော့သော အပြုံးဟု သမုတ်က တက်တက်စင် လွဲပေလိမ့်မည်။ သူ့အပြုံးသည် မာန်ပါ၍ တက်ကြွသော အပြုံး ဖြစ်၏။

ဆူဟာတို အတွက်ရော၊ အင်ဒိုနီးရှား နိုင်ငံအတွက်ပါ၊ ခရီးလမ်းက မဆုံးသေး။ အဆုံးလည်းမရှိ။ ဂျာဗား၊ စုမတြား နှင့် အီကွေတာ၏ ဝဲယာရှိ ထောင်ပေါင်း များစွာသော ကျွန်းများရှိ မြစ်များသည် ဖြည်းညှင်းစွာ စီးဆင်းလျက် ရှိကြကုန်သည်။

ဂျာဗားကျွန်း အလယ်ပိုင်းရှိ ကီမူစု ရွာကလေးသည်သည်း အနည်းအကျဉ်းမျှ ကြီးမားလာခဲ့ပြီ ဖြစ်၏။ သို့ရာတွင် လယ်ကွင်းပြင်တွေက ယခင်က အတိုင်းပင်။ တောင်သူလယ်သမား တွေကလည်း မြေကို ထွန်ယက်နေကြဆဲ ရှိသည်။

အင်ဒိုနီးရှား သမိုင်းသည် ဆူဟာတိုနှင့် အစပြုခြင်း မဟုတ်သလို ဆူဟာတိုနှင့် အဆုံးသတ်ခြင်းလည်း မဟုတ်။ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြုခြီးကျူး၍လည်း အများကြီး ပြောဆိုကြသည်။ ဝေဖန်စကားလည်း များစွာ ပြောကြသေးသည်။ သံသယကင်းသော အချက်တချက်မှာ ဆူဟာတိုသည် အင်ဒိုနီးရှား နိုင်ငံသမိုင်း၏ ကဏ္ဍတရပ်ကို ပိတ်ခဲ့ပြီး အခြားအခန်းတရပ်ကို ဖွင့်ခဲ့ခြင်း ဖြစ်သည်။

ဤကား ဂျာဗားမှ မြေမဲ့ကျွန်းသားတယောက်၏ သား ဖြစ်သော ကျေးတောသားကလေးက ဗိုလ်ချုပ်ကြီး ဖြစ်လာပြီး နိုင်ငံ၏ အကြီးအကဲ ခေါင်းဆောင်ကြီးတယောက် ဖြစ်လာသည့် သမိုင်းအမွေတရပ် ဖြစ်ပေတော့သတည်း။

ထီလာ စိုးမြင့်ထယ်
နံနက် ၂း၁၀ နာရီ
၁၈-၁၁-၉၅

# နောက်ဆက်တွဲ

ဆူဟာတို၏အတ္ထုပ္ပတ္တိအကျဉ်း
အင်ဒိုနီးရှားသမိုင်းစာရင်း
အင်ဒိုနီးရှားပထဝီ
မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ

www.burmeseclassic.com

www.burmeseclassic.com



## ဆူဟာတို့၏ အတ္ထုပ္ပတ္တိ အကျဉ်း

| | |
|---|---|
| ၁၉၂၁ ဇွန် ၈ | ဂျာဗားကျွန်း အလယ်ပိုင်းရှိ ဂျိုးဂျကာတာအနီး ဂိုဒင်အပိုင်း၊ ကီမူစူ အာဂမူဂျာ အမည်ရှိ ကျေးရွာတွင် မွေးဖွားသည်။ အစ္စလမ် ဘာသာဝင် တယောက် ဖြစ်သည်။ |
| ၁၉၂၈-၁၉၃၅ | ဗဟိုဂျာဗားကျွန်းရှိ ဆိုလို၊ ဝါကျန်တို့ရှိ တီဝါ(ဂျိုးဂျကာတာ) အရပ်များတွင် မူလတန်းကျောင်းတက်၍ ပညာဆည်းပူးသည်။ |

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၅-၁၉၃၉ ဂျိုးဂျကာတာနှင့် ဝါဂျန်တိုရှိ အရပ်ဒေသများရှိ အလယ်တန်းကျောင်းနှင့် ဘာသာရေး ကျောင်းများတွင် ပညာဆက်လက် ဆည်းပူးသည်။

၁၉၄၀ ဝါဂျန်တိုရှိ ဒေသတွင် အာဏ် အသေးကလေး တခု၌ အလုပ်သင်။

၁၉၄၀ ဇွန် ၁ နယ်သာလင် ဘုရင့်တပ်မတော်သို့ ဝင်ရောက်သည်။ ဗဟို ဂျာဗားကျွန်းရှိ ဂွမ်ဘာမ် အရပ်တွင် အခြေခံ စစ်ပညာကို စတင် သင်ကြားလေ့ကျင့်သည်။

၁၉၄၀ ဒီဇင်ဘာ ၂ ဂွမ်ဘာမ်ရှိ စစ်ဖက်ဆိုင်ရာ ကေဒါများ ကျောင်းသို့ ဆက်၍တက်သည်။

၁၉၄၁ တပ်ကြပ်ရာထူးသို့ တိုးမြှင့်ခံရသည်။ အရှေ့ဂျာဗားကျွန်းရှိ မလန် ဒေသအနီး ရန်ပယ် စခန်းရှိ တပ်ရင်း (၁၃)သို့ ပြောင်းရွှေ့ခံရသည်။ ဂွမ်ဘာမ်ရှိ စစ်ဖက်ဆိုင်ရာ ကေဒါများကျောင်းသို့ နောက်တကြိမ် ထပ်မံတက်အပြီးတွင် တပ်ကြပ်ကြီးရာထူးသို့ တိုးမြှင့်ခြင်းခံရပြန်သည်။

၁၉၄၂ နိုဝင်ဘာ ၁ ဂျိုးဂျကာတာရှိ အထောက်အပံ့ခံ ကိဘူဟိုပုလိပ်တပ်ဖွဲ့သို့ဆက်သွယ်ဝင်ရောက်သည်။



၁၉၄၃ ဂျပန် အထောက်အပံ့ခံ ပီတာ အပျော်တမ်း နိုင်ငံတော် ကာကွယ်ရေး စစ် တပ်ဖွဲ့သို့ ဆက်သွယ်ဝင်ရောက်သည်။

၁၉၄၃ အောက်တိုဘာ ဂ အရာရှိ(ဗိုလ်)ဖြစ်၍ တပ်စုမှူး ဖြစ်လာသည်။ နောင်တွင် ဂျိုးဂျကာတာ အရှေ့ပိုင်း ဝိတ်စခန်း၌ ပီတာ စစ်တပ်ခွဲ၏ စခန်းမှူး ဖြစ်လာသည်။

၁၉၄၄ ဂျာဗားကျွန်း အနောက်ပိုင်းရှိ ဘိုဂါ စစ်အရာရှိ သင်တန်းကျောင်းသို့ တက်သည်။ တပ်ခွဲမှူးရာထူးသို့ တိုးမြှင့် ခန့်အပ်ခြင်း ခံရသည်။

၁၉၄၅ ဆိုလို ဒေသရှိ ပီတာယူနစ်မှ နှုတ်ထွက်ပြီး အရှေ့ ဂျာဗားကျွန်း မက်ဒွန် အရပ်ရှိ ပီတာ ဌာနချုပ်သို့ ဝင်ရောက်သည်။ ၎င်းနောက် ဩဂုတ်လ အတွင်း ဂျပန်များအား တော်လှန် တိုက်ပွဲဝင်နေသော ပီတာတပ်ရင်းနှင့် ဆက်သွယ်ပြန်သည်။

၁၉၄၅ အောက်တိုဘာ ၅ ပြည်သူ့လုံခြုံရေးတပ် (ဘီကေအာ) သို့ ဝင်ရောက် ဆက်သွယ်သည်။ ၎င်းတပ်သည် အင်ဒိုနီးရှား တပ်မတော်၏ အဦးအစ တပ်ဖွဲ့ဖြစ်သည်။ ၎င်းနောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| | အဆိုပါ တပ်မှာပင် ဒုတိယ တပ်ရင်းမှူး ရာထူး ခန့်အပ်ခြင်း ခံရသည်။ |
| ၁၉၄၅ - ၁၉၄၉ | ဒုတိယ ဗိုလ်မှူးကြီး အဆင့်ဖြင့် တပ်ခွဲ၊ တပ်ရင်း အသီးသီးတွင် တပ်ရင်းမှူး တာဝန် ထမ်းဆောင်သည်။ ဒတ်ချ်တို့ အုပ်စိုးနေသော ကာလတွင် ဂျိုးဂျကာတာဒေသတဝိုက် စစ်ဆင်ရေး၌ ပါဝင်ဆင်နွှဲသည်။ |
| ၁၉၅၀ | အမျိုးသားတပ်မတော်တွင် ဒုတိယ ဗိုလ်မှူးကြီး ရာထူးအဆင့် အတည်ပြုမိန့် ရရှိသည်။ စူလာဝေစီ တောင်ပိုင်းဒေသရှိ မတရမ်၁ တပ်ရင်းနှင့် အို၂ တပ်ခင်းတို့၏ တပ်မမှူးအဖြစ် တာဝန် ထမ်းဆောင်ရသည်။ |
| ၁၉၅၁ နိုဝင်ဘာ ၁၅ | ဂျာဗားကျွန်း အလယ်ပိုင်းဒေသ၊ နယ်မြေ ၄၊ ပရာဂိုလာ တပ်၏ တပ်မှူးအဖြစ် ဆောင်ရွက်သည်။ |
| ၁၉၅၃ မတ် ၁ | နယ်မြေ ၄၊ ကာကွယ်ရေး တပ်ရင်း အမှတ် ၁၅ တွင် တပ်မှူးအဖြစ် ဆောင်ရွက်သည်။ |

---

၁ Mataram

၂ O



| | |
|---|---|
| ၅၆ | တပ်မတော်စီမံကိန်း ဦးစီးဌာနတွင် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် တာဝန်ထမ်းရွက်သည်။ |
| ၅၆ မတ် ၁ | ဂျာဗားကျွန်း အလယ်ပိုင်းဒေသ တပ်များ၏ ဦးစီးချုပ်အဖြစ် ဆောင် ရွက်သည်။ |
| ၅၆ စက်တင်ဘာ ၃ | တပ်မှူးချုပ် (ဂျာဗားကျွန်းအလယ်ပိုင်း) တာဝန်ကို ထမ်းဆောင်သည်။ |
| ၅၇ ဇန်နဝါရီ ၁ | ကြည်းတပ်တွင် ဗိုလ်မှူးကြီး ရာထူးသို့ တိုးမြှင့် ခန့်အပ်ခံရသည်။ |
| ၅၇ စက်တင်ဘာ ၁ | မေ့လန်ဒေသ အမျိုးသား ကာကွယ်ရေး ကျောင်းတွင် အဖွဲ့ဝင်တဦး ဖြစ်လာသည်။ |
| ၅၉-၁၉၆၀ | အနောက်ဂျာဗား ဘန်ဒေါင်းရှိ ကာကွယ်ရေး အရာရှိ သင်တန်း ကောလိပ် အမှတ်စဉ် ၁၁ သို့တက်ရောက်သင်ကြားသည်။ |
| ၆၀ ဇန်နဝါရီ ၁ | ဒုတိယ ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့် ခံရသည်။ |
| ၆၀ မတ် ၁ | ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) လေတပ် တပ်မှူး ချုပ်နှင့် တပ်မတော် တပ်ရင်း ၁ တပ်မှူး။ |

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၀ ဒီဇင်ဘာ ၁၇ — တပ်မတော် ဌာနဆိုင်ရာ ကော်မိတီအ... ၏ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သည်။

၁၉၆၁ ဇွန် — ဘဲဂရိတ်၁၊ ပဲရစ်၂ နှင့်ဘွန်း၃ မြို... များတွင် အင်ဒိုနီးရှားစစ်သံမှူးတာဝ... များ ထမ်းရွက်သည်။

၁၉၆၂ ဇန်နဝါရီ ၁ — ဒု-ဗိုလ်ချုပ်ကြီး ရာထူးသို့ တိုးမြှင့်ခ... ခံရပြန်သည်။

၁၉၆၂ ဇန်နဝါရီ ၂၃ — အနောက်အီရီယံလွတ်မြောက်ရေး ... ပေါင်းစုမှုနှင့် အရှေ့အင်ဒိုနီးရှားဒေ... ဆိုင်ရာ တပ်မှူး တာဝန် ထမ်းဆော... သည်။

၁၉၆၃ မေ ၁ — ကောစရက်တပ်များ၏ တပ်ပေါင်းစု... တာဝန် ထမ်းရွက်သည်။

၁၉၆၅ ဇန်နဝါရီ ၁ — မလေးရှားနှင့် ဆန့်ကျင် တိုက်ခိုက်ေ... တပ်များ ၏ အမိန့်ပေး တပ်မှူး အဖြ... ဆောင်ရွက်သည်။

၁၉၆၅ အောက်တိုဘာ ၁ — အင်ဒိုနီးရှား ကွန်မြူနစ်ပါတီနှင့် စ... တင်ဘာ ၃၀ လှုပ် ရှား မှု အမည်... သောင်းကျန်းသူများအား ရင်ဆိုင်တို...

---

၁ Belgrade

၂ Paris

၃ Bonn



ခိုက်ရသော တပ်မတော်၏ယာယီခေါင်း ဆောင်ဖြစ်သည်။

၁၉၆၅ အောက်တိုဘာ ၂ — နိုင်ငံတော် လုံခြုံရေးနှင့် အုပ်ချုပ်ရေး အတွက် ၁၉၆၅ အောက်တိုဘာ ၁ ရက် နေ့စွဲဖြင့် တာဝန်ယူရန် သမ္မတ ဆူကာနို က လွှဲအပ်ခြင်း ခံရသည်။

၁၉၆၅ အောက်တိုဘာ ၁၆ — တပ်မတော် ကာကွယ်ရေး စစ်ဦးစီး ချုပ်နှင့် ဝန်ကြီးတာဝန် ဖူးတွဲထမ်းရွက် သည်။

၁၉၆၆ ဖေဖော်ဝါရီ ၁ — ယာယီဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ခံရ သည်။

၁၉၆၆ ဖေဖော်ဝါရီ ၂၁ — တိုးတက်သော ကဲဘိနက်တွင် ကာကွယ် ရေး ဦးစီးချုပ်နှင့် ဝန်ကြီး အဖြစ် ခန့် အပ်ခြင်းခံရသည်။

၁၉၆၆ မတ် ၁၁ — မတ်လ ၁၁ ရက် နေ့စွဲဖြင့် နိုင်ငံတော် အုပ်ချုပ်မှု အာဏာများကို ဆူကာနိုမှ ခွဲဝေ လွှဲပြောင်းပေး၍လက်ခံရယူသည်။

၁၉၆၆ မတ် ၂၇ — လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ဒုတိယ ဝန်ကြီးချုပ် အဖြစ် ဆောင်ရွက်သည်။ ကာကွယ်ရေးဦးစီးချုပ်နှင့် ဝန်ကြီး တာ ဝန် ကိုလည်း ယူထားသည်။

၁၉၆၆ ဇွန် ၂၀ — ပြည်သူ့ လွှတ်တော်မှ ဆုံးဖြတ်ချက် အ ပိုဒ် ၉/၁၉၆၆ ဖြင့် မတ်လ ၁၁ ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| | အမိန့်ကို အတည်ပြုသည်။ |
| ၁၉၆၆ ဇူလိုင် ၁ | တပ်မတော် ကြည်းတပ် ဗိုလ်ချုပ်ကြီးအဖြစ် အမြဲတမ်း ခန့်အပ်ခြင်း ခံရသည်။ |
| ၁၉၆၆ | ကဲဘိနက်ကို သမ္မတ ဆူကာနိုနှင့် အတူပါဝင်ဖွဲ့စည်းရန် ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ချက် အပိုဒ် ၁၃/၁၉၆၆ ဖြင့် တာဝန်ပေးအပ်သည်။ |
| ၁၉၆၆ ဇူလိုင် ၂၅ | ကဲဘိနက် သဘာပတိ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာဝန်ကြီး၊ ကာကွယ်ရေး ဦးစီးချုပ်နှင့် ဝန်ကြီး တာဝန်များ ထမ်းဆောင်သည်။ |
| ၁၉၆၇ မတ် ၁၂ | ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက် အပိုဒ် ၃၃/၁၉၆၇ အရ ခေတ္တ သမ္မတရာထူးတွင် ထမ်းဆောင်သည်။ |
| ၁၉၆၈ မတ် ၂၇ | ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက် အပိုဒ် ၄၄/ ၁၉၆၈ ဖြင့် နိုင်ငံတော်သမ္မတဖြစ်လာသည်။ |
| ၁၉၆၈ မတ် ၂၈<br>ဧပြီ ၄ | ဂျပန်နှင့် ကမ္ဘောဒီးယားသို့ ချစ်ကြည်ရေးခရီးထွက်ခဲ့သည်။ |
| ၁၉၆၉ ဩဂုတ် ၁၆ | လွတ်လပ်ရေးနေ့ ညနေခင်း အချိန်ဝယ် ပြည်သူ့လွှတ်တော် ညီလာခံ၌ အောက်ပါ အချက် (၉) ချက်ပါသော မိန့်ခွန်းကို မြွက်ကြားသည်။ |



၁။ အနောက်အီရီယံကျွန်း ဖွံ့ဖြိုးရေး အရေးကြီးသည်။

၂။ ငါးနှစ်စီမံကိန်း မအောင်မြင်လျှင် လူထုက အစိုးရကိုယုံကြည်မှု ကင်းမဲ့လိမ့်မည်။

၃။ 'အမိန့်သစ်' သည် ဒီမိုကရေစီနှင့် ညီညွတ်ခြင်းကို အခြေခံပြီး အလုပ် လုပ်ကြရမည့် စိတ်ဓာတ်ကို အခြေခံသည်။

၄။ ပညာရေးသည်ကလေးသူငယ်များအား ပဉ္စသီလ စိတ်ဓာတ် အပြည့်အဝနှင့် နိုင်ငံတော်နှင့် လူမျိုး အတွက် အသုံးဝင်သည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရမည်။

၅။ ဘုရားသခင်၌ ယုံကြည်မှုကို လက်တွေ့ကျင့်ပြကြရမည်။

၆။ လွှတ်တော်က သတ်မှတ်ပေးသောအချိန်တွင်အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပမည်။

၇။ လူဦးရေများပြီး ကုန်ထုတ်မှု နည်းမည်ဖြစ်၍ ပဋိသန္ဓေကို အကန့် အသတ်ဖြင့် တားဆီးရေး အစီအစဉ်စသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



၈။ လက်နက်ကိုင် တပ်ဖွဲ့ များသည် ပြည်သူ့တပ်ဖွဲ့များ ဖြစ်စေရမည်။

၉။ စစ်ရေးကျူးကျော် တိုက်ခိုက်မှု မရှိပါ။ ကိုယ့်နိုင်ငံ ပိုင်နက်ကိုသာ ကာကွယ်စောင့်ရှောက်မည်။

၁၉၇၄ ဩဂုတ် ၂၆ — မြန်မာနိုင်ငံသို့ ၄ ရက်ကြာ ချစ်ကြည်ရေးခရီးထွက်ခဲ့သည်။

၁၉၇၅ ဇွန် ၁၀ — အင်ဒိုနီးရှားတွင် ကွန်မြူနစ် အန္တရာယ်ရှိနေကြောင်း၊ အစိုးရ ဌာန အချင်းချင်း ညှိနှိုင်း ဆောင်ရွက်မှု ပိုမို ပြုလုပ်ကြရန် စစ်တပ်များကို ယနေ့ အမိန့်ထုတ်ဆင့်လိုက်သည်။

၁၉၇၅ ဇွန် ၁၁ — အရှေ့တောင် အာရှ ဒေသ၏ အနာဂတ်တွင် နိုင်ငံခြား အကျိုးစီးပွားများ ကြီးစိုး လွှမ်းမိုးခြင်းကို ခွင့်မပြုရန် အေဆီယံ[၁] က သဘောတူ ထားကြောင်း



အေဆီယံသည် အခြား အင်အားကြီး နိုင်ငံ သို့မဟုတ် ကမ္ဘာ့နိုင်ငံများကို ဆန့်ကျင်ရန် မရည်ရွယ်၊ နားလည်မှုနှင့် အပြန်အလှန် ယုံကြည်ကိုးစားမှု ရှိမှသာ ငြိမ်းချမ်းရေးရရှိနိုင်မည်။ အင်အား အသုံးပြုခြင်း၊ သံသယစိတ် ဝင်ခြင်း တို့သည် ငြိမ်းချမ်းရေး မရရှိနိုင်ဟုကျွန်ုပ်တို့ ယုံကြည်ကြောင်းဖြင့် ယနေ့ည ညစာ ထိုင်းဝန်ကြီးချုပ် ပရာမောအား ဂုဏ်ပြု ညစ်ခံရာ၌ ပြောကြားသည်။

၁၉၇၅ ဇွန် ၁၈ — အင်ဒိုချိုင်းနားတွင် ငြိမ်းချမ်းရေး ပြန်လည် ထူထောင်နိုင်ခြင်းကို သမ္မတ ဆူဟာတိုက ထိုင်းဝန်ကြီးချုပ်နှင့် ပူးတွဲ ကြေညာသည်။

၁၉၇၅ ဇူလိုင် ၈ — အီရန်၊ ယူဂိုဆလပ်၊ ကနေဒါ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံ များသို့ ချစ်ကြည်ရေးခရီး လှည့်ရာမှ ယနေ့ ဂျကာတာမြို့သို့ ပြန်ရောက်သည်။

၁၉၇၆ မေ ၃၁ — ဘက်မလိုက် နိုင်ငံများ အစည်းအဝေး ပြင်ဆင်ရေးနှင့် ပတ်သက်၍ ယူဂိုဆလပ် ဒုတိယ နိုင်ငံခြားရေး ဝန်ကြီး ဆာဘာ မော့ဆော့နှင့် တွေ့ဆုံ ဆွေးနွေးသည်။

---

၁ ASEAN (The Association of South-East Asian Nations) အရှေ့တောင် အာရှ နိုင်ငံများအသင်းကို ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်နေ့တွင် စတင် တည်ထောင်ခဲ့ကြသည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်း နိုင်ငံတို့ ပါဝင်သည်။ ဖွံ့ဖြိုးရေး၊ အပြန်အလှန် ယှိုင်းပင်းကူညီရေးများအတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၆ ဇွန် ၃ ထိုင်းနိုင်ငံခြားရေး ဝန်ကြီး ပီချိုင်ရက်တကကူလ်နှင့် တွေ့ဆုံ ဆွေးနွေးသည်။ ဗိုလ်ချုပ်ကြီးရာထူးမှ အငြိမ်းစား ယူလိုက်သည်။ သို့သော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စစ်ဦးစီးချုပ် ရာထူးကို ဆက်လက် ခံယူထားမည်ဖြစ်ကြောင်း ကြေညာသည်။

× × ×



## အင်ဒိုနီးရှား သမိုင်းစာရင်း

၁၉၄၅ ဩဂုတ် ၁၇ အင်ဒိုနီးရှား နိုင်ငံတော်သစ်ဟု မွေးဖွားပေါ်ပေါက် လာသည်နှင့် တပြိုင်နက် သမ္မတ ဆူကာနိုနှင့် ဒုတိယ သမ္မတ ဟတ်တာ၁တို့ ပူးတွဲ၍ အင်ဒိုနီးရှားနိုင်ငံသည် လွတ်လပ်သော သမ္မတနိုင်ငံ ဖြစ်ကြောင်း ကြေညာလိုက်သည်။

---

၁ Hatta

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅ ဩဂုတ် ၁၈ ၁၉၄၅- ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရေးဆွဲ အတည်ပြု ပြဋ္ဌာန်းသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် သမ္မတအာဏာ ထိရောက်မှု၊ ပါလီမန်၊ ပြည်သူ့လွှတ်တော်၊ (အမြင့်ဆုံး ဥပဒေပြု အာဏာပိုင်အဖွဲ့အစည်း)၊ နိုင်ငံတော်အကြံပေးကောင်စီနှင့် နိုင်ငံတော် သဏ္ဌာရေး ကော်မီတီတို့ကို ခိုင်မာစွာ ပြဋ္ဌာန်းပေးထားသည်။

၁၉၄၅ စက်တင်ဘာ အင်ဒိုနီးရှား တိုင်းရင်းသားများနှင့် ဒတ်ချ်[၁] လူမျိုး အင်အားစုများ ကျယ်ပြန့်စွာ တိုက်ပွဲ ဆင်နွှဲကြသည်။ ဂျပန်ကို လက်နက်ချခိုင်းမည့်ဗြိတိသျှတပ်များနှင့် အတူ ဒတ်ချ်တို့သည် အင်ဒိုနီးရှား နိုင်ငံတွင်းသို့ ပြန်လည် ဝင်ရောက်လာသည်။

၁၉၄၅ နိုဝင်ဘာ ၁၀ အင်ဒိုနီးရှား လူမျိုးတို့နှင့် ဗြိတိသျှတပ်များ တိုက်ပွဲဖြစ်ကြသည်။

၁၉၄၅ နိုဝင်ဘာ ၁၄ အသစ် ခန့်အပ်ခြင်း ခံရသော ဝန်ကြီးချုပ် စူတန်ရှာရီယာ[၂] က ပါလီမန်နှင့် ပါတီစနစ်ကို တိုင်းပြည်သို့ ကြေညာသည်။

---

[၁] Dutch

[၂] Sutan Sjahrir



၁၉၄၆ ဇန်နဝါရီ ၄ အနောက် ဂျာဗားတွင် အဆက်မပြတ် တိုက်ပွဲများ ဖြစ်ပွားနေသဖြင့် အင်ဒိုနီးရှား အစိုးရရုံးစိုက် ဌာနကို ဂျကာတာမှ ဂျိုးဂျကာတာသို့ ပြောင်းရွှေ့လိုက်ကြသည်။

၁၉၄၆ ဖေဖော်ဝါရီ ၁၀ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အင်ဒိုနီးရှား ပြဿနာအား အခြေ အတင် ဆွေးနွေးအပြီး နယ်သာလင်[၁]နှင့် အင်ဒိုနီးရှား သမ္မတနိုင်ငံတော် ကိုယ်စားလှယ်များ နှစ်ဦး နှစ်ဖက် ပထမဆုံး တွေ့ဆုံဆွေးနွေးကြသည်။

၁၉၄၇ မတ်လ ၂၅ ဂျာဗား၊ မဒူရာ[၂] နှင့် စုမတြားတို့အား အသိအမှတ်ပြု အုပ်စိုးခြင်းကို လင်ဂါဂျာတီ[၃] သဘောတူစာချုပ်အား အင်ဒိုနီးရှားနှင့် နယ်သာလင်တို့ လက်မှတ်ရေးထိုး ကြသည်။ တိုက်ပွဲများကား ဆက်လက် ဖြစ်ပွားဆဲ။

၁၉၄၇ ဇူလိုင် ၂၁ ရှေးဦး ဒတ်ချ်တို့၏ ပုလိပ် အရေးအခင်း စတင် ဖြစ်ပွားသည်။

---

[၁] Netherlands

[၂] Madura

[၃] Linggardjati (အရပ်ဒေသ၏ အမည်ဖြစ်သည်)။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈ ဇန်နဝါရီ ၁၇ အင်ဒိုနီးရှားအစိုးရနှင့် နယ်သာလင်တို့ ရင်ဗီလီ[1] စာချုပ် လက်မှတ် ရေးထိုးကြသည်။ ယင်းစာချုပ်အရ ယာယီ စစ်ရပ်စဲရေး၊ ဒတ်ချ် နိုင်ငံရေး စည်းမျဉ်း ၁၂-ချက်နှင့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီမှ ဖွဲ့စည်းပေးထားသော ကော်မီတီ၏ စည်းမျဉ်း ၆-ချက်တို့ သဘောတူကြသည်။ မတည်ငြိမ်သော ရန်ဖြစ်မှု ချုပ်ငြိမ်းသွားသည်။ ဒတ်ချ်တို့ အုပ်စိုးမှု လက်အောက်မှ အင်ဒိုနီးရှားတို့ လွတ်မြောက်ခဲ့ပြီး ဖြစ်သည်။

၁၉၄၈ စက်တင်ဘာ ၁၈ ကွန်မြူနစ်သူပုန်တို့ ပုန်ကန်လှုပ်ရှား ထကြွကြသည်။

၁၉၄၈ ဒီဇင်ဘာ ၁၉ ဒတ်ချ် ပုလိပ်အရေးအခင်း ထပ်မံဖြစ်ပွားသည်။ နိုင်ငံတော်၏ မြို့တော် ဂျိုးဂျကာတာသည် ဒတ်ချ်တို့ လက်သို့ ပြန်လည် ကျဆင်းသွားရပြန်သည်။ အင်ဒိုနီးရှား ဝန်ကြီးများ အဖမ်းအဆီး ခံကြရသည်။ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားသည်။ စုမတြားတွင် အရေးပေါ် ကဲဘိနက် ခေါ်ရသည်။

[1] Renville



၁၉၄၉ ဇန်နဝါရီ ၂၀ အာရှ ၁၉-နိုင်ငံ ကွန်ဖရင့်တရပ်ကို နယူးဒေလီ[1]တွင် ကျင်းပပြီး ဒတ်ချ် ပုလိပ်အရေးအခင်းကို ရှုတ်ချ၍ ၁၉၅၀-ဇန်နဝါရီ ၁-ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှု အပြည့်အဝ ရရှိရေး တောင်းဆိုလိုက်သည်။

၁၉၄၉ ဇန်နဝါရီ ၂၈ စစ်ရပ်စဲရေးနှင့် အဖမ်းခံနေရသော ဝန်ကြီးများအား ပြန်လွှတ်ရေး အတွက် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အစည်းအဝေးမှ ဆုံးဖြတ်သည်။

၁၉၄၉ မေ ၇ နောက်ထပ်မျက်နှာစုံညီတွေ့ဆုံ ဆွေးနွေးရန် အင်ဒိုနီးရှားအစိုးရကိုပြန်လည်အသိအမှတ် ပြုရန်နှင့် ပဋိပက္ခရန်ဖြစ်မှု ကြေအေးရန် ရိုရင်ဗင်ရိုရင် စာချုပ်[2] ကို အင်ဒိုနီးရှားနှင့် နယ်သာလင်တို့ နှစ်ဦးနှစ်ဖက် သဘောတူ လက်မှတ် ရေးထိုးကြသည်။

၁၉၄၉ ဩဂုတ် ၂၃ နိုဝင်ဘာ ၂ ကုလသမဂ္ဂ၏ အကူအညီဖြင့် မျက်နှာစုံညီ ဆွေးနွေးပွဲကို ဟိတ်တွင် ကျင်းပပြုလုပ်သည်။ ၁၉၄၉ခု ဒီဇင်ဘာ ၂၇

[1] New Delhi

[2] Roem/van Royen Agreement

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| | ရက်နေ့ထက် နောက်မကျစေပဲ နယ်သာလင် အုပ်ချုပ်ခဲ့သော အရှေ့အင်ဒီး (အနေဘက်နယူးဂီနီမှ လွဲ၍) ဒေသတခုလုံးကို အင်ဒိုနီးရှား ပြည်ထောင်စုသို့ လွှဲပြောင်း ပေးအပ်လိုက်သည်။ |
| ၁၉၄၉ ခု ဒီဇင်ဘာ ၂၇ | အချုပ်အချာ အာဏာများ လွှဲပြောင်း ရယူသည်။ |
| ၁၉၅၀ မေ ၁၉ | ပြည်နယ် ကျွန်းစုများမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စု ကိုယ်စားလှယ်များ တပေါင်းတစည်းတည်း ဖြစ်သော အင်ဒိုနီးရှား သမ္မတနိုင်ငံတော်ကြီး ထူထောင်ရန် သဘောတူညီမှု ရရှိကြသည်။ ၁၉၅၀ခုနှစ် ဩဂုတ်တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံတော်ဟု ကြေညာသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ် ရေးဆွဲ ထုတ်ပြန်သည်။ |
| ၁၉၅၂ အောက်တိုဘာ ၁၇ | စစ်တပ်အရာရှိများ ဆူပူဆန္ဒပြကြသည်။ |
| ၁၉၅၄ ဩဂုတ် ၁၀ | ဒတ်ချ် အင်ဒိုနီးရှား ပူးတွဲနိုင်ငံ ထူထောင်ရေး အစီအစဉ် ပျက်ပြားသွားသည်။ |
| ၁၉၅၅ ဧပြီ ၁၈-၂၄ | ဘန်ဒေါင်းတွင် အာရှ၊ အာဖရိက ညီလာခံ ကျင်းပသည်။ |



| | |
|---|---|
| ၁၉၅၅ စက်တင်ဘာ ၂၉ | အင်ဒိုနီးရှား နိုင်ငံ၏ ပထမအကြိမ် အထွေထွေရွေးကောက်ပွဲ ကျင်းပသည်။ ပါလီမန်တွင် ပါတီ ၄ခု ထင်ရှားစွာ ပေါ်ပေါက် လာသည်။ ယင်းတို့မှာ နေရှင်နယ်လစ်ပီကေအိုင်[၁] မူစလင်မတ်ဂျူမီ[၂]၊ မူစလင်နဒါတာအူလမာ[၃] နှင့် ကွန်မြူနစ်ပီကေအိုင် ပါတီတို့ ဖြစ်သည်။ |
| ၁၉၅၆ ဒီဇင်ဘာ ၁ | ဆူကာနို၏ ဝါဒကို ဆန့်ကျင်သောအားဖြင့် ဒေါက်တာဟတ်တာသည် ဒုတိယသမ္မတရာထူးမှနှုတ်ထွက်သွားသည်။ |
| ၁၉၅၇ ဖေဖော်ဝါရီ ၂၁ | ပါလီမန်အစိုးရ၏ အခက်အခဲများကို ကျော်လွှားသွားနိုင်ရန် သမ္မတဆူကာနိုသည် သူ၏ အတွေးအခေါ် ဖြစ်သော လမ်းညွှန် ဒီမိုကရေစီကို ပထမဆုံး အကြိမ် ကြေညာသည်။ |
| ၁၉၅၇ နိုဝင်ဘာ ၂၉ | အနောက်အီရီယံပြဿနာနှင့်ပတ်သက်၍ အင်ဒိုနီးရှားနှင့် နယ်သာလင်တို့ သင့်မြတ်ရေး အဆိုပြုချက်ကို ကုလသမဂ္ဂ အထွေထွေညီလာခံက ပယ်ချသည်။ |

---

၁ Nationalist P.K.I
၂ Moslem Masjumi
၃ Moslem Nahdatul Ulama

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၉၅၇ ဒီဇင်ဘာ ၁ | ဒတ်ချ် ဆန့်ကျင်ရေးလုပ်ငန်းများစတင်လာသည်။ ဒတ်ချ်ပိုင် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင် သိမ်းပိုက်လိုက်သည်။ |
| ၁၉၅၈ | စုမတြားနှင့် စူလာဝေစီ ဒေသများတွင် ပြင်းထန်သော လက်နက်ကိုင် ပုန်ကန်မှုများ ဖြစ်ပွားသည်။ အစိုးရတပ်များနှင့် သောင်းကျန်းသူတို့တိုက်ပွဲများ ဖြစ်ပွားသည်။ |
| ၁၉၅၈ ဖေဖော်ဝါရီ ၂၅ | အင်ဒိုနီးရှား တော်လှန်ရေး အစိုးရ၏ ကြေညာချက်ထွက်ပေါ်လာသည်။ |
| ၁၉၅၉ ဇူလိုင် ၅ | ပါလီမန်ကို ဖျက် သိမ်း ကြောင်း နှင့် ၁၉၄၅ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုံစံ အတိုင်း ပြန်လည် ချီတက်ရန် သမ္မတ ဆူကာနိုက ကြေညာချက်ထုတ်ပြန်လိုက်သည်။ |
| ၁၉၆၁ ဒီဇင်ဘာ ၁၉ | အနောက် အီရီယံ ဒေသအား လွတ်မြောက်အောင် တိုက်ပွဲ ဝင်ရေး အတွက် အဆင်သင့် ရှိနေကြစေရန်လက်နက်ကိုင်တပ်များသို့ ဆူကာနိုကအမိန့်ပေးသည်။ |
| ၁၉၆၂ ဩဂုတ် ၁၅ | ကုလသမဂ္ဂ ၏ ကြီးကြပ်မှုဖြင့် အင်ဒိုနီးရှားနှင့် နယ်သာလင် တို့သည် နယူးဂျောက် သဘောတူညီချက်ကို အဆုံး |



| | |
|---|---|
| | သတ်လိုက်သည်။ အနောက် အီရီယံတွင် ၁၉၆၂ အောက်တိုဘာ ၁ ရက် နေ့မှ ၁၉၆၃ ခုနှစ် ၃၀ ရက်အထိ နယ်သာလင်တို့ လက်မှ ကုလသမဂ္ဂယာယီအလုပ်အမှုဆောင် အာဏာပိုင်အဖွဲ့သို့ အာဏာ လွှဲပြောင်းမှု ပြုလုပ်သည်။ ၁၉၆၃ မေ ၁ ရက် နေ့တွင် ကုလ သမဂ္ဂ ယာယီ အလုပ်အမှုဆောင် အာဏာပိုင်အဖွဲ့ထံမှ အင်ဒိုနီးရှား သမ္မတနိုင်ငံတော် လက်သို့ ထပ်ဆင့်လွှဲပြောင်းသည်။ ပြည်သူ့ ဆန္ဒ ဖော်ထုတ်ပွဲကို ၁၉၆၉ ခုနှစ်တွင်ကျင်းပ ပြုလုပ်ရန် ဆုံးဖြတ် သဘောတူသည်။ |
| ၁၉၆၃ မေ | ၁၉၆၀ ဩဂုတ် ၁၇ ရက်နေ့မှ စတင် ဖြတ် တောက် ခဲ့သော နယ်သာလင်နှင့် အင်ဒိုနီးရှား သံတမန် ဆက်သွယ်ရေးကို ပြန်လည်ရယူ၍ ဆက်သွယ်မှု ပြုလုပ်ပြန်သည်။ |
| ၁၉၆၃ စက်တင်ဘာ ၁၆ | မလေးရှား တည်ထောင်မှုကို ပေါ်လစီ တရပ်အနေဖြင့် ချမှတ်၍ ပြတ်သားစွာ ဆန့်ကျင်သွားရန် ဆုံးဖြတ်သည်။ |
| ၁၉၆၄ မေ ၃ | တော်လှန်ရေး ဆင်နွှဲရန်နှင့် မလေးရှား ချေမှုန်းရန် ဆူကာနိုက ပြည်သူသို့အမိန့် ထုတ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၉၆၅ ဇန်နဝါရီ ၁၉ | အင်ဒိုနီးရှားနိုင်ငံသည် ကုလသမဂ္ဂမှ နှုတ်ထွက်လိုက်သည်။ ဆူကာနို၏ ကွန်မြူနစ်လိုလားသော နိုင်ငံရေး သဘောထားကြောင့် ပြည်တွင်း ဆူပူမှုများ တနေ့တခြား ကြီးထွားလာသည်။ |
| ၁၉၆၅ စက်တင်ဘာ ၃၀ အောက်တိုဘာ ၁ | ကွန်မြူနစ်တို့ အာဏာ သိမ်းပိုက်မှုကို ဖြိုခွင်းလိုက်သည်။ သမ္မတဆူကာနိုနှင့် ဗိုလ်ချုပ်ကြီး ဆူဟာတိုတို့ အကြား သဘောကွဲလွဲမှုများဖြစ်ပေါ်လာပြီး စင်ပြိုင်ဝါဒ ပေါ်ပေါက်လာသည်။ |
| ၁၉၆၆ ဖေဖော်ဝါရီ ၂၁ | ဆူကာနိုက အစိုးရ အဖွဲ့ကို ပြင် ဆင်ပြောင်းလဲဖွဲ့စည်းသည်။ ဗိုလ်ချုပ် နာဆူးရှင်းကို ထုတ်ပယ် ပစ်လိုက်သည်။ |
| ၁၉၆၆ မတ် ၁၁ | သမ္မတဆူကာနိုမှ ဗိုလ်ချုပ်ကြီးဆူဟာတိုသို့အကန့်အသတ်ဖြင့်အာဏာလွှဲပြောင်းပေးသည်။ |
| ၁၉၆၆ မတ် ၂၇ | အစိုးရအဖွဲ့ကို ထပ်မံပြင်ဆင် ဖွဲ့စည်းပြန်သည်။ |
| ၁၉၆၆ ဇွန် ၂၀ ဇူလိုင် ၆ | ပြည်နယ် အတိုင်ပင်ခံ ပြည်သူ့ ကွန်ဂရက်၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ကျင်းပသည်။ မတ် ၁၁ ရက်နေ့ အမိန့်ကို အတည်ပြုကြေညာသည်။ |



| | |
|---|---|
| ၁၉၆၆ ဇူလိုင် ၂၅ | ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းသည်။ |
| ၁၉၆၆ ဒုတိယနှစ်ဝက် | ဆူကာနို၏ ဝန်ကြီး ဟောင်းများအား စက်တင်ဘာ ၃၀ အာဏာသိမ်းပွဲ အရေး အခင်းနှင့် ပတ်သက်၍ ပါဝင်ကျူးလွန်ကြောင်း တွေ့ရှိမှုဖြင့် ရုံးတင် စစ်ဆေးသည်။ |
| ၁၉၆၆ စက်တင်ဘာ ၂၈ | ကုလသမဂ္ဂသို့အင်ဒိုနီးရှားနိုင်ငံ ပြန်လည်ဝင်ရောက်သည်။ |
| ၁၉၆၇ ဖေဖော်ဝါရီ ၂၀ | ဆူကာနိုမှ ဆူဟာတိုသို့ နောက်ထပ် လုပ်ပိုင်ခွင့် အာဏာများ ဆက်လက် လွှဲပြောင်းပေးပြန်သည်။ |
| ၁၉၆၇ မတ် ၇-၁၂ | ပြည်သူ့လွှတ်တော် အထူး အစည်းအဝေး ကျင်းပသည်။ အထွေထွေ ရွေးကောက်ပွဲများ မကျင်းပမီ မည်သည့် နိုင်ငံရေး လုပ်ဆောင်ချက်များ မပြုလုပ်ကြရန် ဆူကာနိုက တားမြစ် ထုတ်ပြန်သည်။ ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ယာယီ သမ္မတအဖြစ် ခန့်အပ်သည်။ |
| ၁၉၆၇ ဩဂုတ် ၁၇ | လွတ်လပ်ရေးနေ့ အခမ်းအနားများကို ယာယီသမ္မတ ဗိုလ်ချုပ်ကြီး ဆူဟာတိုက ကျင်းပသည်။ |
| ၁၉၆၇ ဩဂုတ် ၃၁ | စင်ကာပူ၊ မလေးရှားတို့နှင့် သံတမန်ဆက်သွယ်မှုများ ပြုလုပ်သည်။ |



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၈ မတ် ၂၁-၃၁ ပြည်သူ့လွှတ်တော် ပဉ္စမအကြိမ်မြောက် အစည်းအဝေးကျင်းပသည်။ ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ရွေးကောက်ပွဲများ ကျင်းပပြီးချိန်အထိ တင်းပြည့်သမ္မတ အဖြစ်ခန့်အပ်သည်၊အထွေထွေရွေးကောက်ပွဲကြီးကို ၁၉၇၁ ခုနှစ် ဇူလိုင် ၅ ရက်နေ့ နောက်ဆုံးထား၍ ကျင်းပသွားရန် ဖြစ်သည်။

၁၉၆၈ ဇွန် ၆ တိုးချဲ့အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။

၁၉၆၈ ဒီဇင်ဘာ သမ္မတဆုံးဖြတ်ချက်အမှတ်၃၁၉/၁၉၆၈ ဖြင့် နိုင်ငံတော်၏ 'ငါးနှစ်စီမံကိန်း' ချမှတ်သည်။

၁၉၇၄ ဧပြီ ၁ Repelita II ဟု ခေါ်သော 'ဒုတိယ ငါးနှစ် စီမံကိန်း' ချမှတ်သည်။

၁၉၇၅ ဧပြီ ၁၂ ကျွန်ုပ်တို့သည် ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်ကြရမည်။အမေရိကန်ပေါ် မှီခိုနေ၍ မဖြစ်ဟု နိုင်ငံခြားရေး ဝန်ကြီး အဒမ်မာလစ်က ပြောသည်။

၁၉၇၅ ဧပြီ ၂၅ လူဦးရေ ထိန်းချုပ်ရေး အစီအစဉ် (၁၉၇၄)အရ သန္ဓေတားနည်းများ သုံးစွဲသူဦးပေါင်း ၄ သန်းခွဲရှိပြီး လူဦးရေတိုးနှုန်း နှစ်စဉ် ၂.၆ ရှိရာမှ ၂ ရာနှုန်း အ



ထိ လျော့ချနေကြောင်း ပြန်ကြားရေးဝန်ကြီးက ကြေညာသည်။

၁၉၇၅ မေ ၂၆ အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းရေးတွင် စွက်ဖက်ရန် မည်သည့်ပြည်ပ အင်အားစုတို့၏ ကြိုးပန်းမှုမျိုးကိုမဆို ချေမှုန်းပစ်မည် ဖြစ်ကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးက ထုတ်ပြော၏။

၁၉၇၅ မေ ၂၉ အင်ဒိုနီးရှားနိုင်ငံတွင်းသို့ ခိုးသွင်းသည့် မြေအောက် ကွန်မြူနစ် လျှို့ဝှက်ဂိုဏ်းတဂိုဏ်းကို ဒေသဆိုင်ရာ အာဏာပိုင်များက ဖော်ထုတ်ခဲ့ကြသည်။

၁၉၇၅ ဇွန် ၁၀ အင်ဒိုနီးရှားတွင် ကွန်မြူနစ် အန္တရာယ်ရှိနေကြောင်းနှ၊ အစိုးရဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု ပိုမို ပြုလုပ်ကြရန် သမ္မတ ဆူဟာတိုက စစ်တပ်မှူးများကို အမိန့် ထုတ်ဆင့်လိုက်သည်။

၁၉၇၅ ဇွန် ၁၁ ပြည်ပ အင်အားကြီး နိုင်ငံများနှင့် ၎င်းတို့၏ အကျိုးစီးပွားများကို အရှေ့တောင် အာရှဒေသတွင် ခွင့်ပြုမည် မဟုတ်ကြောင်း သမ္မတ ဆူဟာတိုက ပြောကြားသည်။

၁၉၇၅ ဇွန် ၁၈ အင်ဒိုချိုင်းနားတွင် ငြိမ်းချမ်းရေး ပြန်လည် ထူထောင်နိုင်ခြင်းကို ကြေညာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေသအတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန်အတွက် အပြုသဘော ဆောင်ရွက် ရေးသည် အရှေ့တောင်အာရှ နိုင်ငံများ၏ စစ်မှန်သော တာဝန်ဖြစ်သည်ဟု သမ္မတ ဆူဟာတိုက ပြောသည်။

၁၉၇၅ ဇွန် ၂၄ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အေစီယင်)အား အာဖရိက ညီညွတ်ရေးအဖွဲ့(အိုအေယူ)ကဲ့သို့သော အဖွဲ့အစည်းကြီး အဖြစ် တိုးချဲ့ဖွဲ့စည်းရန် ထောက်ခံကြောင်းနိုင်ငံခြားရေးဝန်ကြီးက ပြော၏။

၁၉၇၅ ဇွန် ၂၆ ပေါ်တူဂီပိုင် တီမေ၁၏ နေရာသည် အင်ဒိုနီးရှား၏ လုံခြုံရေးအတွက် အရေးကြီးသဖြင့် တီမော‌နိုင်ငံအား ကွန်မြူနစ် အဖြစ်မခံနိုင်ကြောင်း အင်ဒိုနီးရှား လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ နာရိုက ပြောသည်။

၁၉၇၆ မေ ၂၇ ဘာလီကျွန်းတွင် ကျင်းပသော ရေနံ တင်ပို့သည့် နိုင်ငံများအဖွဲ့(အိုပက်)ဝင် ၁၃ နိုင်ငံမှ ရေနံဝန်ကြီးများ အစည်းအဝေးတွင် သမ္မတ ဆူဟာတို အဖွင့်မိန့်ခွန်းပြောသည်။ ရေနံဈေးကို လက်ရှိ



နှုန်း(တစည် ၁၁ ဒသမ ၅၁ဒေါ်လာ) မှ ၅ရာခိုင်နှုန်း မြင့်တင်ရန် ညှိနှိုင်းသော်လည်း လက်ရှိ နှုန်းအတိုင်းပင် ဆက်လက်ထားရှိရန် ဆုံးဖြတ်သည်။ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အေစီယင်)ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးရေး ပူးပေါင်း ဆောင်ရွက်ရေး အပေါ် သံသယရှိကြောင်းဖြင့် တောင်ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင်သီဘင်းက ယနေ့ ပြောကြား၏။

၁၉၇၆ မေ ၃၁ အရှေ့တီမော ယာယီအစိုးရသည် အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံနှင့် အမြန်ဆုံး ပူးပေါင်းလိုက်ရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြောင်း ကြေညာ၏။

၁၉၇၆ ဇွန် ၁ အင်ဒိုနီးရှားသည် ၁၉၇၆ ဇန်နဝါရီ ၁မှ မေ ၂၄ရက် အထိ အချိန်ပိုင်းအတွင်းတွင် ထိုင်းနိုင်ငံမှ ဆန်တန် ၁၀၀၂၃၉ ဒသမ ၈၀တန် ဝယ်ပြီး ဖြစ်သည်။

၁၉၇၆ ဇွန် ၁၀ လာမည့်နှစ်(၁၉၇၇)တွင် ဆန်စပါးတန် ၁၇၂၃၅၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်သွားရန်စီစဉ်ကြသည်။ ယခုနှစ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



နှုန်းထက် ၅ ဒသမ နှစ်ရာခိုင်နှုန်း တိုးသွားမည် ဖြစ်ပြီး၊ ယခုနှစ်တွင် တန် ၁၆၃၈၁၀၀၀ သို့ရောက်ရှိမည်။ ယခုကဲ့သို့ ဆန်စပါးနှစ်စဉ်တိုး၍ထွက်လာခြင်းမှာ အထူးသဖြင့် ရာသီဥတု ကောင်းခြင်း၊ စိုက်ကွင်း ကျယ်လာခြင်း၊ မြေသြဇာ များလာခြင်းကြောင့်ဖြစ်သည်။ အင်ဒိုနီးရှားသည် နှစ်စဉ် ဆန်တန်ချိန် ၅ သိန်းကျော် တင်သွင်း ဝယ်ယူနေရသည်ဟု အစိုးရက ကြေညာ၏။

၁၉၇၆ ဇွန် ၁၈ ရေနံသည် အင်ဒိုနီးရှား နိုင်ငံ၏ ပထမအကြီးဆုံး နိုင်ငံခြားငွေရှာပေးနေသောကုန်ဖြစ်ပြီး၊ ဒုတိယမှာ သစ် ဖြစ်သည်။ ယခုနှစ်တွင် သစ် ကုဗ ပေ ၇၂ သန်းမျှကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမည်ဖြစ်ပြီး ဒေါ်လာ သန်း ၈၀၀ မှ သန်း ၁၀၀၀ အကြားရှိမည်ဟု သစ်တောဌာနမှ ပြောပြသည်။

၁၉၇၆ ဇွန် ၂၆ ဗီယက်နမ်စစ် ပြီးဆုံးပြီးနောက် အရှေ့တောင် အာရှ ဒေသ၌ စစ်အေးတိုက်ပွဲ သစ်တရပ် ပေါ်ထွန်း လာမှု အပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်းဖြင့် ဖေါ်ပြ




ရင်း အရှေ့တောင် အာရှ နိုင်ငံများအသင်း (အေစီယင်) ဝန်ကြီး အဆင့် ၃ ရက်ကြာ အစည်းအဝေးသည် ယနေ့ ပြီးဆုံးသွားသည်။

၁၉၇၆ ဇွန် ၂၉ ပေါ်တူဂီ ကိုလိုနီဟောင်း အရှေ့တီမောကျွန်းကို အင်ဒိုနီးရှားနိုင်ငံနှင့်ပူးပေါင်းရန် တရားဝင် လက်ခံ လိုက်ပြီ ဖြစ်ကြောင်း ဖြင့် အင်ဒိုနီးရှား အစိုးရ က ယနေ့ ကြေညာ၏။

× × ×

www.burmeseclassic.com



အင်ဒိုနီးရှား ပထဝီ

အင်ဒိုနီးရှား သမ္မတနိုင်ငံသည် အရှေ့တောင် အာရှနိုင်ငံတနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ကျွန်းစုအများဆုံး ပါဝင်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။ ကျွန်းကြီး ကျွန်းငယ်ပေါင်း ၃၀၀၀ ကျော် ရှိသည့်အနက် ဂျာဗား၊မဒူရာ၊ စုမတြား၊ ကလီမင်တန်ခေါ် ဘော်နီယို၊ စူလာဝေစီ ခေါ် စီလီဘီး၊ ဘာလီ၊ အနောက်အီရီယံ ခေါ် နယူးဂီနီ အနောက်ပိုင်းနှင့် မိုလူကတ် ကျွန်းတို့သည် အဓိက ကျွန်းကြီးများ ဖြစ်ကြသည်။



## တည်နေရာ

အရှေ့ဖက်တွင် ပစိဖိတ် သမုဒ္ဒရာ၊ အနောက်ဖက်တွင် အိန္ဒိယသမုဒ္ဒရာ၊ မြောက်ဖက်တွင် မလေးရှား ပြည်ထောင်စုနှင့် ဖိလိပိုင်နိုင်ငံ၊တောင်ဖက်တွင် ဩစတြေလျတိုက်တို့ ရှိကြသည်။ မလေးယား ကျွန်းဆွယ်မှ နယူးဂီနီ ကျွန်းအထိ ကျယ်ပြန့်သည်။ မြောက်လတ္တီတွဒ် ၆° နှင့် တောင်လတ္တီတွဒ် ၁၁° အကြား၊အရှေ့လောင်ဂျီတွဒ် ၉၅° နှင့် ၁၄၁° အကြား၌ တည်ရှိသည်။

## မြေမျက်နှာပြင်

အင်ဒိုနီးရှား ကျွန်းစု ကြီး အတွင်း ရှိ ကျွန်း ကြီး များ တလျောက်တွင် တောင်တန်းကြီးများမှာ ကြောရိုးကြီးများသဖွယ် သွယ်တန်းလျက်ရှိကည်။မီးတောင်များစွာရှိရာ စုမတြားကျွန်း၌ပင် ၉၀ ခန့်ရှိသည်။ မကြာခဏ မြေငလျင်လှုပ်သည်။ ဘိုနီယိုကျွန်းမှာ သစ်တောထူထပ်သည်။

## အကျယ်အဝန်း

၇၃၅,၀၀၀ စတုရန်းမိုင် ကျယ်ဝန်းသည်။

## ရာသီဥတု

အပူပိုင်း ဒေသ မုတ်သုန် ရာသီဥတုရှိသည်။ ပျမ်းမျှအပူချိန် ဖာရင်ဟိုက် ၈၀း (စင်တီဂရိတ် ၂၆း)ရှိသည်။ မိုးများသည်။ နွေမှ စက်တင်ဘာ အထိသာ ခြောက်သွေ့ပြီး ကျန်လများတွင် ရွာတတ်သည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



### လူဦးရေ

၁၉၆၄ ခုနှစ် သန်းခေါင်စာရင်းအရ ၁၀၄,၀၀၀,၀၀၀ ရှိသည်။ ၁၉၇၅ ခုနှစ်တွင် သန်းပေါင်း ၁၃၀ ခန့် ရှိနေပြီဖြစ်သည်။

### မြို့တော်နှင့် မြို့ကြီးများ

ဂျကာတာ (ဂျာဗားကျွန်းတွင် ရှိသည်)

မြို့ကြီးများမှာ စူရာဘာယာ၊ ဘန်ဒေါင်း၊ ဆီမာရင်း၊ ပလမ်ဘန်၊ မကဆာ၊ မာလန်နှင့် ဂျိုးဂျကာတာတို့ ဖြစ်သည်။

BURMESE CLASSIC .com

### လမ်းပန်းဆက်သွယ်ရေး

ဂျာဗားကျွန်း၌ ဂျကာတာမြို့မှ အရှေ့ဖက် ဆူရာဘာယာမြို့အထိ မီးရထားလမ်းရှိသည်။ မြောက်ဖက်ဆီမာရင်းမြို့မှ တောင်ဖက် ဂျိုးဂျကာတာမြို့သို့ သွားသော မီးရထား လမ်းခွဲလည်းရှိသည်။ စုမတြာ့ ကျွန်းတွင်ကား မီဒန်၊ ပါဒန်၊ ပလမ်ဘန်စသော မြို့များမှ ခွဲထွက်သော မီးရထား လမ်းတိုများသာရှိသည်။ ကျွန်းချင်း ကူးသန်းသော ပင်လယ်ရေကြောင်း လုပ်ငန်းမှာ အစိုးရပိုင် ဖြစ်သည်။ ကျွန်းငယ်များတွင် တောလမ်းခရီးနှင့် မြစ်ကြောင်းခရီးဖြင့်သာ သွားလာကြသည်။ ပြည်တွင်းရေကြောင်းလုပ်ငန်းများမှာ ပုဂ္ဂလိကပိုင်များ ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ပင်လယ်ကူး သင်္ဘော ၁၃ စင်းနှင့် ပြည်တွင်း ရေကြောင်း။ သင်္ဘော ၂၇၆ စင်းရှိသည်။ ပြည်တွင်း လေကြောင်းခရီးများကို ဂရူဒါ အင်ဒိုနီးရှားလေကြောင်း ကုမ္ပဏီက ပံ့သန်းပေးသည်။ လမ်းမကြီးများ မိုင်ပေါင်း ၄၉,၀၀၀ ကျော်ရှိသည်။



### လူမျိုးနှင့် ဘာသာစကား

လူမျိုးပေါင်း ၁၃၀ ကျော်ရှိသည်။ ဘဟာစ အင်ဒိုနီးရှားစကားမှာ ရုံးသုံးဘာသာစကား ဖြစ်သည်။ ဒတ်ချ်၊ အင်္ဂလိပ်၊ ဂျာဗား၊ ဆူဒန်၊ မဒူရာ အစရှိသော ဘာသာ စကားအမျိုးပေါင်း နှစ်ရာကျော်ကိုလည်း ပြောဆိုကြသည်။

အစ္စလမ် ဘာသာဝင် ၈၅ ရာခိုင်နှုန်းရှိပြီး ကျန် ၁၅ ရာခိုင်နှုန်းမှာ ခရစ်ယာန်၊ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။

### အလံ

အနီနှင့် အဖြူ ထက်ဝက်စီ၊ ကန့်လန့်စင်း ခြယ်ထားသည်။ အထက်ပိုင်းမှာ အနီရောင်ဖြစ်သည်။

### လွတ်လပ်ရေးနေ့

ဩဂုတ်လ ၁၇-ရက်နေ့။

### ကုလသမဂ္ဂဝင်သည့်နေ့

၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၂၈ ရက်နေ့။ ၁၉၆၅ ခုနှစ် ဇန်နဝါရီလထဲတွင် ကုလသမဂ္ဂအဖွဲ့မှနုတ်ထွက်သည်ဟု ကြေညာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ၁၉၆၆ ခုနှစ် စက်တင်ဘာ တွင် ပြန်လည် ဝင်ရောက်ခဲ့သည်။

**စီးပွားရေး**

**စိုက်ပျိုးရေး။** လူဦးရေ ၇၀ ရာခိုင်နှုန်း မှာ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည်။ ဆန်စပါးကိုအဓိကထား၍ စိုက်ပျိုးသည်။ သို့ရာတွင် ပြည်တွင်း စားသုံးမှု အတွက် မဖူလုံသဖြင့် ဆန်ကို နိုင်ငံခြားမှ မှာယူတင်သွင်းရသည်။ ထို့ပြင် ပဲအမျိုးမျိုး၊ ပြောင်း ပလောပီနံဥနှင့် ကစွန်းဥစသည်တို့ကိုလည်း စားသုံးရန် စိုက်ပျိုးသေးသည်။ ရော်ဘာ၊ လက်ဖက်ခြောက်၊ ကာဖီစေ့၊ ဆေးရွက်ကြီနှင့် စင်ကိုနာခေါ် အဖျားဖြတ်ဆေးပင် အမြောက် အမြား စိုက်ပျိုးသည်။

**ငွေကြေး**

**ရှုပီယာ။** တရားဝင် လဲလှယ် နှုန်းမှာ စတာလင် ငွေ တပေါင်လျှင် ၁၂၆ ရှုပီယာဖြစ်သည်။ ခရီးသည်များ အတွက် လဲလှယ်နှုန်းမှာ စတာလင် တပေါင်လျှင် ၁,၄၄၀ ရှုပီယာ ဖြစ်သည်။ မှောင်ခိုလဲလှယ်နှုန်းမှာတပေါင်လျှင်ရှုပီယာ သုံးထောင်မှ လေးထောင် အကြားတွင် ရှိသည်။

**ထွက်ကုန်များ**

ခါတ်ဆီ၊ အုန်းဆီ၊ သကြား၊ လျှော်မျှင်၊ ရော်ဘာ၊ ကွင်နိုင်တို့မှာ အဓိကထွက်ကုန်များ ဖြစ်ကြသည်။



သံဖြူ၊ ရေနံ၊ ကျောက်မီးသွေး၊ အောက်ဆိုက်၊ ရွှေ၊ ငွေ၊ မင်ဂနိစ်၊ ဖော့စဖိတ်၊ နီကယ်၊ ကန့် စသော သတ္တုများနှင့် ကျွန်း၊ သစ်၊ အီဘိုနီခေါ် သစ်မည်းတမျိုး၊ ပျဉ်းကတိုး၊ စန္ဒကူး၊ ကရမက်၊ စသော တောထွက်ပစ္စည်းများလည်း ထွက်သည်။

**စက်မှုလုပ်ငန်း။** အင်ဒိုနီးရှား သမ္မတ နိုင်ငံတွင် သဘာဝ ကုန်ကြမ်းပစ္စည်းများမှ ကုန်ချော ထုတ်လုပ်သည့် လုပ်ငန်းများ အပြင်၊ ဓါတုဗေဒလုပ်ငန်းများ၊ အထည်အလိပ် စက်ရုံများ၊ စက္ကူ စက်ရုံများ၊ ဆပ်ပြာစက်ရုံများ၊ ဗျစ်စက်ရုံများ၊ သင်္ဘောကျင်း လုပ်ငန်းများ၊ ဂွတ်ဒ်ယီးယား တိုင်ယာလုပ်ငန်း၊ ရော်ဘာလုပ်ငန်း နှင့် မော်တော်ကားတပ်ဆင်သည့်စက်ရုံ စသည်တို့ရှိသည်။

**ပညာရေး**

အသက် ၆ နှစ်မှ ၁၂ နှစ်အထိ မူလတန်းပညာ မသင်မနေရ စနစ် ပြဋ္ဌာန်းထားသည်။ ၁၉၆၂ ခုနှစ်တွင် မူလတန်းကျောင်း ပေါင်း ၃၇,၁၁၃ ရှိသည်။ အနောက်အီရီယံမှ အပ ကျန်ဒေသ များတွင် စာမတတ်သူ ပပျောက်ရေးလုပ်ငန်း အောင်မြင်လျက် ရှိသည်။ တက္ကသိုလ်ကျောင်းပေါင်း ၂၆ ကျောင်းရှိသည်။

**နောက်ခံသမိုင်း**

အင်ဒိုနီးရှား ကျွန်းစုကို ယခင်က အရှေ့အင်ဒီး ဟု ခေါ်တွင် ခဲ့သည်။ ရှေးခေတ် ဘီစီ ၂၀၀ ကျော်က အိန္ဒိယ တောင်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းသား ဟိန္ဒူဘာသာဝင် ကုန်သည်များ ရောက်လာပြီး မြို့ပြတည်ထောင်နေကြသည်။ ထို့နောက် အိန္ဒိယပြည် အရှေ့ဖက်ကမ်းခြေမှ ပလ္လဝါလူမျိုး များစွာတို့သည် စုမတြာနှင့် ဂျာဗားကျွန်းများသို့ ရောက်လာ၍ တိုင်းပြည်တည်ထောင်ကာ နေကြသည်။ ပလ္လဝါလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့် ယင်းအရပ်၌ ဗုဒ္ဓဘာသာပြန့်ပွားထွန်းကားလာခဲ့သည်။ ၇ ရာစုနှင့် ၈ ရာစုများတွင် စုမတြာကျွန်းသည် ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်လာသည်။ထိုအချိန်တွင် ဂျာဗားကျွန်း၌ ဟိန္ဒူဘာသာဝင်များက အုပ်စိုးနေသည်။ ဗုဒ္ဓဘာသာဝင်မင်းများက ဂျာဗားကျွန်း အနောက်ပိုင်းကို သိမ်းယူရရှိပြန်သဖြင့် ဂျာဗားကျွန်း အနောက်ပိုင်းသားတို့သည်လည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။

ဂျာဗားကျွန်း အလယ်ပိုင်းတွင် အလွန်ကြီးမားသော 'ဗော ရောဗုဓေါ' ခေါ် စေတီတော်ကြီးတဆူ တည်ဆောက်ထားသည်မှာ ယခုတိုင် ထင်ရှား တည်ရှိနေသည်။ ယင်းစေတီတော်ကြီးသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦများထဲတွင် အကြီးဆုံးဖြစ်သည်။၁၂ ရာစုတိုင်အောင် ဗုဒ္ဓဘာသာ နိုင်ငံတန်ခိုး ကြီးထွားခဲ့သည်။

၁၅ ရာစုတွင် ရှေးမဆွကပင် ရောက်ရှိနေသော အစ္စလမ်ဘာသာဝင်များ အင်အား ကြီးမားလာပြီး ဂျာဗား၊ စုမတြာ၊ ဘိုနီယို၊ စီလီဘီးနှင့် မိုလူကတ် ကျွန်းများကို သိမ်းပိုက်ကာ အစ္စလမ်ဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်ခဲ့ကြသည်။




၁၆ ရာစုတွင် ပေါ်တူဂီများရောက်လာ၍စီးပွားရေးနယ်ချဲ့ကြသည်။ ဗြိတိသျှနှင့် ဒတ်ချ်တို့ကလည်းဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီနှင့် ဒတ်ချ် အရှေ့ အိန္ဒိယ ကုမ္ပဏီများကို လာရောက်တည်ထောင်ကြသည်။ ၁၆၀၂ ခုနှစ်တွင် ဒတ်ချ်အရှေ့ အိန္ဒိယ ကုမ္ပဏီသည် အင်ဒိုနီးရှား ကျွန်းများကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။၁၇၉၈ ခုနှစ်တွင် ယင်းကုမ္ပဏီက ဒတ်ချ် အစိုးရလက်သို့ အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းပေးခဲ့သည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ

၁. The Smiling General, President Soeharto of Indonesia; by O.G. Roeder, Gunung Agung Ltd. Djakarta 1969.
2. Nationalism and Revolution in Indonesia, by George Mcturnan Kahin, Cornell University Press, New York 1955.
3. Indonesia, by Leslie Palmier, Thames and Hudson Ltd. London 1965.



4. Indonesia A Profile by Jeanine S. Mintz, D. Van Nostrand Co. Inc. New York 1961.
5. Indonesian Communism A History, by Arnold C. Brackman, Frederick A. Praeger, New York 1963.
6. Suharto: The Leader Who Listens, Ruth Sheldon Knowles, Reader's Digest Feb: 1973.
7. South-East Asia by Stanley Karnow, Time-Life International 1967.
8. The Fall of Sukarno by Tarzie Vittachi, 1966.
9. Indonesian Upheaval by John Hughes.
10. Indonesia-Responsible Relationship by Peter D. Latuihamallo, Asia Focus 1972.
11. Signs of the Changing Times, Asian Business & Industry, Nov. 1972.
12. How Indonesia puts the pull in development by Dr. Emil Salim, Horizons Vol. XX11 No. 7.
13. Address. of State by President Soeharto 1969. Department of Information, Republic of Indonesia.
14. Indonesia Today, July, Sept. Dec. 1974 and August 1975.
15. Times Magazines.
16. News Week Magazines.
17. Freedom for Political Prisoners in Indonesia, world Peace Council, Finland 1975.
18. The Working People's Daily 1966.



www.burmeseclassic.com

www.burmeseclassic.com



19. The Guardian Daily 1966.
20. The Communist Collapse in Indonesia: by A.C. Brackman.

၂၁။ ကမ္ဘာ့ နိုင်ငံများ အမှတ် ၁၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မီတီ ဌာနချုပ် ၁၉၇၀ ဇွန်လ။
၂၂။ နိုင်ငံတကာရေးရာ သတင်းစဉ် ၁၉၆၈၊ ၁၉၇၄။
၂၃။ အင်ဒိုနီးရှား လစဉ် မဂ္ဂဇင်း ၁၉၆၅၊ ၁၉၆၆၊ ၁၉၆၇၊ ၁၉၇၂၊ ၁၉၇၃။
၂၄။ လူထု နေ့စဉ် သတင်းစာ ၁၉၆၆။
၂၅။ ရန်ကုန် နေ့စဉ် သတင်းစာ ၁၉၆၆။
၂၆။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ ၁၉၆၆။
၂၇။ ကြေးမုံ သတင်းစာ ၁၉၆၆။
၂၈။ ဟံသာဝတီ သတင်းစာ ၁၉၆၆။
၂၉။ ဗိုလ်တထောင် သတင်းစာ ၁၉၆၆။
၃၀။ မြန်မာ့အလင်း သတင်းစာ ၁၉၆၆။

× × ×

BURMESE CLASSIC .com

ဟောလီဝုဒ် ရုပ်ရှင်လောကတွင်
တိုးတိုးကြိတ်ကြိတ်
လူမသိ သူမသိ ဖြစ်ပွားခဲ့သော အတွင်းရေးများ
လူသတ်မှုများ
လျှို့ဝှက်သဲဖို တကယ့် ဖြစ်ရပ်များ
ကမ္ဘာကျော် ဖြစ်ရပ်ထူးများကို
တအံ့တသြ၊ ရင်တမမ၊ ဖတ်ကြရမည်။

# ဟောလီဝုဒ် ထိပ်သီး အရုပ်တော်ပုံ အတွင်းရေးများ

ပြင်ဦးလွင် သဇင်
စုဆောင်း မြန်မာ ပြန်ဆိုသည်။

ဓါတ်ပုံများ ဝေဝေဆာဆာဖြင့်
တဝကြီး ဖတ်ရှုကြရမည်။

ရွှေစင်ဆယ်တင်း စာပေတိုက်မှ
ရှေ့လ ဆက်ဆက် ထွက်လာမည်။ တအုပ် ၁၅ ကျပ်

www.burmeseclassic.com